# ပရမတ္ထမေဒနီကျမ်း

(အရှင်တေဇောသာရ)

၇ ၇၆၁

သက္ကရာဇ် ၁၁၇၁ ခု သုနာ ပရန္တတိုင်း စကုမြို့ အရှေ့
ဟောင်အောင်မြေတုံသာကျောင်းတွင်ရာမိုက်လေး
လိဖြင့် မှုညီ သိတင်းသုံး နေတော်မူသော
နိသျှည်းဆရာမဟာထေရ်မြတ်သည်။
ပိဋကတ်သုံးပုံတို့၏အဆိအနှစ်ကို။
ထုတ်ညှစ်စီရင်ရေးသား
တော်မူအပ်သော

# ပရမတ္ထမေဒနီကျမ်း။

ရန်ကုန်မြို့။
၃၄ လမ်း။ဟံသာဝတီသတင်းစာတိုက်။
၁၈၉၇ ခုနှစ်။

# နိဒါန်း။

ဝဍ္ဎတု ဇိနသာသနံ။ ။အမရပူရ။ ရာဇဓာနီ။ မင်းနေပြည် ကြီးကို။ ရွှေထီးရွှေနန်းနှင့်တကွ။ လက်မှန်မဆွ။ ပဉ္စမရေးဖျား။ တည်ထားစိုက်ခေါက်စံနေတော်မူသော။ နိဗ္ဗာနပစ္စယ နာဂ ရာဇာ။ ရတနာပြောင်မွန်။ ဆဒ္ဒန်ဆင်မင်း၏သခင်။ အသျှင်ဘာဝ ရှင်မင်းတရားကြီးလက်ထက်။သက္ကရာဇ် ၁၁၇၁ခုတွင်။ သုနာ ပရန္တတိုင်း။စကုမြို့၏အရှေ့တောင်။အောင်မြေဘုံသာ ကျောင်း တိုက်အတွင်း။မကင်းနေ့ည။ ဣရိယာပထ။ မျှတော်မူ၍။ သပ္ပုရိ သ။ကလျာဏပုထုဇဉ်။သဉ္စိရဟန်း။ ထက်ဝန်းဖျဖျ။ ဂိုဏ်းဂ ဏကို။ဩဝါဒကျေးဇူး။အထူးထူးဖြင့်။မြို့ကြူးလောက်ငံ့။ ထေရံ ပံ့တော်မူရလျက်။အရှင်တေဇောသာရ။ နာမတံဆိပ်။ ဘွဲ့ပုံနှိပ် သော။ နိသျှည်း ဆရာ တော် သည်။ ရှင် တော်ဘုရား။ ဟော ကြားမိန့်မှာ။ဒေသနာတော်အဝင်။မမြင်ယုတ်ကန်း။ လူဖြစ်ဆန်း သော။အန္ဓပုထုဇဉ်အဖြစ်မှ။စင်စစ်မချွတ်။ ကင်းလွတ်ကြပါစေ ကြောင်း။တောင်းတရည်မှတ်သဖြင့်။ပရမတ္ထလေးပါး။ တရား အတ္တုပ္ပတ်။ရုပ်ဓာတ်ဝိညာဏ်။ နာမ်လက္ခဏာ။အဖြာဖြာကို။အ ဋ္ဌသာလိနီ။ ဋီကာကျော်။ သင်္ခေပ ဝဏ္ဏနာ။ အဘိ ဓမ္မတ္ထ သင်း ဂြိုဟ်။ထိုထိုကျမ်းဂန်တို့မှ။ဘော်ပြုထုတ်ဆောင်။စာစောင်တခု ပြုစုစီရင်အပ်သော။ဤပရမတ္ထ[illegible]နီ။ဂဏ္ဌိပြည့်လျှမ်း။ အရ ကောက်ကျမ်းကို။ရဟန်းရှင်လူ။သူတော်တကာ။ လေ့လာမှတ် သား။သင်ကြားကြည့်ရှုလွယ်အောင်။ကျွန်ုပ်တို့ရန်ကုန်မြို့ လိပ်ဥ တန်းနေ တန်ဆောင်းတကာဦးအောင်မြတ်။ တန်ဆောင်းအမ မမိသားသွီးတစုတို့က။ပုံရိုက်လုပ်ဆောင်ပါသည်။

# ပရမတ္ထမေဒနီ။

နမောတဿာတိ။ ။ပရမတ္ထညူသမ္ဗုဒ္ဓံ။ ပရမတ္ထုဒ္ဒေသကံ။ နတွာဓမ္မဉ္စသံဃာဟံ။ ဂရုံဂါရဝဘာဇနံ။ ။သုတေသိနာစအတ္ထတ္ထံ။ပရမတ္ထဿမေဒနိံ။ ကရိဿံဉာဏဝဍ္ဎနံ။ နာနာဂဏ္ဌေဟိဥဒ္ဓရံ။ ။ကျမ်းဦးပဏာမနှစ်ဂါထာ။

အဟံ။ငါနိသျှည်းဆရာသည်။ပရမတ္ထံ။ပရမတ္ထတရားလေးပါးကို။ဒေသကံ။ ဝေဘန်ခွဲခြမ်း၍ဟောတော်မူတတ်ထသော။ ပရမတ္ထညူ။ ပရမတ္ထတရားလေးပါးကို သိတော်မူတတ်သော သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူထသော။ သမ္ဗုဒ္ဓဉ္စ။ မြတ်စွာဘုရားကိုလည်းကောင်း။ဓမ္မဉ္စ။ ဆယ်ပါးသောတရားတော်ကိုလည်းကောင်း။ သံဃဉ္စ။ ကလျာဏ ပုထုဇန်နှင့် တကွရှစ်ယောက်သောပရမတ္ထအရိယာသံဃာတော်ကိုလည်းကောင်း။ နတွာနမာမိ။ရှိခိုးပါ၏။နတွာ။ရှိခိုးပြီး၍။ဂါရဝဘါဇနံ။အရိုအသေပြုခြင်း၏တည်ရာဖြစ်သော။ မေ။ ငါ၏။ဂရုံစ။ ဆရာကိုလည်း။ နတွာနမါမိ။ကြည်ညိုလှစွါရှိခိုးပါ၏။နတွါ။ကြည်ညိုမြတ်နိုးရှိခိုးပြီး၍။ သုတေသိနာ။ သုတေသိနာနံ။ သုတပညာ ရှာလေ့ရှိကုန်သောအမျိုးကောင်းသားတို့၏။အတ္ထတ္ထံအတ္ထတ္ထာယ။ အကျိုးစီးပွါးများစေခြင်းငှာ။ ဉာဏဝဍ္ဎနံ။ ဉာဏ်ပညာကိုပွားစေတတ်ထသော။ ပရမတ္ထဿမေဒနိံ။ ပရမတ္ထမေဒနီအမည်ရှိသောကျမ်းကို။ နာနာဂဏ္ဌေဟိ။ အထူးထူးအပြားပြား။ များစွာသော

ကျမ်းတို့မှ။ဥဒ္ဒရိ။ ဥဒ္ဒရိတွာန။ ထုတ်ဆောင်၍။ ကရိဿံ။ ရေးသားပြုရပေအံ့။

တတ္ထဝုတ္တာဘိဓမ္မတ္ထာ။ စတုဓါပရမတ္ထတော။ စိတ္တံစေတသိကံရူပံ။ နိဗ္ဗာနမိတိသဗ္ဗတာ။ ။ဟူသောအဘိဓမ္မတ္ထ သင်္ဂြိုဟ်ပိန့်ဆိုလာရှိသည်နှင့်အညီ။ ဓမ္မသင်္ဂဏီ အစရှိသောအဘိဓမ္မာခုနစ်ကျမ်း၌။ တထာဂတသမ္မာသမ္ဗုဒ္ဓ ရှင်တော်ဘုရားတို့သည်။ ဟောကြားတော်မူအပ် သော အဘိဓမ္မတ္ထ တို့ သည်။ မဘောက်မပြန်မြတ်သောအနက်ဟုဆို အပ်သောပရမတ္ထ၏အစွမ်းဖြင့်။ စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူ၍ လေး ပါး အပြားရှိကုန်၏။ထိုလေးပါးတို့တွင်။ ရှေးဦးစွာစိတ်ဟူ သောပရမတ္ထတရားကိုကား။ ။စိန္တေတီတိစိတ္တံ။ အာရမ္မဏံ ဝိဇာနာ တီတိ အတ္ထော။ ။ဟူသောဋီကာပါဌ်နှင့်အညီ။အာရုံကိုသိတတ်သောကြောင့်။ စိတ်ဟူ၍ဆိုသည်။ ။တနည်းကား။စိန္တေတီတိဝါ။ ဧတေနကရဏဘူတေန သမ္ပယုတ္တာဓမ္မာတိစိတ္တံ။ ဟူသောဋီကာပါဌ်နှင့်အညီ။ သမ္ပယုတ်ဖြစ်သော ယှဉ်ဘက်တရားတို့၏အာရုံကိုသိကြောင်းကရိယာဖြစ်သောကြောင့်။စိတ်ဟူ၍ဆိုသည်။

ထိုစိတ်သည်ကား။ ကာမဘုံ၌ များသောအားဖြင့်ဖြစ်တတ်သော။ ကာမာဝစရစိတ် ငါးဆဲ့လေးခု။ ရူပဘုံ၌များသောအားဖြင့်ဖြစ်တတ်သောရူပါဝစရစိတ် ၁၅ ခု။ အရူပဘုံ၌များသောအားဖြင့် ဖြစ်တတ် သော အရူပါဝစရစိတ် တဆဲ့နှစ်ခု။ လောကုတ္တရာဖြစ်သော အဝတ္ထာနဘုံ၌ဖြစ်တတ်သောလောကုတ္တရာစိတ်ရှစ်ခုဟူ၍။ ဘုမ္မိဘေဒအားဖြင့် တခုယုတ်ကိုးဆယ် အပြားရှိ၏။ ။တနည်းကား။ကုသလာဓမ္မာဟူသော ဒေသနာတော်ဖြင့် သင်္ဂြိုဟ်အပ်သော။ ကုသိုလ်ဇာတ်ဖြစ်သောစိတ်နှစ်ဆဲ့တခု။အကုသလာဓမ္မာဟူသောဒေသနာတော်ဖြင့်သင်္ဂြိုဟ်အပ်သော။အကုသိုလ်ဇာတ်ဖြစ်သောစိတ်တဆဲ့နှစ်ခု။ အဗျာကတာဓမ္မာဟူသောဒေသနာတော်ဖြင့်သင်္ဂြိုဟ်အပ်သော၊ အဗျာကတဇာတ်ဖြစ်သော ဝိပါက်စိတ်သုံးဆဲ့ခြောက်ခု။ ကိရိယာစိတ်

နှစ်ဆယ်ဟူ၍။ ဇာတိဘေဒအားဖြင့် တခုယုတ်ကိုးဆယ်အပြားရှိ၏။ ဗျာနင်ပွားအပ်သည် ရှိသော်ကား။ တရော့နှစ်ဆဲ့တပါးအပြားရှိ၏။ဤဗျာနင်ပွားနည်းကိုကား။လောကုတ္တရာစိတ်သို့ရောခံမှဆိုပေအံ့။

ထိုဘူမ္မိဘေဒဇာတိဘေဒအားဖြင့် တခုယုတ်ကိုးဆယ် အပြားရှိသောစိတ်တို့တွင်။ ကာမာဝစရစိတ် ငါးဆဲ့ လေး ခုဟူသော်ကား။ ။သောမနဿသဟဂုတ်။ဒိဋ္ဌိဂတသမ္ပယုတ်။ အသင်္ခါရိကစိတ်လဉ်းတခု။သောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်။ သသင်္ခါရိကစိတ်လည်းတခု။ သောမနဿ သဟဂုတ်။ ဒိဋ္ဌိဂတဝိပ္ပယုတ်။အသင်္ခါရိကစိတ်လည်းတခု။သောမနဿသဟဂုတ်။ဒိဋ္ဌိဂတဝိပ္ပယုတ်၊ သသင်္ခါရိကစိတ်လည်းတခု။ အားဖြင့်။သောမနဿလေးခု။ ။ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်။အသင်္ခါရိကစိတ်လဉ်းတခု။ဥပေက္ခာသဟဂုတ်။ဒိဋ္ဌိဂတသမ္ပယုတ်။ သသင်္ခါရိကစိတ်လည်းတခု။ ဥပေက္ခာသဟဂုတ်။ ဒိဋ္ဌိဂတဝိပ္ပယုတ်။အသင်္ခါရိကစိတ်လည်းတခု။ဥပေက္ခာသဟဂုတ်။ ဒိဋ္ဌိဂတဝိပ္ပယုတ်။ သသင်္ခါရိကစိတ်လည်းတခုအားဖြင့်။ ဥပေက္ခာလေးခု။ ။ဤသို့သောမနဿလေးခု။ ဥပေက္ခာလေးခုအားဖြင့်။လောဘမူစိတ်ရှစ်ပါးတည်း။

ဒေါမနဿသဟဂုတ်။ပဋိဃသမ္ပယုတ်။ အသင်္ခါရိက စိတ်လည်းတခု။ ဒေါမနဿသဟဂုတ်။ ပဋိဃသမ္ပယုတ်။သသင်္ခါရိကစိတ်လည်းတခု။ ဤသို့သောအားဖြင့်။ ဒေါသမူစိတ်နှစ်ပါးတည်း။

ဥပေက္ခာသဟဂုတ်။ဝိစိကိစ္ဆာသမ္ပယုတ်စိတ် လည်း တခု။ဥပေက္ခာသဟဂုတ်။ ဥဒ္ဓစ္စသမ္ပယုတ်စိတ်လည်းတခု။ ဤသို့သောအားဖြင့်။မောဟမူစိတ်နှစ်ပါးတည်း။

ဤသို့လောဘမူစိတ်။ဒေါသမူစိတ်။ မောဟမူစိတ်သုံးရပ်ကိုပေါင်းသည်ရှိသော်။ အကုသိုလ်စိတ် တဆဲ့နှစ်ပါးရှိ၏ ဟူ လိုသောဝ်။ထိုကြောင့်အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌။ ။အဋ္ဌဓာ

လောဘမူလာနိ။ ဒေါသမူလာနိစဒွိဝေ။ မောဟမူလာနိစဒွေတိ။ ဒွါဒသာကုသလာသိယုံ။ ။ဟူ၍အရှင်အနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။အနက်ကား။ ။လောဘမူလာနိ။လောဘမူစိတ်တို့သည်။ဝေဒနာဒိဘေဒတော။ ဝေဒနာအစရှိသောအပြားဖြင့်။ အဋ္ဌဝေ။ရှစ်ပါးအပြားရှိကုန်၏။ ဒေါသမူလာနိစ။ ဒေါသမူစိတ်တို့သည်လည်း။ သင်္ခါရဘေဒတော။ သင်္ခါရအပြားဖြင့်။ ဒွိဝေ။ နှစ်ပါးအပြားရှိကုန်၏။မောဟမူလာနိစ။ မောဟမူစိတ်တို့သည်လည်း။ သမ္ပယောဂဘေဒတော။ သမ္ပယုတ်အပြားဖြင့်။ဒွေ။နှစ်ပါးအပြားရှိကုန်၏။ ဣတိ။ဤသို့။ အကုသလာ။ အကုသိုလ်စိတ်တို့သည်။ဒွါဒသ။တဆဲ့နှစ်ပါးတို့ သည်သာ လျှင်။ သိယုံ။ ဖြစ်ကုန်၏။

သင်္ဂဟဂါထာ အဓိပ္ပါယ် ကား။ လောဘမူ စိတ်တို့ သည်။ သောမနဿ ဝေဒနာလေးခု။ ဥပေက္ခာ ဝေဒနာလေးခုအားဖြင့်လည်းကောင်း။ ဒိဋ္ဌိဂတ သမ္ပယုတ်လေးခု။ ဒိဋ္ဌိဂတ ဝိပ္ပယုတ်လေးခုအားဖြင့်လည်းကောင်း။အသင်္ခါရိကလေးခု။ သသင်္ခါရိကလေးခုအားဖြင့်လည်းကောင်း။ရှစ်ပါးအပြားရှိကုန်၏။ဒေါသမူစိတ်တို့သည်။အသင်္ခါရိကတခု။သသင်္ခါရိကတခု အား ဖြင့်။ နှစ်ပါးအပြားရှိကုန်၏။မောဟမူစိတ်တို့သည်။ ဝိစိကိစ္ဆာ သမ္ပယုတ်ဥဒ္ဓစ္စ သမ္ပယုတ်အပြားအားဖြင့်။ နှစ်ပါးအပြားရှိကုန်၏ဟူလိုသည်။

အထူးမှတ်ဘွယ်ကား။ ထိုအကုသိုလ် စိတ် တဆဲ့နှစ် ခုတို့တွင်။နောက်ဆုံးဖြစ်သော။မောဟမူစိတ်၌။သဘော အား ဖြင့်ထက်သောအဖြစ်မရှိ လေသော ကြောင့်။ အသင်္ခါရိ ကဟူ၍လည်းမဆိုအပ်။ အား ထုတ် အပ်သော အဖြစ် မရှိလေ သောကြောင့်။ သသင်္ခါရိကဟူ၍လည်းမဆိုအပ်။ ထိုကြောင့် ဋီကာကျော်၌။ ။တတောယေဝစ သဘာဝတိက္ခတာယဥဿာဟေတဗ္ဗတာယ အဘာဝတောသင်္ခါရဘေဒေါပိနေသံနတ္ထိ။ ။ဟူ၍မိန့်အပ်၏။ ။အနက်ကား။ ။သဘာဝတိက္ခတာယစ။

သဘောအားဖြင့် ထက်သောအဖြစ်၏လည်း ကောင်း။ ဥဿာဟောတဗ္ဗတာယစ။အားထုတ်အပ်သောအဖြစ်၏လည်းကောင်း။ တတောဝယောဝအဘာဝတော။ထိုသို့မရှိသောကြောင့်သာလျှင်။ သင်္ခါရဘေဒေါပိ။သင်္ခါရအပြားသည်လည်း။ နေသံ။ ထိုမောဟမူစိတ်တို့အား။နတ္ထိ။မရှိ။

အကုသိုလ်စိတ်၌။သရုပ်အ ကောက်ပြီး၏။

---

ဥပေက္ခာသဟဂုတ်။ စက္ခု ဝိညာဏ် စိတ် လည်း တခု။ ဥပေက္ခာသဟဂုတ်။သောတဝိညာဏ်စိတ်လည်းတခု။ဥပေက္ခာသဟဂုတ်။ဃာနဝိညာဏ်စိတ်လည်းတခု။ဥပေက္ခာသဟဂုတ်။ ဇိဝှါဝိညာဏ်စိတ်လည်းတခု၊ဒုက္ခသဟဂုတ်။ ကာယဝိညာဏ်စိတ်လည်းတခု။ ဥပေက္ခာသဟဂုတ်။ သမ္ပဋိစ္ဆန်းစိတ်လည်းတခု။ ဥပေက္ခာသဟဂုတ်။ သန္တီရဏစိတ်လည်းတခု။ဤသို့သောအားဖြင့်။အကုသလဝိပါက်စိတ်ခုနစ်ပါး။

ကုသလဝိပါက် ဥပေက္ခာ သဟဂုတ်။ စက္ခုဝိညာဏ် စိတ်လည်းတခု။ ကုသလ ဝိပါက် ဥပေက္ခာသဟဂုတ်။ သောတဝိညာဏ် စိတ်လည်းတခု။ကုသလဝိပါက်ဥပေက္ခာသဟဂုတ်။ ဃာနဝိညာဏ်စိတ်လည်းတခု။ ကုသလဝိပါက်ဥပေက္ခာသဟဂုတ်။ ဇိဝှါဝိညာဏ်စိတ်လည်းတခု။ ကုသလဝိပါက်သုခသဟဂုတ်။ကာယဝိညာဏ်စိတ်လည်းတခု။ ကုသလဝိပါက်ဥပေက္ခာသဟဂုတ်။သမ္ပဋိစ္ဆန်းစိတ်လည်းတခု။ ကုသလဝိပါက်သောမနဿသဟဂုတ်။ သန္တီရဏစိတ် လည်းတခု။ ကုသလဝိပါက်ဥပေက္ခာသဟဂုတ်။ သန္တီရဏစိတ် လည်း တခုအားဖြင့်။ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး။

ဥပေက္ခာသဟဂုတ်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်လည်းတခု။ဥပေက္ခာသဟဂုတ်။ မနောဒွါရာဝဇ္ဇန်းစိတ်လည်းတခု။ သောမနဿသဟဂုတ်။ဟသိတုပ္ပါဒ်စိတ်လည်းတခုအားဖြင့်။ အဟိတ်ကြိယာ

စိတ်သုံးပါး။ ။ဤသို့အကုသလဝိပါက်စိတ်ခုနစ်ခု။အဟိတ်ကုသလဝိပါက်စိတ်ရှစ်ခု။ အဟိတ်ကြိယာစိတ်သုံးခုကိုပေါင်းသည့်ရှိသော်။အဟိတ်စိတ်တဆဲ့ရှစ်ပါးဖြစ်၏ဟူလိုသောင်။

ထိုကြောင့်။အဘိဓမ္မတ္ထသင်းဂြိုဟ်ကျမ်း၌။ ။သတ္တာကုသလပါကာနိ။ပုညပါကာနိအဋ္ဌဓါ။ကြိယာစိတ္တာနိတိဏီတိ။အဋ္ဌာရသအဟေတုကာ။ ။ဟုရှင်အနုရုဒ္ဓါဆရာမိန့်တော်မူ၏။ အနက်ကား။ ။အကုသလပါကာနိ။ အကုသိုလ်၏။ အကျိုးဖြစ်ကုန်သော အကုသလဝိပါက်စိတ်တို့သည်။ သတ္တ။ ခုနစ်ပါးအပြားရှိကုန်၏။ ပုညပါကာနိ။ ကုသိုလ်၏အကျိုးဖြစ်ကုန်သောအဟိတ်ကုသလဝိပါက်စိတ်တို့သည်။အဋ္ဌဓာ။ရှစ်ပါးအပြားရှိကုန်၏။ကြိယာစိတ္တာနိ။အဟိတ်ကြိယာစိတ်တို့သည်။ တိဏိ။သုံးပါးအပြားရှိကုန်၏။ဣတိ။ဣမိနာပဘေဒေန။ ဤသို့သောအပြားဖြင့်။အဟေတုကာ။အဟိတ်စိတ်တို့သည်။ အဋ္ဌာရသ။ တဆဲ့ရှစ်ပါးတို့သည်သာလျှင်။သိယျုံ။ဖြစ်ကုန်၏။

သင်္ဂဟ ဂါထာအဓိပ္ပာယ်ကား။ အကုသလ ဝိပါက်စိတ်တို့သည်။စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ ကာယဟုဆိုအပ်သောမှီရာအားဖြင့်လည်း ကောင်း။ သမ္ပဋိစ္ဆန်းသန္တီရဏဟုဆိုအပ်သောကိစ္စအား ဖြင့်လည်းကောင်း။ ခုနစ်ပါးအပြား ရှိကုန်၏။ ။အဟိတ်ကုသလ ဝိပါတ်စိတ်တို့သည်။ စက္ခုသောတဃာနဇိဝှါကာယဟုဆိုအပ်သောမှီရာအားဖြင့်လည်းကောင်း။ သမ္ပဋိစ္ဆန်းသောမနဿသန္တီရဏ ဥပေက္ခာ သန္တီရဏ ဟုဆိုအပ်သောကိစ္စအားဖြင့်လည်းကောင်း။ရှစ်ပါးအပြားရှိကုန်၏။ ။အဟိတ်ကြိယာစိတ်တို့သည်။ပဉ္စဒွါရာဝဇ္ဇန်းမနောဒွါရာဝဇ္ဇန်းဟုဆိုအပ်သောအာဝဇ္ဇန်းကိစ္စအားဖြင့်လည်းကောင်း။ဟသိတုပ္ပါဒ်တည်းဟူသောဇောကိစ္စအားဖြင့်လည်းကောင်း။ သုံးပါးအပြားရှိကုန်၏ဟူလိုသောင်။

ထိုအဟိတ်စိတ်တဆဲ့ရှစ်ခုတို့တွင်။စက္ခုပသာဒ၌မှီ၍ရူပါရုံကိုသိတတ်သောဝိညာဏ်သည်။ စက္ခုဝိညာဏ်မည်၏။သော

တပသာဒ၌မှီ၍။ သဒ္ဒါရုံကိုသိတတ်သောဝိညာဏ်သည်။သော
တဝိညာဏ်မည်၏။ဃာနပသာဒ၌မှီ၍။ဂန္ဓာရုံကိုသိတတ်သော
ဝိညာဏ်သည်။ဃာနဝိညာဏ်မည်၏။ဇိဝှါပသာဒ၌မှီ၍။ ရသာ
ရုံကိုသိတတ်သော ဝိညာဏ်သည်။ ဇိဝှါဝိညာဏ်မည်၏။ ကာ
ယပသာဒ၌မှီ၍ ဖေါဋ္ဌဗ္ဗါရုံကို သိတတ်သော ဝိညာဏ် သည်။
ကာယဝိညာဏ်မည်၏။ ထိုငါးပါးသောဝိညာဏ်သည် ယူအပ်
ပြီးသောရူပါရုံ အစရှိသောအာရုံကိုခံသော အခြင်းအရာဖြင့်ဖြစ်
ခြင်းသည်၊ သမ္ပဋိစ္ဆန်းမည်၏။ ၎င်းသမ္ပဋိစ္ဆန်း ခံတိုင်း သောရူ
ပါရုံအစရှိသောအာရုံကို။ ကောင်းစွာစုံစမ်းခြင်းသည်။ သန္တီရ
ဏမည်၏။ ။ဤကား။အကုသလဝိပါက်။ကုသလဝိပါက် နှစ်
ပါးနှင့်ဆက်ဆံသောအနက်သဘောတည်း။

အထူးမှတ်ဘွယ်ကား။ အကုသလဝိပါက်သန္တီရဏကိုတ
ပါးတည်းသာ ဟောသကဲ့သို့။ ကုသလ ဝိပါက် သန္တီ ရဏကို
လည်း။ တပါးတည်း သာမဟောမူ၍။ အဘယ် ကြောင့် နှစ်ပါး
ဟောရသနည်းဟူငြားအံ့။ ။ကုသလဝိပါက်သန္တီရဏသည်
ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံ၏ အစွမ်းဖြင့်။ သောမနဿ ဝေဒနာ ဥ
ပေက္ခာဝေဒနာ အပြားဖြစ်သင့်သောကြောင့်၊ နှစ်ပါးဟောသည်
ဟုဖြေ။ ။ဤသို့ သော အကြောင်း ကြောင့်။ ကုသလ ဝိပါက်
သန္တီရဏကို နှစ်ပါး ဟောသည် ရှိသော်။ အကု သလ ဝိပါက်
သန္တီရဏ၌လည်း။ အနိဋ္ဌာရုံအနိဋ္ဌမဇ္ဈတ္တာရုံ၏အစွမ်းဖြင့်။ ဒေါ
မနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ အပြားဖြစ်ရာသောကြောင့်။အ
ကုသလဝိပါက် သန္တီရဏကိုလည်း။ နှစ်ပါးပင်ဟောကောင်း
ပါသည်မဟုတ်လောဟူငြားအံ့။ ။ဤသို့လည်းမဟူအပ်။ အ
ဘယ်ကြောင့်နည်းဆိုသော်။ အနိဋ္ဌာရုံ၌ ဖြစ်ထိုက်သော ဒေါမ
နဿဟူသည်။ ပဋိဃနှင့်ကင်း၍မဖြစ်။ ၎င်းပဋိဃသည်လည်း။
စင်စစ်အားဖြင့် အကုသိုလ်ဇာတ်သာဖြစ်၏။ အကုသိုလ်ဇာတ်
ဖြစ်သော ဒေါမနဿ ပဋိဃသည်။ အဗျာကတဇာတ် ဖြစ်သော
အကုသလဝိပါက်တို့၌မရအပ်။ ထိုကြောင့်။ အကုသလဝိပါက်

စိတ်တို့၌။ဒေါနသာ သဟဂုတ်ဖြစ်သော သင်္ခါရဏကိုမဟော
အပ်သတည်း။

တနည်းကား။ အားကြီးသောယောကျ်ား၏ပုတ်ခတ်သည်
ကိုခံရသော အားနည်းသော ယောကျ်ား သည်။ ထိုအားကြီး
သော ယောကျ်ားအား။ ပြန်လှန်ပုတ်ခတ်ခြင်းငှာ။ မတတ်နိုင်ရ
ကား ထိုအားကြီးသော ယောကျ်ား၌။ လစ်လျူရှုခြင်းဥပေက္ခာ
သာလျှင်ဖြစ်သကဲ့သို့။ ထို့အတူ။ အားကြီးသောယောကျ်ားနှင့်
တူသောအနိဋ္ဌာရုံသည်။အားနည်းသော ယောကျ်ားနှင့်တူသေါ
အကုသလ ဝိပါက်စိတ်တို့အား။ ထိပါးလာသော်လည်း။ ထိုအ
ကုသလ ဝိပါက်စိတ်တို့၏ထက်ဝန်းကျင်မှအားနည်းသည်၏အ
ဖြစ်ကြောင့်။အနိဋ္ဌာရုံ၌ စင်လျက်လည်းဒေါမနဿဖြစ်ခြင်းမရှိ။
ထိုကြောင့်။ အကုသလဝိပါက် သင်္ခါရဏသည်။ ဥပေက္ခာသ
ဟဂုတ်အားဖြင့်တပါးတည်းသာလျှင်ဖြစ်၏ဟုမှတ်။

နှစ်ပါးကုန်သောကုသလဝိပါက်အကုသလဝိပါက်ဖြစ်ကုန်
သော စက္ခုဝိညာဏ်သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိ
ညာဏ်တို့သည်ကား။ ဝတ္ထုရုပ်တို့၏ရင်း။ အာရုံတို့၏ရင်း။ ထိ
ခိုက်ခြင်းအားနည်းလေသောကြောင့်။အနိဋ္ဌာရုံ၌ဖြစ်စေ။ဣဋ္ဌာရုံ
၌ဖြစ်စေ။ဥပေက္ခာသဟဂုတ်သာလျှင်ဖြစ်ကုန်၏။ ။ဝတ္ထုအာ
ရုံနှစ်ပါးတို့၏ထိခိုက်ခြင်းအားနည်းဟန်ကား။ထိုစက္ခုဝိညာဏ်
အစရှိသော လေးပါးသော ဝိညာဏ်တို့၏ မှီရာဖြစ်ကုန်သော။
စက္ခုပသာဒသောတပသာဒဃာနပသာဒဇိဝှါပသာဒတို့သည်
လည်းဥပါဒါရုပ်တို့ချည်းသာလျှင်တည်း။အာရုံဖြစ်ကုန်သောရူ
ပသဒ္ဒ ဂန္ဓရသတို့ သည်လည်း။ ဥပါဒါရုပ်တို့ချည်း သာလျှင်
တည်း။ ပေင်းသို့ဖြစ်၍။ ဥပါဒါရုပ်ဖြစ်သောစက္ခုပသာဒ အစရှိ
သည်နှင့်။ဥပါဒါရုပ်လည်းကောင်း ဖြစ်သောရူပါရုံအစရှိသည်
၏ထိခိုက်ခြင်းသည်။ ဝါဂွမ်းစိုင်တချဖြင့်ဝါဂွမ်း စိုင်တခုကိုထိ
ခိုက်သကဲ့သို့။ အလွန်အားနည်း၏။ ထိုကြောင့်။ ကုသလဝိပါက်
အကုသလဝိပါက် ဖြစ်ကုန်သော လေးပါး ကုန်သော စက္ခုဝိ

ဉာဏ်အစရှိသည် တို့သည်။ အလုံးစုံသော ဣဋ္ဌာရုံအနိဋ္ဌာရုံတို့
၌။ဥပေက္ခာသဟဂုတ်သာလျှင်ဖြစ်ကုန်၏ဟုမှတ်။

ကာယဝိညာဏ်၏အာရုံကား။ အာပေါဓါတ်သည်ကြည်အပ်
သောဘူတရုပ်သုံးပါးဟုဆိုအပ် သော ဖောဋ္ဌဗ္ဗာရုံတည်း။ ထိုဘူ
တရုပ်ဖြစ်သောဖေါဋ္ဌဗ္ဗာရုံသည်။ ကာယပသာဒ၌ထိခိုက်သော်
လည်း။၎င်းကာယပသာဒကိုလွန်၍ထိုကာယပသာဒ၏မှီရာဖြစ်
သောဘူတရုပ်တို့၌ ထိခိုက်၏။ ဘူတရုပ်တို့နှင့်ဘူတရုပ်တို့၏အ
ချင်းချင်းထိခိုက်ခြင်းသည်။ အလွန်အားကြီး၏။ဥပမာကား။ပန်း
ပဲလက်သမားတို့၏ပေထိပ်၌ ဝါဂွမ်းစိုင်ကိုထား၍တူဖြင့်ပုတ်ခတ်
သောအခါ။ ၎င်းတူသည်။ ဝါဂွမ်းစိုင်ကိုလွန်ပြီးလျှင်။ ပေကိုထိ
ခိုက်သကဲ့သို့တည်း။ ဤသို့မှီရာဝတ္ထုရုပ်တို့နှင့်ဖောဋ္ဌဗ္ဗာရုံတို့၏
ထိခိုက်ခြင်း အားကြီးသည်၏အဖြစ်ကြောင့်။ ကာယဝိညာဏ်
သည်။အနိဋ္ဌာရုံ၌။ ဒုက္ခသဟဂုတ်ဖြစ်၏။ ဣဋ္ဌာရုံ၌သုခသဟဂုတ်
ဖြစ်၏ဟုမှတ်။

သမ္ပဋိစ္ဆန်းနှစ်ခုသည်ကား။ အမှီအားဖြင့် ဟဒယဝတ္ထုရုပ်ကို
မှီ၍ဖြစ်၏။ မိမိ၏ရှေ့အဘို့၌ဖြစ်ကုန်သောစက္ခုဝိညာဏ် အစရှိ
သည်တို့ကား။ထိုက်သည်အားလျော်စွာ။ ပသာဒရုပ်ကိုမှီ၍ဖြစ်
ကုန်၏။ ဤသို့အမှီအားဖြင့်မတူသောစက္ခုဝိညာဏ်အစရှိသည်
တို့၏အခြားမဲ့၌ဖြစ်ရလေရကား။ သဘောတူသောအထောက်
အပံ့မှကင်းသောယောကျ်ားကဲ့သို့။ အားမကြီးလွန်းသည်ဖြစ်၏။
ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း။ အာရုံ၏အရသာကိုမခံ
စားနိုင်သည်ဖြစ်၏။ ထို့ကြောင့်။ သမ္ပဋိစ္ဆန်းနှစ်ခုသည်။ အလုံးစုံ
သောအာရုံတို့၌ဥပေက္ခာသဟဂုတ်သာလျှင်ဖြစ်၏ဟုမှတ်။

ကုသလဝိပါက်သန္တီရဏသည်ကား။အမှီအားဖြင့်မိမိလည်း
ဟဒယဝတ္ထုရုပ်ကိုမှီ၍ဖြစ်၏။ မိမိ၏ ရှေ့အဘို့၌ဖြစ်သော သမ္ပ
ဋိစ္ဆန်းသည်လည်း။ ဟဒယဝတ္ထုရုပ်ကိုလည်းကောင်း။မှီ၍ဖြစ်
၏။ ဤသို့အမှီအားဖြင့် တူသောသမ္ပဋိစ္ဆန်း၏အခြား မဲ့၌ဖြစ်ရ
လေရကား။ သဘောတူအထောက်အပံ့ကိုရသော ယောကျ်ား

ကဲ့သို့အားကြီးစွာ၏။ ခပ်သိမ်းသောအခြင်းအရာဖြင့်လည်း။အာရုံ၏အရသာကိုခံစားခြင်းငှာတတ်နိုင်၏။ ထိုကြောင့်ကုသလဝိပါက်သန္တီရဏသည်။ဣဋ္ဌာရုံ၌သုခသဟဂုတ်ဖြစ်၏။ ဣဋ္ဌမဇ္ဈတ္တာရုံ၌ဥပေက္ခာသဟဂုတ်ဖြစ်၏ဟုမှတ်။

အကယ်၍။ကုသလဝိပါက်သန္တီရဏသည်။မိမိနှင့်တူသောမှီရာရှိသောစိတ်၏။ အခြားမဲ့၌ဖြစ်ရ လေသောကြောင့်။ အားကြီးစွာရ ကား။ ဣဋ္ဌာ ရုံ ဣဋ္ဌမဇ္ဈတ္တာရုံတို့၌။ သုခ သဟဂုတ် ဥပေက္ခာသဟဂုတ်ဖြစ်သည်ဟူငြားအံ့။ ထိုသို့ဖြစ်သည်ရှိသော်။ အာဝဇ္ဇန်းဒွေကိုဥပေက္ခာသဟဂုတ်အဖြစ်ဖြင့်။ အဘယ်ကြောင့်ဆိုရသနည်း။ဣင်းအာဝဇ္ဇန်းဒွေသည်လည်း။မိမိနှင့်တူသောမှီရာရှိသောဘဝင်ပစ္ဆေဒ၏အခြားမဲ့၌ဖြစ်သည်ပင်မဟုတ်လောဟူငြားအံ့။ ။ဣင်းစောဒနာအတိုင်းဖြစ်သည်ကားမှန်၏။ ထိုသို့မှန်သော်လည်း။ထိုအာဝဇ္ဇန်းဒွေတို့တွင်။ ပဉ္စဒွါရာဝဇ္ဇန်းသည်။ မိမိ၏ရှေ့အတိုင်း၌တရုံတခုသောဝိထိစိတ်သည်။မပယူအပ်သေးသည်သာလျှင် ဖြစ်သောအာရုံ၌။ တကြိမ်သာလျှင်ဖြစ်၏။မနောဒွါရာဝဇ္ဇန်းသည်လည်း။မိမိနှင့်မတူသောဇောစိတ်အစည်ကိုနောက်၌လည်စေသည်၏အစွမ်းဖြင့်။ကြောင့်ကြစရာများပါရတပါးကိုရှုငဲ့ခြင်းနှင့်တကွဖြစ်၏။ ထိုကြောင့်ခပ်သိမ်းသော အခြင်းအရာဖြင့်လည်း။အာရုံ၏အရသာကိုခံစားခြင်းငှာမတတ်နိုင်။ထိုသို့မတတ် နိုင်လေသောကြောင့်။အာဝဇ္ဇန်းဒွေသည်။ ဥပေက္ခာဝေဒနာနှင့်ယှဉ်သည်သာလျှင်ဖြစ်၏ဟုမှတ်။

ဤကား။အဟိတ်စိတ်တို့သည်။ တပါးသောစိတ်တို့ထက်အရာကျယ်သောကြောင့်။ အထူးမှတ်သားဘွယ်ရှိသမျှကို။ အားထုတ်၍ဆိုလိုက်သည်၊ သတိပြု၍ကြည့်ရှုလေ့ကျက်ဆောင်ရွက်နိုင်မှ။ ပရမတ်သဘောကိုမတွေးမရှုပ်။အဟုတ်အမှန်သိမည်။

အဟိတ်စိတ်၌။သရုပ်အကောက်ပြီး၏။

အကုသိုလ်စိတ်တဆဲ့နှစ်ခု။ အဟိတ်စိတ်တဆဲ့ရှစ်ခုအားဖြင့် သုံးဆယ်သောစိတ်တို့သည်။ မတင့်တယ်သောဂုဏ်ကိုဆောင် တတ်သောကြောင့်။ အသောဘဏစိတ်မည်ကုန်၏။ ကြွင်းသော တခုယုတ် ခြောက်ဆယ် တို့ကား။ တင့် တယ်သော ဂုဏ်ကို ဆောင်တတ်သောကြောင့်။ သောဘဏ စိတ်မည်ကုန်၏။ တ နည်းလည်း၊ ကိုးဆဲ့တခုသောစိတ်တို့သည် သောဘဏစိတ် မည်ကုန်၏။

သောမနဿ သဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တခု။ သော မနဿသဟဂုတ်ဉာဏ သမ္ပယုတ် သသင်္ခါရိက စိတ်တခု။ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ်အသင်္ခါရိက စိတ်တခု။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ်တခုအားဖြင့်သောမနဿလေးခု။ ။ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်တခု။ ဥပေက္ခာသဟဂုတ်ဉာ ဏသမ္ပယုတ်။ သသင်္ခါရိကစိတ်တခု။ ဥပေက္ခာသဟဂုတ်ဉာ ဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။ ဥပေက္ခာသဟဂုတ်ဉာဏ ဝိပ္ပယုတ်သသင်္ခါရိကစိတ်တခုအားဖြင့်။ ဥပေက္ခာလေးခု။ ။ ဤသို့သောမနဿလေးခု။ဥပေက္ခာလေးခုအားဖြင့်ကာမာဝစရ ကုသိုလ် စိတ်ကား ရှစ်ပါးရှိ၏။ ၎င်းစိတ်ကိုမဟာကုသိုလ်စိတ် ဟူ၍လည်းဆိုအပ်၏။ ။ကုသိုလ်စိတ်ရှစ်ပါးအတူ။သောမနဿ လေးခု။ ဥပေက္ခာလေးခုအားဖြင့်။ သဟိတ်ကာမာဝစရဝိပါက် စိတ်လည်းရှစ်ပါးရှိ၏။ ၎င်းစိတ်ကိုမဟာဝိပါက်စိတ်ဟူ၍လည်း ဆိုအပ်၏။ ။ကုသိုလ်စိတ်ရှစ်ပါးအတူ။ သောမနဿလေးခု။ ဥပေက္ခာလေးခုအားဖြင့်သဟိတ်ကာမာဝစရကြိယာစိတ်လည်း ရှစ်ပါးရှိ၏။ ၎င်းစိတ်ကို မဟာကြိယာစိတ်ဟူ၍လည်း ဆိုအပ် ၏။ ။ဤသို့လျှင်ကာမာဝစရကုသိုလ်။ သဟိတ်ကာမာဝစရ ဝိပါက်။သဟိတ်ကာမာဝစရကြိယာစိတ်တို့၌။သောမနဿဝေ ဒနာဥပေက္ခာဝေဒနာအားဖြင့်နှစ်ပါးစီ။ ထိုနှစ်ပါးစိတ်တို့၌။ ဉာဏ သမ္ပယုတ်ဉာဏ ဝိပ္ပယုတ်နှစ်ခုစီ ရသောကြောင့်။ ဉာဏ်လေး

ပါးစိဖြစ်၏။ထိုဉာဏ်လေးပါးစိတ်တို့၌။အသင်္ခါရိကသသင်္ခါရိက နှစ်ချဖိရသောကြောင့်။ သင်္ခါရကား ရှစ်ပါးစိဖြစ်၍။ သဟိတ် ကာမာဝစရ သောဘဏစိတ်ကား။ နှစ်ဆဲ့လေးပါးရှိ၏ ဟူလို သော်။

ထိုကြောင့်အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌။ ။ဝေဒနာဉာဏ သင်္ခါရ။ ဘေဒေနစတုဝိသတိ။သဟေတုကာမာဝစေရ။ပုညပါ ကကြိယာမတာ။ ။ဟုမဟာအနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။ သဟေတုကာမာဝစရပုညပါကကြိယာ။ကာမါဝစရကုသိုလ် သဟိတ်ကာမာဝစရဝိပါက်။သဟိတ်ကာမာဝစရကြိယာစိတ် တို့ကို။ ဝေဒနာဉာဏ သင်္ခါရဘေဒေန။ ဝေဒနာအပြား နှစ်ပါး။ ဉာဏ်အပြားလေးပါး၊သင်္ခါရအပြားရှစ်ပါးစိပြားသည် အဖြစ် ကြောင့်။သမ္ပိဏ္ဍိတ္တွာ။ပေါင်း၍။ စတုဝိသတိ။နှစ်ဆဲ့လေးပါးတို့ ဟူ၍။မတာ။သိအပ်ကုန်၏။

သဟိတ်ကာမာဝစရစိတ်၌သရုပ်အရကောက်ပြီး၏။

---

အကုသိုလ် စိတ်တဆဲ့နှစ်ချ။ အဟိတ်စိတ် တဆဲ့ရှစ်ချ။ သဟိတ်ကာမာဝစရစိတ်နှစ်ဆဲ့လေးချ။ ဤသုံးပါးကိုပေါင်းသော်။ ကာမာဝစရစိတ်ကားငါးဆဲ့လေးပါးရှိ၏။

ရူပါဝစရစိတ်တဆဲ့ငါးပါ၊ဟူသောကား။ ။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာဟူသောဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပဌမဈာန်ကုသိုလ်စိတ်တချ၊ ဝိစာရ၊ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ လေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန်ကုသိုလ်စိတ်တချ။ ပီတိ၊သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွဖြစ်သောတတိယဈာန်ကုသိုလ်စိတ်တချ။ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ်တချ။ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သောပဉ္စမဈာန် ကုသိုလ်စိတ်တ

ခုအားဖြင့်ရူပါဝစရစိတ်ငါးပါး။ ။ထိုကုသိုလ်စိတ်အတူ။ ဈာန်ငါးပါးစီရှိသော ရူပါဝစရ ဝိပါက်စိတ် ငါးပါး။ ရူပါဝစရ ကြိယာစိတ်လည်းငါးပါး။ ဤသုံးရပ်ကိုပေါင်းသော်။ ရူပါဝစရ စိတ်ကားတဆဲ့ငါးပါးရှိ၏ဟူလိုသော်။

ထိုကြောင့်အဘိဓမ္မတ္ထသင်္ဂဟာကျမ်း၌။ ။ပဉ္စဓာဈာနဘေဒေန။ရူပါဝစရမာနသံ။ပုညပါကကြိယာဘေဒါ။ တံပဉ္စဒသဓာ ဘဝေ။ ။ဟုမဟာအနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။ရူပါဝစရ မာနသံ။ ရူပါဝစရစိတ်သည်။ ဈာနဘေဒေန။ ပဉ္စမဈာန်အစရှိ ရှိသေါအပြားအားဖြင့်။ပဉ္စဓာ။ငါးပါးအပြားရှိသည်။ဘဝေ။ဖြစ် ၏။ ပုညပါကကြိယာဘေဒါ။ ကုသိုလ်အပြားဝိပါက်အပြားကြိ ယါအပြားအားဖြင့်ကား။တံ။ထိုရူပါဝစရစိတ်သည်။ပဉ္စဒသဓာ ပဉ္စဒသဝိဓံ။တဆဲ့ငါးပါးအပြားရှိသည်။ဘဝေ။ဖြစ်၏။

ရူပါဝစရစိတ်၌သရုပ်ပြီး၏။

———

အရူပါဝစရစိတ်တဆဲ့နှစ်ခုဟူသော်ကား။အာကာသာနဉ္စာ ယတနကုသိုလ်စိတ်တခု။ ဝိညာနဉ္စာယတနကုသိုလ်စိတ်တခု။ အာကိဉ္စညာယတနကုသိုလ်စိတ်တခု။ နေဝသညာနာသညာယ တနကုသိုလ်စိတ်တခုအားဖြင့်။ အရူပါဝစရကုသိုလ်စိတ်လေး ပါးထိုကုသိုလ်စိတ်အတူ။အရူပါဝစရဝိပါက်စိတ်လေးပါး။အရူ ပါဝစရကြိယာစိတ်လည်းလေးပါး။ ဤသုံးရပ်ကို ပေါင်းသော်။ အရူပါဝစရစိတ်ကားတဆဲ့နှစ်ပါးရှိ၏ဟူလိုသော်၊

ထိုကြောင့်အဘိဓမ္မတ္ထသင်္ဂဟာကျမ်း၌။ ။စတုမဂ္ဂပဘေဒေ န။စတုဓာကုသလံတထာ။ပါကံတဿဖလတ္တာတိ။အဋ္ဌဓာနုတ္တ ရံမတံ။ ။ဟုမဟာအာနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။စတုမဂ္ဂ ပဘေဒေန။ လေးပါး အပြားရှိသော သောတာပတ္တိမဂ် အစရှိ သောအဋ္ဌင်္ဂိကမဂ်တို့နှင့်ယှဉ်သောအပြားအားဖြင့်။ ကုသလံ၊ လောကုတ္တရာကုသိုလ်စိတ်သည်။ စတုဓာ။ လေးပါးအပြားရှိ

သည်။ ဟောတိ။ဖြစ်၏။ တသာကုသလသော၀။ ထိုကုသိုလ်စိတ်လေးပါး၏သာလျှင်။ပါကသ။ဝိပါက်စိတ်၏၊ ဖလတ္တာ။အကျိုး ၏ အဖြစ် ကြောင့်။ပါကံ။ ဝိပါက်စိတ်သည်။ တ ထာ။ ထိုကုသိုလ်စိတ်အတူ။ စတုဓာ။လေးပါးအပြားရှိသည်။ ဟောတိ။ ဖြစ်၏။ ဣတိ။ သို့။အနုတ္တရံ။ လောကုတ္တရာစိတ်ကို။ အဋ္ဌဓာအဋ္ဌ ဝိဓံ။ ရှစ်ပါးအပြားရှိ၏ဟူ၍။ ဝိညူနာ။ပညာရှိသည်။ မတံ။ သိအပ်၏။

## လောကုတ္တရာစိတ်၌သရုပ်ပြီး၏။

---

ရူပါဝစရစိတ်တဆဲ့ငါးခု။ အရူပါဝစရစိတ်တဆဲ့နှစ်ခုအားဖြင့်။ ပေါင်းနှစ်ဆဲ့ခုနစ်ပါးသောစိတ်တို့သည်ကား။ မဟာဂ္ဂုတ်စိတ်မည်ကုန်၏။ကာမာဝစရစိတ်ငါးဆဲ့လေးခု။ ရူပါဝစရစိတ်တဆဲ့ ငါးခု။ အရူပါ ဝစရစိတ်တဆဲ့ နှစ်ခုတို့ကို ပေါင်းသော်။ လောကီစိတ်ကား။ရှစ်ဆဲ့တပါးရှိ၏။

လောကုတ္တရာ စိတ်ရှစ်ခုဟူသော်ကား။ သောတာပတ္တိမဂ်စိတ်တခု။ သကဒါဂါမိမဂ်စိတ်တခု။ အနာဂါမိမဂ်စိတ်တခု။အရဟတ္တမဂ်စိတ်တခုအားဖြင့် လောကုတ္တရာ ကုသိုလ်စိတ်လေးပါး။ ။သောတာပတ္တိဖိုလ်စိတ်တခု။သကဒါဂါမိဖိုလ်စိတ်တခု။ အနာဂါမိဖိုလ်စိတ်တခု။ အရဟတ္တဖိုလ်စိတ်တခုအားဖြင့်လောကုတ္တရာ ဝိပါက်စိတ်လေးပါး။ ဤသို့ကုသိုလ်ဝိပါက်နှစ်ရပ်ကိုပေါင်းသော်။လောကုတ္တရာစိတ်ရှစ်ပါးရှိ၏။

. ထိုကြောင့်အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌။ ။အာလမ္ဗဏပဘေဒေန။စတုဓာရုပ္ပမာနသံ။ပုညပါကကြိယာဘေဒါ။ ပုနဒ္ဒါဒသဓာဋ္ဌိတံ။ ။ဟုမဟာအနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။အရုပ္ပမာနသံ။ အရူပါဝစရစိတ်သည်။ အာလမ္ဗဏပဘေဒေန။ ကောင်းကင်အာရုံအစရှိသော လေးပါး ကုန်သော အာရုံတို့၏၊ အပြားအားဖြင့်။စတုဓာ။လေးပါးအပြားရှိသည်။ ဟောတိ။ဖြစ်၏။ပုည

ပါက ကြိယာ ဘေဒါ။ ကုသိုလ် အပြားဝိပါက်အပြားကြိယာအပြားအားဖြင့်ကား။ ပုန။ တဖန်။ တံ။ ထိုအရူပါဝစရစိတ်သည်။ ဒွါဒသဓာဒွါဒသဟိပကာရေဟိ။ တဆဲ့နှစ်ပါးအပြားတို့ဖြင့်။ ဌိတံ။ တည်၏။

အရူပါဝစရစိတ်၌သရုပ်ပြီး၏။

---

လောကီစိတ်ရှစ်ဆဲ့တခုတွင်။ လောကုတ္တရာစိတ်ရှစ်ခုကိုထည့်သော်။ စိတ်ကားအကျဉ်းတခုယုတ်ကိုးဆယ်ရှိ၏။ ။ထိုတခုယုတ်ကိုးဆယ်ကိုဇာတ်တူပေါင်းသော်။ အကုသိုလ်စိတ်တဆဲ့နှစ်ပါး။ ကုသိုလ်စိတ်နှစ်ဆဲ့တပါး။ ဝိပါက်စိတ်သုံးဆဲ့ခြောက်ပါး။ ကြိယာစိတ်ကားနှစ်ဆယ်ရှိ၏။ ။ဘုံတူပေါင်းသော်ကား။ ကာမတဆဲ့တဘုံ၌ဖြစ်သောစိတ်ငါးဆဲ့လေးပါး။ အသညသတ်ကြဉ်သောရူပတဆဲ့ငါးဘုံ၌ဖြစ်သောစိတ်တဆဲ့ငါးပါး။ အရူပလေးဘုံ၌ ဖြစ်သောစိတ်တဆဲ့နှစ်ပါး။ လောကုတ္တရာ ဟုဆိုအပ်သော အဝတ္ထာနဘုံ၌ ဖြစ်သော စိတ်သော်ကား။ ရှစ်ပါးရှိ၏ ဟူလိုသော်။

ဈာန်ပွားသော်။ အကျယ်တရာနှစ်ဆဲ့တပါးဖြစ်၏ဟူသော်ကား။ စိတ်တခုယုတ်ကိုးဆယ်၌ လောကုတ္တရာ စိတ် ရှစ်ခုတို့တွင်။ သောတာပတ္တိမဂ်စိတ်၌။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးနှင့် တကွဖြစ်သော ပဌမဈာန်သောတာပတ္တိမဂ်စိတ်တခု။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသောဈာန်အင်္ဂါလေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန်သောတာပတ္တိမဂ်စိတ်တခု။ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသောဈာန်အင်္ဂါသုံးပါးနှင့်တကွ ဖြစ်သော တတိယဈာန်သောတာပတ္တိမဂ်စိတ်တခု။ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါး နှင့် တကွဖြစ်သောစတုတ္ထဈာန်သောါတာပတ္တိမဂ်စိတ်တခု။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန်

သောတာပတ္တိမဂ်စိတ်တခုအားဖြင့်။ ဈာန်နှင့်ယှဉ်သော။သောတာပတ္တိမဂ်စိတ်ငါးပါး။ ။ထိုအတူဈာန်ငါးပါးနှင့်ယှဉ်သော သကဒါဂါမိ မဂ်စိတ်ငါးပါး။ အနာဂါမိမဂ် စိတ်ငါးပါး။ အရဟတ္တမဂ်စိတ်ငါးပါး။ ဤငါးပါးလေးရပ်ကိုပေါင်းသော်။ လောကုတ္တရာကုသိုလ်ဈာန်နှင့် ယှဉ်သောမဂ်စိတ် နှစ်ဆယ်ရှိ၏။ ။ဤမဂ်စိတ်အတူ။ဈာန်နှင့်ယှဉ်သောသောတာပတ္တိဖိုလ်စိတ်ငါးပါး။ ဈာန်နှင့်ယှဉ်သော သကဒါဂါမိဖိုလ်စိတ်ငါးပါး။ ဈာန်နှင့်ယှဉ်သော အနာဂါမိ ဖိုလ်စိတ်ငါးပါး။ ဈာန်နှင့် ယှဉ်သော အရဟတ္တဖိုလ်စိတ်ငါးပါး။ဤငါးပါးလေးရပ်ကိုပေါင်းသော်။လောကုတ္တရာဝိပါက်ဈာန်နှင့်ယှဉ်သော ဖိုလ်စိတ်လည်းနှစ်ဆယ်ရှိ၏။ မဂ်စိတ် နှစ်ဆယ်၊ ဖိုလ်စိတ် နှစ်ဆယ်ကို ပေါင်းသော်၊ လောကုတ္တရာစိတ်လေးဆယ်ရှိ၏။ထိုလေးဆယ်ကိုလောကီစိတ်ရှစ်ဆဲ့တခုနှင့်ပေါင်းသော်။ စိတ်အကျယ် တရာ့နှစ်ဆဲ့တပါးရှိ၏။ ဟူလိုသော်။

ထိုကြောင့်အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌။ ။ဈာနင်္ဂယောဂဘေဒေန။ကတွေကေကန္တုပဉ္စဓါ။ဝုစ္စတာနုတ္တရံစိတ္တံ။စတ္တာလီသဝိဓန္တိစ။ ။ဟုမဟာအနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။ပါဒကဈာန သမ္မသိတဈာန ပုဂ္ဂလဇ္ဈာသယေသု။ ပါဒကဈာန်၊သမ္မသိတ ဈာန်၊ ပုဂ္ဂလဇ္ဈာ သယဈာန်တို့တွင်။ အညတရ ဝသေန။ တပါးပါး၏အစွမ်းအားဖြင့်။ဧကေကံ။တခုတခုသော။အနုတ္တရံ။ လောကုတ္တရာ ဖြစ်သော။ စိတ္တန္တု၊စိတ္တံဧဝ။ စိတ်ကိုသာလျှင်။ဈာနင်္ဂယောဂဘေဒေန။ဈာန်အင်္ဂါတို့နှင့်ယှဉ်သောအပြားအားဖြင့်။ ပဉ္စဓာ။ပဉ္စင်ဝိဓံ။ ငါးပါးအပြားရှိသည်ကို။ကတွာ။ပြု၍။ စတ္တာလီသဝိဓံ။ လေးဆယ်အပြားရှိ၏။ ဣတိစ။ ဤသို့လည်း။ ပရမတ္ထဝိဒူဟိ။ ပရမတ်ကိုသိတော်မူကုန်သော။ အာစရိယေဟိ။ ဆရာတို့သည်။ဝုစ္စတိ။မိန့်အပ်၏။

ဈာနင်ပွားနည်းပြီး၏။

———

ရူပါဝစရကုသိုလ်ပဥ္စမဈာန်စိတ်တခု။ ရူပါဝစရဝိပါက်ပဥ္စမဈာန်စိတ်တခု။ ရူပါဝစရ ကြိယာပဥ္စမဈာန် စိတ်တခု။ သောတာပတ္တိ မဂ်ပဥ္စမဈာန် စိတ်တခု။ သကဒါဂါမိ မဂ်ပဥ္စမဈာန် စိတ်တခု။ အနာဂါမိမဂ်ပဥ္စမဈာန်စိတ်တခု။ အရဟတ္တမဂ်ပဥ္စမဈာန်စိတ်တခု။ သောတာပတ္တိဖိုလ်ပဥ္စမဈာန်စိတ်တခု။သကဒါဂါမိဖိုလ်ပဥ္စမဈာန်စိတ်တခု။အနာဂါမိဖိုလ်ပဥ္စမဈာန်စိတ်တခု။ အရဟတ္တဖိုလ်ပဥ္စမဈာန်စိတ် တခုအားဖြင့်ပဥ္စမဈာန်စိတ်တဆဲ့တပါး။ ။ထိုအတူဒုတိယဈာန်တတိယဈာန်။ စတုတ္ထဈာန်တို့လည်း။တဆဲ့တပါးစီရှိကုန်၏။ပဌမဈာန်စိတ်ကား။ယခင်တဆဲ့တပါး၌ အရူပါဝစရစိတ်တဆဲ့နှစ်ပါးကိုထည့်၍နှစ်ဆဲ့သုံးပါးရှိ၏ဟူလိုသော်။ ။စိတ်အကျယ်တရာ့နှစ်ဆဲ့တပါး၌။ကုသိုလ်စိတ်သုံးဆဲ့ခုနစ်ပါး။ဝိပါက်စိတ်ငါးဆဲ့နှစ်ပါးရှိ၏။

စိတ်ပိုင်း၌သရုပ်အကောက်ပြီး၏။

---

ဤသို့လျှင်။ စိတ်ဟူသောတရားကိုဘုံအပြားအားဖြင့်လည်းကောင်း။ဇာတ်အပြားအားဖြင့်လည်းကောင်း။ သမ္ပယုတ်အပြားအားဖြင့်လည်းကောင်း။ သင်္ခါရအပြားအားဖြင့်လည်းကောင်း။ ဈာန်အပြားအားဖြင့်လည်းကောင်း။ အာရုံအပြားအားဖြင့်လည်းကောင်း။ မဂ်အပြားအား ဖြင့်လည်းကောင်း။ ထိုက်သည်အားလျော်စွာ။ စိတ်ဖြာဝေဘန်ပြီး၍။ယခုအခါ၌။ အညသမာနရာသိ။ အကုသလရာသိ။ သောဘဏရာသိ၏အစွမ်းဖြင့်။ သုံးပါးသောရာသိတို့ဖြင့်။ စေတသိက်တို့ကိုပြပေအံ့။ ။စေတသိက်ဟူသည်ကား။ စေတသိနိယုတ္တံတိ စေတသိကံ။ ဟူသောဒိုကာနှင့်အညီ။ စိတ်၌ ယှဉ် တတ်သော ကြောင့်။ စေတသိက်ဟူ၍ ဆိုသည်။ အဘယ်သို့ယှဉ်သနည်းဟူမူကား။ ။ဧကုပ္ပါဒ။ စိတ်နှင့်တကွဖြစ်ခြင်း။ ဧကနိရောဓ၊ စိတ်နှင့်တကွချုပ်ခြင်း။ ဧကာလမ္ဗဏ။စိတ်နှင့်တူသောအာရုံရှိခြင်း။ဧကဝတ္ထုက။ စိတ်နှင့်တူ

သောမိရာရှိခြင်း။ ဤလေးပါးသောလက္ခဏာတို့ဖြင့်။ စိတ်၌ယှဉ်သည်ဟူ၍မှတ်။ ။ထိုလေးပါးသောလက္ခဏာတို့ဖြင့်။ ယှဉ်သော စေတသိက်တို့သည်။ အမြဲယှဉ်သောနိယတ ယောဂီဖြစ်စေ။ အမြဲမယှဉ်သော အနိယတယောဂီဖြစ်စေ။ ၎င်းလက္ခဏာလေးပါးနှင့် ပြည့်စုံ ညီညွတ်လျှင်။ ယှဉ်ခြင်း မည် သည် သာတည်း။

ထိုစေတသိက်ကား။ အညသမာန်းစေတသိက်တဆဲ့သုံးခု။ အကုသိုလ် စေတသိက်တဆဲ့လေးခု။ သောဘဏ စေတသိက်နှစ်ဆဲ့ငါးခုအားဖြင့်။ ပေါင်းငါးဆဲ့နှစ်ပါးရှိ၏။ ။အညသမာန်းစေတသိက်တဆဲ့သုံးခုဟူသောကား။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ။ မနသိကာရအားဖြင့်။ ခုနစ်ပါးသောစေတသိက်တို့သည်။ သဗ္ဗစိတ္တသာဓာရဏ. စေတသိက်မည်ကုန်၏။ ။ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ၊ အားဖြင့် ခြောက်ပါးသော စေတသိက်တို့သည်။ ပကိဏ်းစေတသိက်မည်ကုန်၏။ ။သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခု။ ပကိဏ်းစေတသိက်ခြောက်ခုကိုပေါင်းသော်။ အညသမာန်းစေတသိက်ကား။ တဆဲ့သုံးပါးရှိ၏ဟူလိုသော်။

အကုသိုလ်စေတသိက်တဆဲ့လေးခုဟူသောကား။ ။မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိစိကိစ္ဆာ၊ အားဖြင့်အကုသိုလ်စေတသိက်တဆဲ့လေးပါးရှိ၏ဟူလိုသော်။ ။သောဘဏစေတသိက်နှစ်ဆဲ့ငါးခုဟူသောကား။ ။သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇ္ဇုကတာ၊ စိတ္တုဇ္ဇုကတာ၊ စေတသိက်အားဖြင့်သောဘဏ သာဓာရဏစေတသိက်တဆဲ့ကိုးပါး။ ။သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝစေတသိက်

အားဖြင့်ဝိရတီစေတသိက်သုံးပါး။ ။ကရုဏာ၊ မုဒိတာအားဖြင့်။အပ္ပမညာစေတသိက်နှစ်ပါး။ ။ပညိန္ဒြေဟူသောအမောဟစေတသိက်တပါး အားဖြင့်။ သောဘဏ စေတသိက်ကား။ နှစ်ဆဲ့ငါးပါးရှိ၏ဟူလိုသော်။

ဤသို့လျှင်အညသမာန်းစေတသိက်တဆဲ့သုံးခု။အကုသိုလ်စေတသိက် တဆဲ့လေးခု။ သောဘဏ စေတသိက် နှစ်ဆဲ့ငါးခုကို ပေါင်းသော်။ စေတသိက် ကား။ ငါးဆဲ့ နှစ်ပါး ရှိ၏ ဟူလိုသော်။ ။ထိုကြောင့်အဘိဓမ္မတ္ထသင်္ဂဟာကျမ်း၌။ ။တေရသညသမာနာစ။ စုဒ္ဒသာကုသလာတထာ။ သောဘဏာပဉ္စဝီသတိ။ဒွိပညာသပဝုစ္စရေ။ ။ဟုမဟာအနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။တေရသ။တဆဲ့သုံးပါးကုန်သော။အညသမာနာစ။အညသမာန်း စေတသိက်တို့လည်း ကောင်း။ စုဒ္ဒသ။ တဆဲ့လေးပါးကုန်သော။ အကုသ လာစ။ အကုသိုလ်စေ တသိက်တို့လည်းကောင်း။ တထာ။ ထိုမှတပါး။ ပဉ္စဝီသတိ။ နှစ်ဆဲ့ ငါးပါးကုန်သော။သောဘဏာစ။သောဘဏစေတသိက်တို့လည်းကောင်း။ ဣတိ။ ဤသို့။ဒွိပညာသ။ ငါးဆဲ့နှစ်ပါးအပြားရှိကုန်သော။ ဓမ္မာ။ စေတသိက်တို့ကို။မတာ။ သိအပ်ကုန်၏။ဣတိ။ဤသို့။ ပဝုစ္စရေ။ မိန့်အပ်ကုန်၏။

စေတသိက်ပိုင်း၌သရုပ်အကောက်ပြီး၏။

---

စိတ်၊ စေတသိက်ဟူသောပရမတ္ထတရားနှစ်ပါးကိုဝေဘန်ပြီး၍ ယခုအခါရုပ်တရားကိုပြပေအံ့။ ရုပ်ဟူသော်ကား။ ။သီတောနပိရုပ္ပတိ။ ဥဏ္ဍောနပိရုပ္ပတိ။အစရှိသည်ဖြင့်။ ဟောတော်မူအပ်သော ခန္ဓဝိဘင်းပါဠိတော်နှင့်အညီ။ အချမ်းကြောင့် လည်းကောင်း။ အပူကြောင့် လည်းကောင်း။ ဘောက်ပြန်တတ်သောကြောင့်။ ရုပ်ဟူ၍ဆိုသည်။ ။ထိုရုပ်တရားကား။ အလောဘ အစရှိသော အကြောင်း မရှိသောကြောင့်။ အဟေတု ကလည်း

မည်၏။ကာံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောမိမိတို့၏အကြောင်းရှိ
သော ကြောင့်။ သပစ္စယ လည်း မည်၏။ မိမိကို အာရုံပြု၍ ဖြစ်
တတ်ကုန်သော အာသဝေါတို့၏ အာရုံဖြစ်သောကြောင့်။ သာ
သဝလည်းမည်၏။ကာံ၊ စိတ်၊ ဥတု၊ အာဟာရဟူသောအကြောင်း
တို့သည်ပြုပြင်အပ်သောကြောင့်။ သင်္ခတလည်းမည်၏။ ဥပါဒါ
နာက္ခန္ဓာဟု ဆိုအပ် သော လောကဋ္ဌ လည်း။ အမြဲ သုဉ် တတ်
သောကြောင့်။ လောကီယလည်းမည်၏။ ကာမတဏှာ၏ကျင်
လည်ရာ ဖြစ်သော ကြောင့်။ ကာမာ ဝစရ လည်း မည်၏။ နာမ်
တရားကဲ့သို့ တစုံတခုသော အာရုံကိုလည်း မယူတတ် သော
ကြောင့်။ အနာရမ္မဏ လည်း မည်၏။ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘန
ပဟာန်၊ သမုစ္ဆေဒပဟာန်တို့ဖြင့်လည်းပယ်အပ်သောသဘော
မရှိသော ကြောင့်။ အပဟာ တဗ္ဗ လည်း မည်၏။ ထိုသို့ သော
သဘောလက္ခဏာနှင့်ပြည့်စုံသည်ကိုရုပ်ဟူ၍ဆိုသည်။

ထိုရုပ်သည်၊ နိပ္ဖန္နရုပ်တဆဲ့ရှစ်ခု၊ အနိပ္ဖန္နရုပ်တဆယ်အား
ဖြင့်။နှစ်ဆဲ့ရှစ်ပါးရှိ၏။ ။နိပ္ဖန္နရုပ်တဆဲ့ရှစ်ပါးဟူသော်ကား။ ။
ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်အား
ဖြင့်ဘူတရုပ်လေးပါး။ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပ
သာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒအားဖြင့်ပသာဒရုပ်ငါးပါး။ ။
ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ပထဝီ၊ တေဇော၊ ဝါယောဟူ
သော ဖောဋ္ဌဗ္ဗာရုံ အားဖြင့်ဂေါစရ ရုပ်ခုနစ်ပါး။ ။ဣတ္ထိဘာဝ
ရုပ်၊ပုမ္ဘာဝ ရုပ်အားဖြင့် ဘာဝရုပ်နှစ်ပါး။ ။ဟဒယရုပ်တပါး။
ဇီဝိတ ရုပ်တပါး။ အာဟာရ ရုပ်တပါး။ ဤအလုံးစုံကို ပေါင်း
သော်။နိပ္ဖန္နရုပ်ကား။တဆဲ့ရှစ်ပါးရှိ၏ဟူလိုသော်။

အနိပ္ဖန္နရုပ်ဆယ်ပါးဟူသော်ကား။ ။ပရိစ္ဆေဒရုပ်တပါး။
ကာယဝိညတ်၊ ဝစီဝိညတ်ဟူသောဝိညတ်ရုပ်နှစ်ပါး။လဟုတာ၊
မုဒုတာ ကမ္မညတာ ဝိညတ်ရုပ်နှစ်ခုအားဖြင့် ဝိကာရရုပ်ငါး
ပါး။ ။ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာအားဖြင့်လက္ခဏာရုပ်
လေးပါး။ ဤအလုံးစုံကိုပေါင်းသော်။အနိပ္ဖန္နရုပ်ကား။ ဆယ်ပါး

ရှိ၏ဟုလိုသောဉ်။ ။နိပ္ဖန္နရုပ် ဆဲ့ရှစ်ခု။ အနိပ္ဖန္နရုပ် ဆယ်ခုကို ပေါင်းသောဉ်။ရုပ်တရားကား။နှစ်ဆဲ့ရှစ်ပါးရှိ၏။ ။ထို့ကြောင့်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌။ ။ဘူတပ္ပသာဒဝိသယာ။ ဘာဝေါ ဟဒယမိစ္စပိ။ဇီဝိတာဟာရရူပေဟိ။အဋ္ဌာရသဝိဓံ တထာ။ ။ ပရိစ္ဆေဒေါစဝိညတ္တိ။ဝိကာရောလက္ခဏာနိ့စ။ အနိပ္ဖန္နာဒသစ္ဆေ တိ။ အဋ္ဌဝီသတိဝိဓံဘဝေ။ ။ဟုမဟာအနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။ဘူတပ္ပသာဒဝိသယာ။ ဘူတရုပ်လေးခု၊ပသာဒရုပ်ငါးခု၊ဝိသယရုပ်တို့လည်းကောင်း။ဘာဝေါစ။ ဘာဝရုပ်နှစ်ခုလည်းကောင်း။ဟဒယံစ။ဟဒယဝတ္ထုရုပ်လည်းကောင်း။ဣတိပိ။ဤသို့လည်း။ ဇီဝိတာဟာရရူပေဟိ။ ဇီဝိတရုပ်အာဟာရ ရုပ်တို့နှင့်။ သဟ။တကွ။အဋ္ဌာရသဝိဓံ။တဆဲ့ရှစ်ပါးအပြားရှိသည်။ဘဝေ။ ဖြစ်၏။ ။တထာ၊ ထိုမှတပါး။ ပရိစ္ဆေဒေါစ။ ပရိစ္ဆေဒရုပ် လည်းကောင်း။ဝိညတ္တိစ။ ဝိညတ်ရုပ်နှစ်ခုလည်းကောင်း။ဝိကာ ရောစ။ဝိကာရရုပ်လည်းကောင်း။ လက္ခဏာစ္ဆ။ လက္ခဏာရုပ်လေး ခုလည်းကောင်း။ဣတိ။သို့။ဒသ။ဆယ်ပါးကုန်သော၊ အနိပ္ဖန္နာစ။ အနိပ္ဖန္နရုပ်တို့လည်းကောင်း။ဣတိဣမိနာပဘေဒေန။ ဤသို့နိပ္ဖန္န ရုပ်အနိပ္ဖန္နရုပ်တို့၏အပြားအားဖြင့်။ရူပံ။ ရုပ်တရားသည်။ အဋ္ဌဝီ သတိဝိဓံ။နှစ်ဆဲ့ရှစ်ပါးအပြားရှိသည်။ဘဝေ။ဖြစ်၏။

ရုပ်ပိုင်း၌သရုပ်ပြီး၏။

---

စိတ်၊စေတသိက်၊ရုပ်ဟူသောပရမတ္ထတရားသုံးပါးကို။ဝေ ဘန်ပြီး၍။ယခုအခါနိဗ္ဗာန်ကိုပြပေအံ့။ထိုနိဗ္ဗာန်သည်ကား။ နိဗ္ဗာနံ ပနလော်ကုတ္တရသင်္ခါတံ၊စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗံ။မဂ္ဂ ဖလာနမာလမ္ဗဏာဘူတံ။ဝါနသင်္ခါတာယတဏှာယနိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။ ။ဟုအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ လာသည် ဖြစ်၍။လောကမှထွက်မြောက်တတ်သောကြောင့်။ လောကုတ္တ ရာဟုဆိုအပ်၏။လေးပါးသောမဂ်ဉာဏ်ဖြင့်လည်း။မျက်မှောက်

ပြုအပ်၏။ မဂ်ဖိုလ်တို့၏ အာရုံလည်းဖြစ်၏။ ဝါနဟုဆိုအပ်သော တဏှာမှလည်း ထွက်မြောက်၏။ ထိုကြောင့်။ နိဗ္ဗာန် ဆိုသည် ဟူလိုသော်။ ။နိဗ္ဗာန်သည်မိမိ၏ငြိမ်းခြင်း လက္ခဏာအားဖြင့် တပါးသာ ရှိသော်လည်း။ ကိလေသာတို့မှ ကြွင်းသောဝိပါက် ကမ္မဇရုပ်နှင့်တကွဖြစ်သောသဥပါဒိသေသနိဗ္ဗာန်။ကိလေသာ တို့မှကြွင်းသောဝိပါက် ကမ္မဇရုပ်နှင့်တကွမဖြစ်သော အနုပါဒိ သေသနိဗ္ဗာန်ဟူ၍ ကာရဏပရိယာယအားဖြင့်နှစ်ပါး။ခပ်သိမ်း သောသင်္ခါရတို့မှဆိတ်ခြင်းတည်းဟူသောသုညတနိဗ္ဗာန်။ခပ် သိမ်းသော သင်္ခါရဟူသောအကြောင်းမူလ မရှိခြင်းတည်းဟူ သောအနိမိတ္တနိဗ္ဗာန်။ တဏှာဟူသောပဏိဓိမရှိခြင်းတည်းဟူ သောအပဏိဟိတနိဗ္ဗာန်ဟူ၍ လည်းအခြင်းအရာအာကာရဘေ ဒအားဖြင့်သုံးပါးရှိ၏ဟူလိုသော်။ ။ထိုကြောင့်။ အဘိဓမ္မတ္ထ သင်္ဂဟာကျမ်း၌။ ။ပဒမစ္စုတမစ္စန္တံ။အသင်္ခတမနုတ္တရံ။ နိဗ္ဗာန မိတိဘာသန္တိ။ဝါနမုတ္တာမဟေသယော။ ။ဟုမဟာအနုရုဒ္ဓါ ဆရာမိန့်တော်မူ၏။ ။အစ္စုတံ။ရွေ့ခြင်းသဘောမရှိထသော။ အစ္စန္တံ။ရတိဟူသောအဆုံးကိုလည်း လွန်ထသော။ အသင်္ခတံ။ ကံ၊စိတ်၊ဥတု၊အာဟာရဟူသောအကြောင်းလေးပါးတို့သည်မ ပြုပြင်အပ်ထသော။အနုတ္တရံ။ မိမိထက်မြတ်သောတရားလည်း မရှိထသော။ ပဒံ။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောအကြောင်းကို။ နိဗ္ဗာနမိတိ၊ နိဗ္ဗာနံဣတိ။ နိဗ္ဗာန် ဟူ၍။ ဝါနမုတ္တာ။ ဝါနဟူသော တဏှာမှ လွတ်တော်မူကုန်ပြီးသော။ မဟေသယော။ မြတ်စွာ ဘုရားတို့သည်။ဘာသန္တိ။ဟောတော်မူကုန်၏။

နိဗ္ဗာန်ပိုင်းပြီး၏။

အရကျက်၍နှုတ်တက်အာဂုံဆောင်မှရှေ့ကို
သိနိုင်မည်။သတိရှိလှစေ။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသောပရမတ္ထလေးပါးတို့၏ သရုပ်အရေအတွက် မာတိကာစဉ်ကို ဝေဘန်ပြီး၍။ ယခုအခါ။ ထိုလေးပါးသော ပရမတ္ထတို့၏ သဘောလက္ခဏာကို အစဉ်အတိုင်းအကျဉ်းအားဖြင့်ပြပေအံ့။ ။ယဒါဟိနဣိကာမေသု အာဒိနဝေါတျာဒိနာနယေန မိစ္ဆာဒိဋ္ဌိံ ပုရက္ခိတွာ ဟဋ္ဌတုဋ္ဌော ကာမေဝါပရိဘုဉ္ဇတိ။ဒိဋ္ဌမင်္ဂလာဒီနိဝါသာရတောပစ္စေတိ။ သဘါဝတိက္ခေနေဝအနုဿာဟိတေန။တဒါပဌမံအကုသလစိတ္တံ ရုပ္ပဇ္ဇတိ။ ။ဟု သုမင်္ဂလသာဝိ ဋီကာ၌ လာသည်ဖြစ်၍။ အခါအကြင်အခါ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းစသည်တို့၌။ အပြစ်မရှိဟုမှားသောမိစ္ဆာဒိဋ္ဌိအယူဖြင့်။သူတပါးမတိုက်တွန်းဘဲလည်းကောင်း။ ရှေ့စိတ်သည် နောက်စိတ်ကို မတိုက်တွန်းဘဲလည်းကောင်း။ မိမိအလျောက်ရဲရဲတင်းတင်းနှစ်သက် ရွှင်လန်းဝမ်းမြောက် ဝမ်းသာငါးဖြာသောကာမဂုဏ်ချမ်းသာကိုလည်း ခံစားအံ့။ သုံးဆဲ့ရှစ်ဖြာမင်္ဂလာ တရားတော်မှတပါး။ ကောင်းသောရူပါရုံကိုမြင်ခြင်းသည်။ဒိဋ္ဌမင်္ဂလာ။ ကောင်းသောသဒ္ဒါရုံကိုကြားခြင်းသည်။သုတမင်္ဂလာ။ ကောင်းသေါအနံ့ဖြင့်ထိခြင်းတွေ့ခြင်းသည်။မုတမင်္ဂလာဖြစ်သည်ဟု။ မြတ်နိုးတနာယုံကြည်အံ့။ ထိုသို့ဖြစ်သောအခါ။ သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်ပဌမ အသင်္ခါရိကစိတ်ဟုမှတ်အပ်၏။ ။ယဒါပနမန္ဒေန သမုဿာဟိတေနစိတ္တေန။ တဒါဒုတိယံ။ ။ဟုဋီကာလာသည်ဖြစ်၍ကာမဂုဏ်ချမ်းသာကို ခံစားခြင်းစသည်တို့၌အပြစ်မရှိဟုမှားသောမိစ္ဆာဒိဋ္ဌိအယူဖြင့်။ သူတပါး တိုက်တွန်းသည်ဖြစ်၍၎င်း။ ရှေ့စိတ်သည်နောက်စိတ်ကိုတိုက်တွန်း သည်ဖြစ်၍၎င်း။တွန့်တိုဆိုင်းတွလျက်။ နှစ်သက်ဝမ်းသာ။ ကာမဂုဏ်ချမ်းသာကိုမှုလည်းခံစားအံ့။ ဒိဋ္ဌမင်္ဂလာစသည်ကိုမှုလည်း မြတ်နိုးတနာယုံကြည်အံ့။ ထိုသို့ဖြစ်သောအခါကား။ သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် ဒုတိယသသင်္ခါရိကစိတ်ဟုမှတ်အပ်၏။ ။ယဒါပနမိစ္ဆာဒိဋ္ဌိံ အပုရက္ခိတွာကေဝလံဟဋ္ဌတုဋ္ဌော။

မေထုန်ဝါသေဝတိ။ ပရသမ္ဖဿံ ဝါအဘိဇ္ဈာယတိ။ ပရဘဏ္ဍံ ဝါဟရတိ။ သဘာဝတိက္ကမေနေဝအနုသာသာပဟိတေန စိတ္တေနတ ဒါတတိယံ။ ။ဟုရင်းဂိုကာလာသည်ဖြစ်၍အကြောင်းအခါ၌ကာမ ဂုဏ်ချမ်းသာကိုခံစားခြင်းစသည့်တို့၌အပြစ်ရှိ၏ဟုစွဲယူလျက်။ သူတပါးမတိုက်တွန်းဘဲရင်း။ ရှေ့စိတ်သည် နောက်စိတ်ကို မ တိုက်တွန်းဘဲရင်း။ခဲရင့်ထက်မြက်။နှစ်သက်ရွှင်လန်း။ဝမ်းမြော် ဝမ်းသာ။မေထုန်ကိုလည်းမှီဝဲအံ့။ သူတပါးတို့၏ ဥစ္စာစည်းစိမ် ကိုမူလည်းလိုချင်တောင့်တအံ့။သူတပါးတို့၏ ဥစ္စာပစ္စည်းကိုမူ လည်းခိုးယူအံ့။ ထိုသို့ဖြစ်သောအခါ။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်တတိယ အသင်္ခါရိကစိတ်ဟုမှတ်အပ်၏။ ။ ယဒါပနမန္ဒေနသမုဿာဟိတေန စိတ္တေနတဒါစတုတ္ထံ။ ။ဟု ရင်း ဂိုကာလာသည်ဖြစ်၍ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းစ သည်တို့၌ အပြစ်ရှိ၏ဟုစွဲယူလျက်။ သူတပါးတိုက်တွန်းသည် ဖြစ်၍ရင်း။ ရှေ့စိတ်သည်နောက်စိတ်ကိုတိုက်တွန်းသည်ဖြစ်၍ ရင်း။နုန့်နှေးလေးဖြည်းသောစိတ်ဖြင့်၊ ဝမ်းမြောက်ဝမ်းသာမေ ထုန်ကိုမူလည်းမှီဝဲအံ့။ သူတပါးတို့၏ ဥစ္စာစည်းစိမ်ကိုမူလည်း လိုချင်တောင့်တအံ့။ သူတပါးတို့၏ပစ္စည်းဥစ္စာတို့ကိုမူလည်းခိုး ယူအံ့။ ထိုသို့ဖြစ်သောအခါကား။ သောမနဿ သဟဂုတ်ဒိဋ္ဌိ ဂတဝိပ္ပယုတ်စတုတ္ထသသင်္ခါရိကစိတ်ဟုမှတ်အပ်၏။

သောမနဿသဟဂုတ်၏ ဖြစ်ကြောင်းမူလကား။ သဘာဝ တောပရိကပ္ပတောဂါပိဿ ဣဋ္ဌာရမ္မဏံ။ သောမနဿ ပဋိသန္ဓိ ကတော။ အဂမ္ဘီရ သဘာဝတောစ။ ဣတိသောမနဿသကာရ ဏံ။ ။ဟုရင်းဂိုကာ လာသောကြောင့်။ ကောင်းသောဣဋ္ဌာရုံ ထင်သောကြောင့်လည်းကောင်း။ အနိဋ္ဌာရုံကိုပင် ဣဋ္ဌာရုံအား ဖြင့်ကြံဆ သောကြောင့်ရင်း။ သောမနဿ ပဋိသန္ဓေနေသော ကြောင့်လည်းကောင်း။ နက်နဲသိမ်မွေ့သောသဘော အပယူမရှိ သောကြောင့်ရင်း။ ဤအကြောင်းတို့ကြောင့်။ သောမနဿ သ ဟဂုတ်ဖြစ်၏။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ်ဖြစ်ခြင်း၏ အကြောင်းမူလကား။ဒိဋ္ဌိဝိပ္ပန္နပုပ္ပလဿေဝနာ။ သဿသတုစ္ဆေဒါသယတာစဒိဋ္ဌိယာ။ ။ ဟုရင်း ငိုကာလာသောကြောင့်။ များသောမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ် ခြင်းကြောင့်ရင်း။ မိမိပင်များသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူရှိခြင်း ကြောင့် ရင်း။ ဒိဋ္ဌိဂတသမ္ပယုတ် ဖြစ်၏။ မှန်သောသမာ အယူရှိသော ပုဂ္ဂိုလ်ကိုမှီဝဲဆည်းကပ်ခြင်းကြောင့်ရင်း။ မိမိပင်မှန်သောသမာအယူရှိခြင်းကြောင့်ရင်း။ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်၏။

အသင်္ခါရိက စိတ်ဖြစ်ခြင်း၏ မူလအကြောင်းကား။ ဗလဝဥတုဘောဇနာဒယောပန ပစ္စယာ အသင်္ခါရိကဘာဝသာ။ ။ ဟုရင်းငိုကာလာသောကြောင့်။ လျောက်ပတ်သော ဥတုဘောဇဉ်အစရှိကုန်သော ပစ္စည်းတို့ကိုမှီဝဲ သုံးဆောင်ရ၍ ချမ်းသာသောအခါ။အသင်္ခါရိကဖြစ်၏။မလျောက်ပတ်သောဥတုဘောဇဉ်အစရှိကုန်သော ပစ္စည်းတို့ကိုမှီဝဲသုံးဆောင်ရ၍ မချမ်းသာသောအခါကား။သသင်္ခါရိကဖြစ်၏။

ဤကားသောမနဿ၏လက္ခဏာတည်း။

---

ယဒါပနကာမာနံဝါ အသမ္ပတ္တိံ အာဂမ္မအညေသံဝါသောမနဿဟေတုနံ အဘာဝေနစတုသုပိ ဝိကပ္ပေသုသောမနဿရဟိတာဟောန္တိ။ တဒါသေသာနိစတ္တာရိ ဥပေက္ခာသဟဂတာနိဥပ္ပဇ္ဇန္တိ။ ။ဟုရင်းငိုကာ လာသောကြောင့်။ အကြင်အခါ၌ ကာမဂုဏ်ချမ်းသာကိုခံစားခြင်းအစရှိသည်တို့၌။ အပြစ်မရှိဟု များသော မိစ္ဆာအယူဖြင့်။ သူတပါးမတိုက်တွန်းဘဲရင်း။ ရှေ့စိတ်သည် နောက် စိတ်ကို မတိုက် တွန်းဘဲ ရင်း။ လစ်လျူသောစိတ်ဖြင့် မိမိ အလျောက် တွန့်တို ခြင်းမရှိ။ ကာမဂုဏ် ငါးဖြာ ချမ်းသာကို မူလည်း ခံစားအံ့။ သုံးဆဲ့ရှစ်ဖြာ မင်္ဂလာ

တရားတော်မှတပါး။ဒိဋ္ဌမင်္ဂလာစသည်ကိုမူလည်း။ မြတ်နိုးတနာသယုံကြည်အံ့။ ထိုသို့ဖြစ်သောအခါ။ ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်ပဌမအသင်္ခါရိကစိတ်ဟူမှတ်အပ်၏။ ဤပဌမစိတ်အတူ။အယူမှားယွင်းသောဝါဒဖြင့်သူတပါးတို့တိုက်တွန်းသည်ဖြစ်၍၎င်း။ ရှေ့စိတ်သည်နောက်စိတ်ကို တိုက်တွန်းသည်ဖြစ်၍၎င်း။လျစ်လျူသောစိတ်ဖြင့်တွန့်တိုနှုန့်နှေးလျက်။ကာမဂုဏ်ချမ်းသာကိုမူလည်းခံစားအံ့။ ဒိဋ္ဌမင်္ဂလာစသည်ကိုမူလည်း မြတ်နိုးတနာသယုံကြည်အံ့။ ထိုသို့ဖြစ်သော အခါကား။ ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်ဒုတိယသင်္ခါရိကစိတ်ဟူမှတ်အပ်၏။ အကြင်အခါ။ ငါးဖြာသောကာမဂုဏ်ချမ်းသာကိုခံစားခြင်းအစရှိသည်တို့၌။ အပြစ်ရှိ၏ဟုစွဲယူလျက်။ သူတပါးမတိုက်တွန်းဘဲ၎င်း။ရှေ့စိတ်သည်နောက်စိတ်ကိုမတိုက်တွန်းဘဲ၎င်း။ လျစ်လျူသောစိတ်ဖြင့် ထက်မြက်ရဲရင့်စွာ ကာမဂုဏ် ချမ်းသာကို မူလည်းခံစားအံ့။ သူတပါးတို့၏ဥစ္စာစည်းစိမ်ကိုမူလည်း လိုချင်တောင့်တအံ့။ သူတပါးတို့၏ပစ္စည်းဥစ္စာကိုမူလည်းခိုးယူအံ့။ ထိုသို့ဖြစ်သောအခါ။ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ်တတိယအသင်္ခါရိက စိတ်ဟူမှတ်အပ်၏။ သူတပါးတိုက်တွန်းသည်ဖြစ်၍၎င်း။ရှေ့စိတ်သည် နောက်စိတ်ကိုတိုက်တွန်းသည်ဖြစ်၍၎င်း။ လျစ်လျူသောစိတ်ဖြင့်နှုန့်နှေးလေးဖြည်းသောသဘောရှိလျက်။ ကာမဂုဏ်ချမ်းသာကိုခံစားခြင်းစသည်ကိုမူလည်းပြုအံ့။သူတပါးတို့၏ဥစ္စာစည်းစိမ်ကိုမူလည်းလိုချင်တောင့်တအံ့။ သူတပါးတို့၏ ပစ္စည်းဥစ္စာကိုမူလည်းခိုးယူအံ့။ ထိုသို့ဖြစ်သောအခါ။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်စတုတ္ထ သသင်္ခါရိကစိတ်ဟူမှတ်အပ်၏။

ဥပေက္ခာသဟဂုတ်၏ ဖြစ်ကြောင်းမူလကား။ ဠုဒ္ဓအဇ္ဈတ္တာရမ္မဏံဥပေက္ခာပဋိသန္ဓိကတာဂမ္ဘီရသဘာဝတာစ ဥပေက္ခာယ။ ။ဟူ၍ဋီကာလာသောကြောင့်။လျစ်လျူသောအာရုံကိုအာရုံပြုခြင်းကြောင့်၎င်း။ ဥပေက္ခာ ပဋိသန္ဓေနေ ခြင်းကြောင့်

ရင်း။ နက်နဲသိမ်မွေ့သော အယူရှိခြင်းကြောင့် လည်းကောင်း။ ဥပေက္ခာသဟဂုတ်ဖြစ်၏။

ဤကား။ဥပေက္ခာသဟဂုတ်၏လက္ခဏာတည်း။

---

လောဘမူစိတ်သည်။သောမနဿလေးခု။ ဥပေက္ခာလေးခု အားဖြင့်ရှစ်ပါးသာရှိသော်လည်း။ ဂဏိတသင်္ချာဖြင့် မြောက်ယူသော်များ၏။များကြောင်းကိုဤသို့သိအပ်၏။အဇ္ဈတ္တဒါန၊ ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပ ဤခုနစ်ပါးသောအကုသလကမ္မပထတို့ဖြင့် လောဘမူစိတ်ရှစ်ခုကိုမြောက်သော်။ ငါးဆဲ့ခြောက်ခုဖြစ်၏။ ထိုငါးဆဲ့ခြောက်ခုကို။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးဖြင့် မြောက်သော်။ တရာ့ခြောက်ဆဲ့ရှစ်ခုဖြစ်၏။ ထိုတရာ့ခြောက်ဆဲ့ရှစ်ခုကို။ အာရုံခြောက်ပါးဖြင့်မြောက်သော်။ တထောင့်ရှစ်ခု ဖြစ်၏။ ထိုတထောင့်ရှစ်ခုကို။ အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် နှစ်ပါးဖြင့်မြောက်သော်။ နှစ်ထောင့်တဆဲ့ခြောက်ခုဖြစ်၏။ ထို နှစ်ထောင့်တဆဲ့ခြောက်ခုသောလောဘမူစိတ်သည်။ နဂရဇနပဒအစရှိသော အရပ်၌ နေကုန်သော သူတို့၏ အစွမ်းအားဖြင့် သော်ကား။မရေတွက်နိုင်များ၏ဟူလိုသော်။

လောဘမူစိတ်၏လက္ခဏာအကျဉ်းပြီး၏။

---

ဒေါသမူစိတ်နှစ်ခုတို့၌။ဒွိန္နံပန နေသံစိတ္တာနံပါဏာတိပါတာ ဒိသုတိက္ခမန္ဒပဝတ္တိကာလေ ဥပ္ပတ္တိ ဝေဒိတဗ္ဗာ။ ။ဟုရင်းငိုကာ လာသောကြောင့်။ မကောင်းသောအာရုံထင်မြင်သောအခါ။သူ တပါးမတိုက်တွန်းဘဲရင်း။ရှေ့စိတ်သည်နောက်စိတ်ကိုမတိုက် တွန်းဘဲရင်း။မိမိအလျောက်ထက်မြက်ရဲရင့်စွာပါဏာတိပါတ အစရှိသောဒုစရိုက်ဆယ်ပါးတို့၌။ ရုန့်ရင်းသဖြင့်ပြုခြင်း၊ ပြော

ဆိုခြင်း၊ ကြံစဉ်ခြင်းကိုပြုအံ့။ ထိုအခါကား။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်အသင်္ခါရိကစိတ်ဟုမှတ်အပ်၏။ ။ဤအတူ။ သူတပါးတိုက်တွန်း၍ငင်း။ ရှေ့စိတ်သည် နောက်စိတ်ကိုတိုက် တွန်း၍ငင်း။ ဒုစရိုက်ဆယ်ပါးတို့၌ နွံ့နှေးသောစိတ်ဖြင့်ပြုခြင်း၊ ပြောဆိုခြင်း၊ ကြံစည်ခြင်းကိုပြုအံ့။ ထိုအခါကား။ ဒေါမနဿ သဟဂုတ်ပဋိဃသမ္ပယုတ်သသင်္ခါရိကစိတ်ဟုမှတ်အပ်၏။ ဒေါမ နဿပဋိဃတို့၏အကြောင်းမူလကား။ ယံကိဉ္စိ အနိဋ္ဌာရမ္မဏံန ဝဝိဓ အာဃာတဝတ္ထုနိစ ဒေါမနဿဿကာရဏံ ပဋိဃဿ ကာရဏန္တိဒဋ္ဌဗ္ဗံ။ ။ဟုရင်းဋီကာ လာသောကြောင့်။ မ ကောင်းသောအနိဋ္ဌာရုံကိုအာရုံပြုခြင်းသည်လည်းကောင်း။ ဤ သူကား။ ငါ၏စီးပွါးကိုယုတ်အောင်ပြုလေပြီ၊ ယခုလည်းပြုဆဲ၊ နောင်လည်းပြုလတ္တံ့။ ငါ၏အဆွေခင်ပွန်းတို့၏စီးပွါးမဲ့ကိုပြုလေ ပြီ ယခုလည်းပြုဆဲ၊ နောင်လည်းပြုလတ္တံ့။ ငါ၏ရန်သူတို့၏စီးပွါး ကိုဆောင်လေပြီ၊ ယခုလည်းဆောင်ဆဲ၊ နောင်လည်းဆောင် လတ္တံ့။ ဤအာဃာတဝတ္ထုရန်ငြိုးကိုးပါးတို့တွင်။ တပါးပါးသည် ၎င်း။ ဒေါမနဿပဋိဃတို့၏အကြောင်းမူလဖြစ်၏။ ထိုဒေါသမူ စိတ်ကား။ နှစ်ပါးသာဖြစ်သော်လည်း။ ဂဏ်တသျှာဖြင့် ယူ သော်များ၏။ များကြောင်းကိုဤသို့သိအပ်၏။ ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာ ဝါစာ၊ သမ္ဖပ္ပလာပ ဤအကုသလကမ္မပထခုနစ်ပါးဖြင့်။ ဒေါသမူစိတ် နှစ်ခုကိုမြှောက်သော်။ တဆဲ့လေးခုဖြစ်၏။ ထိုတဆဲ့လေးခုကို ကာလသုံးပါးဖြင့်မြှောက်သော်။ လေးဆဲ့နှစ်ခုဖြစ်၏။ ထိုလေးဆဲ့ နှစ်ခုကို အာရုံခြောက်ပါးဖြင့် မြှောက်သော်။ နှစ်ရာ့ငါးဆဲ့နှစ်ခု ဖြစ်၏။ ထိုနှစ်ရာ့ငါးဆဲ့နှစ်ခုကို။ သန္တာန်နှစ်ပါးဖြင့်မြှောက်သော်။ ငါးရာ့လေးခုဖြစ်၏။ ထိုငါးရာ့လေးခုသော ဒေါသမူစိတ်သည်။ နဂရဇနပဒအစရှိသည်၌ နေကုန်သောသူတို့၏အစွမ်းဖြင့်သော် ကား။ မရေတွက်နိုင်များ၏ဟုလိုသော်။

ဒေါသမူစိတ်၏လက္ခဏာအကျဉ်းပြီး၏။

မောဟမူစိတ်နှစ်ခုတို့၌ကား။ ဆသုအာရမ္မဏေသု ဝေဒနာ ဝသေနမဇ္ဈတ္တာသကင်္ခါပဝတ္တိကာလေဥပ္ပဇ္ဇတိ။ ။ဟုဓမ္မသင်္ဂဟအဋ္ဌကထာလာသောကြောင့်။အကြင်အခါလျစ်လျူသောအယူဖြင့်ခြောက်ပါးသောအာရုံတို့၌ ယုံမှားသက်သာရှိ၏။ ထိုအခါ ဥပေက္ခာသဟဂုတ်ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ဟုံမှတ်အပ်၏။ ။ ဇူဒည္ဗိစိတ္တံ ဆသုအာရမ္မဏေသုဝေဒနာဝသေန မဇ္ဈတ္တံဟုတ္ဝာ ဥဒ္ဓတံဟောတိ။ ။ဟုရင်းအဋ္ဌကထာလာသောကြောင့်။အကြင်အခါ လျစ်လျူသောအယူဖြင့် ခြောက်ပါးသောအာရုံတို့၌။ မတည်မရပ်ပြန့်လွင့်သောစိတ်ဖြစ်၏။ ထိုအခါကား။ ဥပေက္ခာသဟဂုတ်ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဟုမှတ်အပ်၏။

ထိုမောဟမူ စိတ်ကား။ နှစ်ပါး ဖြစ်သော်လည်း။ ဂဏိတသင်္ချာဖြင့်ယူသော်များ၏။များကြောင်းကိုဤသို့သိအပ်၏။အကုသလကမ္မပထဆယ်ခုဖြင့် မောဟမူစိတ်နှစ်ခုကိုမြှောက်သော် နှစ်ဆယ်ဖြစ်၏။ထိုနှစ်ဆယ်ကို ကာလသုံးပါးဖြင့်မြှောက်သော် ခြောက်ဆယ်ဖြစ်၏။ထိုခြောက်ဆယ်ကို အာရုံခြောက်ပါးဖြင့် မြှောက်သော် သုံးရာ့ခြောက်ဆယ် ဖြစ်၏။ ထိုသုံးရာ့ခြောက်ဆယ်ကို သန္တာနနှစ်ပါးဖြင့် မြှောက်သော်။ ခုနစ်ရာ့နှစ်ဆယ် ဖြစ်၏ ထိုခုနစ်ရာ့နှစ်ဆယ်သောမောဟမူစိတ်သည် နဂရဇနပဒအစရှိသည်၌နေကုန်သော သူတို့၏အစွမ်းဖြင့် သော်ကား။ မရေတွက်နိုင်များ၏ဟုလိုသော်။

မောဟမူစိတ်၏အကျဉ်းလက္ခဏာပြီး၏။

---

ထိုလောဘမူဒေါသမူမောဟမူစိတ်သုံးရပ်တို့၌။ ။လောဘမူလံပဟိလောဘမောဟဝသေနဒုဟေတုကံ။ဒေါသမူလံပိဒေါသမောဟဝသေန။ မောဟမူလံပနမောဟဝသေန ဧကဟေတုကံ။ ။ဟုသင်္ခေပဋီကာလာသောကြောင့်။လောဘမူစိတ်သည် လောဘဟိတ်မောဟဟိတ်နှစ်ပါးရှိ၏။ ဒေါသမူစိတ်သည်ဒေါ

သဟိတ် မောဟဟိတ် နှစ်ပါးရှိ၏။ မောဟမူစိတ်သည်ကား။ မောဟဟိတ်တပါးသာရှိပါ၏။ဟိတ်ဟူသည်ကား။အကြောင်း ဆိုလိုသည်။ ။လောဘဖြစ်ခိုက်သောသူ၏မျက်နှာကိုယ်လက် ကား။ ပညောင်သီးမှည့်၏အဆင်းကဲ့သို့နီနီရဲရဲရှိ၏။ ဒေါသဖြစ် ခိုက်သောသူ၏မျက်နှာကိုယ်လက်ကား။သပြေသီးမှည့်အဆင်း ကဲ့သို့မည်းမည်းညို့ညို့ရှိ၏။ မောဟဖြစ်ခိုက်သောသူ၏ မျက် နှာကိုယ်လက်ကား။ နှမ်းဆီရည်ကဲ့သို့ ညိုညို ကြည်ကြည် ရှိ ၏။ ဤသို့လျှင် လောဘ ဒေါသမောဟ ဖြစ်ဟန်ကို သိရာ၏ဟူ လိုသော်။

အကုသိုလ်စိတ်၏လက္ခဏာအကျဉ်းပြီး၏။

---

အဟိတ်စိတ်တို့၌အကုသလဝိပါက်စိတ်ခုနစ်ခုတို့တွင်။စက္ခု ဝိညာဏ်စိတ်၏ ဖြစ်ခြင်းမှီခြင်းကား။ သသမ္ဘာရစက္ခုပသာဒ စက္ခုဟူ၍နှစ်ပါးရှိသည်တွင်။သသမ္ဘာရစက္ခုဟူသည်ကား။ ။ ဟေဋ္ဌာ အက္ခိကူပကဋ္ဌိကေန ဥပရိဘမုကဋ္ဌိကေန ဥဘတော အက္ခိ ကူဋေဟိ အန္တောမတ္ထလုင်္ဂေန ဗဟိဒ္ဓါ အက္ခိလောမေဟိ ပရိစ္ဆိန္နော မံသပိဏ္ဍော အက္ခိကူပေစပတိဋ္ဌိတော နှာရုသုတ္တ ကေနဗန္ဓောမတ္ထလုင်္ဂေနအာဗန္ဓော။ ။ဟုအဋ္ဌသာလိနီလာ သည်ဖြစ်၍အောက်ကားမျက်တွင်းရိုး။အထက်ကားမျက်မှောင် ရိုး။ လက်ဝဲလက်ျာကားမျက်ရိုး။ အတွင်းကားဥဏှောက်။ အပ ကားမျက်မွေးတို့ဖြင့်ပိုင်းခြားအပ်သောမျက်လုံးအသားဖုသည် အကြောဟူသော ကြိုးဖြင့်ဖွဲ့လျက်။ ဥဏှောက်နှင့်စပ်၍ မျက် တွင်း မျက်ခွက်၌တည်၏။ ထိုမျက်လုံး အသားဖု၌။ ပထဝီ၊အာ ပေါ၊တေဇော၊ဝါယော၊ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ၊သမ္ဘဝ၊ သဏ္ဌာ န၊ဇီဝိတ၊ ဘာဝ၊ ကာယပသာဒ၊ စက္ခုပသာဒအကျဉ်းအားဖြင့် ဤတဆဲ့လေးခုသောရုပ်။ဓါတ်လေးပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ သဏ္ဌာန၊သမ္ဘဝ ဤဆယ်ပါးသောရုပ်တို့သည်၊ ကံ၊စိတ်၊ဥတု၊

အာဟာရတို့၌ ဆယ်ပါး ဆယ်ပါးစီဖြစ်ခြင်းကြောင့်။ ရုပ်လေး
ဆယ်။ ကံကြောင့်ဖြစ်သောဇီဝိတ၊ ဘာဝ၊ ကာယပသာဒ၊ စက္ခု
ပသာဒကိုထည့်၍အကျယ်အားဖြင့်။ ဤလေးဆဲ့လေးခုသောရုပ်
တို့သည်ဖြစ်ကုန်၍၊ ဖြူခြင်း၊ မည်းခြင်း၊ နီခြင်းလည်းရှိ၏။ ဓာတ်
လေးပါးလည်းရှိ၏။ ထိုမျက်လုံးအသါးဖုသည်၊ သလိပ်အားကြီး
သောအခါဖြူ၏။ သည်းခြေ အားကြီးသော အခါမည်းနက်၏။
သွေးအား ကြီးသောအခါနီမြန်း၏။ ပထဝီဓာတ်အား ကြီးသော
အခါခက်ထရော်ရှိ၏။ အာပေါဓာတ်အားကြီးသောအခါ မျက်
ရည်ယို၏။ တေဇောဓာတ်အားကြီးသောအခါစပ်ပူ၏။ ဝါယော
ဓာတ်အားကြီးသောအခါ ပတ်ပတ်လှည့်၏။ ဤမျက်လုံးအသား
ဖုသည်။ သသမ္ဘာရစက္ခုမည်၏။

ပသာဒစက္ခုမည်သည်ကား။ ယောပနဝဏ္ဏသတောဝဏ္ဏပ
ဋိဃဋ္ဋော။ စတုန္နံမဟာဘူတာနံ ဥပါဒါယပသာဒေါ ဣဒံပသာဒ
စက္ခုနာမ။ ။ဟုရှင်းအဋ္ဌသာလိနီ လာသည် ဖြစ်၍ ပသာဒ
စက္ခုသည်။ မဟာဘုတ်လေးပါးကိုစွဲ၍။ သသမ္ဘာရမျက်လုံးအ
သားဖု၌မှီလျက်စပ်လျက်။ မျက်လုံးဝယ်အဖြူဝန်းဖြင့်ပတ်ပတ်ရံ
သောမျက်နှာဝန်း၏အလယ်၌။ ဆီဆွတ်သော ဝါဂွမ်းစိုင်ကဲ့သို့။
ရွှမ်းရွှမ်းစွတ်လျက်။ မျက်လွှာ ခုနစ်ထပ်ကိုပြန့်နှံ့၍ ဓာတ်လေး
ပါးတို့သည်ကျေးဇူးပြု၍ဥတုစိတ်အာဟာရတို့သည် ထောက်
ပံ့သဖြင့်အားထုတ်လျက်မပြတ်စောင့်ရှောက်၍။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ
အစရှိသည်တို့ဖြင့် ခြံရံလျက်။ သန်းဦးခေါင်းသဏ္ဍာန်မျှသာ ရှိ
သောပသာဒစက္ခုရုပ်သည်ရှိ၏။ ထိုပသာဒစက္ခုရုပ်၌။ ပဉ္စဒွါရာ
ဝဇ္ဇန်း၊ သမ္ပဋိစ္ဆန်းဒွေ၊ သန္တီရဏ သုံးခု၊ ဝုဋ္ဌော၊ ကာမာဝစရ
ဇောနှစ်ဆဲ့ကိုးခု၊ တဒါရုံမဟာဝိပါက်စိတ်ရှစ်ခု၊ ဤလေးဆဲ့လေး
ခုသောစိတ်တို့နှင့်တကွ။ စက္ခုဝိညာဏ်စိတ်နှစ်ခုတို့သည် ဖြစ်
ကုန်မှိကုန်၏။ ။ဖြစ်ဟန်မှိဟန်ကား။ စက္ခုပသာဒရုပ်လည်း။
ခိုင်ခန့်ကောင်းမွန်စေ။ ရူပါရုံလည်းထင်စေ။ အလင်းလည်းရှိစေ။
နှလုံးသွင်းခြင်းလည်းရှိစေ။ ဤအကြောင်းလေးပါးစုံလင်လျှင်ဖြစ်

ကုန်မှိကုန်၏။ ။ထိုစက္ခုဝိညာဏ်စိတ်ကား။မြေနှင့်တူ၏။မြေ
တို့သဘောကား။သန့်ပြန့်သာယာသောအရပ်၌မမွေ့လျော်။ တ
မြက်ချေးရူ၊မြက်သစ်ရွက်၊ တောချုံ၊တောင်ပို့၊ တွင်းကျင်းသို့
ဝင်၍အိပ်နေရမှသာ။ အလွန်နှစ်သက် မွေ့လျော်၏။ ထိုအတူ
စက္ခုဝိညာဏ် စိတ်သည် လည်း။ သန့်ရှင်း ပြေပြစ် ကျစ်လစ်
ကောင်းမွန်စွာလုပ်ထားသောရွှေသည်တိုင် ရွှေနန်းရုံစသည်တို့
၌မမွေ့လျော်။ ကြည့်ရှုခြင်းငှါမျှလည်း အလိုမရှိ။ ရုပ်သေး၊ရုပ်
ကြီး၊ ချုံးပန်း၊ ချုံးနွယ်၊အနီ၊ အဝါ၊အပြာ၊ အဖြူစသည်တို့ဖြင့်
ဆန်းကြယ် ရေးထားလုပ်အပ်သော အဆောက်အအုံတို့၌သာ။
မွေ့လျော်သည်ကြည့်ရှုလိုသည်ဟူလိုသတည်။

သောတဝိညာဏ်စိတ်၏ဖြစ်ခြင်းမှိခြင်းကား။ ။သသမ္ဘာ
ရသောတဗိလသသအဏ္ဍာတနုတပ္ပလောမာစိတေ အင်္ဂုလိဝေ
ဒကာသဏ္ဌာနေပဒေသေ။ ဝုတ္တပ္ပကာရေဟိ ဥပထမ္ဘယမာန်အာ
ယုဘာနာအနုပါလမာန်။ဝဏ္ဏာဒီဟိပရိဝုတံသောတဝိညာဏဿ
န်ယထာရဟံဝတ္ထုဒွါရဘာဝံသာဓယမာနာတိဋ္ဌတိ။ ။ဟူရှင်း
အဋ္ဌကထာ လာသည်ဖြစ်၍။ သသမ္ဘာရ ဖြစ်သော နားပေါက်
တွင်း၌ဖြစ်သော မွေးနီမွေးနုတို့ဖြင့်ရံ၍ ရောက်သော ကြွေနိုး
လက်စွပ်ကွင်းသဏ္ဌာန်ရှိသောအသားဖုသည်။ ဆိုအပ်ပြီးသော
ဓာတ်လေးပါးတို့ဖြင့် ကျေးမှုပြုလျက်။ ဥတုစိတ်အာဟာရတို့
ထောက်ပံ့အားထုတ်သည်ဖြစ်၍ဝဏ္ဏ ဂန္ဓ၊ရသ၊ စသည့်တို့ဖြင့်
ခြံရံလျက်။သောတပသာဒရုပ်သည်ဖြစ်၏။ ထိုသောတပသာဒ
ရုပ်၌။ ပဉ္စဒွါရာဝဇ္ဇန်း၊သမ္ပဋိစ္ဆိုန်း၊သန္တီရဏ သုံးခုဝုဋ္ဌောကာ
မဇောနှစ်ဆဲ့ကိုးခု တဒါရုံမဟာဝိပါက် ရှစ်ခုအားဖြင့်။ လေးဆဲ့
လေးခုသောစိတ်တို့နှင့်တကွ။ သောတဝိညာဏ် စိတ်နှစ်ခုတို့
သည်။ဖြစ်ကုန်မှိကုန်၏။ ။ဖြစ်ဟန်မှိဟန်ကား။သောတပသါ
ဒရုပ်လည်းခိုင်ခန့်ကောင်းမွန်စေ။သဒ္ဒါရုံလည်းထင်စေ။အပေါက်
အလင်းလည်းရှိစေ။ နှလုံးသွင်းခြင်း လည်းရှိစေ။ ဤအကြောင်း
လေးပါးစုံလင်လျှင်ဖြစ်ကုန်မှိကုန်၏။ ။ထိုသောတဝိညာဏ်

စိတ်ကား။မိကျောင်းနှင့်တူ၏။မိကျောင်းတို့သဘောကား။ အပ
သို့ထွက်၍ဘမ်းအပ်ယူအပ်သည်ကိုမမြင်။ မျက်စိကိုမှိတ်၍သာ
အိပ်၏။ အကြင်အခါ အလံတရာမျှလောက်သော ရေထဲသို့ငုပ်
လျှိုးပြီးလျှင်။ ကျောက်တွင်းအစရှိသည့်သို့ဝင်၍အိပ်သောအခါ။
ချင်းတို့စိတ်သည်။ တည်ကြည်ခြင်းချမ်းသာစွာအိပ်ခြင်းဖြစ်၏။
ထိုအတူသောတ ဝိညာဏ် စိတ်သည်။ နားပေါက် တည်းဟူ
သောတွင်း၌ သာအလိုရှိ၏။ နားပေါက်ဟူသော ဟင်းလင်းအာ
ကာသသည်သာလျှင်။ အသံကိုကြားခြင်း၏ အကြောင်းဖြစ်၏။
ထိုသို့ဖြစ်သောကြောင့်။ ဥမင်လိုင်တွင်း၌သရဇ္ဈာယ်ခြင်း။ဂူတ်
ဘတ်ခြင်းကိုပြုသော အသံသည်လည်း။ ဥမင်လိုင်ရိုးကိုဖောက်
၍မထွက်မကြား။တံခါးလိုင်ပေါက်လေသါပေါက်သို့သါထွက်
၍ခေတ် အဆင့်ဆင့်ဖြင့် ထိခိုက်လျက်သွား၍ သောတပသာဒ
ရုပ်ကိုထိ၏။ထိုအခါအပ၌နေသောသူတို့သည်။ဤမည်သောသူ
သရဇ္ဈာယ်ခြင်း။ ဂူတ်ဘတ်ခြင်းကို ပြုသတည်းဟုသိ၏။ နား
ပေါက်ကိုပိတ်သောအခါမကြား။ နားပေါက်ကိုဖွင့်၍ နာသော်
ကြား၏ဟုလိုသော်။

ဃာနဝိညာဏ်စိတ်၏ဖြစ်ခြင်းမှီခြင်းကား။ ။သသမ္ဘာရ
ဃိလသအန္တောအဇပဒသဏ္ဌာနေပဒေသေ။ ယထာဝုတ္တပ္ပကာ
ရုပထမ္ဘနာ နုပါလနပရိဝါရံ။ ဃာနဝိညာဏဓာတုံ ယထာရဟံ
ဝတ္ထုဒွါရဘာဝံ သာဓယ မာနာတိဋ္ဌတိ။ ။ဟူ၍ငင်း ငှိကာလာ
သည်ဖြစ်၍ သသမ္ဘာရဖြစ်သောနှာခေါင်းပေါက်၏ အတွင်း၌။
ဆိတ်တို့၏ ခြေ၌ခွါနှင့်တူသောအရပ်သည်။ ဃာန ပသာဒရုပ်
တည်ရာမည်၏။ ထိုဃာနပသာဒရုပ်၌ဆိုအပ်ပြီးသောခေတ်ရုပ်
တို့သည်။ ကျေးဇူးပြုခြင်း။ ထောက်ပံ့ခြင်းတို့ဖြင့် စောင့်သည်
ဖြစ်၍။ဆိုအပ်ပြီးသောလေးဆဲ့လေးပါးသော စိတ်တို့နှင့်တကွ။
ဃာနဝိညာဏ် စိတ်နှစ်ခုတို့သည်။ ဖြစ်ထိုက်သည် အားလျော်
စွာ။ ဝတ္ထုဒွါရအဖြစ်ကိုပြီးစေလျက် ဖြစ်ကုန်မှီကုန်၏။ ။ဖြစ်
ဟန်မှီဟန်ကား။ ဃာနပသာဒရုပ်လည်း ခိုင်ခန့်ကောင်းမွန်စေ။

ဂန္ဓာရုံလည်းထင်စေ။ အပေါက်အလင်းလည်းရှိစေ။ နှလုံးသွင်းခြင်းလည်းရှိစေ။ ဤအကြောင်း လေးပါးစုံလင်လျှင် ဖြစ်ကုန်မှီကုန်၏။ ။ထိုဃာနဝိညာဏ်စိတ်ကား။ ဃာန်နှင့်တူ၏။ဃာန်တို့သဘောကား။သစ်ပင်ဖျား၌ရင်း။မြေ၌ရင်းမမွေ့လျော်ကုန်။ခဲတပတ်နှုတ်ပတ်ကုလွှန်၍ ကောင်းကင်သို့ ပျံ့ဝဲသောအခါ၌သာ။ စိတ်မွေ့လျော်ခြင်း တည်ကြည်ခြင်းဖြစ်၏။ ထိုအပူဃာနဝိညာဏ်သည်လည်း။ ဟင်းလင်းသော အာကာသကိုလို၏။ လေကိုအမှီပြု၍ဂန္ဓာရုံကို အာရုံပြုတတ်၏။ ထိုသို့ဖြစ်တတ် သောကြောင့်။ နွားတို့သည် မိုဃ်းဦးကျ မိုဃ်းရွာစ အခါ မြေကို နမ်းပြီးလျှင်။ ကောင်းကင်သို့ မျှော်ရှုလျက်မြေ အနံ့ကိုယူကုန်၏။ နံ့သာခဲနံ့သာပြောင်းတို့ကိုလက်ဖြင့်ကိုင်ယူ၍ ချင်းတို့နှာဝ၌ တို့သော်လည်း။ လေကိုမယူလျှင်အနံ့ကိုမသိကြကုန်ဟုလိုသော်။

ဇိဝှါဝိညာဏ်စိတ်၏ ဖြစ်ခြင်းမှီခြင်းကား။ ။သသမ္ဘာရဇိဝှါမဇ္ဈဿဥပရိဥပ္ပလဒလဂ္ဂသဏ္ဌာနေပဒေသေ။ ယထာဝုတ္တပကာရုပထမ္ဘနာနုပါလန ပရိဝါရံ။ ဇိဝှါ ဝိညာဏာဒီနံ ဝတ္ထုဒွါရဘာဝံ သာဓယမာနာတိဋ္ဌတိ။ ။ဟု ရင်းငိုကာလာသည်ဖြစ်၍သသမ္ဘာရဖြစ်သောလျှာ၏အလယ်တွင်။အပေါ်၌ကြာပွင့်ချပ်ထက်ပိုင်းဖြတ်နှင့်တူသော အရပ်၌။ ဇိဝှါပသာဒရုပ်သည်ရှိ၏။ထိုဇိဝှါပသာဒရုပ်၌ဆိုအပ်ပြီးသော ဓာတ်လေးပါးတို့သည်။ ကျေးမွေးပြုခြင်း ထောက်ပံ့ခြင်းတို့ဖြင့်။ အစဉ်စောင့်သည်ဖြစ်၍ ယခင်လေးဆဲ့လေးပါးသောစိတ်တို့နှင့်တကွ ဇိဝှါဝိညာဏ်စိတ်နှစ်ခုတို့သည်။ဖြစ်ထိုက်သည့်အားလျော်စွာဝတ္ထုဒွါရအဖြစ်ကိုပြီးစေလျက်ဖြစ်ကုန်မှီကုန်၏။ ။ဖြစ်ဟန်မှီဟန်ကား။ ဇိဝှါပသာဒရုပ်လည်းခိုင်ခန့်ကောင်းမွန်စေ။ ရသာရုံလည်းထင်စေ။ အာပေါဓာတ်လည်းရှိစေ။ နှလုံးသွင်းခြင်း လည်း ရှိစေ။ ဤအကြောင်းလေးပါးစုံလင်လျှင် ဖြစ်ကုန်မှီကုန်၏။ထိုဇိဝှါဝိညာဏ်စိတ်ကားခွေးနှင့်တူ၏။ ခွေးတို့သဘောကား။ ပြင်အပသို့ထွက်၍လှည့်ပတ်သွားလာကျက်စား သောအခါ။ ဘေးမဲ့ရာကို မမြင်။

ဒုတ်အုတ်လုံးကန်တို့ဖြင့်ပစ်ခတ်ရိုက်ပုတ်ခြင်းစသည်ဖြင့် ဘေးရန်ကိုသာမြင်၏။ ရွာတွင်းသို့ဝင်၍ ခုံလောက်ကြားတို့၌ပြာကိုရက်၍အိပ်သောအခါသာ။ မွေ့လျော်ခြင်း ချမ်းသာခြင်းဖြစ်၏။ ထိုအတူဖဿဝိညာဏ်သည်လည်း။ အာပေါဓာတ်ကိုအလိုရှိ၏။ အာပေါဓာတ်ကိုမှီသောရသာရုံလျှင်အာရုံရှိ၏။ထိုသို့ဖြစ်သောကြောင့်။ ညဉ့်သုံးယံပတ်လုံးရဟန်းတရားကိုအားထုတ်၍နံနက်အခါရွာတွင်းသို့ဝင်၍ ဆွမ်းခံသောအခါ။ ရသောခြောက်သွေ့သော ခဲဘွယ်ဘောဇဉ်တို့ကို ဖဿဝိညာဏ်ဖြင့် မခံရသေး။ ခံတွင်း၌ ဝါး၍ အရည်အာပေါဓာတ် ဖြစ်သော ကာ လမှ။ ဖဿဝိညာဏ်ဖြင့်အရသာကိုခံရသည်ဟုလိုသတည်း။

ကာယဝိညာဏ်စိတ်၏ဖြစ်ခြင်းမှီခြင်းကား။ ။ယာဝတာ ပန။ဣမသ္မိံကာယေဥပ္ပါဒိန္နကရူပံနာမအတ္ထိ။ သမ္ဗတ္တကာယာယတနံ။ ကပ္ပါသပဋလေ သေနဟောဝိယ ယထာ ဝတ္တုပကာ ရုပထမ္ဘနာနုပါလနပရိဝါရမေဝဟုတွာ ကာယဝိညာဏာဒိနံယထာရဟံဝတ္ထုဒွါရဘာဝံသာဓယမာနာတိဋ္ဌတိ။ ။ဟုရှင်းငိုကာလာသည်ဖြစ်၍ သတ္တဝါတို့ကိုယ်အားလုံး၌ ကမ္ဗလာရုပ် တို့၌ ဆီဆွတ်သော ပါဝမ်းဝိုင်ကဲ့သို့။ ကာယ ပသာဒရုပ်သည် ပြန့်နှံ့လျက်ရှိ၏ ဤကာယပသာဒရုပ်၌ဆိုအပ်ပြီးသောဓာတ်လေးပါးတို့သည်ကျေးဇူးပြုခြင်း ထောက်ပံ့ခြင်းတို့ဖြင့် စောင့် ရှောက်ခြံရံသည်ဖြစ်၍။ဆိုအပ်ပြီးသောဝိတ်လေးဆဲ့ခြောက်ချက်တို့နှင့်တကွကါယဝိညာဏ်စိတ်နှစ်ချက်တို့သည်ဖြစ်ထိုက်သည်အါးလျော်စွာ။ ဝတ္ထုဒွါရအဖြစ်ကိုပြီးစေလျက်။ ကိုယ်အားလုံးကို ပြန့်နှံ့၍ ဖြစ်ကျန်မှီကျန်၏။ ။ဖြစ်ဟန်မှီဟန်ကား။ ကာယပသာဒရုပ်လည်းခိုင်ခန့်ကောင်းမွန်စေ။ ဖောဋ္ဌဗ္ဗာရုံလည်းထင်စေ။ ပထဝီဓာတ်လည်းရှိစေ။နှလုံးသွင်းခြင်းလည်းရှိစေ။ ဤအကြောင်း လေးပါးစုံလင်လျှင် ဖြစ်ကျန်မှီကျန်၏။ ။ကာယပသာဒဥပ္ပါဒိန္နကဖြစ်သောကိုယ်အလုံး၌ကား။ ။နာဘိတောပဌာယဟောဋ္ဌာဟေဋ္ဌိမကာယေါနာမ။ဟုရှင်းငိုကါလာသည်ဖြစ်၍။ချက်မှသည်အောံ

ခြေဖျားတိုင်အောင် ကား။ အောက်ကိုယ်မည်၏။ ထိုအောက်ကိုယ်၌ ကာယဒသက၊ ဘာဝဒသက၊ ဥတုစိတ် အာဟာရတို့ကြောင့်ဖြစ်သော ရုပ်ရှစ်ချပ်အားဖြင့်။ လေးဆဲ့လေးခုသောရုပ်တို့သည်ဖြစ်ကုန်၏။ ။နာဘိတော ဥဒ္ဓံ ယာဝ ဂလ ဝါဋကာ မဇ္ဈိမကာယောနာမ။ ဟုရင်းငိုကါလာသည်ဖြစ်၍။ ချက်မှသည်အထက်လည်ချောင်းတိုင်ရုံကား။ အလယ်ဖြစ်သော ကိုယ်မည်၏။ ထိုအလယ်ဖြစ်သောကိုယ်၌။ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက၊ ဥတုစိတ်အာဟာရတို့ကြောင့် ဖြစ်သော ရုပ်ရှစ်ချပ်အားဖြင့်။ ငါးဆဲ့လေးခုသောရုပ်တို့သည်ဖြစ်ကုန်၏။ ။ဂလဝါဋကတော ဥဒ္ဓံ ဥပရိမကာယောနာမ။ ဟုရင်းငိုကာလာသည်ဖြစ်၍။ လည်ချောင်းမှ သည် အထက် ဦးခေါင်း ဆုံး အောင်ကား။ အထက် ဖြစ်သောကိုယ်မည်၏။ ထိုအထက် ဖြစ်သော ကိုယ်၌။ စက္ခုဒသက၊ သောတဒသက၊ ဃာန ဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဥတုစိတ်အာဟာရတို့ကြောင့် ဖြစ်သော ရုပ်ရှစ်ချပ်အားဖြင့် ရှစ်ဆဲ့လေးခုသော ရုပ်တို့သည် ဖြစ်ကုန်၏။ အောက်ကိုယ်တို့၌ ဖြစ်ကုန် သော ရုပ်တို့သည်။အလယ်ကိုယ် အထက်ကိုယ်တို့၌ ဖြစ်သောရုပ် တို့နှင့်မရောမစပ်ကုန်။အလယ်ကိုယ်အထက်ကိုယ်တို့၌ဖြစ်သောရုပ်တို့သည်လည်း။အောက်ကိုယ်၌ဖြစ်သောရုပ်တို့နှင့် မရောမစပ်ကြကုန်သည်ဖြစ်၍။အသီးအခြားစီသုံးဌာနဖြစ်ကြကုန်၏။ ။တိုကာယဝိညာဏ်ကား မြွေနှင့် တူ၏။ မြွေတို့ သဘောကား။လွင်အပသို့ထွက်၍လှည့်ပတ်သွားလာ ရှာစားသော်လည်း မမွေ့လျော်။သုသာန်သင်းချိုင်းသို့သွား၍ သူကောင်လူသားကိုစား၍အိပ်နေရမှသာလျှင်ချမ်းသာ မွေ့လျော်ခြင်းဖြစ်၏။ ထိုအတူကာယဝိညာဏ်သည်လည်း။တပါးသော ဥပါဒ်ကြက်ကမ္ဘာရုပ်တို့ကိုထိခြင်း တွေ့ခြင်းငှါအလိုရှိသော။ ပထဝီဓာတ်ကို မှီသောဖောဋ္ဌဗ္ဗါရုံလျှင်အာရုံရှိ၏။ ထိုသို့ဖြစ်သောကြောင့် ဗဟိဒ္ဓသဏ္ဌာန်၌တပါးသောသတ္တဝါတို့၏ကိုယ်ကိုမထိမတွေ့ရသော

အခါ။ မိမိလက်၌ ဦးခေါင်း တင်၍ အိပ်ကြ ကုန်၏။ ထိုကာယ ဝိညာဏ်ကား။ အတွင်းအပနှစ်ပါး၌ပင်။ ပထဝီဓာတ်ကိုအာရုံပြုခြင်း ချှင်အကြောင်းမူလဖြစ်၏ဟူလိုသော်။ ။ဝိညာဏ်ငါးပါးဖြင့်ယူအပ်သော။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကိုခံလင့်သကဲ့သို့ဖြစ်တတ်သောကြောင့်။ သမ္ပဋိစ္ဆန်းစိတ်ဆိုလိုသည်။ ။သမ္ပဋိစ္ဆန်းစိတ်သည် ခံလင့်သကဲ့သို့ဖြစ်သော အာရုံငါးပါးတို့ကိုဆုံးစမ်းတတ်သောကြောင့်။ သန္တီရဏစိတ်ဆိုလိုသည်။ ။မကောင်းသောအနိဋ္ဌာရုံ ထင်မြင်သောအခါ။ အကုသိုလ်အကျိုးဖြစ်သောစက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ သမ္ပဋိစ္ဆန်း။ သန္တီရဏတို့သည်ဖြစ်ကုန်၏။ ဤအကုသလဝိပါက်စိတ်တို့ကား။ ဥဒ္ဓစ္စသမ္ပယုတ်မောဟမူစိတ်ကြည်သောအကုသိုလ်တဆဲ့တခုသည်။ ပဋိသန္ဓေအခါအပါယ်လေးဘုံ၌ပဋိသန္ဓေကိုဖြစ်စေ၏။ ပဝတ္တိအခါကား။ အကုသိုလ်တဆဲ့နှစ်ခုတို့သည်။ ဖြစ်ထိုက်သည်အါးလျော်စွာ ကာမတဆဲ့တဘုံ၌။ အကုသလဝိပါက်ခုနစ်ခုတို့ကို ဖြစ်စေ၏။ အသညသတ် ကြဉ် သော ရူပတဆဲ့ ငါးဘုံ၌ကား။ စက္ခုဝိညာဏ် သောတဝိညာဏ်၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ။ ဤအကုသလဝိပါက်လေးခုတို့ကိုဖြစ်စေ၏ဟူလိုသော်။ ။ကောင်းသောဣဋ္ဌာရုံထင်မြင်သော အခါ။ ကုသိုလ် အကျိုးဖြစ်သော။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏစိတ်တို့သည်ဖြစ်ကုန်၏။ ။ပဉ္စဒွါရာဝဇ္ဇန်းဟူသည်ကား။ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရတို့၌ ထိခိုက်သော အာရုံငါးပါးတို့ကိုနှလုံးသွင်းတတ်ဆင်ခြင်တတ်သည် ဟူလိုသော်။ ။မနောဒွါရာဝဇ္ဇန်းဟူသည်ကား။ ဘဝင်စိတ်တဆဲ့ကိုးခုဟူသောမနောဒွါရ၌မြင်ဘူးကြားဘူး။ သုံးပါးသော ဝိညာဏ်ဖြင့်သိဘူးသောအာရုံကိုနှလုံးသွင်းတတ် သောကြောင့်။ မနောဒွါရာဝဇ္ဇန်းစိတ် ဆိုလိုသည်။

ဟသိတုပ္ပါဒ် စိတ် ဟူသည်ကား။ ရဟန္တာ အရှင်မြတ်တို့၏ ရယ်ခြင်း ပြုံးခြင်းကိုဖြစ်စေတတ်သည်ဟုဆိုလိုသည်။ ရဟန္တာ အရှင်မြတ်တို့မှာ။ မဟာကြိယာသောမနဿစိတ်လေးခု။ ဟသိတုပ္ပါဒ်စိတ်တခု။ ဤငါးပါးသော စိတ်တို့ဖြင့် ရယ်ခြင်းပြုံးခြင်းကိုပြုကုန်၏။ သေက္ခခုနစ်ယောက်တို့မှာ။ မဟာကုသိုလ်သောမနဿစိတ်လေးခု။ လောဘမူ သောမနဿဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်နှစ်ခု။ ဤခြောက်ခုသောစိတ်တို့ဖြင့် ရွှင်ခြင်းပြုံးခြင်းကို ပြုတတ်ကုန်၏။ ပုထုဇ္ဇန်ပုဂ္ဂိုလ် တို့မှာ။ မဟာကုသိုလ် သောမနဿလေးခု။ လောဘမူသောမနဿလေးခု။ ဤရှစ်ခုသောစိတ်တို့ဖြင့် ရွှင်ခြင်းပြုံးခြင်းကိုပြုကုန်၏။ သဗ္ဗညုဘုရားတို့ကား။ မဟာကြိယာပဌမဒွေစိတ်ဖြင့်သာ။ ပြုံးခြင်းကိုဖြစ်စေကုန်၏။ ရွှင်ခြင်းကိုပြုတော်မူကုန်၏။ ။လောဘမူသောမနဿလေးခု။ မဟာကုသိုလ်သောမနဿလေးခု။ မဟာကြိယာ သောမနဿလေးခု။ ဟသိတုပ္ပါဒ်စိတ်တခု။ ဤတဆဲ့သုံးခုသောစိတ်တို့သည်။ ရွှင်ခြင်း ပြုံးခြင်းကိုဖြစ်စေတတ်ကုန်လျက်။ ဟသိတုပ္ပါဒ် စိတ်ကိုသာ ရွှင်ခြင်း။ ပြုံးခြင်းကို ဖြစ်စေ တတ် သည်ဟု။ အဘယ်ကြောင့်ဆိုလေသနည်း ဟူငြားအံ့။ ဟသိတုပ္ပါဒ်မှ တပါးသောစိတ်တို့သည်။ ဘာဝနာအားဖြင့်ဗျာပါရများကုန်၏။ ဟသိတုပ္ပါဒ်စိတ်မူကား။ ဗျာပါရမရှိလေသောကြောင့်။ ဟသိတုပ္ပါဒ်စိတ်ကိုသာ။ ရွှင်ပြုံးခြင်းကိုဖြစ်စေတတ်သည်ဟု ဆိုလေသည် မှတ်ရမည်။ ။သိတ၊ ဟသိတ၊ ဝိဟသိတ၊ ဥပဟသိတ၊ အပဟသိတ၊ အတိဟသိတဟူ၍ခြောက်ပါးရှိသည်အနက်တွင်။ မျက်စိမျက်နှာ ရွှင်ရွှင်လန်းလန်းရှိရုံရယ်ခြင်းကား။ သိတမည်၏။ သွားဖုံးကိုမြင်ရရုံရယ်ခြင်းကား။ ဟသိတမည်၏။ ဤနှစ်ပါးဖြင့်သူမြတ်တို့ရယ်ကုန်၏။ ။သာယာစွာအသံဖြင့် ရယ်ခြင်း ကား။ ဝိဟသိတမည်၏။ ဦးခေါင်းပခုံး လက်ရုံးလှုပ်အောင် ရယ်ခြင်းသည်ကား၊ ဥပဟသိတမည်၏။ ဤနှစ်ပါးဖြင့်သူလတ်တို့ရယ်ကုန်၏။ ။မျက်ရည်ထွက်အောင် ရယ်ခြင်းသည်။ အပဟသိ

တမည်၏။ မိမိကိုယ်ကို ရှေ့လဲနောက်လန် မငြိမ် မရပ်အောင် ရယ်ခြင်းသည်ကား။ အတိဟသိတမည်၏။ ဤနှစ်ပါးဖြင့် ကားသူယုတ်တို့ရယ်ကုန်၏။

အဟိတ်စိတ်လက္ခဏာအကျဉ်းပြီး၏။

---

ကာမာဝစရသောဘဏစိတ်တို့၌။မဟာကုသိုလ်ပဌမစိတ်၏လက္ခဏာကား။ ။ယာဒါပနယောဒေယျဓမ္မ ပဋိဂ္ဂါဟကာဒိသမ္ပတ္တိံ။ အညံဝါ သောမနဿဟေတုံ အာဂမ္မ ဟဋ္ဌပဟဋ္ဌော အတ္ထိဒိန္နန္တိ အာဒိနယပဝတ္တံသမာဒိဋ္ဌိံ ပုရက္ခတွာ မုတ္တစာဂါဒိဝသေနအသံသိဒန္တော်အနုဿာဟိတောပရေဟိ။ဒါနာဒိနိပုညာနိ ကရောတိ။ တဒါဿစိတ္တံသောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကံဟောတိ။ ။ဟုသုမင်္ဂလသာဓိ ဋီကာလာသည်ဖြစ်၍ အကြောင်းအခါအလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့၏ ပြည့်စုံခြင်းကိုမြင်၍နှစ်သက်ဝမ်းသာ ရွှင်လန်းသောစိတ်ဖြင့် အလှူပေးခြင်း၊ သီတင်းသီလစောင့်သုံးခြင်းစသောသုစရိုက်သည်ကား။ ကောင်းကျိုးချမ်းသာရှိသည်တည်းဟု။ မိမိပညာကိုရှေ့သွားပြုလျက်။ ရှေ့စိတ်သည်နောက်စိတ်ကိုမတိုက်တွန်းဘဲငင်း။ သူတပါးတို့မတိုက်တွန်းဘဲသော်ငင်း။ အလှူပေးခြင်း၊ သီတင်းသီလစောင့်သုံးခြင်း စသည်ကို မဆုတ်မနစ်ပြု၏။ ထိုအခါ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်ပဌမအသင်္ခါရိက စိတ်ဟုမှတ်အပ်၏။ ။ယဒါပနဂုတ္တ နယေနေဝ ဟဋ္ဌ တုဋ္ဌော သမာ ဒိဋ္ဌိံ ပုရက္ခတွာပိ အမုတ္တစာဂါဒိဝသေနသံသိဒမာနောဝါ။ ပရေဟိဝါဉဿာဟိတောကရောတိ။ တဒါဿတဒေဝစိတ္တံသသင်္ခါရိကံဟောတိ။ ။ဟုငင်းမှိုကာလာသည်ဖြစ်၍။အကြောင်းအခါပဌမကုသိုလ်စိတ်၌ ဆိုအပ်ပြီးသောနည်းဖြင့်။ နှစ်သက် ရွှင်လန်းဝမ်းမြောက်ဝမ်းသာ သမာအယူကိုရှေ့သွားပြု၍ လွတ်လွတ်စွန့်လိုသောစိတ်ဖြင့်။ ရှေ့စိတ်သည်။ နောက်စိတ်ကိုတိုက်တွန်းသည်

ဖြစ်၍၎င်း။သူတပါးတိုက်တွန်း၍၎င်း။ အလှူပေးခြင်း၊သီတင်းသီ
လစောင့်သုံးခြင်းစသည်ကိုတွန့်တိုသောစိတ်ဖြင့်ပြု၏။ ထိုအခါ
သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ဒုတိယ သသင်္ခါရိက
စိတ်ဟုမှတ်အပ်၏။ ။ယဒါပနညာတိဇနေဿ ပဋိပတ္တိ ဒဿ
နေနဇာတပရိတယာ ဗာလဒါရကာ ဘိက္ခုဒိသွာ သောမနဿ
ဇာတာ သဟသာကိဉ္စိဒေဝ ဟတ္ထဂတံ ဒဒန္တိဝါဝန္ဒန္တိဝါ။တဒါ
တေသံတတိယံစိတ္တံဥပ္ပဇ္ဇတိ။ ။ဟု၎င်းဋီကာလာသည်ဖြစ်၍
အကြင်အခါမိဘတို့၏ အလေ့အကျင့်ကိုမြင်၍ သူငယ်တို့သည်
ရဟန်းသင်္ဃာတို့ကို မြင်သော အခါ။ ဝမ်းသာ ရွှင်လန်းလျက်။
လက်၌ရှိသောတစုံတခုသောဝတ္ထုကိုမှုလည်းလှူအံ့။ ရှိမှုလည်း
ခိုးအံ့။ ထိုသူငယ်တို့၏ စိတ်သည်သောမနဿသဟဂုတ်ဉာဏ
ဝိပ္ပယုတ်တတိယအသင်္ခါရိကစိတ်ဟုမှတ်အပ်၏။ ။ယဒါပနဒေ
ထဝန္ဒထာတိဉာတိဟိဉဿာဟိတာဇေ်ပဋိပဇ္ဇန္တိ။တဒါစတုတ္ထံ
စိတ္တံဥပ္ပဇ္ဇတိ။ ။ဟု၎င်းဋီကာလာသည်ဖြစ်၍အကြင်အခါ၊မိဘ
စသော သူကြီးတို့ လှူလော၊ ရှိခိုးလော ဟု တိုက်တွန်း သော
ကြောင့်။ သူငယ်တို့သည်ဝမ်းမြောက်ဝမ်းသာလှူခြင်းရှိခိုးခြင်း
ကိုပြု၏။ထိုအခါသူငယ်တို့စိတ်သည်။ သောမနဿ သဟဂုတ်
ဉာဏဝိပ္ပယုတ်စတုတ္ထသသင်္ခါရိကစိတ်ဟုမှတ်အပ်၏။

မဟာကုသိုလ်သောမနဿလေးချပြီး၏။

---

ယဒါပန ဒေယျဓမ္မပဋိဂ္ဂါဟကာဒိနံ အသမ္ပတ္တိံ အညေသံဝါ
သောမနဿဟေတုနံအဘာဝံစအာဂမ္မစတူသုပိကပြေသုသော
မနဿရဟိတာဟောန္တိ။ တဒါသေသာနိ စတ္တာရိဥပေက္ခာသ
ဟဂတာနိ ဥပ္ပဇ္ဇန္တိ။ ။ဟု၎င်းဋီကာ လာသည် ဖြစ်၍။ မဟာ
ကုသိုလ် ဥပေက္ခာလေးချတို့တွင်။ ပဌမစိတ်ဖြစ် ခြင်းကား။ အ
ကြင်အခါ အလှူဝတ္ထု အလှူခံ ပုဂ္ဂိုလ်တို့၏ မပြည့်စုံခြင်းကိုစွဲ၍
လျစ်လျူသောစိတ်ဖြင့်။ အလှူပေးခြင်း၊ သီတင်း သီလစောင့်

သုံးခြင်းစသောသုစရိုက်သည်။ ကောင်းကျိုး ချမ်းသာ ရှိသည်သာတည်းဟု။ မိမိပညာကို ရှေ့သွား ပြုလျက်။ ရှေ့စိတ်သည်နောက်စိတ်ကိုမတိုက်တွန်းဘဲရင်း။ သူတပါးတို့မတိုက်တွန်းဘဲရင်းအလှူပေးခြင်း။ သိတင်းသီလစောင့်သုံးခြင်းစသည်တို့ကိုမဆုတ်မနစ်ပြု၏။ ထိုအခါဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ပဌမ အသင်္ခါရိကစိတ်ဟု မှတ်အပ်၏။ ။အကြင်အခါ ပဌမစိတ်အတူလျစ်လျူသောစိတ်ဖြင့်။ သမာအယူကို ရှေ့သွားပြု၍လွတ်လွတ်မစွန့်လိုသော သဘောဖြင့်။ ရှေ့စိတ်သည် နောက်စိတ်ကို တိုက်တွန်း၍ရင်း။ သူတပါးတိုက်တွန်း၍ရင်း။ အလှူပေးခြင်း၊ သိတင်းသီလစောင့်သုံးခြင်းစသည်ကိုတွန့်တိုသောစိတ်ဖြင့်ပြု၏။ထိုအခါဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်ဒုတိယသသင်္ခါရိက စိတ်ဟု မှတ်အပ်၏။ ။အကြင်အခါမိဘတို့၏ အလေ့အကျင့်ကိုမြင်၍ သူငယ်တို့သည် ရဟန်း သင်္ဃာတို့ကို မြင်သောအခါ။ လျစ်လျူသောစိတ်ဖြင့်။ လက်၌ရှိသောတစုံတခုသောဝတ္ထုကိုလည်းလှူအံ့။ ရှိခိုးခြင်းကိုသော်လည်းပြုအံ့၊ ထိုအခါသူငယ်တို့၏စိတ်သည်။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်တတိယအသင်္ခါရိကစိတ်ဟု မှတ်အပ်၏။ ။အကြင်အခါမိဘစသောသူကြီးတို့သည်။လှူလော၊ ရှိခိုးလောဟုတိုက်တွန်းသောကြောင့်။ သူငယ်တို့သည် လျစ်လျူသော စိတ်ဖြင့်။ လှူခြင်းရှိခိုးခြင်းကိုပြု၏။ ထိုအခါသူငယ်တို့၏ စိတ်သည်။ ဥပေက္ခာ သဟဂုတ်ဉာဏဝိပ္ပယုတ်စတုတ္ထသသင်္ခါရိကစိတ်ဟုမှတ်အပ်၏။

မဟာကုသိုလ်ဥပေက္ခာလေးချပြီး၏။

---

ရင်းမဟာကုသိုလ်စိတ်ကား။သောမနဿလေးချ။ဥပေက္ခာလေးချအားဖြင့် ရှစ်ပါးသာရှိသော်လည်း။ ရသင့်တိုင်းငါး၍ာနဖြင့်မြောက်ယူသော်။တသောင်း၊ ငါးထောင်၊ တရာ နှစ်ဆယ်ရှိကြောင်းကို။ ။ကာမေနပုညဝတ္ထုဟိ။ ဂေါစရာ ဝိပတိဟိစ။ ကမ္မဟိနာဒိတောစေဝ။ ဂဏေယျနယကောဝိဒေါ။ ။ဟုရင်း

ငိုကာလာသည်ကို ထောက်၍သိရာ၏၊ အနက်ကား။ ။ပုည ဝတ္ထုပြာဟိစ။ ပုညကြိယာဝတ္ထု ဆယ်ပါးတို့ဖြင့်လည်းကောင်း။ ဂေါစရာဓိပတိဟိစ။ အာရုံခြောက်ပါးအဓိပတိလေးပါးတို့ဖြင့် လည်းကောင်း။ ကမ္မဟိနာဗိတောစေဝ။ကံသုံးမါး။ဟိန။မဇ္ဈိမ။ ပဏီတအားဖြင့် လည်းကောင်း။ ကမေန။ အစဉ်အတိုင်း၊ နယ ကောဝိဒေါ။သချာနည်း၌လိမ္မာသောပညာရှိသည်၊ ဂဏယျ။ ခြောက်ပွား ရေတွက်ရာ၏။ ။မဟာကုသိုလ် စိတ်ရှစ်ခုကို ပုညကြိယာဝတ္ထုဆယ်ပါးဖြင့် မြှောက်သော်ရှစ်ဆယ်ရှိ၏။ထို ရှစ်ဆယ်ကို အာရုံခြောက်ပါးဖြင့် မြှောက်သော်။ လေးရာရှစ် ဆယ်ရှိ၏။အဓိပတိဖြင့်မြှောက်ရမည်မှာ။ ထိုလေးရာရှစ်ဆယ် စိတ်ကိုနှစ်ရာလေးဆယ်စီနှစ်စုထား၍။တစုမှာဉာဏ ဝိပ္ပယုတ် ဖြစ်သောကြောင့်။ ဝိမံသာဓိပတိကိုပယ်၍ဆန္ဒာဓိပတိစိတ္တာဓိ ပတိဝိရိယာဓိပတိသုံးပါးဖြင့်မြှောက်သော်ခုနစ်ရာ့နှစ်ဆယ်။တစု ကားဉာဏသမ္ပယုတ်ဖြစ်သောကြောင့်။ အဓိပတိလေးပါးဖြင့် မြှောက်သော်ကိုးရာခြောက်ဆယ်။ ၎င်းနှစ်ရပ်ကိုပေါင်းသော် တထောင်၊ ခြောက်ရာ၊ ရှစ်ဆယ်ရှိ၏။ထိုတထောင်။ ခြောက်ရာ။ ရှစ်ဆယ်ကိုကံသုံးပါးဖြင့်မြှောက်သော်။ ငါးထောင်လေးဆယ် ရှိ၏။ ထိုငါးထောင်လေးဆယ်ကို။ ဟိနမဇ္ဈိမပဏီတ။သုံးပါး ဖြင့်မြှောက်သော်။ တသောင်း။ ငါးထောင်။တရာ။ နှစ်ဆယ်ရှိ ၏။ ။သည်ကိုရည်၍ကိုးခန်းလင်္ကာ၌။ ။သြဇဝန္တ၊မြတ်ဒေ သဒ္ဓ၊ကြဲထရောက်ဆန်း။ မျိုးနှယ်မှန်း၍။အစွန်းတရာ။ နှစ်ဆယ် ပါသား။ ကာမာဝစရ။ကုသလဟု။ သုခပွားဆောင်၊ သောင်း ငါးထောင်။ ။ဟူ၍မဟာရဋ္ဌသာရမိန့်ဆိုတော်မူသည်။ ။ထို မှတပါးလည်း။ ကာလဒေသာဒိဘေဒေန ပနနေသံ ပဘေဒေါ အပ္ပ မေယျောဝ။ ဟူ၍ငိုကာ လာသည်ဖြစ်၍ ကာလ ဒေသ သတ္တဉာန် စသောအားဖြင့် ယူသော်ကား။ မဟာကုသိုလ် စိတ် သည်မရေတွက်နိုင်များ၏ ဟူလိုသော်။ မဟာကြိယာရှစ်ခုကို လည်း။ကုသိုလ်အတူမြှောက်၍ယူရမည်။

မဟာဝိပါက် စိတ်ရှစ်ခုတို့၌။ သောမနဿ ဥပေက္ခာ ဖြစ်ကြောင်း ကား။ ဉာမာနိပိ ဉာဏ ဉာဏမဏ္ဍတ္တာ ရမ္မဏာဝသေန ယထာက္ကမံ သောမနဿ ဥပေက္ခာသဟိတာနိ။ ။ဟုဍင်းဋီကာလာသည့်ဖြစ်၍မဟာဝိပါက်ရှစ်ခုတို့သည်။ ဉာဏာရုံဉာဏမဏ္ဍတ္တာရုံတို့၏ အစွမ်းဖြင့်။ အစဉ်အတိုင်း သောမနဿ ဥပေက္ခာဖြစ်သည်ဟုလိုသော်။ ။ဍင်းမဟာဝိပါက် ဉာဏသမ္ပယုတ်ဉာဏဝိပ္ပယုတ် ဖြစ်ကြောင်းကား။ ပဋိသန္ဓေဘဝင်စုတိတို့၏ အစွမ်းအားဖြင့်ဖြစ်ကြသောအခါ။ ပဋိသန္ဓေကိုပေးသော ကံအားကြီးသည်။ မကြီးသည်၏ အဖြစ်ကြောင့်ဍင်း။ တဒါရုံ၏ ဖြစ်ခြင်းရှိသော်၊ များသောအားဖြင့်ဉာဏသမ္ပယုတ်ဉာဏဝိပ္ပယုတ်ဇော ဖြစ်ခြင်းကြောင့်ဍင်း။ရံခါတဒါရုံဖြစ်သေါအခါလည်း။ပဋိသန္ဓေကိုပေးတတ်သော ကံမှတပါးသော ကံအားလျော့စွာဖြစ်ခြင်းကြောင့်ဍင်း၊ ဤသုံးပါးတို့တွင် တပါးပါးကြောင့်။ ဉာဏ သမ္ပယုတ်ဉာဏဝိပ္ပယုတ်ဖြစ်၏ဟုလိုသော်။ ။ဤစကားရပ်၌။ဝေဘန်ခွဲခြမ်း၍သိရမည်ကား၊ကာမာဝစရကုသိုလ်ကံရှစ်ခုသည်။ ဖြစ်ထိုက်သည် အားလျော့စွာ။ ပဋိသန္ဓေ အခါကာမ သုဂတိ ဝိပါက်ကိုးခုကိုဖြစ်စေ၏။ပဝတ္တိအခါကား။ မဟာဝိပါက်ရှစ်ခု၊ အဟိတ်ကုသလ ဝိပါက်ရှစ်ခုတို့ကို ဖြစ်စေ၏။ အသညသတ်ကြဉ်သော ရူပ တဆဲ့ ငါးဘုံ၌ကား။ စက္ခုဝိညာဏ် သောတဝိညာဏ်သမ္ပဋိစ္ဆန်းသန္တီရဏအားဖြင့်အဟိတ်ကုသလဝိပါက်လေးခုကိုသာဖြစ်စေ၏။

တိပိဋကစူဠနာဂမထေရ်အလိုသော်ကား။ တိဟိတ်ဥက္ကဋ္ဌဖြစ်သောမဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခုတို့တွင်။တခုခုသည်။မဟာဝိပါက်ဉာဏသမ္ပယုတ်။တိဟိတ်ပဋိသန္ဓေလေးခုတို့တွင်။ တခုခုကို ပဋိသန္ဓေအခါဖြစ်စေပြီး၍။ ပဝတ္တိအခါမဟာဝိပါက်ရှစ်ခုအဟိတ်ကုသလဝိပါက်စိတ်ရှစ်ခုအားဖြင့်။ တဆဲ့ခြောက်ခုသော အကျိုးကိုဖြစ်စေ၏။ တိဟိတ်ဩမကမဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခုတို့တွင်။ တခုခုသည်လည်း

ကောင်း။ဒွိဟိတ်ဉဏ္ဏ၅မဟာကုသိုလ်၊ ဉာဏဝိပ္ပယုတ်စိတ်လေး ခုတို့တွင်။ တခုခုသည်လည်းကောင်း။ မဟာဝိပါက် ဉာဏဝိပ္ပယုတ်။ ဒွိဟိတ်ပဋိသန္ဓေ လေးခုတို့တွင်။ တခုခုကိုပဋိသန္ဓေအခါ ဖြစ်စေ၍။ ပဝတ္တိအခါမဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးခု။ အဟိတ်ကုသလ ဝိပါက်ရှစ်ခုအားဖြင့်။ တဆဲ့နှစ်ခုသောအကျိုးကို ဖြစ်စေ၏။ ဒွိဟိတ်ဩ မကမဟာကုသိုလ်ဉာဏဝိပ္ပယုတ် လေး ခုတို့တွင်။ တခုခုသည်။ ကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ ဟူသောအဟိတ်ပဋိသန္ဓေ တခုကိုသာ၊ ပဋိသန္ဓေအခါဖြစ်စေ ပြီး၍။ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ရှစ်ခုဟူသောအကျိုး ကိုဖြစ်စေ၏ဟူလိုသော်။

ထိုမဟာ ဝိပါက်သည်။ အကျဉ်းအားဖြင့် ရှစ်ပါး သာဖြစ် သော်လည်း။ ဂုဏိတသင်္ချာ အားဖြင့် ယူသော် များ၏။ များ ကြောင်းကား။ပုညကြိယာဝတ္ထုဆယ်ပါးဖြင့်။မဟာဝိပါက်ရှစ် ခုကို မြှောက်သော် ရှစ်ဆယ်ရှိ၏။ ထိုရှစ်ဆယ်ကို အာရုံခြောက် ပါးဖြင့် မြှောက်သော် လေးရာ ရှစ်ဆယ်ရှိ၏။ ထိုလေးရာ ရှစ် ဆယ်ကိုကံသုံးပါးဖြင့်မြှောက်သော်။ တထောင်၊ လေးရာ၊ လေး ဆယ်ရှိ၏။ထိုတထောင်၊ လေးရာ၊ လေးဆယ်ကို။ဟိန၊ မဇ္ဈိမ၊ ပ ဏီတသုံးပါးဖြင့် မြှောက်သော်။ လေးထောင်၊ သုံးရာ၊ နှစ်ဆယ် ရှိ၏။ကာလဒေသသဏ္ဌာန်စသောအားဖြင့်ယူသော်ကား။ များ ၏ဟူလိုသော်။

မဟာကြိယာစိတ် ဖြစ်ခြင်းကား။ ။တံတံကိစ္စ သာဓေ ပသေနပဝတ္တတ္တာပနကရဏ မတ္တမေဝဟောတိ။ တသ္မာကြိယာ တိဝုတ္တံ။ ။ဟုအဋ္ဌသာလိနီ လာသည်ဖြစ်၍၊ ထိုထို သို့သော ကိစ္စကိုပြီးစေခြင်းဖြင့်။ ပိုင်းခြားခြင်းမှတ်ခြင်းကို ပြုကာမျှသာ ဖြစ်သောကြောင့်။ကြိယာဟူ၍ဆိုလိုသည်။ ။ထိုကြိယာစိတ် သည်ကား။ ။ဈာန်စိတ္တံ အသေသံ အသာဝရဏံ။ ခီဏာသ ဝေသ ဝပါနိုပုဂ္ဂလိကံ။ ဆသုဒ္ဓါရေသုလဗ္ဘတိ။ ။ဟုရင်းလာ

သည်ဖြစ်၍ပုထုဇ္ဇန်ပုဂ္ဂိုလ် တို့နှင့်မဆက်ဆံ။ ရဟန္တာပုဂ္ဂိုလ်မြတ်တို့၏ခြောက်ပါးသောဒွါရ၌သာရအပ်၏ဟုလိုသော်၊

## ကာမာဝစရသောဘဏတို့၏လက္ခဏာအကျဉ်းပြီး၏။

---

ရူပါဝစရ ကုသိုလ် စိတ် တို့၌ ဈာန် တရားကို။ ဈာနန္တိဝိတက္ကောဝိစာရောပီတိသုခံစိတ္တေကဂ္ဂတာ။ ဟုဝိဘင်းပါဠိတော်၌လာသောကြောင့်။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊စိတ္တေကဂ္ဂတာ။ ဤတရားငါးပါးကို ဈာန်ဟု မှတ်အပ်၏။ ။ဈာန်မည်ကြောင်းကား။ အာလမ္ဗဏူပနိဇ္ဈာနတော၊ပစ္စနိကဈာပနတော။ ဟုဋီကာလာသည်ဖြစ်၍။ပထဝီကသိုဏ်းအစရှိသောအာရုံကို။ ကပ်၍ရှုခြင်းကိုရှိသည်၏အဖြစ်ကြောင့်၎င်း။ ဆန့်ကျင်ဘက်ဖြစ်သောနီဝရဏတို့ကိုပယ်တတ်သောကြောင့်၎င်း။ ဈာန်မည်၏ဟုလိုသော်။ ။အာရုံသို့ကပ်၍ရှုခြင်းဟူသည်ကား။ဝိတက်သည်စိတ်ကိုအာရုံသို့ရှေ့ရှုတင်တတ်၏၊ ဝိစာရသည်အာရုံ၌နှံ့ဖွဲ့တတ်၏။ပီတိသည်အာရုံကိုနှစ်သက်စေတတ်၏။ သုခသည်အာရုံကိုပွားစေခြင်းကိုပြုတတ်၏။ထိုဝိတက်၊ဝိစာရ၊ပီတိ၊သုခတို့သည်။ချီးမြှောက် အပ်သော ဧကဂ္ဂတာ သည်ကား။ မိမိနှင့်ယှဉ် သောစိတ်တို့ကိုအာရုံ၌ကောင်းစွာထားသဖြင့်။ မိမိအလိုသို့လိုက်စေသည်ဖြစ်၍ တခုတည်းသောအာရုံ၌ အညီအညွတ်ကောင်းစွာထားတတ်၏ ဟုလိုသော်။ ။ထိုဈာန်တို့နှင့်ဆန့်ကျင်ဘက်တို့ကား ထိနမိဒ္ဓသည်ဝိတက်၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်။ ဝိတက်ဖြင့်ထိနမိဒ္ဓနီဝရဏကိုပယ်သည်။ဝိစိကိစ္ဆာသည်ဝိစာရ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်။ ဝိစာရဖြင့်ဝိစိကိစ္ဆာနီဝရဏကိုပယ်သည်။ဗျာပါဒသည်ပီတိ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်။ ပီတိဖြင့်ဗျာပါဒနီဝရဏကို ပယ်သည်။ ဥဒ္ဓစ္စကုက္ကုစ္စသည်သုခ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်။ သုခဖြင့် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကိုပယ်သည်။ ကာမဆန္ဒသည် ဧကဂ္ဂတာ၏

ဆန့်ကျင်ဘက်ဖြစ်သောကြောင့်။ဧကဂ္ဂတာဖြင့်ကာမဆန္ဒနီဝရဏကိုပယ်သည်ဟုမှတ်အပ်၏။ ဥပေက္ခာကိုမူကား။ ဥပေက္ခာသန္တဝုတ္တိတာသု ခမိစ္စေဝဘာသိတာ။ ။ဟုဋီကာလာ ၆သောကြောင့်။ အလွန်ငြိမ်သက်သော သဘော ရှိ၍သုခဋ္ဌ ဝင်ပြီးဖြစ်သောကြောင့်။ ဈာန်အင်္ဂါသို့သွင်း၍ အသိမ်းမဆိုလေသည်ဟုလိုသော်။

ရူပါဝစရဘုံ၌ ဖြစ်ကြောင်းကား။ ကမ္မဋ္ဌာန်း စီးဖြန်းသောပုဂ္ဂိုလ်သည်။ ရူပါဝစရကုသိုလ်ပဥ္စမဈာန်ကိုနည်းသောအာနုဘော်ကိုစီးဖြန်း၍။ ဗြဟ္မပါရိသဇ္ဇာဘုံ၌ဖြစ်၏။ ထိုပဥ္စမဈာန်ကိုပင်အလတ်ဖြစ်သော အာနုဘော်ကိုစီးဖြန်း၍။ ဗြဟ္မာပရောဟိတာဘုံ၌ဖြစ်၏။ထိုပဥ္စမဈာန်ကိုပင်အမြတ်ဖြစ်သောအာနုဘော်ကိုစီးဖြန်း၍။မဟာဗြဟ္မာဘုံ၌ဖြစ်၏။ ။ဇာတ္တိယောပနအရိယာဝါအနရိယာဝါအဋ္ဌသမာပတ္တိလာဘိနိယော ဗြဟ္မပါရိသဇ္ဇေသုယေဝနိပ္ပတ္တန္တိ။ ။ဟုအဋ္ဌကထာလာသည့်ဖြစ်၍မိန်းမတို့သည်အရိယာဖြစ်စေ။ အရိယာမဟုတ်သည်ဖြစ်စေသမာပတ်ရှစ်ပါးကို ရကုန်သော်ကား။ ဗြဟ္မပါရိသဇ္ဇါဘုံ၌ဖြစ်ကုန်၏။ ။ရူပါဝစရကုသိုလ် ဒုတိယဈာန်တတိယ ဈာန်တို့ကိုလည်း။အယုတ်အလတ်အမြတ်အားဖြင့်။ အစဉ်အတိုင်းစီးဖြန်း၍ ပရိတ္တာဘာဘုံအပ္ပမာဏာဘာဘုံအာဘဿရဘုံတို့၌ဖြစ်၏။ ။ရူပါဝစရကုသိုလ်စတုတ္ထဈာန်ကို အယုတ်အလတ် အမြတ်အားဖြင့်အစဉ်အတိုင်းစီးဖြန်း၍ ပရိတ္တသုဘာဘုံ။ အပ္ပမာဏသုဘာဘုံ။ သုဘကိဏှာဘုံတို့၌ဖြစ်၏။ ။ရူပါဝစရကုသိုလ်ပဥ္စမဈာန်ကိုလည်း။ရှေးအတူသုံးပါးသောဘာဝနာကိုစီးဖြန်း၍ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၏။ ။ထိုပဥ္စမဈာန်ကိုပင်။ သညာယောဂေါ။ သညာဂဏ္ဍောစသောနည်းဖြင့်။သညာဟူသောအနာ။သညာဟူသောအိုင်းအမာ၏ မရှိခြင်းကိုရင်း။ ဓိစိတ္တံ၊ဓိစိတ္တံ၊အစရှိသော နည်းဖြင့်စိတ်သည်စက်ဆုပ်ဘွယ်ရှိစွဟူ၍ရင်း။သုံးပါးသောဘာဝနာကိုစီးဖြန်း၍အသညသတ်ဘုံ၌ဖြစ်၏။ ။အနာဂံပုဂ္ဂိုလ်တို့သည်ကား။သုဒ္ဓါဝါ

သငါးဘုံ၌ဖြစ်ကုန်၏။ ဝေဟပ္ဖိုလ်ဘုံ။ အကနိဋ္ဌဘုံ။ နေဝသညာ
နာသညာယတနဘုံတို့၌ဖြစ်ကုန်သော အရိယာပြဟ္မာတို့သည်။
မြတ်စသည်၏ အဖြစ်ကြောင့်။ တပါးဘုံ၌ မဖြစ်ကြကုန်ပြီ။ ပရိ
နိဗ္ဗာန်သာ ယူလေ့ တော့သည်။ ထိုဘုံတို့မှကြွင်းသောပြဟ္မာဘုံ
တို့၌ဖြစ်ကုန်သောအရိယာပြဟ္မာတို့သည်လည်း။ အောက်အောံ
ဘုံ၌မဖြစ်ကုန်။ ဘုံစဉ်တက်၍ လည်းအချို့ဖြစ်ကုန်၏။ အချို့လည်း
မိမိဖြစ်ရာဘုံ၌သာပရိနိဗ္ဗာန်ယူကုန်၏။ ထိုကြောင့်။ ။ဝေဟပ္ဖ
လေအကနိဋ္ဌေ။ ဘာဝဂ္ဂေစပတိဋ္ဌိတါ။ နပုနာညတ္ထဇာယန္တိ။ သဗ္ဗေ
အရိယပုဂ္ဂလာ။ ။ဗြဟ္မလောကဂတာဟေဋ္ဌာ။ အရိယာနောပ
ပဇ္ဇရေ။ ။ဟူ၍ဆရာမြတ်တို့မိန့်တော်မူကုန်၏။ ။ဝေဟပ္ဖလေ
စ။ ဝေဟပ္ဖိုလ်ဘုံ၌၎င်း။ အကနိဋ္ဌေစ။ အကနိဋ္ဌဘုံ၌၎င်း။ ဘာဝဂ္ဂေ
စ။ နေဝသညာနာသညာယတနဘုံ၌၎င်း။ ပတိဋ္ဌိတာ။ တည်တော်
မူကုန်သော။ သဗ္ဗေ။ ခပ်သိမ်းကုန်သော၊ အရိယပုဂ္ဂလာ။ အရိယာ
ပြဟ္မာတို့သည်။ ပုန။ တဖန်။ အညတ္ထ။ တပါးသောဘုံတို့၌။ နဇာ
ယန္တိ။ မဖြစ်ကြကုန်။ ဗြဟ္မလောကဂတာ။ ပြဟ္မပြည်တို့၌ ဖြစ်
ကုန်သော။ အရိယာ။ အရိယာပြဟ္မာတို့သည်။ ဟေဋ္ဌာ။ အောက်
ပြဟ္မာဘုံတို့၌။ နောပပဇ္ဇရေ။ မဖြစ်ကုန်။

ဤရူပါဝစရကုသိုလ်စိတ်သည်။ ငါးပါးသာဆိုသော်လည်း။
ဂုဏ်တသင်္ချာအားဖြင့်ယူသော်များ၏။ များကြောင်းကား။ ဤသို့
တည်း။ ရူပါဝစရ ကုသိုလ်စိတ်ကား။ ပဌမဈာန်စိတ်၊ ဒုတိယ
ဈာန်စိတ်၊ တတိယဈာန်စိတ်၊ စတုတ္ထဈာန်စိတ်ဟူ၍ စတုက္ကနည်း
အားဖြင့်လေးပါး။ ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမဈာန်ဟူ
၍ပဉ္စကနည်းအားဖြင့်ငါးပါး။ ထိုနှစ်ရပ်ကိုပေါင်းသော်။ သမ္ပိဏ္ဍိက။
နဝကကိုးပါးဖြစ်၏။ ထိုကိုးပါးကိုဒုက္ခာပဋိပဒါဒန္ဓာဘိညာ။ ဒုက္ခာ
ပဋိပဒါခိပ္ပာဘိညာ။ သုခါပဋိပဒါဒန္ဓာဘိညာ။ သုခါပဋိပဒါခိပ္ပာဘိညာ
ဤပဋိပဒါလေးပါးနှင့်ယှဉ်၍ ဟောတော်မူသောကြောင့်၊ ပဋိပ
ဒါတပါးတပါး၌နဝကတပါးစီဖြစ်၍ပဋိပဒါနဝကလေးပါး။ ထို
ကိုးပါးကိုပင်။ ပရိတ္တံပရိတ္တာရမ္မဏာ။ ပရိတ္တံအပ္ပမာဏာရမ္မဏာ။

အပ္ပမာဏံပရိတ္တာရမ္မဏာ။အပ္ပမာဏံအပ္ပမာဏာရမ္မဏာ၊ ဤအာရုံလေးပါးနှင့်ယှဉ်၍ ဟောတော်မူသောကြောင့်လည်း။ အာရုံတပါးတပါး၌ နဝကလေးပါးဖြစ်၍ အာရမ္မဏနဝကလေးပါး။ ထိုကိုးပါးကိုပင်။ဒုက္ခပဋိပဒါဒန္ဓာဘိညာ။ပရိတ္တံပရိတ္တာရမ္မဏာ။ ဒုက္ခပဋိပဒါခိပ္ပါဘိညာ။ ပရိတ္တံအပ္ပမာဏာ ရမ္မဏာ။ သုခါပဋိပဒါဒန္ဓာဘိညာ။အပ္ပမာဏံပရိတ္တာရမ္မဏာ။ သုခါပဋိပဒါခိပ္ပါဘိညာ။အပ္ပမာဏံအပ္ပမာဏာရမ္မဏာ။ ဤပဋိပဒါရမ္မဏမိဿကတို့နှင့် ယှဉ်၍ ဟောတော်မူသောကြောင့်လည်း။ပဋိပဒါအာရမ္မဏမိဿက၌ နဝကရှစ်ပါးဟူ၍။ယခင်နဝကသုံးရပ်ကိုပေါင်းသော်။ ရူပါဝစရကုသိုလ်စိတ်၌နဝကနှစ်ဆဲ့ခုနစ်ပါးရှိ၏။ ။ဒုက္ခပဋိပဒါဒန္ဓာဘိညာ။ အပ္ပမာဏံအပ္ပမာဏာရမ္မဏာ အစရှိသောနည်းဖြင့် ယူသော်ရင်း။အဘိဘာယနဝိမောက္ခဗြဟ္မဝိဟာရအသုဘတို့ကိုစီးဖြန်း၍ရသော ရူပါဝစရကုသိုလ်ဈာန်တို့ကိုယူသော်ရင်း။ များသောအပြားရှိ၏ဟူလိုသော်။ ။ဝိပါက်ကြိယာတို့ကိုလည်း။ ဂဏိတသင်္ချာဖြင့်ကုသိုလ်နည်းတူယူရမည်။

ရူပါဝစရစိတ်လက္ခဏာအကျဉ်းပြီး၏။

---

အရူပါဝစရစိတ်ဟဆဲ့နှစ်ခုတို့တွင်။ အာကာသာနဉ္စာယတနကုသိုလ်။အာကာသာနဉ္စာယတနဝိပါက်။ အာကာသာနဉ္စာယတနကြိယာစိတ်သုံးခုတို့သည်။ အာကာသ ကသိုဏ်းမှတပါး။ ကိုးပါးသော ကသိုဏ်းတို့တွင်။ တပါးပါးကို ပယ်ခွါ၍ရအပ်သောကောင်းကင်ပညတ်လျှင်အာရုံရှိကုန်၏။ ထိုဝိညာဏဉ္စာယတနကုသိုလ်၊ဝိပါက်၊ကြိယာသုံးခုတို့သည်လည်း။အာကာသာနဉ္စာယတနကုသိုလ်၊ဝိပါက်၊ကြိယာစိတ်တို့ကို အာရုံပြုကုန်၏။ အာကိဉ္စညာယတနကုသိုလ်၊ဝိပါက်၊ကြိယာသုံးခုတို့ကား။ အာကာသာနဉ္စာယတနစိတ်သုံးခုတို့၏မရှိခြင်းဟုဆိုအပ်သောနတ္ထိဘာဝပညတ်ကိုအာရုံပြုကုန်၏။နေဝသညာနာသညာယတနကု

သိုလ်၊ဝိပါက်၊ ကြိယာသုံးခုတို့လည်း။ အာကိဉ္စညာယတနစိတ် သုံးခုတို့ကိုအာရုံပြုကုန်၏။

ဤလေးရပ်သောစိတ်တို့၏အာရုံပြုဟန်ဥပမာကို။ ။အသုစိမှိမဏ္ဍပေလဂ္ဂေါဧကော။တံနိဿိတောပရောဌိတညောဗဟိ နိဿာယဝါပရော။ ။ဟုသံခေပဝဏ္ဏနာလာသည်ဖြစ်၍မစင် အတိပြည့်သောမြေအရပ်၌ မဏ္ဍပ်တခုသည်ရှိ၏။ ယောကျ်ား တယောက်သည် ထိုအရပ်သို့ရောက်၍ စက်ဆုပ် ရွံရှာသော ကြောင့်။ မဏ္ဍပ်ကိုဆွဲလျက်နေ၏။ တဦးသောယောကျ်ားလာ ပြန်လျှင်လည်း။ မဏ္ဍပ်ကို ဆွဲလျက် နေပြန်၏။ ထိုနောက် တ ယောက်လာသူကား။ ဤယောကျ်ားတို့သည်မစင်ကိုစက်ဆုပ် ရွံရှာကြသောကြောင့်။မဏ္ဍပ်ကိုဆွဲလျက်နေလေကုန်ပြီ။ ငါဝင် ၍ ဆွဲပြန်ချေသော်။ မဏ္ဍပ် ပြိုပျက်၍ မစင်ပေါ်သို့ ကျရာချေ သည်နှုလုံးထား၍ မဏ္ဍပ်ကိုမဝင် ပြင်အရပ်၌ ရပ်လျက်နေ၏။ ထိုနောက်တယောက်ရောက်ပြန်သော်လည်း။ယခင်နေသူနှင့်အ တူပင်ပြင်အရပ်၌ရပ်၍နေလေ၏။ဤစကား၌ဥပမာဥပမေယျနှီး နှောသော်ကား။အာကာသကသိုဏ်းမှတပါး၊ ကိုးပါးသောက သိုဏ်းနှင့် မစင်အတိရှိသော မြေနှင့်တူ၏။ ကသိုဏ်း၏ ခွါရာ ကောင်းကင်နှင့်ကား မဏ္ဍပ်နှင့် တူ၏။ ကောင်းကင်ကို အာရုံ ပြုသော အာကာသာနဉ္စာ ယတနစိတ်သုံးခုတို့နှင့်ကား။မဏ္ဍပ် ၌ရှေးဦးစွာဆွဲသူနှင့်တူ၏။ ဝိညာဏဉ္စာယတန စိတ်သုံးခုတို့နှင့် ကား။ ရှေ့မဏ္ဍပ် ဆွဲသူကို နောက်ဆွဲသူနှင့်တူ၏။ နတ္ထိဘော ပညတ်နှင့်ကား။ မဏ္ဍပ်မှအပမြေနှင့်တူ၏။ အာကိဉ္စညာယတန စိတ်သုံးခုတို့နှင့်ကား။ မဏ္ဍပ်မှအပမြေ၌ ရှေးဦးစွါနေသူနှင့်တူ ၏။နေဝသညာနာသညာယတနစိတ်သုံးခုတို့နှင့်ကား။ မဏ္ဍပ်မှ အပမြေကိုမှီသောသူကိုမှီ၍နောက်နေပြန်သောသူနှင့်တူ၏ ဟု ဆိုသော်။

အာကာ သာနဉ္စာယတန ဘုံ၌ ဖြစ်လိုသော ယောဂီပုဂ္ဂိုလ် သည်။ ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုပယ်ခွါ၍ ရအပ်

သောကောင်းကင်အာရုံကို။ အာကာသော အနန္တော အာကာ
သောအနန္တောဟူ၍၎င်း။အာကာသံအနန္တံ အာကာသံအနန္တံဟူ၍
၎င်း။အာကာသာနဉ္စာယတနကုသိုလ်ကိုစီးဖြန်းရာ၏။ ။ဝိညာ
ဏဉ္စာယတနဘုံ၌ဖြစ်လိုသော ယောဂီပုဂ္ဂိုလ်သည်လည်း အာ
ကာသာနဉ္စာယတနကုသိုလ်ကိုပင်။ ဝိညာဏံအနန္တံ ဝိညာဏံအ
နန္တံ ဟူ၍စီးဖြန်းရာ၏။ ။အာကိဉ္စညာယတနဘုံ၌ ဖြစ်လိုသော
ယောဂီပုဂ္ဂိုလ်သည်ကား။အာကာသါနဉ္စာယတနကုသိုလ်စိတ်
၏မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၍နတ္ထိကိဉ္စိ
နတ္ထိကိဉ္စိ ဟူ၍။အာကိဉ္စညာယတနကုသိုလ်ကိုစီးဖြန်းရာ၏။ ။
နေဝသညာ နာသညာယတနဘုံ၌ ဖြစ်လိုသော ယောဂီပုဂ္ဂိုလ်
သည်လည်း။အာကိဉ္စညာယတနကုသိုလ်ကိုပင်။ သန္တမေတံပ
ဏီတမေတံ။ဟုစီးဖြန်းရာ၏ဟူလိုသော်။

ထိုအရူပါဝစရစိတ်ကား တဆဲ့နှစ်ပါးသာ ရှိသော်လည်း။
သောဠသက္ခတ္တုကနည်း။ သုဒ္ဓိကဧကကနည်း။ ပဋိပဒါဧကက
နည်း။စတုအာရမ္မဏဧကကနည်းအားဖြင့်။ ရေတွက်သော်များ
၏။သောဠသက္ခတ္တုကနည်းယူပုံကား။ဒုက္ခပဋိပဒါဒန္ဓာဘိည
၌အာရမ္မဏဧကကလေးပါး။ဒုက္ခာပဋိပဒါခိပ္ပါဘိည၌လည်းအာ
ရမ္မဏဧကကလေးပါး။ သုခပဋိပဒါဒန္ဓာဘိည၌လည်း။ အာရမ္မ
ဏဧကကလေးပါး။ သုခပဋိပဒါခိပ္ပါဘိည၌လည်းအာရမ္မဏဧ
ကကလေးပါး။ ဤလေးခု လေးလီသော်။ တဆဲ့ခြောက်ဖြစ်၍။
သောဠသက္ခတ္တုကံနည်းဆိုသည်။သုဒ္ဓိကဧကက အစရှိသည်
တို့ကို။ ရူပါဝစရကဆိုပြီးသည်နှင့်အတူယူရမည်။ ။ဝိပါက်
ကြိယာတူပြီ။

အရူပါဝစရစိတ်လက္ခဏာအကျဉ်းပြီး၏။

---

လောကုတ္တရာစိတ်၌ကား။ ။သောတာပတ္တိမဂ္ဂေနဟိဒိဋ္ဌိ
ဂတသမ္ပယုတ္တဝိစိကိစ္ဆာသဟဂတာနိပဉ္စအကုသလစိတ္တာနိအ

နဝသေသဝသေန ပဟိယန္တိ။ ။ဟုသံခေပဝဏ္ဏနာဒိုကာလာသည်ဖြစ်၍။သောတာပတ္တိမဂ်ဖြင့်ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု။ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု။ ဤငါးခုသော စိတ်တို့ကို အကြွင်းမဲ့ပယ်၍ကြွင်းသေါအကုသိုလ်စိတ်ခုနစ်ခုတို့ကိုမူကား။အပါယ်မလားရအောင်သတ်၏။ ။သကဒါဂါမိမဂ္ဂေနဒိဋ္ဌိဂတဝိပ္ပယုတ္တာနိဒွေဒေါမနဿသဟဂတစိတ္တာနိစေတိ။ ။ဟုရင်းသံခေပဒိုကါလာသည်ဖြစ်၍။သကဒါဂါမိမဂ်ဖြင့်ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု ဒေါသမူစိတ်နှစ်ခု။ ဤခြောက်ခုသောစိတ်တို့ကိုအကြွင်းမဲ့ပယ်၏။ရုန့်ရင်းသောကာမရာဂဗျာပါဒတို့ကိုလည်း ခေါင်းပါးစေ၏။ ။အနာဂါမိမဂ္ဂေနကာမရာဂဗျာပါဒါနိအနဝသေသဝသေနပဟိယန္တိ။ ။ဟုရင်းသံခေပဝဏ္ဏနာလာသည်ဖြစ်၍အနာဂါမိမဂ်ဖြင့်ကား။ကာမရာဂဗျာပါဒတို့ကိုအကြွင်းမဲ့ပယ်၏။ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စတို့ကို မူကား။ မပယ်နိုင်ဟုလိုသည်။ ။အရဟတ္တမဂ္ဂေနစတ္တာရိဒိဋ္ဌိဂတဝိပ္ပယုတ္တာနိဥဒ္ဓစ္စသဟဂတဉ္စာတိပဉ္စစိတ္တာနိအနဝသေသဝသေနပဟိယန္တိ။ ။ဟုရင်းသံခေပဒိုကာလာသည်ဖြစ်၍ အရဟတ္တမဂ်ဖြင့်ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု။ ဥဒ္ဓစ္စသဟဂုတ်စိတ်တခု။ ဤငါးခုသောစိတ်တို့ကို အကြွင်းမဲ့ ပယ်၏။ ဖိုလ်စိတ်လေးခုမှာ။ အကြောင်းဖြစ်သောမဂ်စိတ်လေးခုတို့ သည်။ အကုသိုလ်စိတ်ကို အကြွင်းမဲ့ပယ်ပြီးဖြစ်၍မဂ်နှင့် ဖိုလ်အကြားမျက်စိတမှိတ်လျှပ်တပြက်မျှမကြာ။စိတ္တက္ခဏတချက်တည်းကျသောကြောင့်။ ဖိုလ်ကိုအထူးမဆိုအပ်။ မဂ်နှင့်တူသည်ဟုလိုသော်။ ။ဤလောကုတ္တရာ၌။ကြိယာစိတ်မရှိကြောင်းကား။ မဂ္ဂသဇာကေစိတ္တက္ခ ဏတ္တာ ဆိုသောကြောင့်။ မိုးကြိုးကျသော သစ်ပင်သည်။ အကိုင်းအခက်အရွက်အမြစ်သေပြတ်သကဲ့သို့။မဂ်စိတ်တချက်ကျသဖြင့်။ ကိလေသာအကြွင်းမဲ့သေပြီးဖြစ်၍။ ပြုဘွယ်ကိစ္စမရှိသေါကြောင့်။ကြိယာဟုမရှိသင့်ပြီဟုလိုသည်။

လောကုတ္တရာကုသိုလ်ကား။မဂ်နှင့်ယှဉ်သောအားဖြင့်လေး

ပါးသာဖြစ်သော်လည်း။ သုညတအပ္ပဏိဟိတပဋိပဒါစသော
အားဖြင့်ယူသော်ကားများ၏။ များကြောင်းကား။ သုညတမဂ်၊
အပ္ပဏိဟိတ မဂ်နှစ်ပါးကို။ ပဋိပဒါလေးပါး ဖြင့်မြှောက်သော်
ရှစ်ပါးရှိ၏။ ထိုရှစ်ပါး၌သုညတမဂ်၊ အပဏိဟိတမဂ်နှစ်ပါးကို
ထည့်သော်။ သောတာပတ္တိမဂ်စိတ်ကား တဆယ်ရှိ၏။ ထိုတ
ဆယ်ကိုသတိပဋ္ဌာန်၊သမ္မပဓာန်၊ဣဒ္ဓိပါဒ်၊ဣန္ဒြေ၊ဗိုလ်၊ဗောဇ္ဈင်၊
သစ္စာ၊ သမထ၊ ဝိပဿနာ၊ လောကုတ္တရာ တရား။ ခန္ဓာ၊အာ
ယတန၊ ဓာတ်၊ အာဟာရ၊ ဖဿ၊ ဝေဒနာ၊သညာ၊စေတနာ၊
စိတ်။ ဤတဆယ့်ကိုးပါးသော အဘိနိ ဝေသ တို့ဖြင့် မြှောက်
သော်။ တရာကိုးဆယ်ရှိ၏။ ဤတရာကိုးဆယ်၌။ ယခင်သော
တာပတ္တိ မဂ်စိတ်တဆယ်ကို ထည့်သော်။ နှစ်ရာရှိ၏။ ထိုနှစ်
ရာကို အဓိပတိ လေးပါးနှင့် မြှောက်သော်။ ရှစ်ရာရှိ၏။ ထို
ရှစ်ရာ၌ ယခင် နှစ်ရာကို ထည့်လျှင်။ သောတာပတ္တိ မဂ်စိတ်
ကား။ တထောင်ရှိ၏။ ။သည့်ကိုရည်၍ဘုရိဒတ်ဇာတ်ပေါင်း
တွင်။ ။ယေဓမ္မာက။အာဟာတိုင်ရုံ။နှစ်ပုံပါဒ။ကြားကာမျှလျှင်။
နယတထောင်။ ကျယ်ဝန်းဆောင်လျက်။ တွေမှောင်ကန်ါ။ဒိဋ္ဌိ
ခွါသား။သောတာပတ္တိ။ သိရိလာဘ။ မျိုးဦးရသည်။ ။ဟူ၍
ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော် မူသည်။ ။ကြွင်းသောမဂ်
စိတ်သုံးပါးတို့၌လည်း။ ၎င်းနည်းတထောင်စီဖြစ်၍မဂ်စိတ်လေး
ထောင်ရှိ၏။ ထိုလေးထောင်ကိုမဂ္ဂင်ရှစ်ပါး၏ လောဘကိုပယ်
ခြင်း။လောဘမှကြွင်းသောကိလေသာကိုပယ်ခြင်း။ လောဘမှ
ကြွင်းသောအကုသိုလ်စိတ်ကိုပယ်ခြင်း။ အကုသလမူသုံးခုကို
ပယ်ခြင်း။သမ္ပယုတ်နှင့်တကွသောအာသဝကိုပယ်ခြင်း။ဤငါး
ပါးတို့ဖြင့်မြှောက်သော် နှစ်သောင်းရှိ၏။ ။ယခင်မဂ်စိတ်လေး
ထောင်ကိုပင်။ ပဋ္ဌမဈာန်အင်္ဂါငါးပါးနှင့်မြှောက်၍လည်း။ နှစ်
သောင်းရှိ၏။ ။ယခင်မဂ်စိတ်လေးထောင်ကိုပင်။ သဗ္ဗသင်္ဂဟ
ဖြစ်သော ဈာန်အင်္ဂါငါးပါးနှင့် မြှောက်၍ လည်း။ နှစ်သောင်း
ရှိ၏။ ။ထိုနှစ်သောင်းသုံးရပ်ကိုပေါင်းသော်။ မဂ်စိတ်ခြောက်

သောင်းရှိ၏။ ကာလဒေသသဇ္ဈာန်ဖြင့်ရင်း။ သုံးဆဲ့ ခြောက်ပါးသောနဝကတို့ဖြင့် ရင်းယူသော်ကား။ လောကုတ္တရာကုသိုလ်မဂ်စိတ်လေးခုသည်။ မရေတွက်နိုင်များ၏ ဟူလိုသော်။ ။ ဖိုလ်စိတ်လေးပါးလည်း။မဂ်စိတ်နှင့်ဘူပြီ။

လောကုတ္တရာစိတ်၏လက္ခဏာအကျဉ်းပြီး၏။

---

ဈာနင်ပွါးသော်။ လောကုတ္တရာစိတ်လေးဆယ်ဖြစ်ကြောင်းကား။ ပါဒကဈာန်။သမ္မသိတဈာန်။ပုဂ္ဂလဇ္ဈာသယတို့တွင်။ တပါးပါးနှင့်တူသောကြောင့်။လောကုတ္တရာစိတ်ရှစ်ခုတို့တွင်။ တခုခု၌ဈာန်ငါးပါးစီဖြစ်၍မဂ်စိတ်နှစ်ဆယ်၊ ဖိုလ်စိတ်နှစ်ဆယ်သော်။လောကုတ္တရာစိတ်လေးဆယ်ရှိ၏။ ။ပါဒကဈာန်ဟူသည်ကား။ပဌမဈာနာဒီသုယံယံဈာနံသမာပဇ္ဇိတွာ။ တတောဝုဋ္ဌာယသင်္ခါရေသမ္မသိတွာဝုဋ္ဌာနဂါမိနိဝိပဿနာပဝတ္တော။တံပါဒကဈာနံနာမ။ ။ဟုသမဂ်လသာမဒိုကာလာသည်ဖြစ်၍ကမ္မဋ္ဌာန်းစီးဖြန်းသောယောဂီပုဂ္ဂိုလ်သည်။ပဌမဈာန်အစရှိသောဈာန်ငါးပါးတို့တွင်။တပါးပါးကိုဝင်စား၏။ထိုဝင်စါးသောဈာန်မှထ၍ပြိုးပြွမ်းသောသင်္ခါရတို့ကိုသဗ္ဗေသင်္ခါရာအနိစ္စါ။သဗ္ဗေသင်္ခါရာဒုက္ခာ။ သဗ္ဗေဓမ္မာအနတ္တာ။ ဟုအဘန်တလဲလဲ စီးဖြန်းသောပုဂ္ဂိုလ်အား။မဂ်ကိုရခါနီးမဂ်၏ရှေးအဘို့၌ဖြစ်သောပရိကံ၊ဥပစါ၊အနုလုံ၊ဂေါတြဘူဟူသောဝုဋ္ဌာနဂါမိနိဝိပဿနာ၏နီးသောအကြောင်းဖြစ်သောကြောင့်။ထိုဝင်စားသောဈာန်သည်၊ပါဒကဈာန်မည်၏ဟူလိုသော်။ ။သမ္မသိတဈာန်ဟူသည်ကား။ယံယံဈာနံသမ္မသိတွာသာပဝတ္တော။တံသမ္မသိတဈာနံ။ ။ဟုရင်းငိုကာလာသည်ဖြစ်၍အကြင်အကြင်ဈာန်ကိုအနိစ္စအစရှိသည်ဖြင့်။ စီးဖြန်းသုံးသပ်သော ယောဂီပုဂ္ဂိုလ်အား။ ဝုဋ္ဌာနဂါမိနိဝိပဿနာဖြစ်၏။ ထိုသုံးသပ်စီးဖြန်းအပ်သောဈာန်သည်။ သမ္မသိတဈာန်မည်၏ဟူလိုသည်။ ။ပုဂ္ဂလဇ္ဈာသယဟူသည်ကား။အဟော

ဝတမေပဌမဈာနသဒိသောမဂ္ဂေါပဉ္စင်္ဂိကော။ဒုတိယဈာနာဒိ
သုဝါအညတရသဒိသောစတုရင်္ဂိကာဒိဘေဒေါ မဂ္ဂေါဘဝေ
ယျာတိ။ ဇိဝ်ယောဂါဝစရဿ ဥပ္ပန္နဇ္ဈာဿယော ပုဂ္ဂလဇ္ဈာဿ
ယောနာမ။ ။ဟုဍင်းဋီကာလာသည်ဖြစ်၍ ပဌမဈာန်နှင့် တူ
သောအင်္ဂါငါးပါးနှင့်ပြည့်စုံသောမဂ်သည်ငင်း။ ဒုတိယဈာန်စ
သည်တို့တွင်။ တပါးပါးနှင့်တူသောအင်္ဂါလေးပါးအစရှိသည်
တို့နှင့်ပြည့်စုံသောမဂ်သည်ငင်း။ ငါ့အားဖြစ်ပါမူကား။ကောင်း
လေစွဟု။ တောင့်တသော ယောဂီပုဂ္ဂိုလ်၏ အလိုသည်။ ပုဂ္ဂ
လဇ္ဈာသယမည်၏ ဟူလိုသော်။ ။ပါဒကဈာန်စသည်တို့၏
အထူး။ ။လောကုတ္တရာဈာန်ပါးနှင့်။ပါဒကဈာန်စသည်တို့တွင်
တပါးပါးတူသည်ဆိုရာ၌။ တူကြောင်းကား။ ကမ္မဋ္ဌာန်းကို စိး
ဖြန်းသောယောဂီပုဂ္ဂိုလ်သည်။ ပဌမဈာန်အစရှိသော ဈာန်ငါး
ပါးတို့တွင်။ တပါးပါးကိုဝင်စား၍။ ထိုမိမိဝင်စား သောဈာန်မှ
ထ၍ ပြိုးပြွမ်းသော သင်္ခါရတရားတို့ကို အနိစ္စအစရှိသောရှေး
နည်းဖြင့် စိးဖြန်း၍သောတာပတ္တိမဂ်အစရှိသည်ကိုရ၏။ ထိုရ
သောမဂ်သည်။ ပဌမဈာန်အစရှိသည်တို့နှင့် တူ၏။ ။ငင်း
ယောဂီပုဂ္ဂိုလ်အား။ဝိပဿနာ၏အကြောင်းဖြစ်သောတစုံတခု
သောဈာန်မရှိဘဲလျက်ပဌမဈာန်အစရှိသည်တို့တွင်။တပါးပါး
သောဈာန်ကိုသာ စိးဖြန်းသုံးသပ်၍ သောတာ ပတ္တိမဂ်အစရှိ
သည်ကိုရ၏။ထိုရသောမဂ်ကား။စိးဖြန်းသုံးသပ်အပ်သောဈာန်
နှင့်တူ၏၊ ။ငင်းယောဂီပုဂ္ဂိုလ်သည်။ပဌမဈာန်စသည်တို့တွင်။
တပါးပါးကိုဝင်စား၍။ထိုမိမိဝင်စားသောဈာန်မှထ၍တပါးပါး
သောဈာန်ကို စိးဖြန်းသုံးသပ်ခြင်း ကြောင့် ရသော မဂ်သည်။
ယောဂီပုဂ္ဂိုလ်၏ဆန္ဒအားလျော်စွာ။ ယခင်ပါဒကဈာန် သမ္မသိ
တဈာန်နှစ်ပါးတို့တွင်၊တပါး ပါးနှင့်တူ၏။ ။ထိုဆိုခဲ့ ပြီးသည်
အတိုင်း၊ အလိုဆန္ဒမရှိသောယောဂီပုဂ္ဂိုလ်အားကား။ အောက်
အောက်သော ဈာန်မှထ၍ အထက်အထက် ဈာန်တရားတို့ကို
စိးဖြန်းသုံးသပ်၍ ရသောမဂ်သည်ကား။ ပါဒကဈာန်ကိုမငဲ့ဘဲ။

သုံးသပ်အပ်သောသမသိတဈာန်နှင့်တူ၏။ ။အထက်အထက်ဖြစ်သောဈာန်မှထ၍ အောက်အောက်သော ဈာန်တရားတို့ကို စိးဖြန်း၍သုံးသပ်၍ရသောမဂ်သည်။ သမသိတဈာန်ကို မငဲ့ဘဲ။ ဝင်စားအပ်သော ပါဒကဈာန်နှင့်တူ၏ဟူလိုသော်။ ။ဈာနင်ပွါးနည်းအကျဉ်းပြီး၏။

စိတ်ပိုင်း၌။သဘောလက္ခဏာပြီး၏။

---

စေတသိက်ငါးဆဲ့ နှစ်ခုတို့တွင်။ တခုတခုသောစေတသိက်၏ လက္ခဏာကား။ ဤသို့တည်း။ ။တယောက်သားချည်သိးစားသည်ကို။တဦးသူမြင်လျှင်လျှာရည်ဖြစ်လင့်သကဲ့သို့။ ထိုအတူဖဿာစေတသိက်သည်။အာရုံကိုတွေ့ခြင်းလက္ခဏာရှိ၏။ ။အရှင်မင်းသည်ကောင်းမြတ်သော ခဲဘွယ်ဘောဇဉ် တို့၏အရသာကို။အစိုးတရခံစားသကဲ့သို့။ထိုအတူ။ ဝေဒနာစေတသိက်သည်အာရုံ၏အရသာကိုအစိုးတရခံစားခြင်းလက္ခဏာရှိ၏။ ။လက်သမားတို့သည်ရှူးပန်းရှူးနွယ်ရုပ်သေးရုပ်ကြီးတို့ကိုဟင်းသပတား မီးသွေးတို့ဖြင့် ထုလုပ်ရေး သားသကဲ့သို့။ ထိုအတူသညာစေတသိက်သည်။ အဖြူအပြာအဝါအနီ စသောအာရုံကိုမှတ်တတ်သိတတ်သောလက္ခဏာရှိ၏။ ။တပည့်ကြီးလက်သမားကြီးတို့သည်မိမိကိစ္စ။တပည့်ငယ်လက်သမားငယ် တို့ကိစ္စကိုပြီးအောင် နှိုးဆော်၍လုပ်သကဲ့သို့။ ထိုအတူစေတနာ စေတသိက်သည်။ မိမိယှဉ်သောတရားတို့ကိုအာရုံ၌။ နှိုးဆော်တိုက်တွန်းခြင်း လက္ခဏာရှိ၏။ ။ကျောက်စာတိုင်သည် လေပြင်းမုန်တိုင်းတို့ကြောင့်။ မလှုပ်မရှား သကဲ့သို့။ ထိုအတူဧကဂ္ဂတာစေတသိက်သည်။မိမိနှင့်ယှဉ်သော တရားတို့ကို အာရုံ၌မပြန့်မလွင့် စေတတ် သော လက္ခဏာရှိ၏။ ။ရေသည် ကြာပင်ကြာရိုးကြာပွင့်တို့ကို မညှိုးမနွမ်းစေရ စောင့်ရှောက်သကဲ့သို့ ထိုအတူ ဇီဝိတိန္ဒြေစေတသိက်သည်။ မိမိနှင့်တကွ ဖြစ်သော

တရားတို့ကိုစောင့်ခြင်းလက္ခဏာရှိ၏။ ။လေးသမားသည်မိမိ အလိုရှိရာအရပ်သို့မြားကိုသွားစေသကဲ့သို့။ ထိုအတူမနသိကာ ရစေတသိက်သည်။ မိမိနှင့်ယှဉ်သောတရားတို့ကိုအာရုံ၌နှလုံး သွင်းစေ တတ်သော လက္ခဏာရှိ၏။ ။မင်းနှင့် အကျွမ်းဝင် သော သူသည်။ မင်းအိမ်သို့ မရောက် ဘူးသော သူဆင်းရဲ ယောက်ျားကို။မင်းအိမ်သို့တင်သကဲ့သို့။ထိုအတူဝိတက်စေတ သိက်သည်။ မိမိယှဉ်သော တရား တို့ကို အာရုံသို့ တင်တတ် သော လက္ခဏာရှိ၏။ ။မင်းနှင့် အကျွမ်းဝင်သော သူသည်။ မင်းအိမ်သို့ ရောက် ဘူးသော။ သူဆင်းရဲ ယောက်ျားကို။ မင်း အိမ်၌ကျွမ်းဝင် ကျင်လည်စေသကဲ့သို့။ထိုအတူ။ ဝိစာရစေတ သိက်သည် မိမိနှင့် ယှဉ်သောတရား တို့ကိုအာရုံ၌ မပြတ်သုံး သပ် ဆင်ခြင်စေတတ် သောလက္ခဏာရှိ၏။ ။တရား တတ် လိမ္မာသောတရားသူကြီးသည်။ တရားနှင့်အညီဆုံးဖြတ် သကဲ့ သို့၊ထိုအတူအဓိမောက္ခ စေတသိက်သည်။ အာရုံကို ဆုံးဖြတ် တတ်သောလက္ခဏာရှိ၏။ ။စစ်သူကြီးသည်ဗိုလ်ပါရဲမက်စစ် သည်တို့ကိုအားပေးခြင်းထောက်ပံ့ခြင်းကိုပြုသကဲ့သို့။ ထိုအတူဝီ ရိယစေတသိက်သည်။ မိမိနှင့်သဟဇာတ်ဖြစ်သောတရားတို့ကို မြီးမြှောက် ထောက်ပံ့တတ်သော လက္ခဏာရှိ၏။ ။ရေငတ် သောယောက်ျားသည်။ရေကိုမြင်သောအခါနှစ်သက်ဝမ်းသာရှိ သကဲ့သို့။ ထိုအတူပီတိစေတသိက်သည်။ မိမိနှင့်ယှဉ်သောတ ရားတို့ကိုအာရုံ၌နှစ်သက်စေတတ်သောလက္ခဏာရှိ၏။ ။လေး သမားသည်။ ပစ်လွှတ်အပ်သော မြားတို့ကို လှမ်းယူလိုသော လက်ကဲ့သို့။ထိုအတူဆန္ဒစေတသိက်သည်။အာရုံကိုယူလိုကာမျှ လက္ခဏာရှိ၏။ ။အင်္ဂါလေးပါးနှင့် ပြည့်စုံသော မှောင်သည်။ အလွန်မိုက်သကဲ့သို့။ ထိုအတူမောဟစေ တသိက်သည်။ အာရုံ ၏သဘောကို ဖုံးလွှမ်းမိုက်တတ်သော လက္ခဏာရှိ၏။ ။ရွာ သူတို့၏ဝက်သည်။ မစင်ကိုမစက်ဆုပ်သကဲ့သို့။ ထိုအတူအဟိ ရိကစေတသိက်သည်။ ကာယဒုစရိုက်စသည်တို့မှ မစက်ဆုပ်

ခြင်းလက္ခဏာရှိ၏။ ။ပိုးဖလံပိုးနှံတို့သည်။ မီးလျှံမှမထိတ်မလန့်သကဲ့သို့။ထိုအတူအနောတ္တပ္ပစေတသိက်သည်။ ကာယဒုစရိုက်စသည်တို့မှမထိတ် မလန့်ခြင်းလက္ခဏာရှိ၏။ ။မြေပုံရပြာပုံရသည်။ ဒုတ် ကျောက် လှံတန် တို့ဖြင့် ပစ်ခတ် သည်ရှိသော်၊ ထောင်းထောင်း လွင့်သကဲ့သို့၊ ထိုအတူဥဒ္ဓစ္စစေတသိက်သည်။အာရုံ၌ပြန့်လွင့် တတ်သောလက္ခဏာရှိ၏။ ။မျှောက်နှဲစေးကပ်စေးနှဲ့တို့သည်။ မိမိ၌ထိသောဝတ္ထုတို့ကိုကပ်ငြိသကဲ့သို့။ ထိုအတူလောဘ စေတသိက်သည်။ အာရုံ၌အလွန် ကပ်ငြိတတ်သောလက္ခဏာရှိ၏။ ။ဆိမီးလျှံကို ရှေ့စင်သိဂ်နိက်ထင်မှားသကဲ့သို့။ ထိုအတူဒိဋ္ဌိစေတသိက်သည်။ မှားသောမြင်ခြင်းနှလုံးသွင်းခြင်းလက္ခဏာရှိ၏။ ။မှန်ကင်းရွက်သည်။ ထင်ရှားစွာထောင်လွှားသကဲ့သို့။ ထိုအတူ။ မာနစေတသိက်သည်။ ငါသာလျှင်မြတ်၏။ ငါသာလျှင် တတ်၏ဟု။ မိမိကိုယ်ကိုထောင်လွှားတတ်သောလက္ခဏာရှိ၏။ ။လှံတန်ဖြင့်ခတ်မိသော မြွေဟောက်သည်။အလွန်စိတ်မာန်ထွက်သကဲ့သို့။ ထိုအတူဒေါသစေတသိက်သည်။ ကြမ်းထမ်းသဖြင့်ပြစ်မှားခြင်း လက္ခဏာရှိ၏။ ။ဘုရားမြတ်စွာ၏ တင့်တယ် စမွယ်ခြင်း အခဆင်း တော်ကိုမြင်သောဒိဋ္ဌိတို့သည်။ငြူစူသကဲ့သို့။ ထိုအတူဣဿာစေတသိက်သည်။ သူတပါးတို့၏ စည်းစိမ် ချမ်းသာကို။ ငြူစူခြင်းလက္ခဏာရှိ၏။ ။မိမိပစ္စည်းဝတ္ထုတို့ကိုသူတပါးတို့အား။မငြါးမပေးရအောင်လျှို့ဝှက်ဖုံးဖိ၍ ထားသကဲ့သို့။ ထိုအတူမစ္ဆရိယစေတသိက်သည်။မိမိစည်းစိမ်ကိုလျှို့ဝှက်ခြင်းလက္ခဏာရှိ၏။ ။လေးအတတ်ကိုသင်သောသူသည်။ ထိုအတတ်ကို မတတ်အံ့သည်မှစိုးရိမ်ကြောင့်ကြ ဗျာပါရရှိသကဲ့သို့။ ထိုအတူကုက္ကုစ္စစေတသိက်သည်။ ပြုအပ်ပြီးသော ဒုစရိုက်။ မပြုမိသော သုစရိုက်တို့မှစိုးရိမ်ကြောင့်ကြခြင်းလက္ခဏာရှိ၏။ ။ကြက်တို့၏အမွေးအတောင်သည်။ မီးနှင့်တွေ့သောအခါ တွန့်သကဲ့သို့။ထိုအတူထိနစေတသိက်သည်။ ဝိညာဏက္ခန္ဓာ၏အမှု၌။ မကျန်းမ

ခန့်ခြင်းလက္ခဏာရှိ၏။ ။ကြာပွင့်သည်နေနှင့်တွေ့သောအခါ။ ညှိုးနွမ်းမည်း ခွေသကဲ့သို့။ ထိုအတူမိဒ္ဓစေတသိက်သည်။ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓါ၊သင်္ခါရက္ခန္ဓါတို့၏အမှု၌။မကျွန်းမခံနိုင်ခြင်းလက္ခဏာရှိ၏။ ။တောခရီး၌ လမ်းနှစ်ခွကိုတွေ့သောအခါ။ ဤလမ်း မှန်သလော၊မမှန်သလော ဟုတွေးတော သင်္ကာရှိသကဲ့သို့။ ထိုအတူဝိစိကိစ္ဆာ စေတသိက်သည်။ ဘုရားလော၊ဘုရား မဟုတ်လော။ တရားလော၊ တရားမဟုတ်လော။ သံဃာလော၊ သံဃာ မဟုတ် လောဟု။ ယုံမှား သင်္ကာ တတ် သောလက္ခဏာရှိ၏။ ။လေးကျွန်း သနင်းစကြာမင်း၏။ ပတ္တမြားရတနာသည်။ ရေနောက်ကို ကြည်လင် စေသကဲ့သို့။ ထိုအတူသဒ္ဓါစေတသိက်သည်။ မိမိနှင့်သမ္ပယုတ်ဖြစ်သော တရားတို့ကိုရတနာ သုံးပါးတို့၌ ယုံကြည်စေ တတ်သော လက္ခဏာရှိ၏။ ။စကြာဝတေးမင်း၏ဘဏ္ဍာစိုးသည်။ ဘဏ္ဍာဥစ္စာမည်မျှရှိ၏ဟုမင်းကိုသိစေသကဲ့သို့။ထိုအတူသတိစေတသိက်သည်။ မိမိနှင့်သမ္ပယုတ်ဖြစ်သောတရားတို့ကိုရတနာသုံးပါးတို့၌အောက်မေ့စေတတ်သောလက္ခဏာရှိ၏။ ။ကောင်းသောအကျင့်ရှိသော အမျိုးချွေးမသည်။ မိမိကိုယ်ကို အရှိအသေပြုသဖြင့်မကောင်းမှုမှစက်ဆုပ်သကဲ့သို့။ ထိုအတူဟိရိစေတသိက်သည်။ ကာယဒုစရိုက် အစရှိသော အကုသိုလ်မှ စက်ဆုပ်ခြင်းလက္ခဏာရှိ၏။ ။သီလရှိသောပြည့်တန်ဆာမိန်းမသည်။သူတပါးကိုအရှိအသေပြုသဖြင့်မကောင်းမှုမှ ထိတ်လန့်သကဲ့သို့။ထိုအတူဩတ္တပ္ပစေတသိက်သည်ကား။ ကာယဒုစရိုက်အစရှိသည်တို့မှထိတ်လန့်ခြင်းလက္ခဏာရှိ၏။ ။ရဟန္တာအရှင်မြတ်တို့သည်။ တထောင့်ငါးရာမကေများလှစွာသောကိလေသာတို့ကို။ အရဟတ္တမဂ်ဉာဏ်ဖြင့်အကြွင်းမဲ့သတ်ဖြတ်သကဲ့သို့။ ထိုအတူအလောဘစေတသိက်သည် အာရုံခြောက်ပါးတို့၌။ မကပ်မငြိစင်ကြယ်စန့်ရှင်းသောလက္ခဏာရှိ၏။ ။အဆွေခင်ပွန်းတို့အားပြုရသောဝတ်နှင့်လျော်စွာ။ကျင့်သောခင်ပွန်းကောင်းကဲ့

သို့။ ထိုအတူအဒေါသစေတသိက်သည်။ မကြမ်းထမ်းသဖြင့်မ
ပြစ်မှားခြင်းလက္ခဏာရှိ၏။ ။ရထားလှည်းမှူးသည်။ရထား
၌က[illegible]သော မြင်းလေးစီး တို့ကို အညီအမျှ ရှုသကဲ့သို့။ ထိုအတူ
တတြမဇ္ဈတ္တတာ စေတသိက်သည်။ စိတ်စေတသိက်တို့ကိုအ
ညီအမျှရှုခြင်းလက္ခဏာရှိ၏။ ။နေပူမှလာသောသူသည်။အရိပ်
သို့ဝင်သောအခါအပူငြိမ်းသကဲ့သို့။ ထိုအတူကာယပဿဒ္ဓိစေ
တသိက်သည်။ဝေဒနာက္ခန္ဓာအစရှိသော။ နာမက္ခန္ဓာသုံးပါးတို့
ကို။ငြိမ်းစေတတ်သောလက္ခဏာရှိ၏။ ။စိတ္တပဿဒ္ဓိစေတ
သိက်သည်ကား။ ဝိညာဏက္ခန္ဓာကိုသာ။ ပူပန်ခြင်းမှ ငြိမ်းစေ
တတ်သောလက္ခဏာရှိ၏။ ။သစ်စိမ်းဝါးစိမ်းတို့သည်။နေပူ
၌သွေ့ခြောက်သောအခါ ပေါ့သကဲ့သို့။ ထိုအတူကာယလဟု
တာစေတသိက်သည်။ ဝေဒနာက္ခန္ဓာအစရှိသောနာမက္ခန္ဓာသုံး
ပါးတို့၏လေးသောအဖြစ်မှ။ပေါ့စေတတ်သောလက္ခဏာရှိ၏။ ။
စိတ္တလဟုတာ စေတသိက်သည်ကား။ ဝိညာဏက္ခန္ဓာ၏သာ။
လေးသောအဖြစ်မှပေါ့စေခြင်းလက္ခဏာရှိ၏။ ။သွေ့ခြောက်
လေပြီးသောသစ်ဝါးတို့ကို ရေစိမ်သော်။နူးညံ့သကဲ့သို့။ ထိုအ
တူကာယမုဒုတာစေတသိက်သည်။ ဝေဒနာက္ခန္ဓာအစရှိသော
နာမက္ခန္ဓာ သုံးပါးတို့၏ ကြမ်းထမ်းသော အဖြစ်ကို နူးညံ့စေ
တတ်သောလက္ခဏာရှိ၏။ ။စိတ္တမုဒုတာစေတသိက်သည်
ကား။ ဝိညာဏက္ခန္ဓာ၏ကြမ်းထမ်းသော အဖြစ်ကိုသာ။ နူးညံ့
စေတတ်သောလက္ခဏာရှိ၏။ ။ပျော့ပြောင်းသောဘယောင်း
ကို ရေစိမ် သော်။ ခက်ထရော် ရှိသကဲ့သို့။ ထိုအတူ ကာယ
ကမ္မညတာ စေတသိက်သည်။ ဝေဒနာက္ခန္ဓာ အစရှိသော နာ
မက္ခန္ဓာသုံးပါးတို့၏အမှု၌။ ခန့်ကျန်းစေတတ်သောလက္ခဏာရှိ
၏။ ။စိတ္တကမ္မညတာစေတသိက်သည်ကား။ဝိညာဏက္ခန္ဓာ
၏အမှု၌သာ။ ခန့်ကျန်းစေတတ်သော လက္ခဏာရှိ၏။ ။နာ
သောသူကိုအနာငြိမ်း၍စိုးရိမ်ခြင်းမရှိသကဲ့သို့။ ထိုအတူကာယ
ပါဂုညတာ စေတသိက်သည်။ ဝေဒနာက္ခန္ဓာ အစရှိသော နာ

မက္ခန္ဓာသုံးပါးတို့၏။နာသောအဖြစ်မှငြိမ်းစေတတ်သောလက္ခဏာရှိ၏။ ။စိတ္တပါဂုညတာ စေတသိက်သည်ကား။ ဝိညာဏက္ခန္ဓာ၏သာ။ နာသောအဖြစ်မှ။ ငြိမ်းစေတတ်သော· လက္ခဏာရှိ၏။ ။ကောက်သောမြွားကို ဆိဆွတ်၍ လေးသမားဖြောင့်သည်ရှိသော်။ကောင်းစွာဖြောင့်မတ်သကဲ့သို့။ ထိုအတူကာယုဇ္ဇုကတာစေတသိက်သည်။ဝေဒနာက္ခန္ဓာအစရှိသောနာမက္ခန္ဓာ သုံးပါးတို့၏ကောံကျစ်သောအဖြစ်ကို ဖြောင့်မတ်စေတတ်သောလက္ခဏာရှိ၏။ ။စိတ္တုဇ္ဇုကတာစေတသိက်သည်ကား။ဝိညာဏက္ခန္ဓာ၏သာ။ ကောံကျစ်သောအဖြစ်ကို ဖြောင့်စေတတ်သောလက္ခဏာရှိ၏။ ။မင်းဘေးမင်းဒဏ်ကိုကြောံသောကြောင့်။မင်းအဖြစ်ကိုဝန်ခံသကဲ့သို့။ ထိုအတူသမ္မာဝါစာစေတသိက်သည်။မုသာဝါဒ၊ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း လက္ခဏာရှိ၏။ ။ခိုးသူတို့သည်မင်းဒဏ်ကိုကြောက်သောကြောင့်။ မခိုးမဝှက်ဝံ့သကဲ့သို့။ ထိုအတူသမ္မာကမ္မန္တ စေတသိက်သည်။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရဟူသောကာယဒုစရိုက်တို့မှ ကြဉ်ရှောင်ခြင်း လက္ခဏာရှိ၏။ ။သေရအံ့သည်မှ ကြောက်သောသူသည်။ အဆိပ်သီးကို မစားဝံ့သကဲ့သို့။ထိုအတူသမ္မာအာဇီဝစေတသိက်သည်။ ကာယဒုစရိုက်သုံးပါး။ ဝစီဒုစရိုက်လေးပါး။ ဤဒုစရိုက်ခုနစ်ပါးတို့မှ ကြဉ်ရှောင်ခြင်းလက္ခဏာရှိ၏။ ။သားသမီးတို့၏ဆင်းရဲခြင်းကိုမြင်သော်။ အမိ၏ကျင်နာခြင်းဖြစ်သကဲ့သို့။ ထိုအတူကရုဏာစေတသိက်သည်။သူတပါးတို့၏ဆင်းရဲကိုပယ်လိုကာမျှလက္ခဏာရှိ၏။ ။သားသမီးတို့၏ပြည့်စုံကြွယ်ဝခြင်းကိုမြင်လျှင်။မိဘတို့သည်ဝမ်းမြောက်သကဲ့သို့။ ထိုအတူမုဒိတာစေတသိက်သည်။သူတပါးတို့၏စည်းစိမ်ချမ်းသာကိုမြင်သောအခါ။ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း လက္ခဏာရှိ၏။ ။သဗ္ဗညုဘုရားသည်။ ခပ်သိမ်းသောတရားတို့ကို အဟုတ်အမှန်သိတော်မူသကဲ့သို့။ ထိုအတူ

ပညာစေတသိက်သည်။သိအပ်သောအမှုတို့ကို အပြားအားဖြင့် အမှန်သိတတ်သောလက္ခဏာရှိ၏။ ။သညာလည်းသိတတ် သည်၊ ဝိညာဏ်လည်း သိတတ်သည်။ ပညာလည်း သိတတ် သည်တွင်။ ထိုသုံးပါးတို့၏သိခြင်းအထူးကား။သူငယ်။ သူငယ် အမိ။ရွှေပန်းထိမ်သည်တို့၏။ရွှေကိုသိသကဲ့သို့တည်း။ ။သူ ငယ်သည် ရွှေကိုကောက်၍ရသောအခါ။ ဝါဝါပြောင်ပြောင်မျှ ကိုသာသိသည်။ ရွှေဟူ၍မသိသကဲ့သို့။ ထိုအတူသညာသည်။ အညိုအရွှေအနီအဖြူမျှကိုသာသိသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခ ဏာကိုလည်း မသိတတ်။ မဂ်ဖိုလ်ရအပ်သော အကြောင်းကို လည်းမသိတတ်။ ။သူငယ်အမိသည်လည်း။သူငယ်ပြသော ရွှေကိုဝါဝါပြောင်ပြောင်ကိုလည်းသိ၏။ ရွှေဟူ၍လည်းသိ၏။အ ရေကိုမူကား။ မည်မျှသော ရှိသည်ဟု မသိသကဲ့သို့။ ထိုအတူ ဝိညာဏ်သည်။ အာရုံ၏ သဘောကိုလည်းသိ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ကိုလည်း သိ၏။ မဂ်ဖိုလ်ကို ရအံ့သော အ ကြောင်းကိုမူကား။ မသိဟူလိုသည်။ ။ရွှေပန်းထိမ်သည်မူ ကား။ ဝါဝါ ပြောင်ပြောင် ကိုလည်း သိ၏။ ရွှေဟူ၍လည်းသိ ၏။အရေမည်မျှဟူ၍လည်း သိသကဲ့သို့။ ထိုအတူ ပညာသည် မူကား။ အာရုံ၏ သဘောကိုလည်းသိ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာကိုလည်း သိ၏။ မဂ်ဖိုလ် ရအံ့သော အကြောင်းကို လည်းသိ၏။ဟူလိုသည်။

စေတသိက်ငါးဆဲ့နှစ်ခုတို့၏လက္ခဏာအကျဉ်းပြီး၏။

---

စေတသိက်တို့သည်။ စိတ်၌ယှဉ်သောအခါ။ သမ္ပယောဂ နည်း တဆဲ့ခြောက်ပါး တို့ဖြင့် ယှဉ်ကုန်၏။ သင်္ဂဟနည်းဖြင့် သော်ကား။သုံးဆဲ့သုံးပါးတို့ဖြင့်ရေတွက်အပ်ကုန်၏။ ။သမ္ပ ယောဂနည်း တဆဲ့ ခြောက်ပါး တို့ဖြင့် ယှဉ်ခြင်းကား။ သဗ္ဗ စိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့သည်။ တခုယုတ်ကိုး

ဆယ်သောစိတ်တို့နှင့်ယှဉ်ကုန်၏။ ပကိဏ်းစေတသိက် ခြောက်ခုတို့တွင်။ ဝိတက်စေတသိက်သည်။ ဒွေပဉ္စဝိညာဏ်တဆယ်ကိုပယ်၍ ကာမာဝစရစိတ်လေးဆဲ့လေးခု၊ ပဉ္စမဈာန်စိတ်တဆဲ့တခုအားဖြင့်။ ငါးဆဲ့ ငါးခုသော စိတ်တို့၌ယှဉ်၏။ ဝိစာရစေတသိက်သည်။ဝိတက်ဖြစ်သောစိတ်ငါးဆဲ့ငါးခု၌။ ဒုတိယဈာန် စိတ်တဆဲ့ တခုကိုထည့်၍ ခြောက်ဆဲ့ ခြောက်ခုသော စိတ်တို့၌ယှဉ်၏။အဓိမောက္ခစေတသိက်သည်။ တခုယုတ်ကိုးဆယ်သော စိတ်တို့တွင်။ ဒွေပဉ္စဝိညာဏ်တဆယ်။ ဝိစိကိစ္ဆာသဟဂုတ်ကိုပယ်၍ ခုနစ်ဆဲ့ခုနစ်ခုသော စိတ်တို့၌ယှဉ်၏။ ဝိရိယစေတသိက်သည်။ ပဉ္စဒွါရာဝဇ္ဇန်း။ ဒွေပဉ္စဝိညာဏ်တဆယ် သမ္ပဋိစ္ဆန်းဒွေသန္တီရဏသုံးခုကိုပယ်၍ခုနစ်ဆဲ့သုံးခုသောစိတ်တို့၌ယှဉ်၏ပီတိစေတသိက်သည်။ ဒေါသမူဒွေ။ ဥပေက္ခာစိတ်ငါးဆဲ့ငါးခု။ ကာယဝိညာဏ်ဒွေ။ စတုတ္ထဈာန်စိတ်တဆဲ့ တခုကိုပယ်၍ ငါးဆဲ့တခုသော စိတ်တို့၌ ယှဉ်ကုန်၏။ ဆန္ဒစေတသိက်သည်။အဟိတ်စိတ်တဆဲ့ရှစ်ခု။ မောဟမူဒွေကိုပယ်၍ တခုယုတ်နှစ်ဆယ်သောစိတ်တို့၌ယှဉ်၏။

အကုသိုလ်စေတသိက် တဆဲ့လေးခုတို့တွင်။ မောဟ၊အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ။ ဤစေ တသိက် လေးခုတို့သည်။ အကုသိုလ် စိတ် တဆဲ့နှစ်ခု တို့၌ယှဉ်၏။ လောဘ စေ တသိက်သည်လောဘမူစိတ် ရှစ်ခုတို့၌ယှဉ်၏။ ဒိဋ္ဌိစေတသိက် သည်။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေခုတို့၌ ယှဉ်၏။ မာန စေတသိက်သည်။ ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ် လေးခုတို့၌ ယှဉ် ၏။ ဒေါ သ၊ ဣဿာ မစ္ဆရိယ၊ ကုက္ကုစ္စ။ ဤစေတသိက် လေးခုတို့သည်၊ ဒေါသမူဒွေတို့၌ သာယှဉ်ကုန်၏။ထိန၊မိဒ္ဓ။ စေတသိက်နှစ်ခုတို့သည်။ လောဘမူသသင်္ခါရိက လေးခု။ ဒေါသမူသသင်္ခါရိက အားဖြင့်။ငါးခုသောစိတ်တို့၌ယှဉ်ကုန်၏။ဝိစိကိစ္ဆာစေတသိက်သည်။ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာယှဉ်၏။

သောဘဏ စေတသိက် နှစ်ဆဲ့ငါးခုတို့တွင်။ သောဘဏ

သာဓါရဏစေတသိက် တဆဲ့ကိုးခုတို့သည်၊ သောဘဏစိတ် တခုယုတ်ခြောက်ဆယ်တို့၌ ယှဉ်ကုန်၏။ ဝိရတိ စေတသိက် သုံးခုတို့သည်။ လောကုတ္တရာစိတ် ရှစ်ခုတို့၌။ သုံးခုလုံး တပြိုင်နက်အမြဲဖြစ်၍ယှဉ်ကြကုန်၏။ လောကီစိတ်တို့တွင်။ ကာမာဝစရကုသိုလ်စိတ်ရှစ်ခုတို့၌။ ရံခါသာယှဉ်ကုန်၏။အသီးအသီးစီလည်းယှဉ်ကြကုန်၏။

အပ္ပမညာဒွေတို့သည်။ ပဥ္စမဈာန် စိတ်ကိုပယ်၍ မဟဂ္ဂုတ်စိတ်တဆဲ့နှစ်ခု။ မဟာ ကုသိုလ်ရှစ်ခု။ မဟာကြိယာ ရှစ်ခုအားဖြင့်။နှစ်ဆဲ့ရှစ်ခုသောစိတ်တို့၌။ရံခါလည်းယှဉ်ကုန်၏။ အသီးအသီးစီလည်းယှဉ်ကြကုန်၏။

ပညာစေတသိက်သည်။ကာမာဝစရဉာဏသမ္ပယုတ်စိတ် တဆဲ့နှစ်ခု။ မဟဂ္ဂုတ်လောကုတ္တရာစိတ် သုံးဆဲ့ငါးခုအားဖြင့်။ လေးဆဲ့ခုနစ်ခုသောစိတ်တ်၌ယှဉ်ကုန်၏။

ဤသို့လျှင်။သဗ္ဗစိတ္တသာဓာရဏစေကသိက်၌ သမ္ပယောဂနည်းတပါး။ ပကိဏ်းစေတသိက်၌ သမ္ပယောဂနည်း ခြောက်ပါး။ အကုသိုလ်စေတသိက်၌ သမ္ပယောဂနည်းငါးပါး။ သောဘဏစေတသိက်၌။ သမ္ပယောဂ နည်းလေးပါး။ ဤအလုံးစုံကိုပေါင်းသော်။ သမ္ပယောဂနည်းကား။ တဆဲ့ခြောက်ပါးအပြား ရှိ၏ဟုလိုသော်။ ထိုကြောင့်အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌။ ။ သတ္တသဗ္ဗတ္ထယုဇ္ဇန္တိ။ ယထာယောဂံ ပကိဏ္ဏကာ။ စုဒ္ဒသာကုသလေသွေဝ။သောဘဏေသွေဝသောဘဏာ။ ။ဟုမဟာအနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။သတ္တ။ခုနစ်ပါးကုန်သောသဗ္ဗစိတ္တသာဓာရဏ စေတသိက် တို့သည်။ သဗ္ဗတ္ထ။ တခုယုတ်ကိုးဆယ်သော စိတ်တို့၌။ ယုဇ္ဇန္တိ။ နည်း တပါးဖြင့် ယှဉ်ကုန်၏။ ပကိဏ္ဏကာ။ ပကိဏ်းစေတသိက်ခြောက်ခုတို့သည်။ ယထာယောဂံ။ယှဉ်သင့်သည်အားလျော်စွာ။ သဗ္ဗတ္ထ။တခုယုတ်ကိုးဆယ်သောစိတ်တို့၌။ ယုဇ္ဇန္တိ။ နည်းခြောက်ပါးဖြင့် ယှဉ်ကုန်၏။ စုဒ္ဒသ။ အကုသိုလ်စေတသိက် တဆဲ့လေးခုတို့သည်။

အာကာသာနဉ္စာယတနကုသလ မဟုတ်ပါ — အကုသလေသွေဝ။ အကုသိုလ်စိတ် တဆဲ့နှစ်ခုတို့၌ သာလျှင်။ ယုဇ္ဇန္တိ။ နည်းငါးပါးဖြင့် ယှဉ်ကုန်၏။ သောဘဏာ။ သောဘဏစေတသိက်နှစ်ဆဲ့ငါးခုတို့သည်။သောဘဏေသွေဝ။ သောဘဏ စိတ်တို့၌ သာလျှင်။ ယုဇ္ဇန္တိ။ နည်း လေး ပါးဖြင့် ယှဉ်ကုန်၏။

## သမ္ပယောဂနည်းတဆဲ့ခြောက်ပါးပြီး၏။

---

စေတသိက် တို့သည်။ စိတ်၌သုံးဆဲ့ သုံးပါးသော သင်္ဂဟ နည်းတို့ဖြင့် ရေတွက်ခြင်းကား၊ လောကုတ္တရာစိတ် ရှစ်ခုတို့တွင်။ ပဌမဈာန်နှင့်ယှဉ်သော လောကုတ္တရာ စိတ် ရှစ်ခုတို့၌။ အညသမာန်း စေတသိက် တဆဲ့သုံးခု။ အပ္ပမညာနှစ်ပါးကိုပယ်၍ သောဘဏစေတသိက် နှစ်ဆဲ့သုံးခု။ ဤသုံးဆဲ့ခြောက်ခု သောစေ တသိက် တို့သည် ဖြစ် ကုန်၏။ ဒုတိယ ဈာန်နှင့် ယှဉ်ကုန် သောလောကုတ္တရာစိတ်ရှစ်ခုတို့၌ကား။ ယခင်သုံးဆဲ့ခြောက်ခု တို့တွင်။ ဝိတက်ကိုပယ်၍ သုံးဆဲ့ငါးခု။ တတိယဈာန်နှင့် ယှဉ် သောလောကုတ္တရာစိတ် ရှစ်ခုတို့၌။ ဝိတက် ဝိစာရကို ပယ်၍ သုံးဆဲ့လေးခု။ စတုတ္ထဈာန်နှင့် ယှဉ်သော လော ကုတ္တရာ စိတ် ဂခုတို့၌။ဝိတက်ဝိစာရပိတိကိုပယ်၍သုံးဆဲ့သုံးခု။ပဉ္စမဈာန်နှင့် ယှဉ်သေါလောကုတ္တရာစိတ်ရှစ်ခုတို့၌လည်း။ဥပေက္ခာကိုထင်၍ ယခင်သုံးဆဲ့သုံးခုသောစေတသိက်တို့သည်ဖြစ်ကုန်၏။

မဟဂ္ဂုတ် စိတ် နှစ်ဆဲ့ခုနစ်ခုတို့တွင်။ ပဌမဈာန်နှင့် ယှဉ် သောစိတ်သုံးခုတို့၌။ အညသမာန်း စေတသိက် တဆဲ့သုံးခု။ ဝိရတီသုံးခုကိုပယ်၍ သောဘဏစေတသိက်နှစ်ဆဲ့နှစ်ခု။ ဤသုံး ဆဲ့ငါးခုသော စေတသိက် တို့သည် ဖြစ်ကုန်၏။ ကရုဏာ မုဒိတာတို့ကို အသီးအသီး ယှဉ်ရမည်။ ။ဒုတိယ ဈာန်နှင့် ယှဉ်သောစိတ်သုံးခုတို့၌။ဝိတက်ကိုပယ်၍သုံးဆဲ့လေးခု။ တတိ ယဈာန်နှင့် ယှဉ်သောစိတ်သုံးခုတို့၌။ဝိတက်၊ဝိစာရကို ပယ်၍

သုံးဆဲ့သုံးခု။ စတုတ္ထဈျာန်နှင့်ယှဉ်သောစိတ်သုံးခုတို့၌။ ဝိတက်၊
ဝိစာရ၊ ပီတိကိုပယ်၍ သုံးဆဲ့နှစ်ခုပဉ္စမဈျာနှင့်ယှဉ်သော စိတ်
တဆဲ့ငါးခုတို့၌။ဝိတက်၊ဝိစာရ၊ပီတိ၊ အပ္ပမညာဒွေတို့ကို ပယ်
၍ယခင်သုံးဆယ်သောစေတသိက်တို့သည်ဖြစ်ကုန်၏။

ကာမာဝစရ သောဘဏစိတ် နှစ်ဆဲ့လေးခုတို့တွင်။ မဟာ
ကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိ
ကစိတ်။ သသင်္ခါရိကစိတ်။ ဤပဌမဒွေ၌။ အညသမာန်းစေတ
သိက်တဆဲ့သုံးခု။သောဘဏစေတသိက်နှစ်ဆဲ့ငါးခု။ ဤသုံးဆဲ့
ရှစ်ခုသော စေတသိက်တို့သည် ဖြစ်ကုန်၏။ ထိုသုံးဆဲ့ရှစ်ခုအ
နက်။ အပ္ပမညာဒွေဝိရတီသုံးခုတို့ကို။ အသီးအသီးယှဉ်ရမည်။
ဒုတိယအသင်္ခါရိကစိတ်သသင်္ခါရိကစိတ်နှစ်ခုတို့၌။ ယခင်သုံး
ဆဲ့ရှစ်ခုတွင်။ ဉာဏ်ကိုပယ်၍ သုံးဆဲ့ခုနစ်ခု၊ တတိယအသင်္ခါ
ရိကစိတ်သသင်္ခါရိကစိတ်နှစ်ခုတို့၌။ယခင်သုံးဆဲ့ရှစ်ခုတို့တွင်။
ပီတိကိုပယ်၍သုံးဆဲ့ခုနစ်ခု။စတုတ္ထအသင်္ခါရိကစိတ် သသင်္ခါ
ရိကစိတ်နှစ်ခုတို့၌။ယခင်သုံးဆဲ့ရှစ်ခုတွင်။ ဉာဏ်ပီတိကိုပယ်၍
သုံးဆဲ့ခြောက်ခုသောစေတသိက်တို့သည် ဖြစ်ကုန်၏။ ။မ
ဟာ ကုသိုလ်။ ။မဟာဝိပါက်စိတ် ရှစ်ခုတို့တွင်။ ပဌမအ
သင်္ခါရိကစိတ်။ သသင်္ခါရိကစိတ်နှစ်ခုတို့၌။ အညသမာန်းစေ
တသိက်တဆဲ့သုံးခု။ အပ္ပမညာဒွေ။ ဝိရတီသုံးခုမှတပါး။ သော
ဘဏစေတသိက် နှစ်ဆယ်ထည့်၍ ဤသုံးဆဲ့ သုံးခုသော စေ
တသိက်တို့သည်ဖြစ်ကုန်၏။ ဒုတိယ အသင်္ခါရိက သသင်္ခါရိ
ကစိတ်နှစ်ခုတို့၌။ ယခင်သုံးဆဲ့သုံးခုတွင်။ ဉာဏ်ကိုပယ်၍ သုံး
ဆဲ့နှစ်ခု။ တတိယအသင်္ခါရိကစိတ်။ သသင်္ခါရိကစိတ်နှစ်ခုတို့
၌လည်း။ ယခင်သုံးဆဲ့ သုံးခုတွင်။ ပီတိကို ပယ်၍ သုံးဆဲ့နှစ်ခု။
စတုတ္ထအသင်္ခါရိက သသင်္ခါရိကစိတ်နှစ်ခုတို့၌လည်း။ ယခင်
သုံးဆဲ့သုံးခုတွင်။ ဉာဏ်ပီတိကိုပယ်၍ သုံးဆဲ့တခုသောစေတ
သိက်တို့သည်ဖြစ်ကုန်၏။ ။မဟာဝိပါက်။ ။မဟာကြိယာ
စိတ်ရှစ်ခုတို့တွင်။ပဌမအသင်္ခါရိကစိတ်၊သသင်္ခါရိကစိတ်နှစ်ခု

တို့ဋ္ဌ။ အညသမါန်းစေတသိက်တဆဲ့သုံးခု။ဝိရတိသုံးခုမှတပါး။ သောဘဏ စေတသိက်နှစ်ဆဲ့နှစ်ခု။ ဤစေတသိက်သုံးဆဲ့ငါးခု တို့သည်ဖြစ်ကုန်၏။ဒု တိယအသင်္ခါရိကစိတ်သသင်္ခါရိကစိတ် နှစ်ခုဋ္ဌကား။ ယခင်သုံးဆဲ့ငါးခုတို့တွင်။ ဉာဏ်ကိုပယ်၍ သုံးဆဲ့ လေးခု။ တတိယ အသင်္ခါရိကစိတ်သသင်္ခါရိကစိတ်နှစ်ခုတို့ဋ္ဌ လည်း။ ယခင်သုံးဆဲ့ငါးခုတွင်။ ပိတိကိုပယ်၍ သုံးဆဲ့လေးခု။ စတုတ္ထအသင်္ခါရိကစိတ် သသင်္ခါရိကစိတ်တို့ဋ္ဌလည်း။ ယခင် သုံးဆဲ့ငါးခုတို့တွင်။ ဉာဏ်ပိတိကိုပယ်၍သုံးဆဲ့သုံးခုသောစေ တသိက်တို့သည်ဖြစ်ကုန်၏။ ။မဟာကြိယာ။

အကုသိုလ်စိတ်တဆဲ့နှစ်ခုတို့တွင်။ လောဘမူပဌမအသင်္ခါ ရိကစိတ်တို့ဋ္ဌ။ အညသမာန်းစေတသိက်။ တဆဲ့သုံးခု။မောဟ အဟိရိက၊အနောတ္တပ္ပ၊ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ။ ဤတဆဲ့ကိုးခုသော စေတသိက်တို့သည်ဖြစ်ကုန်၏။ ၎င်းဒုတိယအသင်္ခါရိကစိတ်ဋ္ဌ။ ယခင်တဆဲ့ကိုးခုတွင်။ဒိဋ္ဌိကိုပယ်၍မာနကိုထည့်သော်။တဆဲ့ ကိုးခု။တတိယအသင်္ခါရိကစိတ်ဋ္ဌ။ ယခင်တဆဲ့ကိုးခုတွင်။ပိတိ ကိုပယ်၍တဆဲ့ရှစ်ခု။စတုတ္ထအသင်္ခါရိကစိတ်ဋ္ဌ။ ယခင်တဆဲ့ ရှစ်ခုတွင်။ဒိဋ္ဌိကိုပယ်၍မာနကိုထည့်သော်၊ တဆဲ့ရှစ်ခု။ ပဋိဃ သမ္ပယုတ် ပဌမအသင်္ခါရိက စိတ်ဋ္ဌကား။ ပိတိကိုပယ်၍အည သမာန်းစေတသိက်တဆဲ့နှစ်ခု။မောဟ၊ အဟိရိက၊ အနောတ္တပ္ပ။ ဥဒ္ဓစ္စ။ဒေါသ။ဣဿာ၊မစ္ဆရိယ။ကုက္ကုစ္စ။ဤနှစ်ဆယ်သော်စေတ သိက်တို့သည်ဖြစ်ကုန်၏။ ဣဿာ။ မစ္ဆရိယ။ကုက္ကုစ္စတို့ကိုအ သီးအသီး ယှဉ်ရမည်။ လောဘမူ သသင်္ခါရိက စိတ်လေးခု။ ဒေါသမူသသင်္ခါရိကစိတ်တခု။ ဤငါးခုသော်သသင်္ခါရိကစိတ် တို့ဋ္ဌကား။ထိန။မိဒ္ဓနှစ်ခုကို အချင်းခပ်သိမ်း မပယ်မူ၍ ပဌမသ သင်္ခါရိကသည်ပဌမ အသင်္ခါရိကနှင့် အပယ်အဖြစ်တူ၏။ အ ကြွင်းသသင်္ခါရိကတို့လည်း။ ဒုတိယ။တတိယ။စတုတ္ထ၊ပဌမအ သင်္ခါရိက စိတ်တို့နှင့်တူ၏။ အစဉ် အတိုင်းသာ ဟတ်၍ ယူရ မည်၊ ။ဥဒ္ဓစ္စသဟဂုတ်စိတ်ဋ္ဌ။ဆန္ဒပိတိကိုပယ်၍အညသမာန်း

စေတသိက် တဆဲ့တခု။ အကုသလ သာဓာရဏ စေတသိက် လေးခု။ဤတဆဲ့ငါးခုသောစေတသိက်တို့သည်ဖြစ်ကုန်၏။ဝိစိကိစ္ဆာသဟဂုတ်စိတ်၌။ ယခင်တဆဲ့ငါးခုသောစေတသိက်တို့တွင်။ အဓိမောက္ခကိုပယ်၍ ဝိစိကိစ္ဆာကိုထည့်သော်။ တဆဲ့ငါးခုသောစေတသိက်တို့သည်ဖြစ်ကုန်၏။

အဟိတ်စိတ်တဆဲ့ရှစ်ခုတို့တွင်။ဟသိတုပ္ပါဒ်စိတ်၌။ဆန္ဒကိုပယ်၍အညသမာန်းစေတသိက် တဆဲ့နှစ်ခုတို့သည်ဖြစ်ကုန်၏။ မနောဒွါရာဝဇ္ဇန်းစိတ်၌။ ယခင်တဆဲ့နှစ်ခုတို့တွင်။ပီတိကိုပယ်၍တဆဲ့တခု။သောမနဿသန္တီရဏာ၌။ ယခင်တဆဲ့နှစ်ခုတွင်။ဝီရိယကိုပယ်၍တဆဲ့တခုသော စေတသိက်တို့သည်ဖြစ်ကုန်၏။ ။ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆန်း ဒွေပဉ္စဟုသော မနောဓာတ်သုံးခု။ဥပေက္ခာသဟဂုတ်သန္တီရဏာနှစ်ခုတို့၌။ဆန္ဒ။ ပီတိ။ဝီရိယကိုပယ်၍အညသမာန်းစေတသိက်တဆယ်တို့သည်ဖြစ်ကုန်၏။ ။ဒွေပဉ္စဝိညာဏ် တဆယ်တို့၌ကား။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခုတို့သည်ဖြစ်ကုန်၏။

ဤသို့လျှင် လော ကုတ္တရာ စိတ်၌။ သင်္ဂဟ နည်း ငါးပါး။ မဟဂ္ဂုတ်စိတ်၌။သင်္ဂဟနည်းငါးပါး။ ကာမာဝစရသောဘဏစိတ်၌။ သင်္ဂဟနည်း တဆဲ့နှစ်ပါး။ အကုသိုလ်စိတ်၌။ သင်္ဂဟနည်းခုနစ်ပါး။အဟိတ်စိတ်၌။ သင်္ဂဟနည်းလေးပါး။ ဤအလုံးစုံကိုပေါင်းသော်။ သင်္ဂဟနည်းကား။ သုံးဆဲ့သုံးပါးဟုလိုသော်၊ ထိုကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌။ ။ဆတ္တိံသာနုတ္တရေဓမ္မာ။ပဉ္စတိံသမဟဂ္ဂတေ။ အဋ္ဌတိံသာပိလဗ္ဘန္တိ။ကာမာဝစရသောဘဏေ။ ။သတ္တဝီသတိပုညမှိ။ ဒွါဒသာဟေတုကေတိစ။ယထာသမ္ဘဝယောဂေန။ ပဉ္စဓာတတ္ထသင်္ဂဟော။ ။ဟူ၍ မဟာအနုရုဒ္ဓါဆရာမိန့်တော်မူ၏။ ။အနုတ္တရေ။လောကုတ္တရာစိတ်၌။ဆတ္တိံသ။ သုံးဆယ်ခြောက်ပါးကုန်သော။ဓမ္မာ။ စေတသိက်တို့ကို။လဗ္ဘန္တိ။နည်းငါးပါးဖြင့်ရအပ်ကုန်၏။ မဟဂ္ဂတေ။ မဟဂ္ဂုတ်စိတ်၌။ပဉ္စတိံသ။ သုံးဆယ်ငါးပါးကုန်သော။ ဓမ္မာ။

စေတသိက်တို့ကို။ လက္ခဏာ။ နည်းငါးပါးဖြင့်ရအပ်ကုန်၏။ကာမာဝစရသောဘာဝော။ကာမာဝစရသောဘာဝစိတ်၌။အဋ္ဌတိံသာပိ။ သုံးဆယ်ရှစ်ပါးအပြားရှိသည်လည်းဖြစ်ကုန်သော။မွှာ။ စေတသိက်တို့ကို။ လက္ခဏာ။နည်းတဆယ်နှစ်ပါးဖြင့်ရအပ်ကုန်၏။ အပုညမှိ။ အကုသိုလ်စိတ်၌။ သတ္တဝီသတိ။ နှစ်ဆဲ့ခုနစ်ပါးကုန်သော။ဓမ္မာ။ စေတသိက်တို့ကို။လက္ခဏာ။ နည်းခုနစ်ပါးဖြင့်ရအပ်ကုန်၏။အဟေတုကေ။အဟိတ်စိတ်၌။ဒွါဒသ။တဆယ်နှစ်ပါးကုန်သော။ဓမ္မာ။ စေတသိက်တို့ကို။ လက္ခဏာ။နည်းလေးပါးဖြင့်ရအပ်ကုန်၏။ဇာတိစ။ဤသို့လည်း။ ယထာသမ္ဘဝယောဂေန။ ဖြစ်သင့်သည်အား လျော်စွာယှဉ်သဖြင့်၊ တဓာ။ ထို သင်္ဂဟ နည်း၌။သင်္ဂဟော။ရေတွက်ခြင်းသည်။ ပဉ္စဓာ။ငါးပါးအပြားရှိသည်။ဟောတိ။ဖြစ်၏။ ။သင်္ဂဟနည်းသုံးဆဲ့သုံးပါးပြီး၏။

စေတသိက်ပိုင်း၌။ သဘောလက္ခဏာအကျဉ်းပြီး၏။

---

ဆိုအပ်ပြီးသော စေတသိက်တို့ကို။ ဝေဒနာ အားဖြင့်၎င်း။ ဟိတ်အားဖြင့်၎င်း။ ကိစ္စအားဖြင့်၎င်း။ ဒွါရအားဖြင့်၎င်း။ အာရုံအားဖြင့်၎င်း။ဝတ္ထုအားဖြင့်၎င်း။ ဤခြောက်ပါးသောပကိဏ္ဏကနည်းတို့ဖြင့်။ သိးသန့်ခြားနားမှတ်သားအပ်ကုန်၏။ ။ဝေဒနာအားဖြင့်။ အဘယ်သို့သိအပ်သနည်းဟူမူကား။ ဝေဒနာသည်။ သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာ ဟူ၍ အနုဘဝနလက္ခဏာအားဖြင့် သုံးပါးရှိ၏။ သုခဝေဒနာ ဒုက္ခဝေဒနာသော မနဿဝေဒနာဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာဟူ၍ဣန္ဒြိယဘေဒအားဖြင့် ငါးပါးရှိသည်။ ထိုငါးပါးတို့တွင်။ သုခဝေဒနာသည်။ကုသလဝိပါက် သုခသဟဂုတ်ကာယဝိညာဏ်စိတ်၌ သာဖြစ်၏။ ဒုက္ခဝေဒနာသည်လည်း။ အကုသလဝိပါက် ဒုက္ခသဟဂုတ်ကာယ ဝိညာဏ်စိတ်၌ သာဖြစ်၏။ သောမနဿ ဝေဒနာသည်ကား။ လောဘမူသောမနဿစိတ် လေးခု။ ကာမာဝစရ

သောမနဿစိတ်တဆဲ့နှစ်ချ။သောမနဿသန္တီရဏစိတ်တချ။ သောမနဿဟသိတုပ္ပါဒ်စိတ်တချ။ ပဉ္စမဈာန်စိတ်တဆဲ့တချ။ ဒုတိယဈာန်တဆဲ့တချ။တတိယဈာန်တဆဲ့တချ။ စတုတ္ထဈာန် တဆဲ့တချ။ ဤခြောက်ဆဲ့ နှစ်ချသော စိတ်တို့၌ဖြစ်၏။ ဒေါမနဿဝေဒနာသည်။ ဒေါသမူစိတ်နှစ်ချတို့၌ဖြစ်၏။ဥပေက္ခာဝေဒနာသည်ကား။ လောဘမူဥပေက္ခာ စိတ်လေးချ။ မောဟမူစိတ်နှစ်ချ။စက္ခုဝိညာဏ်နွေ့။ သောတဝိညာဏ်နွေ့။ ဃာနဝိညာဏ်နွေ့။ ဇိဝှါဝိညာဏ်နွေ့။ သမ္ပဋိစ္ဆန်းနွေ့။ ဥပေက္ခာသန္တီရဏနွေ့။ အာဝဇ္ဇန်းနွေ့။ ကာမာဝစရ သော ဘဏ ဥပေက္ခာတဆဲ့ နှစ်ချ။ ပဥ္စမဈာန် ဥပေက္ခာစိတ် နှစ်ဆဲ့သုံးချ။ ဤငါးဆဲ့ ငါးချသော ဥပေက္ခာစိတ်၌ဖြစ်၏ဟူလိုသော်။

ဟိတ်အားဖြင့် အဘယ်သို့သိအပ်သနည်းဟူမူကား။ ဟိတ်သည်လောဘဟိတ်ဒေါသဟိတ်မောဟဟိတ်အလောဘဟိတ်၊ အဒေါသဟိတ်၊အမောဟဟိတ်ဟူ၍ သဘောအားဖြင့်ခြောက်ပါး ရှိ၏။ ။ဘုံအားဖြင့်ကါး။လောဘ၊ဒေါသ၊မောဟ။ဤအကုသိုလ်ဟိတ်သုံးပါးတို့သည်ကား။ ကာမတဆဲ့တဘုံ၌သာ ဖြစ်သောကြောင့်သုံးပါး။အလောဘ၊ အဒေါသ၊ အမောဟ။ ဤကုသိုလ်ဟိတ်သုံးပါးတို့သည်။ကာမတဆဲ့တဘုံ။ရူပတဆဲ့ငါးဘုံ။အရူပလေးဘုံ။လောကုတ္တရာဘုံ။ဤလေး၌ာနတို့၌သုံးပါးစီဖြစ်၍တဆဲ့နှစ်ပါး။ရင်းတဆဲ့နှစ်ပါးကိုယခင်သုံးပါးနှင့်ပေါင်းသော်။ဘုံအါးဖြင့်ဟိတ်တို့သည်။ တဆဲ့ငါးပါး ရှိကုန်၏။ ။ဇာတ်အားဖြင့်ကား။လောဘ၊ဒေါသ၊ မောဟ။ဤဟိတ် သုံးချတို့သည်။ အကုသိုလ်ဇာဖြစ်၍။အကုသိုလ်ဟိတ်သုံးပါး။အလောဘ။အဒေါသ။ အမောဟဤဟိတ်သုံးပါးတို့သည်။မာတိကာနည်းဖြစ်သောကုသိုလ်အဗျာကတဇာတ်ဖြစ်၍ ခြောက်ပါးရင်းခြောက်ပါးကိုယခင်သုံးချနှင့်ပေါင်းသော်။ဇာတ်အားဖြင့်ဟိတ်တို့သည်။၉ ပါးရှိကုန်၏။ ။နိဒ္ဒေသနည်းအားဖြင့်ကား။ကုသိုလ်၊အကုသိုလ်၊ဝိပါက်၊ကြိယာ၊ ဤလေး၌ာနတို့၌။ ကုသိုလ်ဟိတ်ကိုးပါး။ အကုသိုလ်

ဟိတ်သုံးပါးကို ပေါင်းသော်။ နိဒ္ဒေသ နည်းအားဖြင့် ဟိတ်တို့သည်။ တဆဲ့နှစ်ပါးရှိကုန်၏။ ။ဤသို့လျှင် သဘောအားဖြင့်ခြောက်ပါး။ဘုံအားဖြင့်တဆဲ့ငါးပါး၊ဇါတ်အားဖြင့်ကိုးပါး။နိဒ္ဒေသအားဖြင့် တဆဲ့နှစ်ပါး။ ဤလေးဝါရကို ပေါင်းသော်။ ဟိတ်ကား။လေးဆဲ့နှစ်ပါးရှိ၏ဟူလိုသော်။ ။ဟိတ်ဟူသည်ကား။ အကြောင်းမူလဆိုလိုသည်။

တခုယုတ်ကိုးဆယ် သောစိတ်တို့တွင်။ အဟိတ်စိတ် တဆဲ့ရှစ်ခုကိုပယ်၍ အကြွင်းခုနစ်ဆဲ့တခုတို့သည်။ ဟိတ်ခြောက်ပါးတို့ယှဉ်သောကြောင့်။ သဟိတ်စိတ်တို့မဉ်ကုန်၏။ထိုသဟိတ်စိတ်ခုနစ်ဆဲ့တခုတို့တွင်လည်း။မောဟမူစိတ်နှစ်ခုတို့သည်။ မောဟဟိတ်တပါးသာ ရှိသောကြောင့်။ ဧကဟိတ်စိတ် မည်ကုန်၏။ လောဘမူစိတ် ရှစ်ခုတို့၌။ လောဘဟိတ်၊မောဟဟိတ် နှစ်ပါး။ ဒေါသမူစိတ်နှစ်ခုတို့၌လည်း။ ဒေါသဟိတ်မောဟဟိတ်နှစ်ပါး။ ကာမာဝစရ ဉာဏဝိပ္ပယုတ်စိတ်တဆဲ့နှစ်ပါးတို့၌။ အလောဘဟိတ် အဒေါသဟိတ်နှစ်ပါးစီ ရှိသောကြောင့်။ ဤတဆဲ့နှစ်ပါးသောစိတ်တို့သည်။ ဒွိဟိတ်စိတ်မည်ကုန်၏။ ကာမာဝစရဉာဏသမ္ပယုတ်စိတ်တဆဲ့နှစ်ခု။ မဟဂ္ဂုတ်လောကုတ္တရာစိတ် သုံးဆဲ့ငါးခု။ ဤလေးဆဲ့ခုနစ်ခုသောစိတ်တို့သည်ကား။ အလောဘဟိတ်၊အဒေါသဟိတ်၊ အမောဟဟိတ်သုံးပါး ရှိသောကြောင့်။ တိဟိတ်စိတ်မည်ကုန်၏ဟူလိုသော်။

ကိစ္စအားဖြင့်အဘယ်သို့သဲအပ်သနည်းဟူမူကား။ ။ကိစ္စသည်။ ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊အာဝဇ္ဇန်းကိစ္စ၊ဒဿနကိစ္စ၊သဝနကိစ္စ၊ဃာယနကိစ္စ၊သာယနကိစ္စ၊ဖုသနကိစ္စ၊သမ္ပဋိစ္ဆန်းကိစ္စ၊သန္တီရဏကိစ္စ၊ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊တဒါရုံကိစ္စ၊ စုတိကိစ္စဟူ၍တဆဲ့လေးပါးရှိ၏။ ။ဌာနအားဖြင့်ကား။ ပဋိသန္ဓေဌာန၊ ဘဝင်ဌာန၊ အာဝဇ္ဇန်းဌာန၊ ပဉ္စဝိညာဏ်ဌာန၊ သမ္ပဋိစ္ဆန်း ဌာန၊ သန္တီရဏဌာန၊ဝုဋ္ဌောဌာန၊ဇောဌာန၊တဒါရုံဌာန၊ စုတိဌာနဟူ၍ဆယ်ပါးရှိ၏။ ။ထိုတဆဲ့လေးကိစ္စ။ဆယ်ဌါနတို့ကိုဤသို့သိ

အပ်၏။ ။လွှန်လေပြီးသောဘဝဟောင်း၌။ယခုပစ္စုပ္ပန်ဘဝကို စပ်တတ်သောသဘောသည်။ပဋိသန္ဓေကိစ္စမည်၏။ထိုကိစ္စဖြင့် မှတ်အပ်သော ကိစ္စရှိသော ပဋိသန္ဓေစိတ္တုပ္ပါဒ်သည်ကား။ပဋိ သန္ဓေဌာနမည်၏။ မပြတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သောအား ဖြင့်။ဘဝ၏အင်္ဂါဖြစ်တတ်သောသဘောသည်။ဘဝင်ကိစ္စမည် ၏။ ထိုဘဝင်ကိစ္စဖြင့်မှတ်အပ်သော ကိစ္စရှိသော ဘဝင်စိတ်တ ဆဲ့ကိုးခုဟုဆိုအပ်သောစိတ္တုပ္ပါဒ်သည်ကား။ဘဝင်ဌာနမည်၏။ အာရုံကိုဆင်ခြင်တတ်သောသဘောသည်။အာဝဇ္ဇန်းကိစ္စမည် ၏။ထိုကိစ္စဖြင့်မှတ်အပ်သောကိစ္စရှိသောပဉ္စဒွါရာဝဇ္ဇန်း။ မနော ဒွါရာဝဇ္ဇန်းစိတ္တုပ္ပါဒ်သည်ကား။အာဝဇ္ဇန်းဌာနမည်၏။ရူပါရုံကို မြင်တတ်သော စက္ခု ဝိညာဏ် ဒွေသည်။ ဒဿနကိစ္စမည်၏။ သဒ္ဒါရုံကိုကြားတတ်သော့သောတဝိညာဏ်ဒွေသည်။သဝနကိစ္စ မည်၏။ ဂန္ဓာရုံကိုနမ်းတတ်သောဃာနဝိညာဏ်ဒွေသည်။ဃာ ယနကိစ္စမည်၏။ ရသာရုံကိုလျက်တတ်သော ဇိဝှါဝိညာဏ်ဒွေ သည်။သာယနကိစ္စမည်၏။ဖောဋ္ဌဗ္ဗာရုံကိုတွေ့တတ်သောကာယ ဝိညာဏ်ဒွေသည်။ ဖုသနကိစ္စမည်၏။ ထိုငါးကိစ္စဖြင့်မှတ်အပ် သော ကိစ္စရှိသော ဒွေပဉ္စဝိညာဏ် တဆယ်ဟု ဆိုအပ်သော စိတ္တုပ္ပါဒ်သည်ကား။ပဉ္စဝိညာဏ်ဌာနမည်၏။ အာရုံငါးပါးကိုခံ သကဲ့သို့ ဖြစ်တတ်သော သဘောသည်။ သမ္ပဋိစ္ဆန်းကိစ္စမည် ၏။ထိုကိစ္စဖြင့်မှတ်အပ်သော ကိစ္စရှိသောသမ္ပဋိစ္ဆန်းဒွေဟု ဆို အပ်သောစိတ္တုပ္ပါဒ်သည်ကားသမ္ပဋိစ္ဆန်းဌာနမည်၏။ အာရုံငါး ပါးကိုစုံစမ်းသကဲ့သို့ဖြစ်တတ်သောသဘောသည်။သန္တီရဏ ကိစ္စမည်၏။ ထိုကိစ္စဖြင့်မှတ်အပ်သော ကိစ္စရှိသော သန္တီရဏ စိတ်သုံးခုဟုဆိုအပ်သော စိတ္တုပ္ပါဒ်သည်ကား။ သန္တီရဏဌာန မည်၏။အာရုံငါးပါးကို ကောင်းစွာမှတ်တတ်သကဲ့သို့ ရှိသော သဘောသည်။ ဝုဋ္ဌောကိစ္စမည်၏။ ထိုကိစ္စဖြင့်မှတ်အပ် သော ကိစ္စရှိသော ဝုဋ္ဌောစိတ္တုပ္ပါဒ်သည်။ ဝုဋ္ဌောဌာနမည်၏။ ရူပါရုံ။ သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံ၊ ဤအာရုံခြောက်ပါးကို

ဖြစ်ထိုက်သည်အားလျော်စွာ။ လျှင်စွာသိတတ်သော သဘော
သည်၊ ဇောကိစ္စမည်၏။ ထိုကိစ္စဖြင့်မှတ်အပ်သော ကိစ္စရှိသော
ဇောစိတ်ငါးဆဲ့ငါးခုဟုဆိုအပ်သောစိတ္တုပ္ပါဒ်သည်ကား။ ဇော
ဌာနမည်၏။ ဇော၏အာရုံကိုအာရုံပြုတတ်သော သဘောသည်။
တဒါရုံကိစ္စမည်၏။ထိုကိစ္စဖြင့်မှတ်အပ်သောကိစ္စရှိသောတဒါ
ရုံစိတ်ကောဒသဟု ဆိုအပ်သော စိတ္တုပ္ပါဒ်သည်ကား။ တဒါရုံ
ဌာနမည်၏။ ထင်ရှား ရှိသောဘဝမှ ရွေ့တတ်သော သဘော
သည်။စုတိကိစ္စမည်။ထိုကိစ္စဖြင့်မှတ်အပ်သော ကိစ္စရှိသောစု
တိစိတ် တဆဲ့ကိုးခုဟုဆိုအပ်သော စိတ္တုပ္ပါဒ်သည်ကား။ စုတိ
ဌာနမည်၏။ ဤသို့သာမညအားဖြင့် ဌာနဆယ်ပါးရှိ၏။ ။ရှေ့
စိတ်နောက်စိတ်တို့၏ အထူးပြုခြင်း ဖြစ်လတ်သော်ကား။ ပဋိ
သန္ဓေဌာနတပါး။ဘဝင်ဌာနခြောက်ပါး။ အာဝဇ္ဇန်းဌာနနှစ်ပါး။
ပဉ္စဝိညာဏ်ဌာနတပါး။သမ္ပဋိစ္ဆန်းဌာနတပါး။ သန္တီရဏဌာန
တပါး။ဝုဋ္ဌောဌာနနှစ်ပါး။ဇောဌာနခြောက်ပါး။ တဒါရုံဌာနနှစ်
ပါး။စုတိဌာနသုံးပါးဟူ၍ နှစ်ဆဲ့ငါးဌာနရှိ၏။ ထိုနှစ်ဆဲ့ငါးဌာန
တို့တွင်။ စုတိဘဝင်စိတ်၏အကြားသည်။ ပဋိသန္ဓေဌာနတပါး
မည်၏။ ပဋိသန္ဓေအာဝဇ္ဇန်း။ ဇောအာဝဇ္ဇန်း။ တဒါရုံအာဝဇ္ဇန်း။
ဝုဋ္ဌောအာဝဇ္ဇန်း။ဇောစုတိ။ တဒါရုံစုတိတို့၏အကြားသည်။ဘ
ဝင်ဌာန ခြောက်ပါးမည်၏။ ဘဝင်ပဉ္စဝိညာဏ် ဘဝင်ဇောတို့
၏အကြားသည်။ အာဝဇ္ဇန်းဌာနနှစ်ပါးမည်၏။ ပဉ္စဒွါရာဝဇ္ဇန်း။
သမ္ပဋိစ္ဆန်းအကြားသည်။ ပဉ္စဝိညာဏ် ဌာနတပါးမည်၏။ ပဉ္စ
ဝိညာဏ် သန္တီရဏတို့၏အကြားသည်။ သမ္ပဋိစ္ဆန်းဌာနတပါး
မည်၏။ သမ္ပဋိစ္ဆန်းဝုဋ္ဌော၏ အကြားသည်။ သန္တီရဏဌာနတ
ပါးမည်၏။သန္တီရဏဇော။ သန္တီရဏဘဝင်တို့၏အကြားသည်။
ဝုဋ္ဌောဌာနနှစ်ပါးမည်၏။ ဝုဋ္ဌောတဒါရုံ။ ဝုဋ္ဌောဘဝင်။ဝုဋ္ဌောစု
တိ။မနောဒွါရာဝဇ္ဇန်းတဒါရုံ။မနောဒွါရာဝဇ္ဇန်းဘဝင်။မနောဒွါရာ
ဝဇ္ဇန်းစုတိတို့၏ အကြားသည်။ ဇောဌာန ခြောက်ပါးမည်၏။
ဇောဘဝင်ဇောစုတိတို့၏အကြားသည်။တဒါရုံဌာနနှစ်ပါးမည်

၏။ ဇောပဋိသန္ဓေ။ တဒါရုံ ပဋိသန္ဓေ။ ဘဝင်ပဋိသန္ဓေတို့၏ အကြားသည်။ စုတိဌာနသုံးပါးမည်၏။ ဤသို့လျှင်ရှေ့စိတ်နောက်စိတ်တို့၏အထူးပြုခြင်း ဖြစ်သောအားဖြင့် နှစ်ဆဲ့ငါးဌာနရှိ၏ဟူလိုသော်။ ။ဤဌာနတို့၏ အခြင်းအရာကို။ ဝိထိချ၍ ဆင်ခြင်မှသိမည်။

ထိုကိစ္စတပ်သောစိတ်တို့ကိုဤသို့သိအပ်၏။ ။ဥပေက္ခာသဟဂုတ်သန္တိရဏစိတ်နှစ်ခု။ မဟာဝိပါက်စိတ်ရှစ်ခု။ ရူပအရူပဝိပါက်ကိုးခု။ ဤတဆဲ့ ကိုးခုသော စိတ်တို့သည်။ ပဋိသန္ဓေကိစ္စ။ဘဝင်ကိစ္စ။စုတိကိစ္စတပ်သေါစိတ်မည်ကုန်၏။ပဋိသန္ဓေစိတ်ဘဝင်စိတ် စုတိစိတ် ဟူ၍လည်းဆိုအပ်၏။ ။ပဉ္စဒွါရာဝဇ္ဇန်း။ မနောဒွါရာဝဇ္ဇန်းစိတ်နှစ်ခုတို့သည်။ အာဝဇ္ဇန်းကိစ္စတပ်သောစိတ် မည်ကုန်၏။ စက္ခုဝိညာဏ် ဒွေသည်။ ဒဿနကိစ္စတပ်၏။ သောတဝိညာဏ်ဒွေသည်။ သဝနကိစ္စ တပ်၏။ ဃာနဝိညာဏ်ဒွေသည်။ဃာယနကိစ္စတပ်၏။ ဇိဝှါဝိညာဏ်ဒွေသည်။ သာယနကိစ္စတပ်၏။ ကာယဝိညာဏ်ဒွေသည်။ ဖုသနကိစ္စတပ်၏။သမ္ပဋိစ္ဆန်းဒွေသည်။ သမ္ပဋိစ္ဆန်းကိစ္စတပ်၏။ သန္တိရဏစိတ်သုံးခုသည်။သန္တိရဏကိစ္စတပ်၏။ မနောဒွါရာဝဇ္ဇန်းစိတ်သည်။ ဝုဋ္ဌောကိစ္စတပ်၏၊အကုသိုလ်စိတ်တဆဲ့နှစ်ခု။ဟသိတုပ္ပါဒ်စိတ်တခု။ မဟာကုသိုလ် ရှစ်ခု။ မဟာကြိယာရှစ်ခု။ မဟဂ္ဂုတ်ကုသိုလ်ကိုးခု။ကြိယာကိုးခု။လောကုတ္တရာစိတ်ရှစ်ခု။ ဤငါးဆဲ့ငါးခုသောစိတ်တို့သည်။ဇောကိစ္စတပ်ကုန်၏။ ဇောငါးဆဲ့ငါးခုဟူ၍လည်းဆို၏။ ။သန္တိရဏစိတ်သုံးခု။မဟာဝိပါက်ရှစ်ခု။ဤတဆဲ့တခုသောစိတ်တို့သည်။တဒါရုံကိစ္စတပ်ကုန်၏။ တဒါရုံဧကာဒသဟူ၍လည်းဆို၏။ ။ဤကိစ္စတပ်သောစိတ်တို့ကို။ အသီးအသီးကောံယူ၍ပြသော်ကား။ဥပေက္ခာသဟဂုတ်သန္တိရဏစိတ်နှစ်ခုတို့ကား။ ပဋိသန္ဓေ ဘဝင်၊ စုတိ၊ တဒါရုံ၊ သန္တိရဏ။ ဤငါးကိစ္စငါးဌါနတပ်ကုန်၏။မဟာဝိပါက်ရှစ်ခုတို့ကား။ပဋိသန္ဓေ၊ဘဝင်၊ စုတိ၊ တဒါရုံ။ဤလေးကိစ္စလေးဌာနတပ်ကုန်၏၊ မဟဂ္ဂုတ်ဝိ

ပါက်စိတ်ကိုးခုတို့ကား။ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ ဤသုံးကိစ္စသုံးဌါနတပ်ကုန်၏။ သောမနဿသန္တီရဏစိတ်ကား။သန္တီရဏ၊ တဒါရုံ။ ဤနှစ်ကိစ္စနှစ်ဌါနတပ်ကုန်၏။ မနောဒွါရာဝဇ္ဇန်းစိတ်ကား။ ဝုဋ္ဌော၊ အာဝဇ္ဇန်း။ဤနှစ်ကိစ္စနှစ်ဌါနတပ်ကုန်၏။ ဇောငါးဆဲ့ငါးခု။မနောဓာတ်သုံးခု။ဒွေပဉ္စဝိညာဏ်တဆယ်တို့ကား။ဖြစ်ထိုက်ရာတကိစ္စတဌါနစီသာတပ်ကုန်၏ဟူလိုသော်။

ဒွါရအားဖြင့်အဘယ်သို့သိအပ်သနည်းဟူမူကား။ ဒွါရသည်၊ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရဟူ၍ခြောက်ပါးရှိ၏။ ထိုခြောက်ပါးတို့တွင်။ စက္ခုပသာဒရုပ်သည်။စက္ခုဒွါရမည်၏။သောတပသာဒရုပ်သည်။ သောတဒွါရမည်၏။ဃာနပသာဒရုပ်သည်။ဃာနဒွါရမည်၏။ ဇိဝှါပသာဒရုပ်သည်။ ဇိဝှါဒွါရမည်၏။ ကာယ ပသာဒရုပ်သည်။ ကာယဒွါရမည်၏။ ဘဝင်စိတ်တဆဲ့ကိုးခုသည်ကား။ အာဝဇ္ဇန်းအစရှိသည်တို့၏အကြောင်းဖြစ်၍။ မနောဒွါရမည်၏။ ထိုခြောက်ပါးသောဒွါရတို့၌ဖြစ်ကုန်သောစိတ်တို့ကား။ ပဉ္စဒွါရာဝဇ္ဇန်း။စက္ခုဝိညာဏ်ဒွေ။သမ္ပဋိစ္ဆန်းဒွေ။ သန္တီရဏသုံးခု။ ဝုဋ္ဌော။ ကာမာဝစရဇောနှစ်ဆဲ့ကိုးခု။တဒါရုံမဟာဝိပါက်ရှစ်ခု။ ဤလေးဆဲ့ခြောက်ခုသောစိတ်တို့သည်။ စက္ခုဒွါရ၌ ဖြစ်ကုန်၏။ သောတ ဒွါရ၌လည်း။ယခင်လေးဆဲ့ခြောက်ခုတွင်။စက္ခုဝိညာဏ် ဒွေကိုပယ်၍သောတဝိညာဏ်ဒွေကို ထည့်သော်။ လေးဆဲ့ခြောက်ခု ရင်းဖြစ်၏။ ဃာနဒွါရ၌ယခင်လေးဆဲ့ခြောက်ခုတွင်။ သောတညာဏ်ဒွေကိုပယ်၍။ ဃာနဝိညာဏ်ဒွေကိုထည့်သော်။ လေးဆဲ့ခြောက်ဇိဝှါဒွါရ၌ ယခင် လေးဆဲ့ခြောက်ခုတွင်။ ဃာနဝိညာဏ် ဒွေကိုပယ်၍ ဇိဝှါ ဝိညာဏ်ဒွေကိုထည့်သော် လေးဆဲ့ခြောက်။ ကာယဒွါရ၌ယခင်လေးဆဲ့ခြောက်ခုတွင်။ ဇိဝှါဝိညာဏ် ဒွေကိုပယ်၍ ကာယဝိညာဏ် ဒွေကို ထည့်သော်။ လေးဆဲ့ခြောက်ခု သောစိတ်တို့သည် ဖြစ်ကုန်၏။ မနောဒွါရ၌ကား။ မနောဒွါရာဝဇ္ဇန်းဇောငါးဆဲ့ငါးခု။ဤခြောက်ဆဲ့နစ်ခုသော စိတ်တို့သည်ဖြစ်ကုန်

၏။ပဋိသန္ဓေ၊ဘဝင်၊စုတိစိတ်တဆဲ့ကိုးခုတို့ကား။ ဒွါရခြောက်ပါးမှလွတ်၏။ ။ဒွါရ၌ဖြစ်သောစိတ်တို့ကိုအသီးအသီးကောံယူ၍ပြသော်ကား။ ဒွေပဉ္စဝိညာဏ် တဆယ်။ မဟဂ္ဂုတ်လောကုတ္တရာဇောနှစ်ဆဲ့ခြောက်ခု။ဤသုံးဆဲ့ခြောက်ခုသော စိတ်တို့သည်။ဖြစ်ထိုက်သည်အားလျော်စွာ တခုသောဒွါရ၌သာ ဖြစ်ကုန်၏။မနောဓါတ်သုံးခုတို့ကား။ငါးပါးသောဒွါရ၌ဖြစ်၏။သောမနဿသန္တီရဏတခု။ဝုဋ္ဌော။ ကာမဇောနှစ်ဆဲ့ကိုးခုတို့ကား။ ခြောက်ပါးသောဒွါရ၌ဖြစ်ကုန်၏။ ဥပေက္ခာသဟဂုတ် သန္တီရဏနှစ်ခု။မဟာဝိပါက်ရှစ်ခုတို့ကား။ ခြောက်ပါးသော ဒွါရတို့၌လည်းဖြစ်ကုန်၏။ခြောက်ပါးသော ဒွါရမှလည်း လွတ်ကုန်၏။ မဟဂ္ဂုတ်ဝိပါက်ကိုးခုတို့ကား။ ခြောက်ဒွါရမှလွတ်ကုန်၏ ဟူလိုသော်။

အာရုံအားဖြင့်အဘယ်သို့သိအပ်သနည်း ဟူမူကား။ ။အာရုံသည်။ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံ ဟူ၍ ခြောက်ပါးရှိ၏။ ထိုခြောက်ပါးတို့တွင်။ ဝဏ္ဏာယတနသည်။ရူပါရုံမည်၏။သဒ္ဒါယတနသည်။သဒ္ဒါရုံမည်၏။ဂန္ဓာယတနသည်။ဂန္ဓာရုံမည်၏။ ရသာယတနသည်။ရသာရုံမည်၏၊ ကာယာယတနသည်။ဖောဋ္ဌဗ္ဗာရုံမည်၏။ပသာဒရုပ်ငါးခု။ သုခုမရုပ်တဆဲ့ခြောက်ခု။ စိတ်တခုယုတ်ကိုးဆယ်။ စေတသိက် ငါးဆဲ့နှစ်ခု။ နိဗ္ဗာန်၊ ပညတ်။ ဤခြောံဝါရတို့သည်ကား။ ဓမ္မာရုံမည်၏။ ။ စက္ခုဒွါရ၌ဖြစ်သောစိတ်လေးဆဲ့ခြောက်ခုတို့သည်။ ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြုကုန်၏။ သောတ ဒွါရ၌ ဖြစ်သောစိတ် လေးဆဲ့ခြောက်ခုတို့သည်။ပစ္စုပ္ပန်သဒ္ဒါရုံကိုအာရုံပြုကုန်၏။ဃာနဒွါရ၌ဖြစ်သောစိတ်လေးဆဲ့ခြောက်ခုတို့သည်။ပစ္စုပ္ပန် ဂန္ဓာရုံကိုအာရုံပြုကုန်၏။ဇိဝှါဒွါရ၌ဖြစ်သောစိတ် လေးဆဲ့ခြောက်ခုတို့သည်။ ပစ္စုပ္ပန်ရသာရုံကို အာရုံပြုကုန်၏။ ကာယဒွါရ၌ဖြစ်သော စိတ်လေးဆဲ့ခြောက်ခုတို့သည်။ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုကုန်

၏။မနောဒွါရ၌ဖြစ်သောစိတ် ခြောက်ဆဲ့ခုနစ်ခုတို့ သည်ကား။ ပစ္စုပ္ပန်အာရုံ၊ အတိတ် အာရုံ၊ အနာဂတ်အာရုံ၊ နိဗ္ဗာန် အာရုံ၊ ပညတ်အာရုံတို့ကို ကာမဇော အဘိညာဉ် မဟဂ္ဂုတ် ဇောဖြစ် ထိုက်သည့်အားလျော်စွာအာရုံပြုကုန်၏။ဒွါရမှလွတ်သောစိတ် တဆဲ့ကိုးခုတို့သည်ကား။ ဘဝတပါး၌ ခြောက်ဒွါရဖြင့်ယူအပ် သောပစ္စုပ္ပန်အာရုံ၊အတိတ်အာရုံ၊ ပညတ်အာရုံ၊ ကမ္မအာရုံ၊ ကမ္မ နိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံတို့ကိုများသောအားဖြင့် ဖြစ်သင့် သည့်အားလျော်စွာအာရုံပြုကုန်၏။ ။ထိုအာရုံပြုတတ်သော စိတ်တို့ကိုအသီးအသီးကောက်ယူ၍ပြသော်ကား။ စက္ခုဝိညာဏ် ဒွေသည်။ ရူပါရုံကို။သောတဝိညာဏ်ဒွေသည်။သဒ္ဒါရုံကို။ဃာ နဝိညာဏ်ဒွေသည်။ ဂန္ဓာရုံကို။ဇိဝှါဝိညာဏ်ဒွေသည်။ ရသာရုံ ကို။ ကာယဝိညာဏ်ဒွေသည်။ဖောဋ္ဌဗ္ဗာရုံကို။ ဤသို့ တပါး တ ပါးစီသောအာရုံပြု၏။မနောဓာတ်သုံးခုသည်။ ရူပါရုံအစရှိသော အာရုံငါးပါးတို့ကို အာရုံပြု၏။ ထိုမှကြွင်းသော ကာမာဝစရဝိ ပါက်စိတ်ဟသိတုပ္ပါဒ်စိတ်တို့သည်ကား။ ကာမာဝစရတရား ကိုအာရုံပြုကုန်၏။ အကုသိုလ်စိတ်တဆဲ့နှစ်ခု။ ကာမာဝစရဉာ ဏဝိပ္ပယုတ်ဇောရှစ်ခုတို့သည်။လောကုတ္တရာမှတပါး အလုံးစုံ သောတရားတို့ကိုအာရုံပြုကုန်၏။ ကာမာဝစရကုသိုလ် ဉာဏ သမ္ပယုတ် စိတ် လေး ခု။ ရူပါ ဝစရ ပဉ္စမ ဈာန် အ ဘိ ညာဉ် ကုသိုလ် တခုတို့သည်။ အရဟတ္တမဂ်စိတ် အရဟတ္တဖိုလ်စိတ် မှ တပါး ရှစ်ဆဲ့ ခုနစ်ပါး သော စိတ် တို့ကို အာရုံ ပြုကုန် ၏။ ကာ မာဝစရ ကြိယာ ဉာဏ သမ္ပ ယုတ် လေးခု။ ကြိယာ အ ဘိညာဉ်စိတ်တခု။ ဝုဋ္ဌောစိတ်တို့သည်။ကာမာဝစရမဟဂ္ဂုတ် လောကုတ္တရာပညတ်တရားတို့ကိုအာရုံပြုကုန်၏။ အရူပါဝစရ စိတ်တဆဲ့နှစ်ခုတို့တွင်။ ဒုတိယစိတ်သုံးခု။ စတုတ္ထစိတ်သုံးခုတို့ သည်။ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏။ ဒုတိယ စတုတ္ထမှ ကြွင်းသောအရူပါဝစရစိတ်ခြောက်ခု။ ရူပါဝစရစိတ်တဆဲ့ငါး ခုတို့သည်။ ကသိုဏ်းအစရှိသော ပညတ်ကို အာရုံ ပြုကုန် ၏။

လောကုတ္တရာစိတ်ရှစ်ခုတို့သည်။ နိဗ္ဗာန်ကို အာရုံပြုကုန်၏ ဟူလိုသော်။

ဇတ္တုအားဖြင့် အဘယ်သို့သိအပ်သနည်း ဟူမူကား။ ။ ဝတ္ထုသည်။စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဟူ၍ခြောက်ပါးရှိ၏။ ထိုခြောက်ပါးတို့တွင်။ စက္ခုပသာဒရုပ်သည်။ စက္ခုဝတ္ထုမည်၏။ သောတပသာဒရုပ်သည်။ သောတဝတ္ထု။ ဃာန ပသာဒ ရုပ်သည်။ ဃာနဝတ္ထု။ဇိဝှါပသာဒရုပ်သည်။ဇိဝှါဝတ္ထု။ကာယပသါဒရုပ်သည်။ ကာယဝတ္ထု။ ဟဒယရုပ်သည်။ ဟဒယဝတ္ထုမည်၏။ ။စက္ခုဝိညာဏဓါတ်သည်။စက္ခုဝတ္ထုကိုမှီ၏။သောတဝိညာဏဓါတ်သည်။သောတဝတ္ထုကို။ဃာနဝိညာဏဓါတ်သည်။ဃာနဝတ္ထုကို။ ဇိဝှါဝိညာဏ ဓါတ်သည်။ ဇိဝှါဝတ္ထုကို။ ကာယဝိညာဏဓါတ်သည်။ကာယဝတ္ထုကိုမှီ၏။ ။ပဉ္စဒွါရာဝဇ္ဇန်း၊သမ္ပဋိစ္ဆန်းနှစ်ခုဟူသော မနောဓါတ် သုံးခုတို့နှင့် သန္တီရဏ သုံးခု။ မဟာဝိပါက်ရှစ်ခု။ဒေါသမူစိတ်နှစ်ခု။သောတာပတ္တိမဂ်။ ဟသိတုပ္ပါဒ်။ ရူပါဝစရ စိတ်တဆဲ့ငါးခု။ ဤသုံးဆယ်သော မနော ဝိညာဏဓါတ်စိတ်တို့သည်ကား။ဟဒယဝတ္ထုကိုမှီကုန်၏။ ။ထိုစက္ခုအစရှိသောခြောက်ပါးသောဝတ္ထုရုပ်တို့ကို။ ကာမတဆဲ့တဘုံ၌။ ဣန္ဒြေငါးပါး ပြည့်စုံသောပုဂ္ဂိုလ်တို့အားရအပ်ကုန်၏။ ပဋိသန္ဓေအခါ။ စက္ခု သောတစသည် ချို့သော ပုဂ္ဂိုလ်တို့အား။ ခြောက်ပါးလုံးကိုမရအပ်ကုန်။ ရူပါဝစရဗြဟ္မာတို့အား။ကာမဂုဏ်တို့၌တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းဖြင့်။ ဃာနာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌တပ်ခြင်းမရှိသောကြောင့်။ ထိုဃာနာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိကုန်သောဃာနပသာဒ၊ ဇိဝှါပသာဒ၊ကာယပသာဒ၊ သုံးပါးတို့၌လည်း။ တပ်ခြင်းမရှိသည်ဖြစ်၍သာ။ဃာနဝတ္ထု၊ဇိဝှါဝတ္ထု၊ ကာယဝတ္ထုတို့ကိုလည်း။ရူပါဝစရဘုံ၌မရှိဟုဆိုသည်။အရူပါဝစရဗြဟ္မာတို့အား။ရုပ်၌တပ်ခြင်းမရှိသောဘာဝနာ၏အစွမ်းဖြင့်။ ရုပ်တို့ကိုအကြွင်းမဲ့ပယ်ပြီးဖြစ်

၍။အရူပလေးဘုံတို့၌ခြောက်ပါးသောဝတ္ထုရုပ်တို့သည်။ မဖြစ် မရှိကုန်ဟူလိုသော်။

စိတ်နှင့်စေတသိက်ပြီးပြွမ်းဖြစ်သော။ပကိဏ္ဏကနည်းပြီး၏။

---

ရုပ်နှစ်ဆဲ့ရှစ်ခုတို့တွင်။ တခု တခု သောရုပ်တို့၏။ သဘော လက္ခဏာကား။ဤသို့တည်း။ ။အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ် ကုန်သောပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော မဟာ ဘုတ်လေးပါးတို့တွင်။ ပထဝီဓာတ်ဟူသည်ကား။ ဆံ၊ အမွေး၊ ခြေသည်း၊လက်သည်း၊ သွား၊ အရေထု၊ အရေပါး၊ အသား။အ ကြော၊ အရိုး၊ ချင်းဆီ၊ အညှို့၊အသည်း၊အမြှေး၊ အဖျဉ်း။အဆုပ်၊ ဦမ၊ ဦသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ ဤနှစ်ဆယ် သောဓာတ်တို့ကား။ ပထဝီဓာတ်တို့တည်း။ ထိုပထဝီဓာတ်နှစ် ဆယ်တို့တွင်။ အစာသစ် အစာဟောင်းတို့သည်။ ဥတုကြောင့် ဖြစ်ကုန်၏၊ကြွင်းသောဓာတ်တို့ကား။ ကံစိတ်ဥတုအာဟာရတို့ ကြောင့်ဖြစ်ကုန်၏။

အာပေါဓာတ်သည်ကား။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊မျက်ရည်၊ဆီကြည်၊တံထွေး၊ နှပ်၊ ရိုး ဆက်ကြား၌ တည်သောအစေး။ ကျင်ငယ်။ ဤတဆဲ့နှစ်ပါးသော ဓာတ်တို့ ကား။ အာပေါဓာတ်တို့တည်း။ အာပေါဓာတ် တဆဲ့နှစ်ပါး တို့ တွင်။ကျင်ငယ်ကားဥတုကြောင့်ဖြစ်၏။တံထွေး၊ ချွေး၊နှပ်၊မျက် ရည်တို့ကား။စိတ်ဥတုကြောင့်ဖြစ်၏။ကြွင်းသောအာပေါဓာတ် တို့ကား။ကံစိတ်ဥတုအာဟာရတို့ကြောင့်ဖြစ်ကုန်၏။

တေဇောဓာတ်ဟူသည်ကား။ဓာတ်ပျက်သဖြင့်သတ္တဝါတို့ ကိုယ်အလုံးပူလောင်ခြင်း။တရက်ချန်ဖျားခြင်းဟူသောသန္တပ္ပန တေဇော။ အင်္ဂါကြီးငယ်တို့ ၏ရင့်ခြင်း၊ လျော့ခြင်းကိုဖြစ်စေ တတ်သောဇီရဏတေဇော။ အစာသစ်တို့ကို လောင်ခြင်းဖြင့်၊ ပြင်းပြစွာပူခြင်း ဟူသောဒါဟတေဇော။ အစာသစ်ကိုကျက်

စေခြင်း ကျေစေခြင်းဟူသော ပါစက တေဇော။ ဤလေးပါးသော ဓာတ်တို့ကား။ တေဇော ဓာတ်တည်း။ ထိုလေးပါးတို့တွင်။ ပါစက တေဇော ဓာတ်ကား။ ကံကြောင့်ဖြစ်၏။အကြွင်းသုံးပါးတို့ကား။ကံစိတ်ဥတုအာဟာရတို့ကြောင့်ဖြစ်ကုန်၏။

ဝါယောဓာတ် ဟူသည်ကား။ အထက်သို့ဆန်တက်သောလေ။အောက်သို့ရုန်သောလေ။ဝမ်း၌ကျိန်းဝပ်သောလေ။ အအိမ်၌ကျိန်းဝပ်သောလေ။ အကြောအခြင်အင်္ဂါကြီးငယ်သို့ ရောက်၍အနှံ့အပြန့်ကျိန်းဝပ်သောလေ။ ထွက်သက်ဝင်သက်လေ။ ဤခြောက်ပါးသောဓာတ်တို့ကား။ဝါယောဓာတ်တည်း။ ထိုခြောက်ပါးတို့တွင်။ထွက်သက်ဝင်သက်လေကား။ စိတ်ကြောင့်ဖြစ်၏။ ကြွင်းသောဝါယောဓာတ်ငါးပါးတို့ကား။ ကံစိတ် ဥတုအာဟာရတို့ကြောင့်ဖြစ်ကုန်၏။

ထိုဓာတ်လေးခုတို့တွင်။ ပထဝီဓာတ်ကိုကန္ဒမရခမြွေနှင့်ဥပမာပြုသည်။ အာပေါဓာတ်ကို။ ပုတိမုခ မြွေနှင့်ဥပမာပြုသည်။ တေဇောဓာတ်ကိုအဂ္ဂိမုခမြွေနှင့်ဥပမာပြုသည်။ ဝါယောဓာတ်ကို။ သတ္ထ မုခမြွေနှင့် ဥပမာပြုသည်။ ဤသို့ကျမ်းဂန် လာရှိ၍ သတ္တဝါတို့ကိုယ်၌ ပထဝီဓာတ်ပျက်လျှင်။ ကြမ်းထမ်း ခက်ထရော် ရှိသောကြောင့်။ ကန္ဒမုခမြွေခဲသည်နှင့် တူသည်ဟု ဆိုသည်။သတ္တဝါတို့ကိုယ်၌အာပေါဓာတ်ပျက်လျှင်။ပုပ်စပ်နံစော်တတ်သောကြောင့်။ ပုတိခမြွေခဲသည်နှင့်တူသည်ဟုဆိုသည်။ သတ္တဝါတို့ကိုယ်၌ တေဇောဓာတ်ပျက်လျှင်။ ပူလောင်ခြင်းပြင်းပြစွာရှိတတ်သောကြောင့်။ အဂ္ဂိမုခမြွေခဲသည်နှင့် တူသည်ဟုဆိုသည်။သတ္တဝါတို့ကိုယ်၌ဝါယောဓာတ်ပျက်လျှင်။ ပျက်ခြင်းကွဲခြင်းရှိတတ်သောကြောင့်။ သတ္ထမုခမြွေခဲသည်နှင့်တူသည်ဟုဆိုသည်။

ထိုဘူတရုပ်မဟာဘုတ်တို့ကို။ ဥပါဒိန္နမဟာဘုတ်။ အနုပါဒိန္နမဟာဘုတ်ဟု နှစ်ဌာနဖြင့်သိရ၏။ လိပ်၊ ငါး၊ နဂါး၊ နတ်၊လူ၊ သဝိညာဏက သတ္တဝါတို့ သန္တာန်၌ ဖြစ်သော မဟာဘုတ်

သည်။ ဥပ္ပါဒိန္နမဟာဘုတ်မည်၏။ စကြာဝဠာ မြင့်မိုရ် တော တောင် မြေ ကျောက် သစ်ပင်စသော အဝိညာဏက သဏ္ဍာန်တို့၌ ဖြစ်သော မဟာဘုတ်သည်။ အနုပ္ပါဒိန္န မဟာဘုတ်မည်၏။ ။ထိုမဟာဘုတ်လေးပါးတို့တွင်။ ပထဝီဓာတ်သည်။ကြမ်းထမ်းခက်ထရော် ရှိတတ်သော လက္ခဏာ ရှိသည်။ အာပေါဓာတ်သည်။ ပြောင်းပျော့တတ်သောလက္ခဏာရှိသည်။တေဇောဓာတ်သည်။ ပူလောင်တတ်သော လက္ခဏာရှိသည်။ ဝါယောဓာတ်သည်။ခိုင်မာတတ်သောလက္ခဏာရှိသည်။ ။စက္ခုပသာဒရုပ်သည်။ ရူပါရုံကိုရှုခြင်းမြင်ခြင်းငှာ အလိုရှိသောကာမတဏှာလျှင်အကြောင်းရှိသောကံကြောင့်ဖြစ်သောမဟာဘုတ်၏။ကြည်လင်ခြင်းလက္ခဏာရှိသည်။သောတပသာဒရုပ်သည်။ သဒ္ဒါရုံကိုကြားခြင်းနာခြင်းငှာ အလိုရှိသော ကာမတဏှာလျှင် အကြောင်းရှိသော ကံ ကြောင့်ဖြစ်သော မဟာ ဘုတ်၏ကြည်လင်ခြင်းလက္ခဏာရှိသည်။ ဃာနပသာဒရုပ်သည်။ဂန္ဓာရုံကိုနမ်းလို ရှုလိုသောကာမ တဏှာလျှင် အကြောင်း ရှိသောကံကြောင့်ဖြစ်သောမဟာဘုတ်၏ ကြည်လင်ခြင်းလက္ခဏာရှိသည်။ ဇိဝှါပသာဒရုပ်သည်။ရသာရုံကိုသါယာလိုသော ကာမတဏှာလျှင် အကြောင်းရှိသေါကံကြောင့်ဖြစ်သေါမဟာဘုတ်၏ ကြည်လင်ခြင်းလက္ခဏာရှိသည်။ ကာယပသာဒရုပ်သည်။ဖောဋ္ဌဗ္ဗာရုံကို တွေ့လိုထိလိုသော ကာမတဏှာလျှင် အကြောင်း ရှိသော ကံ ကြောင့် ဖြစ်သော မဟာဘုတ်၏ ကြည်လင်ခြင်း လက္ခဏာရှိသည်။ ။ရူပါရုံသည်။စက္ခုဝိညာဏ်စိတ်၏ကျက်စားရာအာရုံ၏အဖြစ်လျှင်လက္ခဏာရှိသည်။တနည်းလည်း။ စက္ခုပသာဒအာစရှိသည်တို့နှင့်ထိခြင်းလက္ခဏာရှိသည်။သဒ္ဒါရုံသည်။သောတဝိညာဏ် စိတ်၏ကျက်စားရာ အာရုံ၏အဖြစ်လျှင် လက္ခဏာရှိသည်။ တနည်းလည်း။ သောတပသာဒ အစရှိသည်တို့နှင့် ထိခြင်း လက္ခဏာ ရှိသည်။ ဂန္ဓာရုံသည် ဃာနဝိညာဏ် စိတ်၏ ကျက်စားရာ အာရုံ၏ အဖြစ်လျှင် လက္ခဏာရှိသည်။ တနည်း

လည်း။ ဃာနပသာဒ အစရှိသည်တို့နှင့် ထိခြင်း လက္ခဏာရှိ
သည်။ရသာရုံသည်။ ဇိဝှါဝိညာဏ်စိတ်၏ကျက်စားရာအာရုံ၏
အဖြစ်လျှင်လက္ခဏာရှိသည်။တနည်းလည်း။ ဇိဝှါပသာဒအစရှိ
သည်တို့နှင့်ထိခြင်းလက္ခဏာရှိသည်။ ဖောဋ္ဌဗ္ဗာရုံသည်။ ကာ
ယဝိညာဏ်စိတ်၏ကျက်စားရာအာရုံ၏အဖြစ်လျှင် လက္ခဏာရှိ
သည်။တနည်းလည်း။ ကာယပသာဒအစရှိသည်တို့နှင့်ထိခြင်း
လက္ခဏာရှိသည်။ဣတ္ထိဘောသည်။မိန်းမလိင်။ မိန်းမဟုသိခြင်း
၏အကြောင်း။ မိန်းမ၏အပြုအမူ အသွင်အပြင်တို့၏ အကြောင်း
လျှင်ဖြစ်ခြင်းလက္ခဏာရှိသည်။ ပုမ္ဘာဝသည်။ယောကျ်ားလိင်။
ယောကျ်ားဟု သိခြင်း၏အကြောင်း။ ယောကျ်ား၏ အပြုအမူ။
ယောကျ်ား၏အသွင်အပြင်တို့၏အကြောင်းလျှင်ဖြစ်ခြင်း လက္ခ
ဏာရှိသည်။ ဤဘာဝရုပ်နှစ်ခုတို့၏အထူးကား။ ဣတ္ထိဘာဝရုပ်
ကို။ဣတ္ထိလိင်။ ဣတ္ထိနိမိတ္တ၊ ဣတ္ထိကုတ္တ၊ ဣတ္ထိအာကပ္ပ၏လေးပါး
သောအကြောင်းတို့ဖြင့်သိအပ်သည်။ ထိုလေးပါးတို့တွင်။ဣတ္ထိ
လိင်္ဂဟူသည်ကား။ မိန်းမတို့၏လက်ခြေလည်ရင် အစရှိသော
သဏ္ဌာန်တို့သည်ကား။ယောကျ်ားကဲ့သို့မဟုတ်။မိန်းမ၏အောက်
ကိုယ်ကားသန့်ရှင်း၏။အထက်ကိုယ်ကားမသန့်မရှင်းရှိသည်။လက်
ခြေမျက်နှာတို့သည်လည်း။ငယ်ကုန်သည်ဟုလိုသော်။ ။ဣတ္ထိ
နိမိတ္တဟူသည်ကား။ မိန်းမ၏ကိုယ်၌ရင်သားတို့သည်မသန့်မ
ရှင်း။ မျက်နှာ၌မုတ်ဆိတ်ကျင်စွယ်မရှိ။ ဆံထုံးခြင်းအ
ဝတ် ဝတ်ခြင်းတို့သည်လည်း။ ယောကျ်ားတို့နှင့်မတူကုန် ဟူ
လိုသော်။ ။ဣတ္ထိကုတ္တဟူသည်ကား။ မိန်းမတို့သည် ငယ်
သောအခါ၌။မန်းငယ်ကျည်ပွေ့ငယ်တို့ဖြင့် ကစားတတ်သည်။
ယင်မင်း ငယ်တို့ကို ဆန်းကြယ်စွာ လုပ်၍ ကစား တတ်ကုန်
သည်။ချည်ဝင့်ခြင်း ယက်ကန်းယက်ခြင်းစသည်တို့ဖြင့် ကစား
တတ်ကုန်သည်ဟုလိုသော်။ ။ဣတ္ထိအာကပ္ပဟူသည်ကား။
မိန်းမတို့သည် သွားသောအခါ မသန့်မရှင်း သွားတတ် ကုန်
သည်။ ရပ်ခြင်း၊ အိပ်ခြင်း၊ ထိုင်ခြင်း၊ ခဲခြင်း၊ စားခြင်းတို့သည်

လည်း။မသန့်မရှင်းပြုတတ်ကုန်သည်ဟုလိုသော်။ ။ပုဗ္ဗ ၁၀ ရုပ်ကိုလည်း။ ပရိသလိင်၊ ပုရိသနိမိတ္တ၊ ပုရိသကုတ္တ၊ ပုရိသအာကပ္ပ ဤလေးပါးသောအကြောင်းတို့ဖြင့် သိအပ်သည်။ ပုရိသလိင်ဟူသည်ကား။ ယောကျ်ားတို့၏လက်ခြေ လည်ရင်အစရှိသောသဏ္ဌာန်တို့သည်။ မိန်းမတို့ကဲ့သို့မဟုတ်။ ယောကျ်ားတို့၏အထက်ကိုယ်သည်သန့်ရှင်း၏။ အောက်ကိုမူကား။ မသန့်မရှင်းရှိသည်။ လက်ခြေ မျက်နှာတို့သည်လည်း ကြီးကုန်သည်ဟုလိုသော်။

ပုရိသနိမိတ္တဟူသည်ကား။ ယောကျ်ားတို့၏ ကိုယ်၌။ ရင်သားတို့သည် သန့်ရှင်းကုန်သည်။ မျက်နှာ၌လည်း။ မုတ်ဆိတ်ကျင်စွယ် ရှိကုန်သည်။ ဆံထုံးခြင်း အဝတ်ဝတ်ခြင်းတို့ သည်လည်း။ မိန်းမတို့နှင့် မတူကုန်သည် ဟုလိုသော်။ ။ပုရိသကုတ္တဟူသည်ကား။ ယောကျ်ား တို့သည်။ ငယ်သော အခါ၌လှည်းငယ်ရထားငယ်ထွန်ငယ်တို့ဖြင့်ကစားတတ်ကုန်သည်။ သဲတို့ကိုကန်ပေါင်ရိုးဖွဲ့၍ တွင်းငယ်ကန်ငယ် မြောင်းငယ်တူးလုပ်၍ကစားတတ်ကုန်သည်ဟုလိုသော်။ ။ပုရိသအာကပ္ပဟူသည်ကား။ယောကျ်ားတို့သည်။သွားသောအခါလည်း။သန့်ရှင်းစွာသွားတတ် ကုန်သည်။ ရပ်ခြင်း၊ အိပ်ခြင်း၊ ထိုင်ခြင်း၊ ခဲခြင်း၊ စားခြင်းတို့၌လည်း။ သန့်ရှင်းစွာ ပြုတတ်ကုန်သည် ဟုလိုသော်။ ။ထိုဘာဝရုပ်နှစ်ခုတို့သည်။ကိုယ်အားလုံး၌ပြန့်နှံ့၍အာရုံကိုခံစားတတ်ကုန်၏။

ဟဒယဝတ္ထုသည်။ မနောဓာတ်၊ မနောဝိညာဏဓာတ်နှစ်ခုတို့၏မှီရာ အဖြစ်လျှင်လက္ခဏာရှိသည်။ ဟဒယဝတ္ထုရုပ်ဖြစ်ခြင်းကား။ရင်သမြတ်နှစ်ခုတို့၏အလယ်၌ပုန်းညက်စေ့သဏ္ဌာန် အသားဖုသည်။ နှလုံးခွံ နှလုံးသား မည်၏။ အတွင်း၌တလက်ဆုပ်မျှလောက်သော သွေးသည်ရှိ၏။ ထိုသွေးကိုမှီ၍ ဟဒယဝတ္ထုရုပ်ဖြစ်၏။ ထိုဟဒယဝတ္ထုရုပ်၌သာလျှင်။ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့သည်မှီကုန်ဖြစ်ကုန်၏ဟုလိုသော်။ ။

ဇီဝိတရုပ်သည်။ မိမိနှင့် တကွ ဖြစ်ကုန်သော ကမ္မဇရုပ်တို့ကို စောင့်ခြင်းလက္ခဏာရှိသည်။ဤဇီဝိတရုပ်ကား။ကိုယ်အလုံးကို ပြန့်နှံ့၍ဖြစ်ကုန်၏ဟူလိုသော်။ ။အာဟာရရုပ်သည်။ဇာတ္ထြိယ ရုပ်ရှစ်ခုတို့နှင့်တကွဖြစ်သောရုပ်အပေါင်းကို ခိုင်စေခြင်းလက္ခဏာ ရှိသည်။ တနည်း လည်း။ ဩဇာလျှင် ရှစ်ခု တို့၏ ပြည့် ကြောင်း ဖြစ်သော ရုပ်ကလာပ်ကို ဆောင်ခြင်း လက္ခဏာ ရှိသည်။ ။ဤကား။ နိပ္ဖန္နရုပ်တဆဲ့ရှစ်ပါးတို့၏ သဘောလက္ခဏာတည်း၊

အနိပ္ဖန္နရုပ် ဆယ်ပါး တို့တွင်၊ အာကာသဓာတ် ဟူသော ပရိစ္ဆေဒရုပ်သည်။ တပေါင်းတည်းဖြစ်ကုန်သောကလာပ်ရုပ် တို့ကိုပိုင်းခြားခြင်းလက္ခဏာရှိသည်။ ရှေ့သို့တက်ခြင်းနောက် သို့ဆုတ်ခြင်းလက်ခြေတို့ကို လှုပ်ခြင်းစသည်ကိုဖြစ်စေတတ် သောစိတ္တဇ ဝါယောဓာတ်၏ ဘောက်ပြန်ခြင်းသည်။ ကာယ ဝိညတ်ရုပ်မည်၏။ ထိုကာယဝိညတ် ရုပ်သည်။ ရုပ်တို့ကို ခိုင် မာ စေတတ်သော လက္ခဏာရှိသည်။ စကားပြောဆိုခြင်းကို ဖြစ်စေတတ်သောစိတ္တဇပထဝီဓါတ်၏ဘောက်ပြန်ခြင်းသည်။ ဝစီဝိညတ်ရုပ်မည်၏။ ထိုဝစီဝိညတ်ရုပ်သည်။ ခိုင်မာကြောင်း ဖြစ်သော ပထဝီဓာတ်နှင့်ထိခြင်းလျှင်လက္ခဏာရှိသည်။လဟု တာရုပ်သည်။နိပ္ဖန္နရုပ်တို့၏ပေါ့ခြင်းလက္ခဏာရှိသည်။မုဒုတာ ရုပ်သည်။ နိပ္ဖန္နရုပ်တို့၏ နူးညံ့ခြင်းလက္ခဏာရှိသည်။ ကမ္မညတာရုပ်သည်။ နိပ္ဖန္နရုပ်တို့၏ အမှုဉ် ကောင်းခြင်း လက္ခဏာရှိ သည်။ ။ဥပစယရုပ်သည်။ စက္ခုပသာဒအစရှိသောရုပ်တို့ ဖြစ်ဆဲအတွင်း၌။ နိပ္ဖန္နရုပ်တို့၏ဖြစ်ခြင်း လက္ခဏာရှိသည်။သန္တ တိရုပ်သည်။ ဒသကအစရှိသောရုပ်ဖြစ်ပြီးသည်မှနောက်။နိပ္ဖန္န ရုပ်တို့၏ဖြစ်ခြင်းလက္ခဏာရှိသည်။ဇရတာရုပ်သည်။သွားကျိုး ခြင်း၊ ဆံဖြူခြင်း၊ အရေလိပ်ခြင်းတွန့်ခြင်းစသည်ဖြင့် ရုပ်တို့၏ ရင့်ခြင်း၊ ဟောင်းခြင်း၊ အိုခြင်းလျှင်လက္ခဏာရှိသည်။အနိစ္စတာ

ရုပ်သည်။ ရူပက္ခန္ဓာ အစရှိသော ခန္ဓာငါးပါးတို့၏ သေခြင်း၊ ပျက်ခြင်း၊ ကွယ်ခြင်းလက္ခဏာရှိသည်ဟုလိုသော်။

အနိပ္ဖန္နရုပ်ဆယ်ပါးတို့၏လက္ခဏာပြီး၏။

---

ထိုနှစ်ဆဲ့ရှစ်ပါးသော ရုပ်တို့ကို။ အဇ္ဈတ္တိကဗာဟိရ အစရှိသောအမည်တို့ဖြင့် အသီးအသီးပြသော်ကား။ ပသာဒရုပ်ငါးခုတို့သည်။အတွင်းသဏ္ဍာန်၌ဖြစ်တတ်သောကြောင့်။ အဇ္ဈတ္တိကရုပ်မည်ကုန်၏။ကြွင်းသည့်ရုပ်နှစ်ဆဲ့သုံးခုတို့ကား။အပသဏ္ဍာန်၌ ဖြစ်တတ်သောကြောင့်၊ ဗာဟိရရုပ်မည်ကုန်၏။ ပသာဒရုပ်ငါးခု၊ ဟဒယရုပ်တခု။ဤခြောက်ခုသောရုပ်တို့သည်။ ဝိညာဏဓာတ်တို့၏ မှီရာဖြစ်သောကြောင့်။ ဝတ္ထုရုပ်မည်ကုန်၏။ကြွင်းသည့်ရုပ်နှစ်ဆဲ့နှစ်ခုတို့ကား။အဝတ္ထုရုပ်မည်ကုန်၏။ ပသာဒရုပ်ငါးခု။ဝိညတ်ရုပ်နှစ်ခု၊ ဤခုနစ်ခုသောရုပ်တို့သည်။ နာမ်တရားတို့၏ထွက်ဝင်ရာတံခါးနှင့် တူသောကြောင့်။ ဒွါရရုပ်မည်ကုန်၏။ ကြွင်းသောနှစ်ဆဲ့တပါးသော ရုပ်တို့သည်။ အဒွါရရုပ်မည်ကုန်၏။ ပသာဒရုပ်ငါးခု ဘာဝရုပ်နှစ်ခု။ ဇီဝိတရုပ်တခု။ ဤရှစ်ပါးသော ရုပ်တို့သည်။ အစိုးရ သည်နှင့် ယှဉ်သော ကြောင့်။ ဣန္ဒြိယရုပ်မည်ကုန်၏။ကြွင်းသောရုပ်နှစ်ဆယ်တို့ကား။ ဣန္ဒြိယရုပ်မမည်ကုန်။ ပသာဒရုပ်ငါးခု။ ဝိသယရုပ်ခုနစ်ခု။ဤတဆဲ့နှစ်ပါးသောရုပ်တို့သည်။ ရုန့်ရင်းသောကြောင့်။ ဩဠာရိကရုပ်မည်ကုန်၏။ သန္တိကေရုပ်ဟူ၍လည်းဆိုအပ်ကုန်၏၊ သပ္ပဋိဃရုပ်ဟူ၍လည်းဆိုအပ်ကုန်၏။ ကြွင်းသည့်ရုပ်တဆဲ့ခြောက်ခုတို့ကား။ သုခုမရုပ်မည်ကုန်၏။ ဒူရေရုပ်ဟူ၍ လည်းဆိုအပ်ကုန်၏။ အပ္ပဋိဃရုပ် ဟူ၍လည်း ဆိုအပ်ကုန်၏။ ဣန္ဒြိယရုပ် ရှစ်ခုဘူတရုပ်လေးခုဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဟဒယရုပ်၊ အာကာသဓာတ်။ ဤတဆဲ့ရှစ်ခုသောကမ္မဇရုပ်တို့သည်။ ဥပါဒိန္နရုပ် မည်ကုန်၏။ ရူပါရုံသည်။ သနိဒဿနရုပ်မည်၏။ကြွင်းသောရုပ်နှစ်ဆဲ့ခုနစ်ပါး

တို့ကား။ အနိဒဿနရုပ်မည်ကုန်၏။ စက္ခုသောတ ရုပ်နှစ်ခုတို့သည်။ မိမိသို့ မထိ မရောက်သော အာရုံကို ယူတတ် သောကြောင့်ဇင်း။ ဃာန၊ ဇိဝှါ၊ ကာယရုပ်သုံးခုတို့သည်။ မိမိသို့ထိရောက်သော အာရုံကို ယူတတ်သော ကြောင့်ဇင်း။ ဤငါးပါးသောရုပ်တို့သည်။ ဂေါစရဂ္ဂါဟိကရုပ်မည်ကုန်၏။ ကြွင်းသည့်ရုပ်နှစ်ဆဲ့သုံးခုတို့ကား။ အဂေါစရဂ္ဂါဟိကရုပ်မည်ကုန်၏။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ မဟာဘုတ်လေးပါး။ ဤရှစ်ခုသော ရုပ်တို့သည်။ အသီးမဖြစ်တတ်သောကြောင့်။ အဝိနိဗ္ဘောဂ ရုပ်မည်ကုန်၏။ ကြွင်းသည့်ရုပ်နှစ်ဆယ်တို့ကား။ ဝိနိဗ္ဘောဂရုပ်မည်ကုန်၏ဟုလိုသော်။

စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ။ ဇိဝှါပသာဒ၊ ကာယပသာဒ၊ ဣတ္ထိဘော၊ ပုမ္ဘော။ ဇီဝိတ၊ ဟဒယရုပ် ဤကိုးခုသောရုပ်တို့သည်။ ဧကန္တကမ္မဇရုပ် မည်ကုန်၏။ ။ဝိညတ်ရုပ်နှစ်တို့သည်။ စိတ်ကြောင့်ဖြစ်သော ဧကန္တစိတ္တဇရုပ်မည်ကုန်၏။ သဒ္ဒရုပ်၊ တိဇရုပ်သုံးခု၊ စတုဇရုပ်ကိုးခုတို့ကား။ အနေကန္တစိတ္တဇရုပ်မည်ကုန်၏။ ။သဒ္ဒရုပ်သည်စိတ်ဥတုကြောင့်ဖြစ်၏၊ ဒွိဇရုပ်ဟူ၍လည်းဆိုအပ်၏။ ။လဟုတာ၊ မုဒုတာ၊ ကမ္မညတာ။ ဤဝိကာရရုပ် သုံးခုတို့သည်။ ဥတု၊ စိတ်၊ အာဟာရတို့ကြောင့်ဖြစ်ကုန်၏။ တိဇရုပ်ဟူ၍လည်းဆိုအပ်၏။ ။ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ အာကာသဓာတ်။ ဤကိုးပါးတို့ကား။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ။ ဤလေးပါးတို့ကြောင့်ဖြစ်ကုန်၏။ စတုဇရုပ်ဟူ၍လည်းဆိုအပ်၏။

ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့ကို ဖြစ်စေတတ်သောစိတ်တို့ကို ဤသို့သိအပ်၏။ အကုသိုလ်စိတ်တဆဲ့နှစ်ခု။ မဟာကုသိုလ်စိတ်ရှစ်ခု။ ရူပါဝစရကုသိုလ်စိတ်ငါးခုအားဖြင့်။ နှစ်ဆဲ့ငါးခုသောစိတ်တို့သည်။ ပဋိသန္ဓေစိတ်၏ဥပါဒ်ကိုစွဲ၍ခဏတိုင်းခဏတိုင်း။ ကမ္မဇရုပ်တို့ကိုဖြစ်စေတတ်ကုန်၏။ ။ တခုယုတ် ကိုးဆယ်သော စိတ်တို့တွင်။ အရူပဝိပါက်လေးခု

ဒွေပဉ္စဝိညာဏ် တဆယ်ကိုပယ်၍ ခုနစ်ဆဲ့ငါးခုသော စိတ်တို့
သည်။ ပဋိသန္ဓေစိတ်နောင် ပဉ္စမဘဝင်ကိုစွဲ၍ စိတ္တဇရုပ်တို့ကို
ဖြစ်စေတတ်ကုန်၏။ ။ထိုခုနစ်ဆဲ့ငါးခုသောစိတ်တို့တွင်။ရူ
ပါဝစရကုသိုလ်စိတ်ငါးခု။ အရူပကုသိုလ်စိတ်လေးခု။ ၎င်းကြိ
ယာလေးခု။ လောကုတ္တရာစိတ် ရှစ်ခုအားဖြင့် နှစ်ဆဲ့ ခြောက်ခု
သောအပ္ပနာဇောစိတ်တို့သည်။ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊
လျောင်းခြင်းကိုဖြစ်စေတတ်ကုန်၏။ ။မနောဒွါရာဝဇ္ဇန်းဟူ
သောဝုဋ္ဌောစိတ်။ အကုသိုလ် တဆဲ့နှစ်ခု။ ဟသိတုပ္ပါဒ်။ မဟာ
ကုသိုလ်ရှစ်ခု။ ၎င်းကြိယာရှစ်ခုအားဖြင့် ကာမဇောတခုယုတ်
သုံးဆယ်။ အဘိညာဉ် ဒွေတို့သည်။ လက်လှုပ်ခြင်း။ ခြေလှုပ်
ခြင်း။ ပြောခြင်းဆိုခြင်းကာယဝိညတ်ဝစီဝိညတ်တို့ကို ဖြစ်စေ
တတ်ကုန်၏။လောဘမူသောမနဿလေးခု။ ဟသိတုပ္ပါဒ်တခု။
မဟာ ကုသိုလ် သောမနဿ လေးခု။ မဟာ ကြိယာ သောမ
နဿလေးခုအားဖြင့်။တဆဲ့သုံးခုသောဇောစိတ်တို့သည်။ ရယ်
ခြင်း ပြုံးခြင်းကို ဖြစ်စေတတ်ကုန်၏။ အချမ်း အပူဟု ဆိုအပ်
သော တေဇောဓာတ်သည်။ ဌီသို့ရောက်၍ ဥတုဇ ရုပ်တို့ကို
အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌ဖြစ်ထိုက်သည့်အားလျော်စွာ
ဖြစ်စေတတ်ကုန်၏။ ခဲဘွယ်ဘောဇဉ်ဟူသောအစာသည်။ မျို
သောကာလ၌ဌီသို့ရောက်၍ အာဟာရဇရုပ်တို့ကိုဖြစ်စေတတ်
၏။ လက္ခဏာရုပ်လေးခုတို့သည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့
ကြောင့်မဖြစ်ဟုလိုသော်။

လောက၌သစ်ဝါးကြိမ်နွယ်တို့ကိုရှစ်လုံးတစည်း။ကိုးလုံးတ
စည်း။ ဆယ်လုံးတစည်းဖွဲ့၍ အသီးအသီးလေးဌာန ထားသကဲ့
သို့။နှစ်ဆဲ့ရှစ်ပါးသောရုပ်တို့ကို။ရှစ်ခုတစည်း။ ကိုးခုတစည်း။
ဆယ်ခု တစည်းဖွဲ့၍ ကလာပ် ပြုလုပ်ဟန်ကား။ ကမ္မဇရုပ်က
လာပ်။ စိတ္တဇရုပ်ကလာပ်။ ဥတုဇရုပ်ကလာပ်။ အာဟာရဇရုပ်
ကလာပ်ဟူ၍လေးဌာနရှိ၏။ပထဝီ၊အာပေါ၊ တေဇော၊ ဝါယော၊
ဝဏ္ဏ၊ဂန္ဓ၊ရသ၊ ဩဇာ၊ဤရုပ်ရှစ်ခုတို့တွင်။ ဇီဝိတရုပ်ကိုထည့်

သော်။ ကိုးခုသောရုပ်သည်ဇီဝိတနဝကကလာပ်မည်၏။ ထိုကိုးခုတွင်။ စက္ခုပသာဒရုပ်ကိုထည့်သော်။ တဆယ်သောရုပ်သည်စက္ခုဒသကကလာပ်။ စက္ခုပသာဒကိုပယ်၍ သောတပသာဒကိုထည့်သော်။ သောတဒသကကလာပ်။ သောတပသာဒကိုပယ်၍ဃာနပသာဒကိုထည့်သော်။ဃာနဒသကကလာပ်။ ဃာနပသာဒကိုပယ်၍ ဇိဝှါပသာဒကိုထည့်သော်။ ဇိဝှါဒသကကလာပ်။ဇိဝှါပသာဒကိုပယ်၍ကာယပသာဒကိုထည့်သော်။ ကာယဒသကကလာပ်။ကာယပသါဒကိုပယ်၍ ဣတ္ထိဘောကိုထည့်သော်။ဣတ္ထိဘာဝ ဒသကကလာပ်။ဣတ္ထိဘောကိုပယ်၍ ပုမ္ဘောကိုထည့်သော်။ ပုမ္ဘာဝဒသကကလာပ်။ပုမ္ဘောကိုပယ်၍ဝတ္ထုရုပ်ကို ထည့်သော်၊ ဝတ္ထုဒသက ကလာပ်မည်၏။ ဤကိုးပါးသောရုပ်စည်းတို့သည်။ကံကြောင့်ဖြစ်သောကမ္မဇရုပ်ကလာပ်မည်ကုန်၏။ ။ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊ဝဏ္ဏော၊ဂန္ဓ၊ရသ။ဩဇာ။ဤရှစ်ခုတို့သည်။ သက်သက်သော်အဋ္ဌကလာပ်မည်ကုန်၏။ထိုအဋ္ဌကလာပ်၌ကား။ကာယဝိညတ်ရုပ်ကိုထည့်သော်။ ကိုးခုသောရုပ်တို့သည်ကာယဝိညတ္တိနဝကကလာပ်မည်ကုန်၏။ ကာယဝိညတ်ကိုပယ်၍ ဝစီဝိညတ်သဒ္ဒရုပ်ကိုထည့်သော်။ ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်မည်ကုန်၏။ ဝစီဝိညတ္တိသဒ္ဒတို့ကိုပယ်၍လဟုတာမုဒုတာကမ္မညတာတို့ကိုထည့်သော်။ လဟုတာဒိဧကာဒသကကလာပ်မည်ကုန်၏။လဟုတာ၊မုဒုတာ၊ ကမ္မညတာတို့ကိုပယ်၍၊ ကာယဝိညတ်၊ လဟုတာ၊မုဒုတာ၊ ကမ္မညတာတို့ကိုထည့်သော်။ တဆဲ့နှစ်ခုသော ရုပ်တို့သည်။ ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ်မည်ကုန်၏။ကာယဝိညတ်လဟုတာစသော ရုပ်လေးခုတို့ကိုပယ်၍ ဝစီဝိညတ်၊သဒ္ဒ၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာတို့ကို ထည့်သော်။ တဆဲ့ သုံးခုသောရုပ်တို့သည်။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ်မည်ကုန်၏။ဤခြောက်ပါးသော ရုပ်ရုပ်စည်းတို့သည်။ စိတ်ကြောင့်ဖြစ်သောစိတ္တဇကလာပ်တို့မည်ကုန်၏။ ။သုဒ္ဓဋ္ဌက

ကလာပ် တစည်း။ သဒ္ဒနဝက ကလာပ် တစည်း။ လဟုတာဒိ
ဧကာဒသက ကလာပ်တစည်း။ သဒ္ဒလဟုတာဒိ ဒွါဒသက က
လာပ်တစည်း။ ဤလေးပါးသော ရုပ်ရုပ်စည်းတို့သည်။ ဥတု
ကြောင့်ဖြစ်သော ဥတုဇကလာပ်တို့ မည်ကုန်၏။ ။သုဒ္ဓဋ္ဌက
ကလာပ်တစည်း။ လဟုတာဒိဧကာဒသက ကလာပ်တစည်း။
ဤနှစ်ပါးသောရုပ်ရု ရုပ်စည်းတို့သည်။ အာဟာရကြောင့်ဖြစ်
သောအာဟာရဇကလာပ်မည်ကုန်၏။ ။ပရိစ္ဆေဒရုပ်။လက္ခဏာ
ရုပ်သေးခုတို့သည်ကား။ ကလါပ်တို့၏အင်္ဂါမဟုတ်။ ကလါပ်တို့
ကိုပိုင်းခြားခြင်း မှတ်ခြင်းလက္ခဏာရှိ၏ဟူလိုသော်။

ကာမတဆဲ့တဘုံ၌။ သံသေဒဇပဋိသန္ဓေ။ ဥပပတ်ပဋိသန္ဓေ
နေသောအင်္ဂါမချို့သောပုဂ္ဂိုလ်တို့အား။ စက္ခုဒသကသောတ
ဒသက ဃာနဒသက ဇိဝှါဒသက ကာယဒသက ဘာဝဒသက
ဝတ္ထုဒသကအားဖြင့်။ခုနစ်ပါးသောကလာပ်တို့သည်။ပဋိသန္ဓေ
စိတ်နှင့်တပြိုင်နက်ဖြစ်ကုန်၏။ အမိဝမ်းတွင်းကကာန်းသောသူ။
နားပင်းသောသူ။ နှာခေါင်း ပြတ်သောသူ။ လျှာပြတ်သောသူ။
နပုံးပဏ္ဍုက်။ ကမ္ဘာဦး၌ဖြစ်သောသံသေဒဇ ဥပပတ်တို့အား
ကား။ထိုခုနစ်ပါးသော် အရတို့သည်မဖြစ်ကုန်။ပဝတ္တိအခါသော်
ကား။ နှစ်ဆဲ့ရှစ်ပါးသော ရုပ်တို့ကို ရအပ်ကုန်၏။ အဏ္ဍဇပဋိ
သန္ဓေ။ ဂဗ္ဘသေယျပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့အား။ ကာယဒ
သကဘါဝဒသကဝတ္ထုဒသက။ဤသုံးပါးတို့တွင်လည်း။ဘာဝဒ
သကကိုဘောချို့သောအခါမရအပ်ဟူလိုသော်။ ။ရေကြည်
သန္ဓေဖွဲ့ယူသောဂဗ္ဘသေယျသတ္တဝါ။ အဏ္ဍဇသတ္တဝါတို့အား။
အစဉ်အတိုင်း ရုပ်ကလာပ်ဖြစ်သည်ကို ဤသို့သိအပ်၏။ ဇာတိ
မည်သောသား၏ လက်ကတ်းကြား၌ ရောက်သော။ သိမ်မွေ့
သောအမွေးတပင်ကို ကြိုးလှ ငွာသောနှမ်းဆီ၌ ထည့်၍ဆယ်
ယူသောအခါထိုအမွေးဖျား၌ ကပ်သောဆီပေါက်အတူ။ ကြည်
လှ ငွာသေါရေကြည်သည်။ရှေးဦးငွာခုနစ်ရက်ဖြစ်၏။ ထိုနောင်
အမြှုပ်ခုနစ်ရက်။ ထိုနောင်သားတစ် ခုနစ်ရက်။ ထိုနောင်အခဲ

ချနစ်ရက်။ထိုနောင် ဦးခေါင်းခြေလက်ခက်မငါးဖြာ ချနစ်ရက်။
ထိုနောင်ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်းချနစ်ရက်ဖြစ်၍သါး
တစ်ရင့်၏။ ထိုနောင်စက္ခုပသာဒချနစ်ရက်။ ထိုနောင်သောတ
ပသါဒချနစ်ရက်၊ ထိုနောင်ဃာနပသါဒချနစ်ရက်။ ထိုနောင်ဇိဝှါ
ပသာဒချနစ်ရက်ဖြစ်၏။ ဆံစသည်တို့ကား။ သတ္တာဟလေးဆဲ့
ချနစ်ရက်တို့၌ထင်ရှားဖြစ်ကုန်၏။ ။အဘိဓမ္မဋ္ဌကထာ၌ကား။
ရေကြည်ချနစ်ရက်။ထိုနောင် ရေမြှုပ်ချနစ်ရက်အစရှိသည်ဖြင့်။
အစဉ် အတိုင်းချနစ်ရက် ချနစ်သိစိချည်းဖြစ်၍ တဆဲ့တသတ္တာ
ဟ၌ စက္ခုပသာဒ စသည်ဖြစ်ကြောင်းကိုဆို၏။ ထိုကြောင့်
ဋီကာ၌။ ။ပဌမံကလလံဟောတိ။ ကလလာဟောတိအဗ္ဗုဒံ။
အဗ္ဗုဒါဇာယတေပေသိ။ ပေသိနိပ္ပတ္တတောဃဏံ။ ဃဏာပရံ
သါခါဇါယန္တိ။ကေသါလောမာနခါစာပိ။ဟုလာ၏။ ။ကလလံ။
ရေကြည်သည်။ပဌမံ။ ရှေးဦးစွာချနစ်ရက်ပတ်လုံး။ ဟောတိ။
ဖြစ်၏။ ကလလာ။ ရေကြည်ဖြစ်သည်မှ။ပရံ။ နောက်၌။ အဗ္ဗုဒံ။
အမြှုပ်ချနစ်ရက်ပတ်လုံး။ ဟောတိ။ဖြစ်၏။အဗ္ဗုဒါ။ အမြှုပ်ဖြစ်
သည်မှ။ပရံ။နောက်၌။ပေသိ။ သားတစ်ချနစ်ရက်သည်။ ဇာယ
တေ။ဖြစ်၏။ပေသိနိပ္ပတ္တတော။သားတစ်ဖြစ်သည်မှ။ ပရံ။နောက်
၌။ဃဏံ၊ အခဲချနစ်ရက်သည်။ ဇာယတေ။ဖြစ်၏။ဃဏာ။ အခဲ
ဖြစ်သည်မှ။ ပရံ။ နောက်၌။ သာခါ။ ခက်မငါးဖြာ ချနစ်ရက်တို့
သည်။ ဇာယန္တိ။ဖြစ်ကုန်၏။ ကေသာလောမာနခါစာပိ။ ဆံအ
မွေးခြေသည်းလက်သည်းတို့သည်လည်း။ ဇါယန္တိ။ဖြစ်ကုန်၏။

ရူပဘုံ၌။ပြဟ္မာတို့ကား။ စက္ခုဒသက၊ သောတဒသက၊ ဝတ္ထု
ဒသက။ဇီဝိတနဝကလါပ်။ဤလေးစည်းသောကမ္မဇရုပ်ကလါပ်
တို့သည်။ ပဋိသန္ဓေစိတ်၌ အတူတပြိုင်နက် ဖြစ်ကုန်၏။ ။အ
သညသတ်ဘုံ၌ ပြဟ္မာတို့ကား။ ဇီဝိတနဝကလာပ် ရုပ်ဖြင့်သာ။
ပဋိသန္ဓေနေကုန်၏။ ။အရူပလေးဘုံပြဟ္မာတို့ကါး။နာမ်တရား
သာလျှင်။ပဋိသန္ဓေစိတ်ဖြစ်ကုန်၏။ ။ကာမတဆဲ့တဘုံ၌။နှင်
ဆဲ့ရှစ်ပါးသောရုပ်တို့သည်ဖြစ်ကုန်၏။ ။အသညသတ်ကြဉ်

သောရူပတဆဲ့ ငါးဘုံ၌ကား။ ဈာန၊ ဖိဍ္ဍါ၊ ကာယ၊ ဇုဋ္ဌိဘော။ ပုမ္ဗော။ ဤရုပ်ငါးပါးကိုပယ်၍ ကြွင်းသောတဆဲ့သုံးပါးသော ရုပ်တို့သည်ဖြစ်ကုန်၏။ ။အသညသတ်ဘုံ၌ကား။ပသာဒရုပ် ငါးခု။ဘာဝရုပ်နှစ်ခု၊ ဝိညတ်ရုပ်နှစ်ခု။ သဒ္ဒရုပ်တခုအားဖြင့်။ တဆဲ့တခုသော ရုပ်တို့ကိုပယ်၍ ကြွင်းတဆဲ့ ခုနစ်ခုသော ရုပ်တို့ သည်ဖြစ်ကုန်၏။ ။အရူပလေးဘုံ၌မူကား။ တစုံတခုသောရုပ် မျှလည်းမဖြစ်ကုန်ဟုလိုသော်။

## ရုပ်ပိုင်းပြီး၏။

---

ဆိုအပ်ခဲ့ပြီးသောရုပ်နာမ်ပရမတ္ထတို့၏ ဖြစ်ရာဘုံသဉ်ကား။ ကာမ တဆဲ့တဘုံ။ ရူပတဆဲ့ခြောက်ဘုံ။ အရူပ လေးဘုံဟူ၍ သင်္ချာအားဖြင့်သုံးပါး။ သင်္ချေအားဖြင့်သော်ကား။ သုံးဆဲ့တဘုံ ရှိ၏။ ။ကာမတဆဲ့တဘုံဟူသော်ကား။ နိရယဘုံ၊ တိရစ္ဆာန် ဘုံ၊ ပေတဘုံ၊ အသူရကာယ ဘုံဟူ၍ အပါယ်ဘုံ လေးပါး၊ မနုဿဘုံ၊ စတုမဟာရာဇိကဘုံ။ တာဝတိံသာဘုံ၊ ယာမာဘုံ၊ တုသိတာဘုံ၊ နိမ္မာနရတိဘုံ၊ ပရနိမ္မိတဝသဝတ္တိဘုံ ဟူ၍ ကာမသုဂတိဘုံခုနစ်ပါး။ ဤနှစ်ရပ်ကိုပေါင်း၍ ကာမတဆဲ့တ ဘုံဆိုသည်၊ ဤကာမတဆဲ့တဘုံတို့၏ သဘောလက္ခဏာကိုအ သီးအသီးပြသော်ကား။ ။အယတောသုခတော နိဂ္ဂတောတိ နိရယော။ဟုဋီကာကျော်လာသည်ဖြစ်၍ချမ်းသာမှထွက်တတ် သည်ချမ်းသာမှကင်းတတ်သည်။ မျက်စိတမှိတ် လျှပ်တပြက် ကာလမျှလည်းချမ်းသာမရှိ။ဆင်းရဲအတိသာဖြစ်သောကြောင့်။ နိရယ ငရဲဆိုသည် ဟူလိုသော်။ ။ထိုငရဲကား။ ကောင်းမ ကောင်းကိုမဆင်ခြင်။ မသိမမြင်။ လောဘရမ္မက် အမျက်နှိုင်ငံ သို့လိုက်၍သူ့အသက်ကိုသတ်ဖြတ်တတ်သောသူတို့ခံရာ။အနှစ် ငါးရာရှိသောငရဲသက်အတိုင်းခံရသော သဉ္ဇိုးငရဲလည်းတပါး။ ထိုသဉ္ဇိုးငရဲ၌။ တနေ့နှင့်တညဉ့်ကို။ လူတို့အရေအတွက် အား

ဖြင့်။အနှစ်ကိုးသန်းရှိ၏။ ကြွင်းသေါငရဲကြီးတို့၌လည်း။ နေ့ညဉ့်
အပိုင်းအခြားကို လေးဆတက်၍ယူလေ။ ။မိခင်ဘခင် ဆွေ
ကြီးမျိုးကြီးတို့ကိုပြစ်မှားသောသူ။အယူဝါဒမှားယွင်းသောသူ
တို့၏ခံစားရာ။အနှစ်တထောင်ငရဲသက်ရှိသေါကာလသုတ်ငရဲ
ကြီးလည်းတပါး။ ။ကျွဲနွားဆိတ်ဝက်ကြက်ငှက်အစရှိသည်
တို့ကိုသတ်ဖြတ် တတ်သော မုဆိုးတငါတို့၏ခံစားရာ။ အနှစ်
နှစ်ထောင်ငရဲသက်ရှိသော။ သင်္ဃာတငရဲကြီးလည်းတပါး။ ။
သတ္တဝါတို့ကိုနှိပ်စက်ညှဉ်းဆဲ၍ အကျိုးစီးပွားမရှိသောစဉ်းလဲ
စဉ်းစားမာယာကာရဖြင့် လိမ်လည်ကောက်ကျစ် တတ်သော
သူတို့၏ခံရာ။ အနှစ်လေးထောင် ငရဲသက်ရှိသော ရောရုဝငရဲ
ကြီးလည်းတပါး။ ။ရတနာ သုံးပါးတို့၏ ပစ္စည်းဥစ္စာ စရပ်
တန်းဆောင်း ကျောင်းကန်တို့ကို ဖျက်ဆီးသောသူတို့၏ ခံစား
ရာ။ အနှစ်ရှစ်ထောင်ငရဲ သက်ရှိသော မဟာရောရုဝငရဲကြီး
လည်းတပါး။ ။မကောင်းသောဒုစရိုက်တို့ကိုကျင့်၍အပြစ်မ
ရှိငရဲမရှိဟုယုံမှား သောမိစ္ဆာဒိဋ္ဌိတို့၏ခံရာ။ အနှစ်တသောင်း
ခြောက်ထောင်ငရဲသက်ရှိသေါ။တာပနငရဲကြီးလည်းတပါး။ ။
ဘုရားတရားသံဃာတို့သည်။လောက၌မရှိဟုအယူပြန်သူအယူ
မှားယွင်းသူ မိစ္ဆာ ဒိဋ္ဌိတို့၏ ခံရာ။ အန္တရကပ် ထက်ဝက် ငရဲ
သက်ရှိ သော မဟာတာ ပန ငရဲကြီး လည်းတပါး။ ။အ
မိအဘ ရဟန္တာတို့ကို သတ်သောသူ။ ဒေဝဒတ်ကဲ့သို့ဘုရား
ကိုသွေးစိမ်း တည်အောင် ပြုသောသူ။ သံဃာကိုသင်းခွဲသော
သူ။စေတီဗောဓိ ရုပ်တုဆင်းတု ဝတ်မိုး ဝတ်မြေတို့ကို ဖျက်
သောသူတို့၏ ခံရာ။ အန္တရကပ် တကပ်ပတ်လုံး ငရဲသက်ရှိ
သောအဝီစိ ငရဲကြီးလည်းတပါး။ ဤငရဲကြီးရှစ်ထပ် တို့သည်
ငင်း။ထိုငရဲကြီးရှစ်ထပ်တို့တွင်။တထပ်တထပ်၌ တမျက်နှာတ
မျက်နှာလျှင်။ဥဿဒ္ဒရက်ငရဲလေးခုစီဖြစ်၍အရံနှင့်တကွငရဲကြီး
ငရဲငယ် တရာ့ သုံးဆဲ့ခြောက်ခု သည်လည်းကောင်း။ စကြာ
ဝဠာသုံးခုအကြား၌ ရှိသောလောကန္တရိက်ငရဲသည်ငင်း။ လော

ဟာကုမ္ဘိငရဲ ငယ်တို့သည်ဝင်း။ နိရယမည်ကုန်၏။ ထိုနိရယင ရဲကြီး ရှစ်ထင်တို့သည်။ ဇမ္ဗူဒိပါ ကျွန်းအောက်။ ပံသု ပထဝီ တွင်ရှိသည်မှတ်ရမည်။ ။တိရောအဉ္စိတာတိ တိရစ္ဆာနာ။ ဟုဋီကာကျော် လာသောကြောင့်။ ထိုသတ္တဝါတို့သည်အောက် အတိုအားဖြင့်သွားတတ်သည်။ မဂ်ဖိုလ်တို့မှဘိလာကန့်လန့်ဖြစ် တတ်၍ တိရစ္ဆာန်ဆိုသည်။ ။ပကဋ္ဌေန သုခတော ဣတာဂ တာတိပေတာ။ ဟုဋီကာကျော် လာသည်ဖြစ်၍ ထိုသတ္တဝါတို့ သည်။ စည်းစိမ်ချမ်းသာမှ ဝေးသောအားဖြင့် ဖြစ်တတ်သော ကြောင့်။ပြိတ္တာဆိုသည်။ ။နသုရန္တိ ဣသရိယကီဠာဒိဟိ န ဒိဗ္ဗန္တီတိအသုရာ။ဟုဋီကာကျော်လာသည်ဖြစ်၍ ထိုသတ္တဝါတို့ သည်။ စည်းစိမ်ချမ်းသာတို့ဖြင့် မမြူးတူးမထွန်းပတတ် သော ကြောင့်။ အသုရာဆိုသည်။ ပြိတ္တာ အသုရာကိုယူ။ ။ထိုတိ ရစ္ဆာန်ပြိတ္တာအသုရကာယ်တို့၏ ဖြစ်ရာဘုံကား။ ။တိရစ္ဆာ နပေတ္တိဝိသယအသုရကာယာနံပန ဝိသုံဘုမ္မိနတ္ထိ။ တေသံခန္ဓပ ဝတ္တိဝိသယောယေဝ ဘုမ္မိနာမ။ ဟူ၍ဝင်း။ ။ယတ္ထဝါ အရည ပဗ္ဗတပါဒါဒိကေ နိဗဒ္ဓဝါသံဝသန္တိ။ သောယေဝဩကာသော ဘုမ္မိတိဂဟေတဗ္ဗောဟူ၍ဝင်း။ သင်္ခေပဝဏ္ဏနာလာသည်ဖြစ်၍ တိရစ္ဆာန်၊ပြိတ္တာ အသုရကာယ်တို့မှာ။ ဘုံဟူ၍အသီးမရှိ။ မိမိ ခန္ဓာကိုယ် ဖြစ်ရာ အရပ် သည်သာလျှင် ဘုံမည်၏။ တနည်း လည်း။တောတောင်အစရှိသည်တို့၌အမြဲအိပ်ကျန်နေကုန်အံ့။ ထို နေရာအရပ်သည်သာလျှင်။ ဘုံမည်၏ဟူလိုသော်။ ။ငရဲ၊ တိ ရစ္ဆာန် ပြိတ္တာ၊ အသုရကာယ်တို့ကိုအပါယ်လေးဘုံဆိုကြောင်း ကား။ ပုညသမတာအယာယေဘုယျေန အပဂတောတိ အပါ ယော။ ဟုဋီကာကျော် လာသည်ဖြစ်၍ ကောင်းကျိုးနည်း၍ မ ကောင်းမှုများသောကြောင့်။အပါယ်ဟူ၍ဆိုသည်မှတ်ရမည်။

ထိုအပါယ်လေးဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်တို့ကား။ ဒုဂတိအ ဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ဟူ၍ ပုထုဇ္ဇန်ပုဂ္ဂိုလ် လေးယောက်။ သောတာ ပတ္တိမဂ္ဂဋ္ဌာန်။ သောတာပတ္တိဖလ

ဌာန်။ သကဒါဂါမိမဂ္ဂဌာန်။ သကဒါဂါမိဖလဌာန်။ အနာဂါမိမဂ္ဂဌာန်။ အနာဂါမိဖလဌာန်၊ အရဟတ္တမဂ္ဂဌာန်။ အရဟတ္တဖလဌာန်ဟူ၍ အရိယာပုဂ္ဂိုလ် ရှစ်ယောက်။ ဤနှစ်ရပ်ကို ပေါင်းသော်။ ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်။ ၎င်းပုဂ္ဂိုလ်တကျိပ်နှစ်ယောက် အနက်တွင်။ အပါယ်လေးဘုံ၌ဒုဂ္ဂတိအဟိတ်တယောက်သာဖြစ်၏။ ထိုပုဂ္ဂိုလ်ကား။ အကုသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တချဖြင့်သာ။ ပဋိသန္ဓေစွဲနေသည်။ ဘဝင်အခါစုတိအခါတို့၌လည်း။ ၎င်းစိတ်ဖြင့်ပင်ဘဝင်စုတိကျသည်။ ၎င်းဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ဖြစ်သောစိတ်ကား။ အကုသိုလ်စိတ်တဆဲ့နှစ်ခု။ ဟသိတုပ္ပါဒ်မှတပါး အဟိတ်စိတ်တဆဲ့ခုနစ်ခု မဟာကုသိုလ်စိတ်ရှစ်ခု။ ဤသုံးဆဲ့ခုနစ်ပါးသောစိတ်တို့သည်ဖြစ်ကုန်၏။ ၎င်းပုဂ္ဂိုလ်တို့အသက်ကား။ ။အပါယိကာနံသတ္တာနံအာယုပရိစ္ဆေဒေါနတ္ထိယာဝအကုသလကမ္မံနခီယတိ။ တာဝစဝနာဘာဝတော။ ။ဟုသစ္စိတ္တာလင်္ကာရကျမ်းလာသည်ဖြစ်၍အပါယ်လေးဘုံ သားတို့အား။ အသက်အပိုင်းအခြားမရှိ။ အကုသိုလ်ကံမကုန်သမျှခံရသည်။ အကုသိုလ်ကံကုန်လျှင် ထိုအပါယ်လေးဘုံတို့မှလွတ်၏။ အချို့သည်ခုနစ်ရက်မျှခံရသည်။ အချို့သတ္တဝါတို့ကား။ တလနှစ်လခံရဖြစ်ရသည်ဖြစ်၍အပါယ်လေးဘုံသားတို့မှာ။ အသက်အပိုင်းအခြားမရှိဟူလိုသော်။

အပါယပရိစ္ဆေဒပြီး၏။

---

အတိသူရ ဖြပဟူ့စရိယာ ယောဂျတာဒိဂုဏောဟ်ဝ်။ ဥက္ကဋ္ဌမနကာယမနောဥသန္တံ ဒေတေသန္တိ မနုဿာ။ ။ဟုဋီကာကျော်လာသည်ဖြစ်၍။ လူတို့ချမ်းသာထက်။ နတ်တို့ချမ်းသာကြီးမားသော်လည်း။ လူတို့သည်ရဟန်းပဉ္စင်းပြုခြင်း၅ါ လျော်ပတ်သောဂုဏ်တို့ဖြင့် မြတ်သောစိတ်များသော့ကြောင့်၎င်း။ အလွန်မြတ်သောသတိဂုဏ်အလွန်မြတ်သော ပညာဂုဏ်အထူးသို့ ရောက်

တော်မူကုန်သေါသမ္မာသမ္ဗုဒ္ဓ။ပစ္စေကဗုဒ္ဓါ။အဂ္ဂသါဝက။မဟါ
သာဝကအရှင်မြတ်တို့သည်။ လူဖြစ်၍ဖြစ်သော့ကြောင့်ရင်း။ မ
နုဿသဆိုသည်၊ ။တနည်းလည်း။ လောကဋ္ဌသဒ္ဒါ၏အနက်ကို
သိကုန်သောဆရာတို့သည်။ ရှေးဦးအစဖြစ်သော မနုအမည်ရှိ
သောမင်း၏သားဖြစ်သော့ကြောင့်လည်း။မနုဿဆိုသည်။ထိုမ
နုဿ၏နေရာအရပ်ဖြစ်သော အရံကျွန်းငယ်ငါးရာစီနှင့်တကွ။
ကျွန်းကြီးလေးကျွန်းတို့သည်ကား။မနုဿဘုံမည်၏။ ။စတု
မဟာရာဇိကဘုမ္မိမနုဿဘုမ္မိတောဒွိတာလီသသဟဿယော
ဇနေယုဂန္ဓရပမာဏောဌာနေတိဋ္ဌတိ။ ။ဟုသုစိတ္တာလင်္ကာရ
ကျမ်းလာသည်ဖြစ်၍။မနုဿဘုံမှသည်။ ယူဇနာလေးသောင်း
နှစ်ထောင်ရှိသောယုဂန္ဓိုရ်တောင်နှင့်မျှသော မြင့်မိုရ်တောင်၏
ပဋ္ဌမအာလိင်၌။စတုမဟါရာဇ်ဘုံတည်၏။ကြွင်းသည်နတ်ပြည်
ငါးထပ်တို့လည်း။ ယူဇနာလေးသောင်းနှစ်ထောင်စီ ကွာကုန်
သည်ဖြစ်၍အဆင့်အဆင့်ကောင်းကင်ပြင်၌တည်ကုန်၏။စတုမ
ဟာရာဇ်ဘုံဆိုကြောင်းကား။ ။စတုမဟါရာဇေသုအတ္တိဇေတ
သံ။စတုန္နံဝါမဟာရာဇါနံနိဝါသနဘူတေစတုမဟါရာဇေဘဝါ
တိစတုမဟာရာဇိကာ။ ။ဟုဋီကာကျော်လာသည်ဖြစ်၍။နတ်
မင်းကြီးလေးယောက်တို့အား။ ခစားဆည်းကပ်လှာသောနတ်
အပေါင်းတို့သည်။ စတုမဟာရာဇ်မည်၏။ ထိုနတ်တို့၏ဖြစ်ရာ
နေရာဘုံသည်ကား။စတုမဟာရာဇိကမည်၏ဟူလိုသတ်။ ။
တာဝတိံသာဘုံဆိုကြောင်းကား။ ။မါဃေနမါဏဝေနသဒ္ဓိံ
တေတ္တိံသသဟာပုညကာရိနော ဧတ္ထနိဗ္ဗတ္တာတိတံ သဟာစရိတ
ဌာနံတေတ္တိံသာ။ ။ဟုဋီကာကျော်လာသည်ဖြစ်၍၊ မါဃလုလင်
နှင့်ကောင်းမှုပြုဘက်လူသုံးကျိပ်သုံးယောက်တို့၏ဖြစ်ရာနေရပ်
ဖြစ်သေါကြောင့်။တေတ္တိံသဟုမှချဆိုအပ်လျက်။သုတ်ကြီးဖြင့်
တာဝတိံသာရေး၍ဥပစာအားဖြင့်တာဝတိံသာဘုံ ဆိုသည်။
ထိုဘုံ၌နေကုန်ဖြစ်ကုန်သောနတ်တို့ကိုလည်း။တာဝတိံသာနတ်
ဟူ၍။ဆိုသည်ဟူလိုသတ်။ ။ယာမါဘုံဆိုကြောင်းကား။ဒုက္ခ

တောယာတာ အပယာတာတိ ယာမာ။ ဟု၎င်းလာသည်ဖြစ်၍
ဆင်းရဲမှကင်းတတ်သောကြောင့်။ ထိုနတ်တို့ကိုယာမာနတ်ဆို
သည်။၎င်းနတ်တို့၏နေရာဖြစ်ရာသည်ကား။ယာမါဘုံမည်၏ဟူ
လိုသော်။ ။တုသိတာဘုံဆိုကြောင်းကား။ အတ္တနောသိရိ
သမ္ပတ္တိယာ တုသိံပိတိံဇာတာဂတာတိတုသိတာ။ ဟု၎င်း
လာသည်ဖြစ်၍။ မိမိတို့၏စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းတို့ဖြင့်
နှစ်သက်ခြင်းသို့ရောက်တတ်သောကြောင့်။ထိုနတ်တို့ကိုတုသိ
တာဆိုသည်။ထိုတုသိတာမည်သော နတ်တို့နေရာဖြစ်ရာအ
ရပ်သည်ကား။တုသိတာဘုံမည်၏ဟူလိုသော်။ ။နိမ္မာနရ
တိဘုံဆိုကြောင်းကား။နိမ္မာနေရတိဧတေသန္တိ နိမ္မာနရတိနော။
ဟု၎င်းလာသည်ဖြစ်၍။ မိမိဘန်ဆင်းသောစည်းစိမ်ချမ်းသာ၌မွေ့
လျော်ခြင်းရှိသောကြောင့်။ထိုနတ်တို့ကိုနိမ္မာနရတိနတ်ဆိုသည်။
၎င်းနတ်တို့၏ဖြစ်ရာနေရာအရပ်သည်ကား။ နိမ္မာနရတိဘုံမည်
၏ဟူလိုသော်။ ။ပရနိမ္မိတဝသဝတ္တီဘုံဆိုကြောင်းကား။ပ
ရနိမ္မိတေသုဘောဂေသု အတ္တနောဝသံ ဝတ္တေန္တီတိ ပရနိမ္မိတ
ဝသဝတ္တီနော။ဟု၎င်းလာသည်ဖြစ်၍။ သူတပါးတို့သည် ဘန်
ဆင်းအပ်ကုန်သော စည်းစိမ်ချမ်းသာတို့ကို။ မိမိအလိုသို့လိုက်
စေတတ်ကုန်သောထိုနတ်တို့ကိုပရနိမ္မိတဝသဝတ္တီဆိုသည်။
၎င်းနတ်တို့ နေရာအရပ်သည်ကား။ ပရနိမ္မိတ ဝသဝတ္တီ ဘုံ
မည်၏ဟူလိုသော်။ ။ဤသို့ဆိုအပ်ပြီးသောမနုဿဘုံနတ်
ပြည်ခြောက်ထပ်တို့ကို။ ကာမသုဂတိဘုံဆိုကြောင်းကား။ အ
နေကဝိဓသမ္ပတ္တိ အဓိဋ္ဌာနတာယသောဘဏာ ဂန္ဓဗ္ဗတောဥပ
ပဋ္ဌိတဗ္ဗတောဂတီတိသုဂတိ။ ဟုဋီကာကျော် လာသည်
ဖြစ်၍။ များသောအပြားရှိသောစည်းစိမ်ချမ်းသာပြည့်စုံခြင်း၏
တည်ရာဖြစ်၍ တင့်တယ် လျောက်ပတ်စွာ ရောက်အပ်သော
ကာမတဏှာ၏ ကျင်လည်ရာ တင့်တယ်ဘွယ်ရာသောအရပ်
ဖြစ်သောကြောင့်။ကာမသုဂတိဘုံဆိုသည်ဟူလိုသော်။ ။ကာ
မသုဂတိ ခုနစ်ဘုံတို့တွင်။ မနုဿဘုံ စတုမဟာရာဇ်ဘုံ၌ ဖြစ်

သောပုဂ္ဂိုလ်တို့ကား။ ယခင်ဆိုအပ်ပြီးသောပုဂ္ဂိုလ်တကျိပ်နှစ်ယောက်အနက်။ဒုဂတိပုဂ္ဂိုလ်တယောက်ကိုပယ်၍ တကျိပ်တယောက်တို့ဖြစ်ကုန်၏။ ကြွင်းသောနတ်ပြည်ငါးဘုံတို့၌ကား။ယခင်တကျိပ်နှစ်တွင်။ ဒုဂတိအဟိတ်သုဂတိအဟိတ်တို့ကိုပယ်၍တကျိပ်သော ပုဂ္ဂိုလ်တို့သည် ဖြစ်ကုန်၏။ ။ထိုကာမသုဂတိပုဂ္ဂိုလ်တို့တွင်။ပဋိသန္ဓေစိတ်ဥပါဒ်သောခဏ။ အညွှန့်ဖြစ်သောအဏ္ဍဇသတ္တဝါ။ ရေကြည်၌ပွဲ၍ဖြစ်သော ဇလာဗုဇသတ္တဝါတို့အား။စက္ခုန္ဒြေစသည်ဖြစ်ထိုက်သောသတ္တဝါဟူ၍။ ထိုစက္ခုန္ဒြေစသည်ကိုတားမြစ်တတ်သောအကုသိုလ်ကံသည်။ ပဋိသန္ဓေအခါပေးသောကြောင့်၎င်း။ထိုကံမှတပါးပဝတ္တိအခါမကောင်းကျိုးကိုပေးတတ်သော အကုသိုလ်ကံကြောင့်၎င်း။ စက္ခုန္ဒြေစသည်ကို ဇဍ္ဍသတ္တဝါတို့အားလည်းကောင်း။ ပဋိသန္ဓေ အားဖြင့်နားပင်းဆွံ့အရူးသောသူ။ပဏ္ဍုက်။ ဥဘတောဗျည်း။စကားမဆိုတတ်နိုင်။ ခံတွင်းတဟာဟာရှိသော သူတို့အားရင်း။ ဘုမ္မစိုးနတ်နှင့် ဖြစ်ခြင်းတူသည်ဖြစ်၍ ဘုမ္မစိုးနတ်တို့ကိုသာ မှီ၍ဖြစ်ကုန်သောချမ်းသာအပေါင်းမှချို့ကုန်သောဝိနိပါတိကသတ္တဝါအသူရာတို့အားရင်း။ ကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်တခုဖြင့်သာ။ ပဋိသန္ဓေနေကုန်သည်။ဘဝင်စုတိတို့လည်းထိုစိတ်ဖြင့်သာကျကုန်သည်။ မဟာဝိပါက်စိတ်ရှစ်ခုတို့ကား။ကာမသုဂတိခုနစ်ဘုံတို့၌ ပုဂ္ဂိုလ်တို့အား။ ဘဝင်စုတိတို့ကိုဖြစ်စေတတ်ကုန်၏။ မဟာဝိပါက်ရှစ်ခုနှင့်ကုသလဝိပါက်ဥပေက္ခာသန္တီရဏတို့ကိုကာမသုဂတိပဋိသန္ဓေကိုးခုဆိုသည်။ ။ကာမသုဂတိပုဂ္ဂိုလ် တကျိပ်တယောက်တွင်။ သုဂတိအဟိတ်ပုဂ္ဂိုလ်၌ဖြစ်သောစိတ်ကား။ အကုသိုလ်တဆဲ့နှစ်ခု။ ဟသိတုပ္ပါဒ်မှတပါး။အဟိတ်စိတ်တဆဲ့ခုနစ်ခု။ မဟာကုသိုလ်စိတ်ရှစ်ခု။ မဟာဝိပါက်ဉာဏ ဝိပ္ပယုတ်လေးခု။ ဤလေးဆဲ့ တခုသော စိတ်တို့သည်ဖြစ်ကုန်၏။ ဒွိဟိတ် ပုဂ္ဂိုလ်၌လည်း။ ယခင်လေးဆဲ့ တခုသောစိတ်ပင်ဖြစ်၏။ ။ဈာန်မရသောတိဟိတ်ပုဂ္ဂိုလ်အါး။ယခင်

လေးဆဲ့တချ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် လေးခုကိုထည့်၍ လေးဆဲ့ငါးခုသော စိတ်တို့သည်ဖြစ်ကုန်၏။ ဈာန်ရသော တိဟိတ်ပုဂ္ဂိုလ်တို့အားကား။ ယခင် လေးဆဲ့ငါးချ၌ မဟဂ္ဂုတ်ကုသိုလ်ကိုးခုကိုထည့်၍ငါးဆဲ့လေးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ။သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌။ သောတာပတ္တိမဂ်စိတ် တခုသာဖြစ်၏။ ဈာန်မရသောသောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၌။ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၊ ဒေါသမူနှစ်၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု၊ ဟသိတုပ္ပါဒ်မှ တပါး။ အဟိတ်စိတ် တဆဲ့ခုနစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု။ မဟာဝိပါက်ရှစ်ခု၊ သောတာပတ္တိဖိုလ်စိတ်တခု။ဤလေးဆဲ့ တပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ဈာန်ရသော သောတာ ပတ္တိ ဖလဋ္ဌာန် ၌ကား။ ယခင်လေးဆဲ့ တခု တို့၌။ မဟဂ္ဂုတ်ကုသိုလ်ကိုးခုကိုထည့်၍ ငါးဆယ်သော စိတ်တို့သည် ဖြစ်ကုန်၏။ ။သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌။သကဒါဂါမိမဂ်စိတ်တခုသာ ဖြစ်၏။ ဈာန်မရသော သကဒါ ဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၌။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု၊ ဒေါသမူနှစ်၊ ဥဒ္ဓစ္စ သမ္ပယုတ် စိတ်တခု၊ ဟသိ တုပ္ပါဒ်ကို ပယ်၍ အဟိတ် စိတ်တဆဲ့ခုနစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ သကဒါဂါမိဖိုလ်စိတ်တခု၊ဤလေးဆဲ့တပါးသောစိတ်တို့သည်ဖြစ်ကုန်၏။ ။ဈာန်ရသော သကဒါဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်၌ကား။ ယခင် လေးဆဲ့ တခု၌။ မဟဂ္ဂုတ်ကုသိုလ်ကိုးခုကိုထည့်၍ ငါးဆယ်သောစိတ်တို့သည် ဖြစ်ကုန်၏၊ ။အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌။ အနာဂါမိမဂ်စိတ် တခုသာ ဖြစ်၏။ ဈာန်မရသော အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်၌။ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်လေးခု၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု၊ ဟသိတုပ္ပါဒ်မှတပါး အဟိတ်စိတ်တဆဲ့ခုနစ်ခု၊ မဟာကုသိုလ်ရှစ်ခု၊ မဟာဝိပါက်ရှစ်ခု၊ အနာဂါမိဖိုလ် စိတ်တခု။ ဤသုံးဆဲ့ ကိုးပါးသောစိတ်တို့သည်ဖြစ်ကုန်၏။ ဈာန်ရသော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၌ကား။ ယခင် သုံးဆဲ့ ကိုးခု၌။ မဟဂ္ဂုတ်ကုသိုလ်ကိုးခုကိုထည့်၍လေးဆဲ့ရှစ်ပါးသောစိတ်တို့သည်ဖြစ်ကုန်၏။ ။အရ

ဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌။ အရဟတ္တမဂ်စိတ် တခုသာဖြစ်ကုန်၏။ ပျာန်မရသော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၌။ အဟိတ်စိတ်တဆဲ့ ရှစ်ခု မဟာဝိပါက်ရှစ်ခု၊ မဟာကြိယာရှစ်ခု၊ အရဟတ္တဖိုလ်စိတ် တခု။ ဤသုံးဆဲ့ငါးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ဈာန်ရသော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၌ကား။ ယခင်သုံးဆဲ့ငါးခု၌။ မဟဂ္ဂုတ် ကြိယာကိုးခုကိုထည့်၍ လေးဆဲ့လေးခုသောစိတ်တို့သည် ဖြစ် ကုန်၏။ ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်တို့တွင်။ ပုထုဇ္ဇန်လေးယောက် မှတပါး။ အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့၌။ မဂ္ဂဋ္ဌာန်လေးယောက် တို့သည်။ မိမိတို့၏မဂ်စိတ္တက္ခဏ ဖြစ်ဆဲတွင်သာ။ မဂ္ဂဋ္ဌာန်ဟု ခေတ္တဆိုရမည်။ ။မဂ်နှင့်ဖိုလ်အကြား။မျက်စိတမှိတ်လျပ်တ ပြက်မျှမကြာ။မဂ်စိတ်ကျလျှင် ဖိုလ်သို့ရောက်ကြလေကုန်သည် ဖြစ်၍ဖလဋ္ဌာန်ပုဂ္ဂိုလ်သာဖြစ်ကုန်လေတော့သည်။ထိုဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တွင်။သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်သည်ဈာန်ရသော် တာပန် ဈာန်မရသောတာပန်နှစ်ရပ်ရှိသည်တွင်လည်း။ ဈာန် ရသောတာပန်တို့သည်။ ဤလူ့ပြည်ဟုဆိုအပ်သောကာမဘုံတို့ ၌။တဘန်ပဋိသန္ဓေမနေကုန်ပြီ။ ဤဘဝတွင်ပင်အထက်မဂ်ကိုရ၍ရဟန္တာဖြစ်သဖြင့်။နိဗ္ဗာန်သော်လည်းယူရာ၏။ရူပဘုံအရူပဘုံ သို့ဖြစ်၍ရဟန္တာ ဖြစ်သဖြင့်လည်း။ နိဗ္ဗာန်ယူရာ၏။ ထိုကြောင့် ဈာန်ရ သောတာပန်၌ အပြားမရှိ။ ။ဈာန်မရသောတာပန် ကား။ ဧကဗီဇသောတာပန်။ ကောလံကောလ သောတာပန်။ သတ္တက္ခတ္တုပရမသောတာပန်ဟူ၍သုံးပါးရှိသည်တွင်။ သော တာပန်ဖြစ်ပြီးမှလူ့ပြည်၌သော်လည်းဖြစ်စေ။နတ်ပြည်၌သော် လည်းဖြစ်စေ။ တကြိမ် ပဋိသန္ဓေနေပြီးမှ။ ရဟန္တာ ဖြစ်လတ့ံ သောသောတာပန်သည်။ ဧကဗီဇသောတာပန်မည်၏။ သော တာပန် ဖြစ်ပြီးမှ။ လူဖြစ်တုံ နတ်ဖြစ်တုံ။ လူ့ပြည် နတ် ပြည် တို့၌။နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်၊ ငါးကြိမ်ဖြစ်စေ။ပဋိသန္ဓေ နေပြီးမှ။ ရဟန္တာဖြစ်လတ့ံသောသောတာပန်သည်။ ကောလံ ကောလသောတာပန်မည်၏။ သောတာပန်ဖြစ်ပြီးမှ။လူဖြစ်တုံ

နတ်ဖြစ်တုံ။ လူ့ပြည်နတ်ပြည်၌အရောရောရနစ်ကြိမ်ပဋိသန္ဓေနေပြီးမှ။ရဟန္တာဖြစ်လတ္တံ့သောသောတာပန်သည်။သတ္တက္ခတ္တုပရမေသောတာပန်မည်၏။ ။ဤကား။သောတာပန်အပြားသုံးပါးတည်း။

သကဒါဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်သည်လည်း။ ဈာန်ရ ဈာန်မရ သကဒါဂါမိဟူ၍ နှစ်ပါး ရှိသည်တွင်။ ဈာန်ရ သကဒါဂါမိ ပုဂ္ဂိုလ်သည်။လူ့ပြည်နတ်ပြည်၌တဘန်ပဋိသန္ဓေမနေပြီ။ဤဘဝ၌အထက်မဂ်ဖိုလ်ကိုရ၍ရဟန္တာဖြစ်သဖြင့်နိဗ္ဗာန်ယူရာ၏။ရူပဘုံအရူပဘုံသို့ဖြစ်၍ ရဟန္တာဖြစ်သဖြင့် နိဗ္ဗာန်သော်လည်း ယူရာ၏။ ထိုကြောင့်။ ဈာန်ရ သကဒါဂါမိ ပုဂ္ဂိုလ်၌ အပြားမရှိ။ ဈာန်မရသကဒါဂါမိပုဂ္ဂိုလ်သည်ကား။လူ့ပြည်၌သကဒါဂါမ်အဖြစ်သို့ရောက်၍ လူ့ပြည်၌ပင် တကြိမ်ပဋိသန္ဓေနေပြီးမှ။ ရဟန္တာ ဖြစ်လတ္တံ့သော သကဒါ ဂါမ်လည်း တပါး။ လူ့ပြည်၌သကဒါဂါမ်ဖြစ်၍နတ်ပြည်၌တကြိမ်ပဋိသန္ဓေနေပြီးမှ၊ရဟန္တာဖြစ်လတ္တံ့သော သကဒါဂါမ်လည်း တပါး။ လူ့ပြည်၌ သကဒါဂါမ်ဖြစ်၍လူ့ပြည်၌ပင် တကြိမ် ပဋိသန္ဓေနေပြီးမှ။ နတ်ပြည်၌တကြိမ်ပဋိသန္ဓေနေပြန်၍ရဟန္တာဖြစ်လတ္တံ့သော သကဒါဂါမ်လည်းတပါး။ နတ်ပြည်၌သကဒါဂါမ်ဖြစ်၍ လူ့ပြည်၌တကြိမ်ပဋိသန္ဓေနေပြီးမှ။ ရဟန္တာဖြစ်လတ္တံ့သော သကဒါ ဂါမ်လည်းတပါး။နတ်ပြည်၌သကဒါဂါမ်ဖြစ်ပြီးမှ။နတ်ပြည်၌ပင်ပဋိသန္ဓေနေပြန်၍။ တဘန်လူ့ပြည်၌ပဋိသန္ဓေနေပြီးမှရဟန္တာ ဖြစ်လတ္တံ့သောသကဒါဂါမ် လည်းတပါး။ ဤသို့လျှင် သကဒါဂါမ်ကား ငါးပါးရှိ၏။

အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်လည်း။ ဈာန်ရအနာဂါမ် ဈာန်မရအနာဂါမ်ဟူ၍နှစ်ပါးရှိသည်။ထိုနှစ်ပါးတို့တွင်။ဈာန်ရအနာဂါမ်သည်။ လူ့ပြည်နတ်ပြည်တို့၌ တဘန် ပဋိသန္ဓေမနေပြီ၊ ဤဘဝ၌ရဟန္တာဖြစ်၍ နိဗ္ဗာန်သော်လည်းယူရာ၏။ ရူပဘုံအရူပဘုံသို့ဖြစ်၍ရဟန္တာဖြစ်သဖြင့်သော်လည်းနိဗ္ဗာန်ယူရာ၏။ထိုကြောင့်

ဈာန်ရသောပုဂ္ဂိုလ်၌အနာဂါမ်အပြားမရှိ။ ။ဈာန်မရသောအနာဂါမ်ပုဂ္ဂိုလ်သည်ကား။အန္တရာပရိနိဗ္ဗာယိအနာဂါမ်။ ဥပဟစ္စပရိနိဗ္ဗာယိအနာဂါမ်။အသင်္ခါရပရိနိဗ္ဗာယိအနာဂါမ်။ သသင်္ခါရပရိနိဗ္ဗာယိအနာဂါမ်၊ ဥဒ္ဓံသောတ အနာဂါမ်ဟူ၍ ငါးပါးရှိသည်တွင်။ အကြင်အနာဂါမ်ပုဂ္ဂိုလ်သည်။ သုဒ္ဓါဝါသငါးဘုံတို့တွင်။တဘုံဘုံ၌ဖြစ်၍အသက်အပိုင်းအခြားအလယ်သို့ မရောက်မီအကြား၌။ ရဟန္တာဖြစ်၍နိဗ္ဗာန်ယူလတ့ံ။ ထိုအနာ ဂါမ်သည်။ အန္တရာပရိနိဗ္ဗာယိ အနာဂါမ်မည်၏။အကြင်အနာဂါမ်သည်။သုဒ္ဓါဝါသငါးဘုံတို့တွင်။ တဘုံဘုံ၌အသက်အပိုင်းအခြား သို့ရောက်သဖြင့်ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ့ံ။ ထိုအနာဂါမ်သည်။ဥပဟစ္စပရိနိဗ္ဗာယိ အနာဂါမ်မည်၏။ အကြင်အနာဂါမ်သည်။သုဒ္ဓါဝါသငါးဘုံ တို့တွင်။ တဘုံဘုံ၌လုံ့လ မပြုဘဲရဟန္တာ အဖြစ်သို့ရောက်၍နိဗ္ဗာန်ယူလတ့ံ၊ ထိုအနာဂါမ်သည်အသင်္ခါရပရိ နိဗ္ဗာယိအနာဂါမ်မည်၏။ အကြင်အနာဂါမ်သည်။ သုဒ္ဓါဝါသ ငါးဘုံတို့တွင်။ တဘုံဘုံ၌လုံ့လပြုသဖြင့်ရဟန္တာဖြစ်၍ နိဗ္ဗာန်ယူလတ့ံ။ ထိုအနာဂါမ်သည်။ သသင်္ခါရပရိနိဗ္ဗာယိအနာဂါမ်မည်၏။ အကြင်အနာဂါမ်သည်။ အဝိဟာဘုံ။ အတပ္ပါဘုံ။သုဒဿာဘုံ။ သုဒဿီဘုံတို့၌ အစဉ်အတိုင်း ဖြစ်၍ ခံစားပြီးမှ။ အကနိဋ္ဌ ဘုံသို့ရောက်၍ ရဟန္တာအဖြစ်သို့ ရောက်သဖြင့်။ ပရိနိဗ္ဗာန်ယူလတ့ံ။ထိုအနာဂါမ်သည်။ဥဒ္ဓံသောတအနာဂါမ်မည်၏။ ။ဤကားအနာဂါမ်ငါးပါးတည်း။

အရဟတ္တဖလဋ္ဌာန် ရဟန္တာ ပုဂ္ဂိုလ်သည်။ ဈာန်ရသော ရဟန္တာ။ဈာန်မရသောရဟန္တာဟူ၍နှစ်ပါးရှိသည်တွင်။ဈာန်ရသောရဟန္တာကို ဈာနိကဆိုသည်။ ဈာန်မရသောရဟန္တာကို သုက္ခဝိပဿကရဟန္တာဆိုသည်။ထိုရဟန္တာအရှင်မြတ်သည်။ ကိလေသာကုန် ပြီးဖြစ်၍။ တဘန်ပဋိသန္ဓေနေ တော် မမူကုန် နိဗ္ဗာန်ချမ်းသာကိုသာ ယူကြသေတော့သည်။ ။ဤကားရဟန္တာအပြားနှစ်ပါးတည်း။ ။ထိုသောတာပန်။သကဒါဂါမ်။အနာဂါမ်

ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ပယ်အပ်သော တရားကို အောက်၌ စိတ်ပိုင်းလက္ခဏာ လောကုတ္တရာ စိတ်တွင်ပြသည်အတိုင်း သိရာ၏။

ထိုကာမသုဂတိခုနစ်ဘုံသားတို့၏ အသက်အပိုင်းအခြားကိုကား။ ။မနုဿာနမ္ပိအာယုပရိစ္ဆေဒေါနတ္ထိ။ကဒါစိဥက္ကဋ္ဌဝသေန။အသင်္ချေယျာယုကတ္တာစ။ ကဒါစိသြမကဝသေနဒသဝဿာယုကတ္တာစ။ ။ဟူသုစိတ္တာလင်္ကာရကျမ်းလာသည်ဖြစ်၍လူတို့မှာရံခါအလွန်အားဖြင့်အသက်အသင်္ချေနေကုန်သည်။ရံခါလည်းအယုတ်အားဖြင့်ဆယ်နှစ်မျှသာအသက်အပိုင်းအခြားရှိသည်ဖြစ်၍လူတို့အားအသက်အပိုင်းအခြားအာယုပရိစ္ဆေဒမရှိ။ ။ဘုမ္မဒေဝါနမ္ပိအာယု ပရိစ္ဆေဒေါနတ္ထိဟု ၎င်းလာသည်ဖြစ်၍ ဘုမ္မစိုးနတ်တို့မှာလည်း။ ကုသိုလ်ကံ မကုန်သမျှ စုတိခြင်းမရှိ။ အချို့ဘုမ္မစိုးကား။ခုနစ်ရက်မျှသာဖြစ်ရသည်။အချို့ဘုမ္မစိုးကား။ တကမ္ဘာလုံးဖြစ်ရသောကြောင့်။ ဘုမ္မစိုးနတ်တို့လည်းအသက်ပိုင်းခြား၍အာယုပရိစ္ဆေဒမရှိဟုလိုသော်။ ။စတုမဟာရာဇ်။တာဝတိံသာ။ ယာမာ။တုသိတာ။ နိမ္မာနရတိ။ ပရနိမ္မိတဝသဝတ္တီ။ နတ်ပြည် ခြောက်ထပ်တို့မှာကား။ အသက်အပိုင်း အခြားအာယုပရိစ္ဆေဒအသီးအသီးစီရှိကုန်၏။ ။လူတို့မှာအနှစ်ငါးဆယ်သည်။စတုမဟာရာဇ်နတ်ပြည်မှာ။ တနေ့နှင့်တညဉ့်သာတည်း။ ။ထိုနေ့ညဉ့်ပတ်လုံးတို့ဖြင့် အနှစ်ငါးရာသည်။စတုမဟာရာဇ်နတ်သက်ပမာဏဖြစ်၏။ လူတို့အရေ အတွက်ကား။ အနှစ်ကိုးသန်းရှိ၏။ထိုကြောင့်စတုဒမ္မသာရဖျို၌။ ။တစိတလျှည်။ဆိုစည်ဤနှင့်။စပ်ကာသင့်၍။ဖြန့်ဖွင့်ဝဏ္ဏနာ။ နည်းကျဉ်းသာဖြင့်။နတ်မှာအာယု။ သက်ပိုင်းရှုစိမ့်။စတုမဟာ။ နတ်တို့ရွာ၌။တကာနတ်သက်။ တထောင်ဝက်ကို။ တွက်သော်လူ့နှစ်။ကိုးသန်းဖြစ်သည်။ ။စင်စစ်သက်ပိုင်တံထွာတည်း။ ။ဟူ၍မဟာရဋ္ဌသာရမိန့်ဆိုတော်မူသည်။ ။လူတို့မှာအနှစ်တရာသည်။တာဝတိံသာနတ်တို့မှာ။တနေ့နှင့်တညဉ့်တည်း။ ထိုနေ့

ညဉ့်လနှစ်တို့ဖြင့်နှစ်ပေါင်းတထောင်သည်။ တာဝတိံသာနတ်
သက်ပမာဏဖြစ်၏။ လူတို့အရေ အတွက်ကား။ နှစ်ပေါင်း သုံး
ကုဋေ ခြောက်သန်းရှိ၏။ ထိုကြောင့် စတုဒမ္ဗသာရပျို့၌။ ။
တာဝတိံသာ။နတ်တို့မှာမူ။တထောင်ဟူသား။ ခန့်ယူရေတွက်
နတ်အသက်ကို။ဆက်ဆက်သိထွေ။လူ့နှစ်ရေသော်။ ကုဋေသုံး
ချ။ခြောက်သန်းစုနှင့်။အာယုလေးပြန်။ဈေးထက်လွန်၏။ဗိမါန်နှစ်
ထပ်။ထိုနတ်ရပ်ကား။ ။မြေစပ်မြင့်မိုရ်ခမ်းဝါတည်း။ ။ဟူ
၍မဟာရဒ္ဓသာရ မိန့်ဆိုသည်။ ။လူတို့မှာနှစ်ပေါင်း နှစ်ရာ
သည်။ ယာမာနတ်တို့မှာ တနေ့နှင့်တညဉ့် သာတည်း။ ထိုနေ့
ညဉ့်လနှစ်တို့ဖြင့် နှစ်ပေါင်းနှစ်ထောင်သည်။ ယာမာနတ်သက်
ပမာဏဖြစ်၏။ လူတို့အရေအတွက်ကား။ တဆဲ့ လေးကုဋေအ
နှစ်လေးသန်းရှိ၏။ထိုကြောင့်စတုဒမ္ဗသာရပျို့၌။တဆင့်တဆင့်။
နေ့နှစ်မြင့်၍။ပွါးဆင့်ရေတွက်။လေးဆတက်ချည်း။ ဤသို့နည်း
ဖြင့်။ ကမ္ဗည်းစာနှာ။ သိကောင်းစွာ၏။ အာကာသဋ္ဌ။ မိုးပြင်ဝ
ထက်။ ဘုံလေးဆက်တွင်။ လက်ဦး တင်သည်။ နတ်ရှင်သက်
တိုင်း။ နှစ်ထောင်ပိုင်းကို။ ချိန်နှိုင်းလူဝယ်။ နှစ်ဖြင့် ရွယ်သော်။
ဆယ်လေးကုဋေ။လေးသန်းနေရှင်။ဖြစ်ထွေအမှန်။ ထိုနတ်ဌာန်
ကား။ ။ဗိမာန်သညာယာမာတည်း။ ။ဟူ၍စပ်လေသည် ။
လူတို့မှာ အနှစ်လေးရာသည်။ တုသိတာနတ်တို့မှာ တနေ့နှင့်
တညဉ့်သာတည်း။ ထိုနေ့ညဉ့်နှစ်လတို့ဖြင့်။ အနှစ်လေးထောင်
သည်။ တုသိတာနတ်သက် ပမာဏဖြစ်၏။ လူတို့အရေ အ
တွက်ကား။ငါးဆဲ့ခုနစ်ကုဋေ အနှစ်ခြော်သန်းရှိ၏၊ ထိုကြောင့်
စတုဒမ္ဗသာရ ပျို့၌။ ။ဗုဒ္ဓင်္ကုရ။ ပဏ္ဍိမတို့။ ဘဝပျော်ရာ။
တုသိတာဟု။ ယာမာထက်ခေါင်၊ ဗိမာန်ဆောင်သား။ လေး
ထောင်မပျက်။နတ်အသက်ကို။ခန့်တွက်ကြွင်းမဲ့။လူ့နှစ်ဘွဲ့သော်။
ငါးဆဲ့ခုနစ်။ဖြစ်ထဋေကန်။ကုဋေမှန်၏။ ။အစွန်ခြောက်သန်း
သဏ္ဍျာ၊တည်း။ ။ဟူ၍ စပ်တော်မူသည်။ ။လူတို့မှာနှစ်
ပေါင်းရှစ်ရာသည်။ နိမ္မာနရတိနတ်တို့မှာ။ တနေ့နှင့်တညဉ့်သာ

တည်း။ ထိုနေ့ညဥ့်နှစ်လတို့ဖြင့် အနှစ်ရှစ်ထောင်သည်။ နိမ္မာန
ရတိနတ်သက်ပမာဏဖြစ်၏။လူတို့အရေအတွက်ကား။ ကုဋေ
နှစ်ရာ့သုံးဆဲ့အနှစ်လေးသန်းရှိ၏၊ ထိုကြောင့် စတုဒမ္ဗသာရ ပျို
ဥ်။ ။နိမ္မာနရတိ။မည်ရှိတွင်ထ။ပဥ္စမဥ်။ ကာလရှည်ဆောင်။
သက်ရှစ်ထောင်ကို။ လူ့ဘောင်တို့မှာ။ နှစ်ဖြင့်စာသော်။နှစ်ရာ
သုံးဆယ်။ ကုဋေ သွယ်သည်။ ။ထို၀ယ်လေးသန်းစွန်းပါ
တည်း။ ။ဟူ၍စပ်လေသည်။ ။လူတို့မှာနှစ်ပေါင်းတထောင့်
ခြောက်ရာသည်။ ပရနိမ္မိတဝသဝတ္တီနတ်တို့မှာ။ တနေ့နှင့်တ
ညဥ့်သာတည်း။ ထိုနေ့ညဥ့်နှစ်လတို့ဖြင့်အနှစ်တသောင့်၊ခြောက်
ထောင်သည်။ ပရနိမ္မိတဝသဝတ္တီ နတ်သက်ပမာဏ ဖြစ်၏။
လူတို့အရေအတွက်ကား။ ကုဋေကိုးရာနှစ်ဆယ်၊တကုဋေ၊ အ
နှစ်ခြောက်သန်းရှိ၏။ ထိုကြောင့်စတုဒမ္ဗသာရပျို့ဥ်။ ။ပရနိမ္မိ
တ၊ ဝသဝတ္တီ။ ခေါ်ညီမည်သာ။ မာရ်နေရာဥ်။နတ်မှာသက်
ပေါင်း။သောင်းနှင့်ခြောက်ထောင်။ ဆောင်သည်အသက်။ လူ
နှစ် တွက်ဖြင့်။ မှန်ချက် ရေ သော်။ကုဋေ ကိုးရာ။ စွန်းပါ နှစ်
ဆယ်။ တခုသွယ်၍။ ခြောက်ကယ် ခြောက်သန်း။ မြင့်ရှည် ထွန်း
သည်။ ။များလွန်းအာယုဝှန့်တာတည်း။ ။ဟူ၍စပ်လေ
သည်။ ။ဤသို့လျှင်၊ နတ်ပြည်ခြောက် ထပ်ဥ် နတ်တို့အာယု
ပရိစ္ဆေဒကိုမှတ်ရာ၏။

## ကာမသုဂတိပရိစ္ဆေဒပြီး၏။

---

ရူပတဆဲ့ခြောက်ဘုံဟူသော်ကား။ဗြဟ္မပါရိသဇ္ဇာဘုံ။ဗြဟ္မ
ပရောဟိတာဘုံ။မဟာဗြဟ္မာဘုံဟူ၍ပဌမဈာန်သုံးဘုံ။ ပရိတ္တာ
ဘာဘုံ။ အပ္ပမာဏာဘာဘုံ။ အာဘဿရာဘုံဟူ၍ဒုတိယဈာန်
၃ ဘုံ။ပရိတ္တသုဘာဘုံ။အပ္ပမာဏသုဘာဘုံ။သုဘကိဏှာဘုံဟူ၍
တတိယဈာန်သုံးဘုံ။ဝေဟပ္ဖိုလ်ဘုံ။ အသညသတ်ဘုံ။ဤနှစ်ဘုံ
နှင့်အဝိဟာဘုံ။အတပ္ပါဘုံ။ သုဒဿာဘုံ၊သုဒဿီဘုံ။ အကနိဋ္ဌ

ဘုံအားဖြင့်သုဒ္ဓါဝါသငါးဘုံ ပေါင်း၍ စတုတ္ထဈာန်ချနစ်ဘုံ။ ဤ
သေးရပ်ကိုပေါင်းသော်။ ရူပတဆဲ့ခြောက်ဘုံရှိ၏။ထိုရူပတဆဲ့
ခြောက်ဘုံတို့တွင်။ပဌမဈာန်သုံးဘုံတို့သည်ကား။ ။ပဌမဈာ
နဘုမ္မိပရနိမ္မိတဝသဝတ္တိဘုမ္မိတော ဥပရိပဉ္စပညာသသတသ
ဟဿသဗ္ဗသ ဟဿသ ယော ဇနေ သမ တလေ အာ ကာ သေ
တိဋ္ဌတိ။ ။ဟုသုစိတ္တာလင်္ကာရ ကျမ်းလာသည်ဖြစ်၍။ ပရ
နိမ္မိတဝသဝတ္တိဘုံမှသည်။အထက်ကား။ယူဇနာငါးသန်း၊ ငါး
သိန်း၊ ရှစ်ထောင်မြင့်သောညီမျှသောကောင်းကင်အရပ်၌။ပဌမ
ဈာန်သုံးဘုံလုံးတည်၏။ ဒုတိယဈာန်သုံးဘုံတို့လည်း။ ပဌမဈာန်
သုံးဘုံအထက်။ငါးသန်းငါးသိန်းရှစ်ထောင်မြင့်သောညီမျှသော
ကောင်းကင် အရပ်၌ တည်၏။ တတိယဈာန် ၃ ဘုံတို့လည်း၊
ဒုတိယဈာန်သုံးဘုံတို့အထက်။ ၎င်း ယူဇနာကွာရှိသောအရပ်၌
တည်ကုန်၏။ ဝေဟပ္ဖိုလ်အသညသတ်ဘုံတို့လည်း။ တတိယ
ဈာန်သုံးဘုံအထက်။ ၎င်းယူဇနာကွာရှိသောအရပ်၌တည်ကုန်
၏။ ဝေဟပ္ဖိုလ်အသညသတ်ဘုံတို့၏အထက်။၎င်းယူဇနာကွာ
ရှိသောအရပ်၌အဝိဟာဘုံတည်၏။ အတပ္ပါဘုံ။ သုဒဿာဘုံ။သု
ဒဿီဘုံ။ အကနိဋ္ဌဘုံတို့သည်လည်း။ ၎င်းနည်းယူဇနာကွာရှိ
သောအရပ်၌အဆင့်အဆင့်တည်ကုန်၏။ ။ဤရူပတဆဲ့ခြောက်
ဘုံသားတို့၏လက္ခဏာကိုအသီးသီးပြသော်ကား။ မဟာဗြဟ္မာ
နံပရိစာရိကတ္တာတေသံပရိသတိဘဝါတိ ဗြဟ္မာပါရိသဇ္ဇာ။ ဟု
ဋီကာကျော်လာသည်ဖြစ်၍ မဟာဗြဟ္မာတို့၏ အလုပ်အကျွေး
ပရိသတ်၌ဖြစ်တတ်သောကြောင့်။ဗြဟ္မပါရိသဇ္ဇာဆိုသည်။ထို
ဗြဟ္မာပါရိသဇ္ဇါမည်သောဗြဟ္မာတို့၏ဖြစ်နေရာဘုံသည်ကား။
ဗြဟ္မာပါရိသဇ္ဇာဘုံမည်၏။ ။ဗြဟ္မပရောဟိတာဆိုကြောင်း
ကား။ တေသံပရောဟိတဌာနေဌိတတ္တာ။ ဗြဟ္မပရောဟိတာ။
ဟု၎င်းလာသည်ဖြစ်၍။ ထိုမဟာဗြဟ္မာတို့၏ပရောဟိတ်အရာ၌
တည်သောကြောင့်။ ဗြဟ္မပရောဟိတာဆိုသည်။ ၎င်းတို့၏ဖြစ်
ရာနေရာဘုံသည်ကား။ဗြဟ္မပရောဟိတာဘုံမည်၏။ ။မဟာ

ဗြဟ္မာဆိုကြောင်းကား။ တေဟိ တေဟိဈာနာဒိဟိ ဂုဏဝိသေ
သေဟိ ဗြူဟိတာ ပရိဝုဍ္ဎာတိ ဗြဟ္မာနော၊ ဝဏ္ဏဝန္တတာယ စေဝ ဒီ
ဃာယုကတာဒိဟိစ ဗြဟ္မပါရိသဇ္ဇာဒိဟိ မဟန္တာ ဗြဟ္မာနောတိ
မဟာဗြဟ္မာနော။ဟုရင်းလာသည်ဖြစ်၍။ ဈာန်အစရှိသောဂုဏ်
အထူးတို့ဖြင့် ကြီးကျန်သော ကြောင့်၎င်း။ အဆင်း သဏ္ဌာန်အ
ရောင်အဝါနှင့်ပြည့်စုံသည်၏ အဖြစ်။ အသက်ရှည်ခြင်း စသော
ဂုဏ်နှင့်ပြည့်စုံသည်၏အဖြစ်တို့ ကြောင့်၎င်း။ ဗြဟ္မပါရိသဇ္ဇာ
ဗြဟ္မာတို့ထက်မြတ်ကျန်သာလွန်ကျန်သည်ဖြစ်၍ မဟာ ဗြဟ္မာ
ဆိုကျန်သည်။ ၎င်းတို့၏နေရာ ဖြစ်သော ဘုံသည်ကား။ မဟာ
ဗြဟ္မာဘုံမည်၏။ ။ထိုပဉ္စမဈာန်သုံးဘုံဗြဟ္မာတို့ကား။အထူး
သဖြင့်မြတ်သောအရောင်အဝါအဆင်းတို့ဖြင့်ထွန်းတောံပသော
အပြင်၌နေကျန်၏။ ပဉ္စမဈာန်ဝိပါက်စိတ်တချဖြင့်သာ ပဋိသန္ဓေ
နေကျန်၏။ဘဝင်စုတိတို့လည်း။၎င်းစိတ်ဖြင့်ပင်ကျကျန်၏။

ပရိတ္တာဘာဘုံဆိုကြောင်းကား။ဥပရိမေဟိပရိတ္တာအာဘာ
ဧတေသန္တိ ပရိတ္တာဘာ။ ဟုရင်း လာသည်ဖြစ်၍ အထက်၌ ဖြစ်
သောဗြဟ္မာတို့အောံနည်းသောအရောင်အဝါရှိသောကြောင့်။ပ
ရိတ္တာဘာဆိုသည်။၎င်းတို့၏ဖြစ်ရာနေရာဘုံသည်ကား။ပရိတ္တာ
ဘာဘုံမည်၏။ ။အပ္ပမာဏာဘာဘုံဆိုကြောင်းကား။အပ္ပမာ
ဏာအာဘာဧတေသန္တိအပ္ပမာဏာဘာ။ဟုရင်းဋီကာလာသည်
ဖြစ်၍အတိုင်းအရှည်မရှိသောအရောင်အဝါရှိသောကြောင့်။အပ္ပ
မာဏာဘာဆိုသည်။ ၎င်းတို့၏နေရာဘုံသည်ကား။ အပ္ပမာဏာ
ဘာဘုံမည်၏။ ။အာဘဿရာဘုံဆိုကြောင်းကား။ဒလာ[illegible]က
တောဝိစ္ဆုရိဝိယဥ္စတောဝိတောစ အာဘာဿရတိ နိဿရတိ ဧ
တေသံသပိတိကဈာနနိပ္ပတ္တ ခန္ဓသန္တာနတ္တာတိ အာဘဿရ
ဟုရင်းလာသည်ဖြစ်၍ပိတိနှင့်တကွဈာန်ကြောင့်ဖြစ်သောခန္ဓာ
ကိုယ်ရှိသောကြောင့်။တိမ်တိုက်ကြားမှလျှပ်ရောင်ထွက်သကဲ့
သို့။ကိုယ်ရောင်ကိုယ်ဝါသည်။ ထိုမှဤမှထွက်တတ်ထွန်းတောံ
ပတတ်သောကြောင့်၎င်း။ တိုင်ဖြင့်ထွန်းသော ဆီမီးလျှံကဲ့သို့

ကိုယ်မှ အရောင်အဝါတို့ သည် ပြတ်၍ ပြတ်၍ ထွက်တတ်ကျ တတ်သောကြောင့်ငင်း။ အာဘဿရာဆိုသည်။ ၎င်းတို့နေရာ ဘုံသည်ကား။အာဘဿရဘုံမည်၏။ ။ထိုဒုတိယဈာန်ဗြဟ္မာ တို့ကား။ အထူးသဖြင့် မြတ်သော အရောင် အဝါတို့ဖြင့် ထွန်း တောက်ပသောအပြင်၌နေကုန်၏။ ဒုတိယဈာန်ဝိပါက်စိတ် တ တိယဈာန်ဝိပါက်စိတ်နှစ်ခုတို့ဖြင့် ပဋိသန္ဓေနေကုန်၏။ ဘဝင်စု တိတို့လည်း။၎င်းစိတ်နှစ်ခုတို့ဖြင့်ပင်ကျကုန်၏။

ပရိတ္တာသုဘာဘုံဆိုကြောင်းကား။ သုဘာတိဧကဃနသာအစ လာသရိယာဘာဝဋ္ဋတိ။ သာဥပရိဖြဟ္မဟိပရိတ္တာဧတေသန္တိ ပရိတ္တာ သုဘာ။ ဟု၎င်းဋီကာကျော် လာသည်ဖြစ်၍ တခဲနက်မ တုန်မလှုပ်တည်သောကိုယ် ရောင်ကိုယ်ဝါတို့ဖြင့်။ အထက်ဘုံ၌ဖြစ်သောဗြဟ္မာတို့အောက်နည်းသော ကိုယ်ရောင်ကိုယ်ဝါရှိ သောကြောင့်။ပရိတ္တာသုဘာဆိုသည်။ ၎င်းတို့၏နေရာဘုံသည် ကား။ ပရိတ္တာ သုဘာဘုံမည်၏။ ။အပ္ပမာဏာ သုဘာ ဆို ကြောင်းကား။ အပ္ပမာဏာသုဘာဧတေသန္တိ အပ္ပမာဏာ သု ဘာ။ ဟု၎င်းလာသည်ဖြစ်၍။ အတိုင်းအရှည် ပမာဏမရှိသော တခဲနက်သောကိုယ်ရောင်ကိုယ်ဝါရှိသောကြောင့်။အပ္ပမါဏာ သုဘါဆိုသည်။၎င်းတို့၏နေရာဘုံသည်ကါး။အပ္ပမါဏာသုဘာ ဘုံမည်၏။ ။သုဘကိဏှာဘုံဆိုကြောင်းကား။ ပဘာသမုဒယ သင်္ခါတေဟိသုဘေဟိ ကိဏ္ဏာအာကိဏ္ဏာတိသုဘကိဏှာ။ ဟု ၎င်းလာသည်ဖြစ်၍အရောင်အပေါင်းဟုဆိုအပ်သော်တင့်တယ် ခြင်းတို့ဖြင့် ပြွမ်းသည်၏ အဖြစ်ကြောင့်။ သုဘကိဏှာဟု ဆို သည်။၎င်းတို့နေရာအရပ်သည်ကား။သုဘကိဏှာဘုံမည်၏။ ။ ထိုတတိယဈာန် သုံးဘုံဗြဟ္မာတို့ကား။ အထူးသဖြင့်မြတ်သော တခဲနက်သောအရောင်အဝါတို့ဖြင့် ထွန်းတောက်ပသောအပြင် ၌နေကုန်၏။ စတုတ္ထဈာန်ဝိပါက်စိတ်တခုဖြင့်သာ ပဋိသန္ဓေနေ ကုန်၏။ဘဝင်စုတိလည်း။၎င်းစိတ်ဖြင့်ပင်ကျကုန်၏။

ဝေဟပ္ဖိုလ်ဘုံ ဆိုကြောင်းကား။ ဈာနပ္ပဘာဝနိဗ္ဗတ္တံဝိပုလံ

ဖလမေတေသန္တိ ဝေဟပ္ဖလာ။ဟုရင်းငြိကာကျော်လာသည်ဖြစ်
၍ရျာန်အာနုဘော်ကြောင့်ဖြစ်သော အထူးထူးအပြားပြားသော
အကျိုးရှိသောကြောင့်။ ဝေဟပ္ဖိုလ်ဆိုသည်။ ငင်းတို့နေရာဘုံ
ကား။ဝေဟပ္ဖိုလ်ဘုံမည်၏။ ။အသညသတ်ဘုံဆိုကြောင်း
ကား။ သညာ ဝိရာဂ ဘာဝနာ နိပ္ဖတ္တရူပသန္တတိမတ္တတ္တာ။ နတ္ထိ
သညာတံမှ ခေနဝုတ္တာဝသေသာ အရူပက္ခန္ဓာစတေသန္တိ အ
သညာ။ဟုရင်းလာသည်ဖြစ်၍သညာ၌တပ်ခြင်းကင်းသောဘာ
ဝနာကြောင့်။ ရုပ်အစည်မျှသာရှိသည်။ သညာတရားကိုအရင်း
ပြုသဖြင့်ဟောအပ်ကုန်သောကြွင်းသော နာမက္ခန္ဓာတို့သည်မ
ရှိသောကြောင့်။သညာကင်းသောဗြဟ္မာတို့အား။အသညသတ္တ
ဆိုသည်။ငင်းတို့၏နေရာသည်ကား။အသညသတ်ဘုံမည်၏။ထိုဝေ
ဟပ္ဖိုလ်အသညသတ်ဗြဟ္မာတို့ကား။ အထူးသဖြင့်မြတ်သော
ကိုယ်ရောင်ကိုယ်ပါတို့ဖြင့် ထွန်းတောက်ပသောတူမျှသောအ
ပြင်၌နေကုန်၏။ဝေဟပ္ဖိုလ်ဘုံသားတို့သည်။ ပဉ္စမရျာန်ဝိပါက်
စိတ်ဖြင့်ပဋိသန္ဓေနေကုန်၏။ ဘဝင်စုတိတို့လည်း။ ငင်းစိတ်ဖြင့်
ပင်ကျကုန်၏။ အသညသတ် ဗြဟ္မာတို့အားကား။ ဇီဝိတနဝက
လာပ်ရုပ်ကိုးချဖြင့် ပဋိသန္ဓေနေကုန်၏။ ဘဝင်စုတိ တို့လည်း။
ငင်းစိတ်ဖြင့်ကျကုန်၏။

အဝိဟာဘုံဆိုကြောင်းကား။ အပ္ပကေနကာလေန အတ္တနော
ဌာနံနဝိဇဟန္တိတိ အဝိဟာ။ ဟုငြိကာကျော်လာသည်ဖြစ်၍။ စိုး
စည်းမျှကာလတို့၌လည်း။ မိမိတို့နေရာကို မစွန့်သောကြောင့်။
အဝိဟာဆိုသည်။ငင်းတို့၏နေရာသည်ကား။အဝိဟာဘုံမည်၏။
အတပ္ပါဘုံဆိုကြောင်းကား။ ဒုတိယတလဝါသိနော နကေနစိတ
ပန္တိတိ အတပ္ပါ။ ဟုရင်းလာ သည်ဖြစ်၍ ဒုတိယအပြင်၌နေကုန်
သောဗြဟ္မာတို့သည်။တစုံတခုသောအကြောင်းတို့ဖြင့်ပူပန်ခြင်း
မရှိသောကြောင့်။အတပ္ပါဆိုသည်။ ငင်းတို့နေရာသည်ကားအ
တပ္ပါဘုံမည်၏။ ။သုဒဿာဘုံ ဆိုကြောင်းကား။ တတိယ
တလဝါသိနော ပရမသုန္ဒရရူပတ္တာ သုခေန ဒိဿန္တိတိ သုဒဿာ

ဟုဧင်းလာသည်ဖြစ်၍ တတိယအပြင်၌နေကျန်သော ဖြဟ္မာတို့သည်။အလွန်ကောင်းမြတ်သော အရောင်အဆင်းရှိ၍ ချမ်းသာစွာမြင်အပ်ရှုအပ်သောကြောင့်။သုဒဿာဆိုသည်။ ၎င်းတို့၏နေရာသည်ကား။ သုဒဿာ ဘုံမည်၏။ သုဒဿီ ဘုံဆိုကြောင်းကား စတုတ္ထ တလဝါသိနော သုပရိသုဒ္ဓ ဒဿနတ္တာ သုခေနပဿန္တီတိသုဒဿိနော။ ဟုဧင်းလာသည်ဖြစ်၍စတုတ္ထအပြင်၌နေကျန်သော ဖြဟ္မာ တို့သည်။ အလွန် စင်ကြယ်သော စက္ခုဝိညာဏ်ရှိသောကြောင့်။ ချမ်းသာသဖြင့် ရူပါရုံကို မြင်တတ်သည်ဖြစ်၍ သုဒဿီ ဆိုသည်။ ၎င်းတို့ နေရာသည်ကား။ သုဒဿီဘုံမည်၏၊ ။အကနိဋ္ဌဘုံဆိုကြောင်းကား။ ပဥ္စမတလဝါသိနော ဥက္ကဋ္ဌသမ္ပတ္တိ ကတ္တာနတ္ထိ ဧတေသံ ကနိဋ္ဌ ဘာဝေါတိအကနိဋ္ဌော။ ဟုဧင်း လာသည်ဖြစ်၍၊ ပဥ္စမအပြင်၌ နေကျန်သောဖြဟ္မာတို့သည်။ လွန်သောထူးသော ပြည့်စုံခြင်းရှိသောကြောင့်။ငယ်သောအဖြစ်မရှိသည်ဖြစ်၍အကနိဋ္ဌဆိုသည်။ ၎င်းတို့နေရာသည်ကား။အကနိဋ္ဌဘုံမည်၏။ ။ဤအဝိဟာ၊အတပ္ပါ၊ သုဒဿာ၊သုဒဿီ။အကနိဋ္ဌ။ ငါးဘုံဖြဟ္မာတို့ကိုသုဒ္ဓါဝါသဆိုကြောင်းကား။ သုဒ္ဓါနံအနာဂါမိအရဟန္တာနမေဝအာဝါသောတိသုဒ္ဓါဂါသော။ ဟုဧင်းလာ သည်ဖြစ်၍ စင်ကြယ် သန့်ရှင်းကျန်သောအနာဂါမ်ရဟန္တာတို့၏နေရာဖြစ်သောကြောင့်။သုဒ္ဓါဝါသဆိုသည်။တနည်းလည်း။အနုနယပဋိဃာဘာဝတောဝါ သုဒ္ဓေါအာဝါသောဧတေသန္တိသုဒ္ဓါဝါသာ။ဟုဧင်းလာသည်ဖြစ်၍ ဒိဋ္ဌဂတသမ္ပယုတ်စိတ်။ဥဒ္ဓစ္စသဟဂုတ်စိတ်။ ဒေါသမူစိတ်တို့၏မရှိခြင်းကြောင့်။ စင်ကြယ်သော ရဟန္တာတို့၏ နေရာဖြစ်၍လည်း။ သုဒ္ဓါဝါသဆိုသည်။ ။ထိုသုဒ္ဓါဝါသငါးဘုံသားတို့ကား။ ပဥ္စမဈာန်ဝိပါက်စိတ်ဖြင့်ပဋိသန္ဓေနေကျန်၏။ ဘဝင်စုတိတို့သည်လည်း။၎င်းစိတ်ဖြင့်ပင်ကျကျန်၏။

ရူပတဆဲ့ခြောက်ဘုံအနက်။ အသညသတ်သုဒ္ဓါဝါသငါးဘုံတို့ကိုပယ်၍ ကြွင်းသော ဆယ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည်

ကား။ ယခင်တကျိပ်နှစ်ယောက်အနက်။ ဒုဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်သုံးပါးမှတပါး။ တိဟိတ်ပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌာန်လေး၊ ဖလဋ္ဌာန်လေးအားဖြင့် ကိုးယောက်သော ပုဂ္ဂိုလ်တို့သည်ဖြစ်ကုန်၏။ထိုကိုးယောက်အနက်။ တိဟိတ်ပုဂ္ဂိုလ်၌ဖြစ်သောစိတ်တို့ကား။ ဒေါသမူနှစ်မှတပါး။ အကုသိုလ်စိတ်တဆယ်။ ဃာနဝိညာဏ်နှစ်။ဇိဝှါဝိညာဏ်နှစ်။ကာယဝိညာဏ်နှစ်။ဟသိတုပ္ပါဒ်မှတပါး။အဟိတ်စိတ်တဆဲ့တခု။မဟာကုသိုလ်ရှစ်ခု။မဟဂ္ဂုတ်ကုသိုလ်ကိုးခု။ရူပါဝစရဝိပါက်စိတ်ငါးခု။ဤလေးဆဲ့သုံးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ။သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၌သောတာပတ္တိမဂ်စိတ်တခုသာဖြစ်၏။ ။သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၌ကား။ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု။ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု။စက္ခုဝိညာဏ်နှစ်။သောတဝိညာဏ်နှစ်။ သမ္ပဋိစ္ဆန်းနှစ်။သန္တီရဏသုံးခု။အာဝဇ္ဇန်းနှစ်အားဖြင့်။ အဟိတ်စိတ်တဆဲ့တခု။ မဟာကုသိုလ်ရှစ်ခု။ မဟဂ္ဂုတ် ကုသိုလ် ကိုးခု။ ရူပါဝစရဝိပါက်ငါးခု၊သောတာပတ္တိဖိုလ်စိတ်တခုအားဖြင့်။ သုံးဆဲ့ကိုးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ။သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌။ သကဒါဂါမိမဂ်စိတ် တခုသာဖြစ်၏၊ ။သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၌ကား။ ယခင်သုံးဆဲ့ကိုးခုတွင်။ သောတာပတ္တိဖိုလ်စိတ်ကို ပယ်၍ သကဒါဂါမိ ဖိုလ်စိတ်ကို ထည့်သော်။ သုံးဆဲ့ကိုးခုသော စိတ်တို့ သည် ဖြစ်ကုန်၏။ ။အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌။ အနာဂါမိမဂ်စိတ်တခုသာဖြစ်၏။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၌ကား။ယခင်သုံးဆဲ့ကိုးခုတွင်။ သကဒါဂါမိဖိုလ်စိတ်ကိုပယ်၍အနာဂါမိဖိုလ်စိတ်ကိုထည့်သော်။သုံးဆဲ့ကိုးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ။အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌။ အရဟတ္တမဂ်စိတ်တခုသာဖြစ်၏။ ။အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်၌ကား။ စက္ခုဝိညာဏ်နှစ်၊ သောတဝိညာဏ်နှစ်၊ သမ္ပဋိစ္ဆန်းနှစ်၊ သန္တီရဏသုံးခု၊ အာဝဇ္ဇန်းနှစ်၊ ဟသိတုပ္ပါဒ်အားဖြင့် အဟိတ်စိတ်တဆဲ့နှစ်ခု၊ မဟာကြိယာရှစ်ခု၊ ရူပါဝစရဝိပါက်ငါးခု၊ မဟဂ္ဂုတ်ကြိ

ယာကိုးခု၊အရဟတ္တဖိုလ်စိတ်တခု။ ဤသုံးဆဲ့ငါးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ။အသညသတ်ဘုံ၌ကား။ ။အသညသတ္တ ဖြဟ္မလောကေ ဧကောသုဂတိ အဟေတုပုဂ္ဂလော။ တသ္မိံတ ယောကလာပါ ဟောန္တိ။ ။ဟုသုစိတ္တာ လက်ာရကျမ်း လာသည် ဖြစ်၍ အသညသတ် ဘုံ၌ သုဂတိ အဟိတ် ပုဂ္ဂိုလ် တယောက်သာဖြစ်သည်။ထိုပုဂ္ဂိုလ်၌ဇီဝိတနဝကလာပ်။သုဒ္ဓဋ္ဌက ကလာပ် လဟုတာဒေကာဒသက ကလာပ်သုံးပါးတို့သည်ဖြစ်ကုန်၏။ ။သုဒ္ဓါဝါသငါးဘုံတို့၌ကား။အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤသုံးယောက်တို့သည်ဖြစ်ကုန်၏။ ထိုသုံးယောက်တို့တွင်။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၌ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု။ ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု။စက္ခုဝိညာဏ်ဒွေ။ သောတဝိညာဏ်ဒွေ။ သမ္ပဋိစ္ဆန်းဒွေ။ သန္တီရဏသုံးခု။အာဝဇ္ဇန်းဒွေအားဖြင့်။ အဟိတ်စိတ်တဆဲ့တခု။ မဟာကုသိုလ်စိတ်ရှစ်ခု။မဟာကြိယာကုသိုလ်ကိုးခု။ရူပါဝစရပဉ္စမဈာန်ဝိပါက်စိတ်တခု။ အနာဂါမိဖိုလ်စိတ်တခု။ ဤသုံးဆဲ့ငါးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ။အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌။ အရဟတ္တမဂ်စိတ်တခုသာဖြစ်၏။ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်၌ကား။ စက္ခုဝိညာဏ်ဒွေ။ သောတဝိညာဏ်ဒွေ။ သမ္ပဋိစ္ဆန်းဒွေ။ သန္တီရဏသုံးခု။ အာဝဇ္ဇန်းဒွေ။ ဟသိတုပ္ပါဒ်အားဖြင့်။ အဟိတ်စိတ်တဆဲ့နှစ်ခု။မဟာကြိယာရှစ်ခု။မဟာဂ္ဂုတ်ကြိယာကိုးခု။ ပဉ္စမဈာန်ဝိပါက်တခု။အရဟတ္တဖိုလ်စိတ်တခု။ဤသုံးဆဲ့တခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ။ဤသို့ဆိုအပ်ပြီးသောရူပါဝစရတဆဲ့ခြောက်ဘုံသားတို့၏အာယုပရိစ္ဆေဒသည်ကား။ ။အသညေယျကပ္ပသတတိယောဘာဂေါ။ ဖြဟ္မပါရိသဇ္ဇာနံ ဒေဝါနံအာယုပ္ပမာဏံ။ ။ဟုသုစိတ္တာလက်ာရကျမ်းလာသည်ဖြစ်၍ အသင်္ချေယျကပ်၏သုံးဘို့တဘို့သည်။ဖြဟ္မပါရိသဇ္ဇာဖြဟ္မာတို့၏အသက်ဖြစ်၏။ ။ဥပဍ္ဍကပ္ပမသင်္ချေယျကပ္ပေါ၊ ဖြဟ္မပုရောဟိတာနံအာယု။ဟုရှင်းလာသည်ဖြစ်၍အသင်္ချေကပ်၏ထက်ဝက်သည်။

ဖြဟ္မပရောဟိတာဖြဟ္မာတို့၏အသက်ဖြစ်၏။ ။အသင်္ချေယျ ကပ္ပေါ်မဟာဖြဟ္မာနံအာယု။ ။ဟုငင်းလာသည်ဖြစ်၍အသင်္ချေ ယျတကပ်သည်လျှင်။မဟာဖြဟ္မာတို့၏အသက်ပမာဏဖြစ်၏။ ဤပဌမဈာန်သုံးဘုံဖြဟ္မာတို့၏ အာယုပရိစ္ဆေဒကိုအသင်္ချေယျ ကပ်ဖြင့်ပိုင်းခြားအပ်၏။ဒုတိယဈာန်အစရှိသောအထက်ဖြဟ္မာ တို့၏အာယုပရိစ္ဆေဒကိုမူကား။မဟာကပ်ဖြင့်ပိုင်းခြားအပ်၏။

ထိုအသင်္ချေယျကပ် မဟာကပ်တို့၏ သဘောလက္ခဏာကို ဤသို့သိအပ်၏။ အနံ၊အလျား၊အထု။ တယူဇနာစီရှိသောတိုက်၌ မုန်ညင်းဖြူစေ့ကိုအပြည့်ထည့်၍ အနှစ်တရာမှတစေ့။ အနှစ်တ ထောင်မှတစေ့စီယူဘန်များသဖြင့်။ထိုမုန်ညင်းစေ့သည် ကုန် ငြားသော်လည်း။မကုန်နိုင်ရာသောသဘောသည်။ တခုသော အသင်္ချေယျကပ်မည်၏။ ထိုအသင်္ချေယျ လေးကပ်လည်းမှ။ မ ဟာကပ် တကပ်ဖြစ်၏။ သတ္တဝါတို့အသက်ဖြင့် ပြသော်ကား။ သတ္တန္တရကပ်။ရောဂန္တရကပ်။ဒုဗ္ဘိက္ခန္တရကပ်တို့တွင်။ တပါး ပါးဖြင့်များစွာသောသတ္တဝါတို့ပျက်စီးခြင်းသို့ရောက်ပြီးသော် ကြွင်းသောသတ္တဝါတို့သဉ္ဇာနံ၌ဖြစ်သောကုသိုလ်ကံ၏ အာနု ဘော်ကြောင့်။ ဆယ်နှစ်မှအစဉ်အတိုင်း တိုးပွါးလတ်သော်။အ သက်အသင်္ချေတိုင်အောင်နေရ၏တဘန်မတရားသောအမှုကို ကျင့်ပြန်ကြသောကြောင့်။ တနေ့ရွတနေ့ရွ အသက်ဆုတ်ပြန်၏။ ဆယ်နှစ်နေသေါ်အခါ၊ငင်းကပ်သုံးပါးတွင်။တပါးပါးဖြင့်သတ္တ ဝါတို့ပျက်စီးခြင်းသို့ ရောက်သည် တိုင်အောင်သော အပိုင်းအ ခြားသည်။အန္တရကပ်တကပ်မည်၏။ ဤသို့ပိုင်းခြားအပ်သော အန္တရကပ်ခြောက်ဆဲ့လေးကပ်သည်ငင်း။ အန္တရကပ်နှစ်ဆယ် သည်ငင်း။ တခုသောအသင်္ချေယျကပ်မည်၏။ ထိုအသင်္ချေယျ ကပ်သည်ကား။သံဝဋ္ဋကပ်၊သံဝဋ္ဋဌာယီကပ်၊ဝိဝဋ္ဋကပ်၊ဝိဝဋ္ဋဌါ ယီကပ်ဟူ၍လေးပါးရှိသည်တွင်ကမ္ဘာပျက်မိုဃ်းရွာသည်မှစ ၍ကမ္ဘာပျက်မီးလျှံ ပြတ်သည်တိုင်အောင်သော ကာလသည်။ သံဝဋ္ဋအသင်္ချေယျကပ်မည်၏။ကမ္ဘာပျက်မီးလျှံ ပြတ်သည်မှစ

၍စကြာဝဠ္ဍါကုဋေတသိန်းပြည့်အောင်။ ကမ္ဘာပြုမိုးရွာသည်တိုင်အောင်သောကာလသည်။ သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်မည်၏။ ကမ္ဘာပြုမိုးရွာသည်မှစ၍နေလပေါ်အောင်သော်ကာလသည်။ ဝိဝဋ္ဋအသင်္ချေယျကပ် မည်၏။ နေလပေါ်သည်မှတဘန်။ ကမ္ဘာပျက်မိုးရွာသည်တိုင်အောင်သောကာလသည်။ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်မည်၏။ ဤအသင်္ချေယျကပ်လေးကပ်မှသာလျှင်။ မဟာကပ်တကပ်ဖြစ်၏။ ပဌမဈာန်သုံးဘုံဗြဟ္မာတို့အသက်ကား။ မဟာကပ်မပြည့်မှီမီးပျက်ခြင်းသဘောရှိသောကြောင့်။ အသင်္ချေယျကပ်ဖြင့်သာပိုင်းခြားအပ်၏ဟုလိုသော်။

ကမ္ဘာပျက်စဉ်ကား။ ဤသို့တည်း။ ။သတ္တဝါရေသုအဂ္ဂိနာဝိနဿတိ။ အဋ္ဌမေဝါရေဥဒကေန၊ ပုနသတ္တဝါရေသုအဂ္ဂိနာ။ အဋ္ဌမေဝါရေ ဥဒကေနာတိ။ ဧဝံအဋ္ဌသုအဋ္ဌကေသု ပရိပုဏ္ဏေသု ပစ္ဆိမေဝါရေဝါတေနဝိနဿတိ။ ။ဟုဋီကာကျော်လာသည်ဖြစ်၍ ဩကာသလောကသည် မီးဖြင့်ခုနစ်ကြိမ်ပျက်၍နောက်ရေတကြိမ်ပျက်သော်ခုနစ်ကြိမ်ရှိ၏။ ဤနည်းအတူမီးခုနစ်ကြိမ်ရေတကြိမ်ပျက်၍ခုနစ်ကြိမ်ခုနစ်လီအါးဖြင့်ခြောက်ဆဲ့လေးကြိမ်ဇော့သောအခါ။ လေတကြိမ်ပျက်၏။ ထိုသို့မီးရေလေ ပျက်ရာတွင်လည်း၊ ပဌမဈာနတလံ ဥပါဒါယ အဂ္ဂိနာ၊ ဒုတိယ ဈာနတလံ ဥပါဒါယဥဒကေန။ တတိယဈာနတလံ ဥပါဒါယဝါတေနဝိနဿတိ။ ။ဟုရင်းလာသည်ဖြစ်၍ မီးပျက်သော အခါပဌမဈာန်သုံးဘုံလုံးကုန်အောင်ပျက်၏။ ရေပျက်သောအခါဒုတိယဈာန်သုံးဘုံကုန်အောင်တက်၍ပျက်၏။ လေပျက်သောအခါ။ တတိယဈာန် သုံးဘုံတိုင်အောင်မျှသာပျက်၏ဟူသော ကြောင့်ရင်း၊ မဟာကပ်မဖြစ်မှီ အသင်္ချေယျကပ်အတွင်း၌သာ။ ပဌမဈာန်သုံးဘုံလုံးမီးပျက်သည်ဖြစ်၍ ထိုပဌမဈာန်သုံးဘုံဗြဟ္မာတို့အသက်ကိုကား၊ မဟာကပ်ဖြင့် မပိုင်းခြားအပ်၊ အသင်္ချေယျကပ်ဖြင့်သာပိုင်းခြားအပ်သည်ဟု။ ဋီကာဆရာတို့ မိန့်တော်မူကုန်သည်။

ပရိတ္တာဘာဗြဟ္မာတို့၏အသက်ကား။မဟာကပ်နှစ်ကပ်ပမါဏရှိ၏။အပ္ပမာဏာဘာဗြဟ္မာတို့အသက်ကား။မဟာကပ်လေးကပ်ပမါဏရှိ၏။အာဘဿရာဗြဟ္မာတို့အသက်ကား။အသင်္ချေယျတကပ်။မဟာကပ်ခုနစ်ကပ်အားဖြင့်ရှစ်ကပ်ပမာဏရှိ၏။ ။ပရိတ္တသုဘာဗြဟ္မာတို့အသက်ကား။ မဟာကပ်တဆဲ့ခြောက်ကပ်ပမာဏရှိ၏။ ။အပ္ပမာဏသုဘာဗြဟ္မာတို့အသက်ကား၊ မဟာကပ်သုံးဆဲ့နှစ်ကပ်ပမာဏရှိ၏။ ။သုဘကိဏှာဗြဟ္မာတို့အသက်ကား။ အသင်္ချေယျတကပ်။ မဟာကပ် ခြောက်ဆဲ့သုံးကပ်ပမာဏရှိ၏။ ။ဝေဟပ္ဖိုလ် အသညသတ်ဗြဟ္မာတို့အသက်ကား၊မဟာကပ်ငါးရာလျှင်ပမာဏရှိ၏။ ။အဝိဟာဗြဟ္မာတို့အသက်ကား။မဟာကပ်တထောင်လျှင်ပမာဏရှိ၏။ ။အတပ္ပါဗြဟ္မာတို့၏အသက်ကား။မဟာကပ်နှစ်ထောင်လျှင် ပမာဏရှိ၏။ ။သုဒဿာဗြဟ္မာတို့အသက်ကား။ မဟာကပ်လေးထောင်လျှင်ပမာဏရှိ၏။ ။သုဒဿီဗြဟ္မာတို့အသက်ကား။မဟာကပ်ရှစ်ထောင်ပမာဏရှိ၏။ ။အကနိဋ္ဌဗြဟ္မာတို့အသက်ကား။မဟာကပ်တသောင်း။ခြောက်ထောင်ပမာဏရှိ၏။

## ရူပါဝစရပရိစ္ဆေဒပြီး၏။

———

အရူပလေးဘုံ ဟူသော်ကား၊ အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ။ အကိဉ္စညာ ယတနဘုံ။ နေဝသညာနာသညာယတနဘုံအားဖြင့်၊အရူပကားလေးဘုံရှိ၏။ထိုလေးဘုံတို့တွင်။တဘုံမှသည်တဘုံအကွာသော်ကား။အကနိဋ္ဌဘုံမှသည်။အထက်ယူဇနာငါးသန်း၊ငါးသိန်း၊ရှစ်ထောင်ကွာရှိသောအရပ်၌။ အာကာသာနဉ္စာယတန ဘုံဖြစ်၏၊ ကြွင်းသည်ဘုံတို့လည်း။ ၎င်းနည်းယူဇနာ ငါးသန်း၊ ငါးသိန်း၊ ရှစ်ထောင်စီနှင့်နှင့် ကွာသောအရပ်တို့၌အဆင့်အဆင့်ဖြစ်ကုန်၏။ ။ထိုအရူပလေးဘုံတို့သဘောလက္ခဏာကား။ ။အာကာသာနဉ္စာယတနေပဝတ္တာ

ပဉ္စမာရုပ္ပဝိပါကဘူတစတုက္ကန္တာ၁၆၀။ တေဟိပရိစ္စိန္နဖြဲကာ သောဝါအာကာသာနဉ္စာယတနဘုမ္မိ။ ။ဟုဋီကာကျော်လာသည်ဖြစ်၍။ကသိဏ်းကိုခွါ၍ရအပ်သောအပိုင်းအခြားမရှိသော ကောင်းကင်အာရုံ၌ဖြစ်သောပဉ္စမ အရူပဝိပါက်စိတ်ဖြစ်သော နာမက္ခန္ဓာလေးပါးသည်လျှင်၊ အာကာသါနဉ္စာယတနဘုံမည်၏။ တနည်းလည်း၊ ထိုပဉ္စမအရူပဖြစ်သော နာမက္ခန္ဓာလေးပါးတို့ ဖြင့်ပိုင်းခြားအပ်သော ကောင်းကင်အရပ်သည်လျှင်။ အာကာသာနဉ္စာယတနဘုံမည်၏ ဟုလိုသော်။ ။ကြွင်းသည့်သုံးဘုံတို့၌လည်း။ဤနည်းကိုမှီ၍ယူရမည်။

အရူပလေးဘုံဗြဟ္မာတို့တွင်။ အာကာသာနဉ္စာယတနဗြဟ္မာတို့သည်။ အာကာသာနဉ္စာယတနဝိပါက်စိတ် တခုဖြင့်သာပဋိသန္ဓေနေသည်။ဘဝင်စုတိလည်း။၎င်းစိတ်ဖြင့်ပင်ကျကုန်သည်။ ထိုအတူဝိညာဏဉ္စာယတနဗြဟ္မာ။ အာကိဉ္စညာယတန ဗြဟ္မာ။ နေဝသညာနာသညာယတနဗြဟ္မာတို့သည်။မိမိတို့ဝိပါက်စိတ် တခုဖြင့်ပဋိသန္ဓေနေကုန်သည်။ဘဝင်စုတိစိတ်တို့လည်း။ ၎င်းစိတ်ဖြင့်ပင်ကျကုန်သည်၊ ။ထိုအရူပလေးဘုံ၌ဖြစ်သောဗြဟ္မာတို့ကား၊ယခင်တကျိပ်နှစ်ယောက်ပုဂ္ဂိုလ်တို့တွင်။ ဒုဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို ပယ်၍တိဟိတ်ပုဂ္ဂိုလ်တို့နှင့် အရိယာခုနစ်ယောက်အားဖြင့်။ဤ ၇စ်ယောက်တို့သည်ဖြစ်ကုန်၏။ထို၇စ်ယောက်တို့တွင်။အါကာသာနဉ္စာယတနဘုံ၌။ တိဟိတ်ပုဂ္ဂိုလ်၌ဖြစ်သောါစိတ်ကား။ ဒေါသမူဒွေမှတပါးအကုသိုလ်စိတ်တဆယ်။ မနောဒွါရာဝဇ္ဇန်းစိတ် တခု။ မဟာကုသိုလ်၇စ်ခု။အရူပါဝစရကုသိုလ်စိတ်လေးခု။အာကာသါနဉ္စာယတနဝိပါက်စိတ်တခုအားဖြင့်။နှစ်ဆဲ့လေးခုသော်ါ စိတ်တို့သည်ဖြစ်ကုန်၏။ ။ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော တိဟိတ်ကား။ယခင်နှစ်ဆဲ့လေးခုတွင်။ အာကာသာနဉ္စာယတန ကုသိုလ်ဝိပါက်ကိုပယ်၍ ဝိညာဏဉ္စာယတန ဝိပါက်ကိုထည့်သော်။ နှစ်ဆဲ့သုံးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ အာကိဉ္စညာ

ယတနဘုံ၌ ဖြစ်သောတိဟိတ်ပုဂ္ဂိုလ်၌။ ယခင်နှစ်ဆဲ့သုံးခုတွင်၊ ဝိညာဏဉ္စာယတနကုသိုလ်ဝိပါက်ကိုပယ်၍ အာကိဉ္စာယတန ဝိပါက်ကိုထည့်သော်။ နှစ်ဆဲ့နှစ်ခုသောစိတ်တို့သည် ဖြစ်ကုန်၏။ ။နေဝသညာ နာသညာယတန ဘုံ၌ဖြစ်သော တိဟိတ် ပုဂ္ဂိုလ်၌။ ယခင်နှစ်ဆဲ့နှစ်ခုတွင်။ အာကိဉ္စာယတန ကုသိုလ် ဝိပါက်ကို ပယ်၍။ နေဝသညာ နာသညာ ယတန ဝိပါက်ကို ထည့်သော် နှစ်ဆဲ့ တခုသော စိတ်တို့သည် ဖြစ်ကုန်၏။ ။ အာကာသာနဉ္စာယတနဘုံ၌ဖြစ်သော သောတာပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ်၌။ဒွိပဉ္စဝိညာဏ်စိတ်ဆယ်ခု။ ဥဒ္ဓစ္စသမ္ပယုတ်တခု။ မနောဒွါရာဝဇ္ဇန်းစိတ်တခု။ မဟာကုသိုလ်ရှစ်ခု။ အရူပကုသိုလ် လေးခု။အာကာသာနဉ္စာယတနဝိပါက်စိတ်တခု။သောတာပတ္တိ· ဖိုလ်စိတ်တခုအားဖြင့်။နှစ်ဆယ်သောစိတ်သာဖြစ်၏။ ။ဝိညာဏဉ္စာယတနဘုံ၌ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၌။ ယခင်နှစ်ဆယ်သော စိတ်တို့တွင်။ အာကာသာနဉ္စာယတန ကုသိုလ်ဝိပါက်ကိုပယ်၍ဝိညာဏဉ္စာယတနဝိပါက်ကိုထည့်သော် တဆဲ့ကိုးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ။အာကိဉ္စညာယတနဘုံ၌ဖြစ်သော သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၌ကား။ ယခင်တဆဲ့ကိုးခုတွင်၊ ဝိညာဏဉ္စာယတန ကုသိုလ်ဝိပါက်ကိုပယ်၍ အာကိဉ္စညာယတနဝိပါက်ကိုထည့်သော်တဆဲ့ရှစ်ခုသော စိတ်တို့သည်ဖြစ်ကုန်၏။ ။နေဝသညာနာသညာယတနဘုံ၌ဖြစ်သော သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၌။ ယခင်တဆဲ့ရှစ်ခုတွင်။ အာကိဉ္စညာယတနကုသိုလ်ဝိပါက်ကိုပယ်၍နေဝသညာနာသညာယတနဝိပါက်ကိုထည့်သော်။ တဆဲ့ခုနစ်ခုသော စိတ်တို့သည် ဖြစ်ကုန်၏။ ။သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ကား။သကဒါဂါမိ မဂ်စိတ်တခုသာဖြစ်၏။ ။အာကိဉ္စညာယတနဘုံ၌ဖြစ်သော သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၌။ ယခင်သောတာပတ္တိဖလဋ္ဌာန်၌ ဖြစ်သောစိတ်နှစ်ဆယ်တွင်။ သောတာပတ္တိဖိုလ်စိတ်ကိုပယ်၍ သကဒါဂါမိ ဖိုလ်စိတ်ကိုထည့်သော်။ နှစ်ဆယ်သော စိတ်တို့

သည်ဖြစ်ကုန်၏။ ဝိညာဏဉ္စာယတနသကဒါဂါမိဖလဈာန်၌ တ
ဆဲ့ကိုးခု၊ အာကိဉ္စညာယတနသကဒါဂါမိဖလဈာန်၌တဆဲ့ရှစ်ခု။
နေဝသညာနာသညာယတနသကဒါဂါမိဖလဈာန်၌ တဆဲ့ခုနစ်
ခု။ ဧင်းနည်းအစဉ်အတိုင်း။ သောတာပတ္တိ ဖိုလ်စိတ်ကိုပယ်၍သ
ကဒါဂါမိဖိုလ်စိတ်ကိုထည့်သော်။ ဆိုအပ်ပြီးသောသင်္ချာအတိုင်း
ဖြစ်ကုန်၏။ ။အနာဂါမိမဂ္ဂဈာန်ပုဂ္ဂိုလ်၌ကား။ အနာဂါမိမဂ်
စိတ်တခုသာဖြစ်၏။ ။အာကာသာနဉ္စာယတနအနာဂါမိဖလ
ဈာန်ပုဂ္ဂိုလ်၌၊ ယခင်ရှေးနည်းတူစိတ်နှစ်ဆယ်။ ဝိညာဏဉ္စာယတ
နအနာဂါမိဖလဈာန်၌။ စိတ်တဆဲ့ကိုးခု။ အာကိဉ္စညာယတနအနာ
ဂါမိဖလဈာန်၌စိတ်တဆဲ့ရှစ်ခု။ နေဝသညာနာသညာယတနအ
နာဂါမိဖလဈာန်၌။ စိတ်တဆဲ့ခုနစ်ခု။ ဧင်းနည်းအစဉ်အတိုင်းသက
ဒါဂါမိဖိုလ်စိတ်ကိုပယ်၍အနာဂါမိဖိုလ်စိတ်ကိုထည့်သော်။ ဆို
အပ်ပြီးသောသင်္ချာတို့သည်ဖြစ်ကုန်၏။ ။အရဟတ္တမဂ္ဂဈာန်ပုဂ္ဂိုလ်
၌ကား။ အရဟတ္တမဂ်စိတ်တခုသာဖြစ်၏။ ။အာကာသာနဉ္စာယ
တနအရဟတ္တဖလဈာန်ပုဂ္ဂိုလ်၌။ မနောဒွါရာဝဇ္ဇန်းစိတ်တခု။ မ
ဟာကြိယာစိတ်ရှစ်ခု။ အရူပါဝစရကြိယာစိတ်လေးခု။ အာကာ
သာနဉ္စာယတနဝိပါက်စိတ်တခု။ အရဟတ္တဖိုလ်စိတ် တခုအား
ဖြင့်။ တဆဲ့ငါးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ ဝိညာဏဉ္စာယတန
အရဟတ္တဖလဈာန်၌။ ယခင်တဆဲ့ငါးခုတွင်။ အာကာသာနဉ္စာယ
တနဝိပါက်ကြိယာကိုပယ်၍ဝိညာဏဉ္စာယတနဝိပါက်ကိုထည့်
သော်။ တဆဲ့လေးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ အာကိဉ္စညာ
ယတနအရဟတ္တဖလဈာန်၌။ ယခင်တဆဲ့လေးခုတွင်။ ဝိညာဏဉ္စာ
ယတနဝိပါက်ကြိယာကိုပယ်၍အာကိဉ္စညာယတနဝိပါက်စိတ်
ကိုထည့်သော်။ တဆဲ့သုံးခုသောစိတ်တို့သည်ဖြစ်ကုန်၏။ နေဝ
သညာနာသညာယတန အရဟတ္တဖလဈာန်၌ ယခင်တဆဲ့သုံးခု
တွင်။ အာကိဉ္စညာယတနဝိပါက်ကြိယာကိုပယ်၍ နေဝသညာ
နာသညာယတနဝိပါက်ကိုထည့်သော်။ တဆဲ့နှစ်ခုသောစိတ်တို့
သည်ဖြစ်ကုန်၏။ ။အာကာသာနဉ္စာ ယတနဘုံ၌ ဖြစ်သော

ဖြဟ္မာတို့အသက်အပိုင်းအခြားကား။မဟာကပ်နှစ်သောင်းပမါဏရှိ၏။ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော ဖြဟ္မာတို့အသက် အပိုင်း အခြားကား။ မဟာကပ် လေးသောင်း ပမာဏရှိ၏။ အာကိဉ္စညာယတနဘုံ၌ဖြစ်သော်ဖြဟ္မာတို့၏။အသက်အပိုင်းအခြားကား။ မဟာကပ်ခြောက်သောင်းပမာဏရှိ၏။ နေဝသညာနာသညာယတနဘုံ၌ဖြစ်သော ဖြဟ္မာတို့ အသက် အပိုင်းအခြားကား။မဟာကပ်ရှစ်သောင်းလေးထောင်ပမာဏရှိ၏။

အရူပါဝစရပဋိသန္ဓေဒွိပြီး၏။

---

ဤသို့ဆိုအပ်ပြီးသော ကာမတဆဲ့တဘုံ၊ ရူပတဆဲ့ခြောက်ဘုံ။အရူပလေးဘုံအားဖြင့်သုံးဆဲ့တဘုံ၌ဖြစ်ကုန်သော်ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်တို့ကို အကျယ်ဝေဘန်သော်ကား။နှစ်ရှဲ့၊ တကျိပ်၊ လေးယောက်ရှိ၏။နှစ်ရှဲ့၊တကျိပ်၊ လေးယောက်ဟူသော်ကား။အပါယ်လေးဘုံ၌ဒုဂ္ဂတိအဟိတ်တယောက်ရှ၏။ လေးဘုံဖြစ်သောကြောင့်။ပုဂ္ဂိုလ်လေးယောက်ဖြစ်၏။ မနုဿဘုံ၊စတုမဟာရာဇ်ဘုံတို့၌တကျိပ်နှစ်ယောက်အနက်။ ဒုဂ္ဂတိအဟိတ်ကိုပယ်၍တကျိပ်တယောက်စီရသောကြောင့်။နှစ်ကျိပ်နှစ်ဖြစ်၏။ တွင်းသဉ့နတ်ပြည်ငါးရပ်တို့၌။ရင်းတကျိပ်နှစ်ယောက်အနက်။ သုဂတိအဟိတ်ကိုပယ်၍တကျိပ်ရသောကြောင့်။ ငါးကျိပ်ဖြစ်၏။ပဌမဈာန်သုံးဘုံ။ဒုတိယဈာန်သုံးဘုံ။တတိယဈာန်သုံးဘုံ။ ဝေဟပ္ဖိုလ်အါးဖြင့်ရူပါဝစရဆယ်ဘုံတို့၌။ရင်းတကျိပ်နှစ်ယော်အနက်။ဒုဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်သုံးယော်တို့ကိုပယ်၍ကိုးယော်စီရသောကြောင့်။ ရင်းဆယ်ဘုံ၌။ ကိုးဆယ်ဖြစ်၏။ အသညသတ်ဘုံ၌ကား။သုဂတိအဟိတ်တယော်သာရှ၏။ သုဒ္ဓါဝါသငါးဘုံ၌။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်အားဖြင့်တဘုံလျှင်သုံးယော်စီရသောကြောင့်။တကျိပ်ငါးယောက်ဖြစ်၏။ အရူပလေးဘုံတို့

၌ကား။ဒုဂတိအဟိတ်၊ သုဂတိအဟိတ်၊ဒွိဟိတ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုပယ်၍ ရှစ်ယောက်စီရသောကြောင့်။ သုံးကျိပ်နှစ်ယောက်ဖြစ်၏။ ဤအလုံးစုံကိုပေါင်းသော်။ နှစ်ရှော့၊ တကျိပ်၊ လေးယောက်ဖြစ်၏။ ။ထိုကြောင့်။ပုဂ္ဂိုလ်အပြား။ဝါကရား။ကောက်ငြားယူလစ်။ အပါယ်ဘုံမှာ။ဒုဟိတ်တစ်။ လေးဘုံကိုမူ။ ပုဂ္ဂိုလ်လေးယောက်ဖြစ်၏။ စတုမဟာရာဇ်နှင့်မနုဿ။ဒုကိုပစ်၍။ ဆဲ့တစ်စီလျှင်ရ၏။ ထက်ဒေဝငါးဘုံနတ်။ ဒုဟိတ်သုကြဉ်။ ဘုံငါးခွင်မှာ။ အစဉ်ငါးကျိပ် မှတ်လေ့။ ။အသညာသတ်တဘုံတွင်။ သညာဆိတ်သည့်။ သုဟိတ် တယောက်ပင်တည့်။ ။ထက်ငါးခွင်သုဒ္ဓါဝါသ။ အနာဂါမ်ပုဂ္ဂလ။ အရဟတ္တဟု။မဂ္ဂဖလဌာန်။ အမှန်သုံးစီရ၏။ ကြွင်းရူပဆယ်ဘုံဝယ်။လေးယောက်ပုထု။ ပုဂ္ဂိုလ်ရတွင်။ ဒုသုဒ္ဓိကိုပယ်၍ ပေါင်းကိုးဆယ်သင်္ချာရ။ကိုယ်စီဖြစ်သည်။ဘွေလှစ်ရေတွက်ဆလေ့။ ။အရူပလေးဘုံမှာ။ဒုသုဒ္ဓိမှန်၊ သောတာပန်ကို။ ကြဉ်ပြန်ရှစ်ယောက်သာတည့်။ ကျဉ်းရုံးကာမှတ်လွယ်မေ။ ပညာရှိသူ။ ဉာဏ်ရှိလူတို့။လွယ်ကူသိစေသောတည့်လေ။ဟုစပ်လေသည်။

သုံးဆဲ့တဘုံ၌ဖြစ်ကုန်သောသတ္တဝါတို့အား။ မိမိတို့ဘုံအားလျော်စွာ။ရထိုက်မရထိုက်ကုန်သောယောနိပဋိသန္ဓေတို့ကိုပြသော်ကား။ ။နိရယေဇကောဩပပါတိကယောနိဟောတိ။ ။ဟုသစ်တ္တာ သင်္ဂြိုဟ်ကျမ်း လာသည်ဖြစ်၍ ငရဲဘုံ၌ ဖြစ်ကုန်သောငရဲသူတို့အား။ဥပပါတ်ပဋိသန္ဓေ တပါးသာဖြစ်သည်။ထိုငရဲသူ သတ္တဝါတို့အား။ ပဋိသန္ဓေစိတ် ဥပါဒ်သည်နှင့် တပြိုင်နက်။စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက။ ဤခုနစ်ပါးသောကလာပ်ရုပ်တို့သည်။ တပြိုင်နက်ဖြစ်ကုန်၏။ စက္ခုသောတစသည်ချို့သောသတ္တဝါတို့မှာ။ ချို့သည့်ရုပ်ကလာပ်တို့ကိုပယ်၍ဖြစ်သည့်ရုပ်ကလာပ်တို့ကိုထည့်ရမည်။ အဃာနကောဩပပါတိကောနတ္ထိ။ ။ဟုယမိုက်အဋ္ဌကထာလာသည်ဖြစ်၍ ဃာန

ချိုသောငရဲသတ္တဝါမရှိဟု ယူအပ်၏။ ။တိရစ္ဆာနေ အဏ္ဍဇ ယောနိ။ ဇလာဗုဇယောနိ။ သံသေဒဇ ယောနိ။ ဩပပါတိက ယောနိစေတိစတဿောယောနိယောဘဝန္တိ။ ။ဟုသုတ္တာလင်္ကာရလာသည်ဖြစ်၍။တိရစ္ဆာန်ဘုံ၌ဖြစ်ကုန်သောတိရစ္ဆာန်သတ္တဝါတို့အား။ အဏ္ဍဇပဋိသန္ဓေ။ဇလာဗုဇပဋိသန္ဓေ။သံသေဒဇပဋိသန္ဓေ။ ဥပပါတ်ပဋိသန္ဓေ။ ဤလေးပါးတို့သည် ဖြစ်ကုန်၏။ ။နိရယမတဏှိကပေတဝဇ္ဇိတေပေတလောကေ အဏ္ဍဇယောနိဇလာဗုဇယောနိသံသေဒဇယောနိ ဩပပါတိကယောနိစေတိစတဿောယောနိယောဘဝန္တိ။ ။ဟုရင်းလာသည်ဖြစ်၍နိရယမတဏှိကပြိတ္တာမှတပါးသော ပြိတ္တာသတ္တဝါတို့၌ကား။အဏ္ဍဇပဋိသန္ဓေ။ဇလာဗုဇပဋိသန္ဓေ။ သံသေဒဇပဋိသန္ဓေ ဥပပါတ်ပဋိသန္ဓေ။ဤလေးပါးတို့သည်ဖြစ်ကုန်၏။ ။နိရယမတဏှိကပေတာပန ဩပပါတိကာယေဝ။ ။ဟုရင်းလာသည်ဖြစ်၍ နိရယမတဏှိကပြိတ္တာတို့မှာ။ ဥပပါတ်ပဋိသန္ဓေတပါးသာဖြစ်သည်ယူရမည်။ ပြိတ္တာအသူရကာယ် တို့၌လည်း။ ပဋိသန္ဓေ လေးပါးလုံးပင် ဖြစ်သည်။ လူတို့၌လည်း၊ ရင်းပဋိသန္ဓေ လေးပါးလုံးပင်ဖြစ်သည်။ ဘုမ္မစိုးနတ်တို့၌လည်း။ ရင်းလေးပါးလုံးပင်ဖြစ်သည်။ ။ဆကာမာဝစရဒေဝေသုဧကော ဩပပါတိကယောနိဘဝတိ။ ။ဟုရင်းလာသည်ဖြစ်၍ ဆကာမာဝစရနတ်ပြည်ခြောက်ထပ်၌ကား။ ဥပပါတ်ပဋိသန္ဓေတပါးသာဖြစ်၏။ ။ရူပအရူပဗြဟ္မာတို့အားလည်း။ ။ရင်းဥပပါတ်ပဋိသန္ဓေတပါးမျှသာဖြစ်၏ဟုလိုသော်။

ဘုံပိုင်းပြီး၏။

---

ဆိုအပ်ပြီးသောပရမတ္ထတရားတို့ကိုစုပေါင်း၍ရသင့်တိုင်းပြသော်ကား။ အာသဝအားဖြင့်လေးပါး၊ ဩဃအားဖြင့် လေးပါး။ ယောဂအားဖြင့်လေးပါး။ ဂန္ထအားဖြင့် လေးပါး။ ဥပါဒါန်

အားဖြင့်လေးပါး။ နီဝရဏအားဖြင့်ခြောက်ပါး။ အနုသယအားဖြင့်ခုနစ်ပါး။သံယောဇဉ်အားဖြင့်ဆယ်ပါး။ကိလေသာအားဖြင့်ဆယ်ပါး။ ဟိတ်အားဖြင့်ခြောက်ပါး။ ဈာနင်အားဖြင့် ခုနစ်ပါး။ မဂ္ဂင်အားဖြင့်ဆယ်ပါး။ ဣန္ဒြေအားဖြင့် နှစ်ဆဲ့နှစ်ပါး။ ဗိုလ်အားဖြင့်ကိုးပါး။ အဓိပတိအားဖြင့်လေးပါး။အာဟာရအားဖြင့်လေးပါး။သတိပဋ္ဌာန်အားဖြင့်လေးပါး။ သမ္မပ္ပဓာန်အားဖြင့်လေးပါး။ ဣဒ္ဓိပ္ပါဒ် အားဖြင့်လေးပါး။ ဣန္ဒြေအားဖြင့်ငါးပါး။ ဗိုလ်အားဖြင့်ငါးပါး။ ဗောဇ္ဈင်အားဖြင့်ခုနစ်ပါး။ မဂ္ဂင်အားဖြင့် ရှစ်ပါး၊ ခန္ဓာအားဖြင့်ငါးပါး။ ဥပါဒါနက္ခန္ဓာအားဖြင့်ငါးပါး။ အာယတနအားဖြင့် တဆဲ့နှစ်ပါး။ ဓါတ်အားဖြင့် တဆဲ့ရှစ်ပါး။ သစ္စာအားဖြင့်လေးပါး။ပဋိစ္စသမုပ္ပါဒ်အင်္ဂါအားဖြင့်တဆဲ့နှစ်ပါး။ ဤနှစ်ဆဲ့ကိုးပါးသော သင်္ခေပနည်းတို့ဖြင့်။ အသီးအသီးကောက်၍ သိအပ်ကုန်၏။

ထိုနှစ်ဆဲ့ကိုးပါးသော သင်္ခေပနည်းတို့တွင်။ အာသဝအားဖြင့်လေးပါးဟူသောကား။ ကာမာသဝလည်းတပါး။ ဘဝါသဝလည်းတပါး။ဒိဋ္ဌာသဝလည်းတပါး။ အဝိဇ္ဇာသဝလည်းတပါး။ ဤသို့လျှင် ကိစ္စအားဖြင့် လေးပါး။ တရားကိုယ် အားဖြင့်ကား။ လောဘ၊ဒိဋ္ဌိ၊မောဟသုံးပါးတည်း။ ထိုသုံးပါးတို့တွင်။ လောဘစေတသိက်သည်။ကာမာသဝမည်၏။ဘဝါသဝလည်းမည်၏။ ဒိဋ္ဌိ စေတသိက်သည်။ ဒိဋ္ဌာသဝမည်၏။ မောဟ စေတသိက်သည်။ အဝိဇ္ဇာသဝမည်၏။ ထိုလောဘ၊ဒိဋ္ဌိ မောဟတို့သည်။ ရှေးအတို့မထင်သည်ဖြစ်၍ ကြာမြင့်စွာ ထုံတတ်သောကြောင့်၎င်း။ အနာမှ ယိုထွက်စသော အစေးကဲ့သို့။ စက္ခုအစရှိသောအားဖြင့်။ အာရုံတို့၌ယိုစီးတတ်သောကြောင့်၎င်း။ ထိုတရားတို့သည်ဘုံအားဖြင့် နေဝသညာနာသညာယတန ဘုံတိုင်အောင်။ လောကီဓမ္မအားဖြင့်ကား။ ဂေါတြဘုတိုင်အောင်ပြန့်နှံ့စေ၍ယိုစီးတတ်သောကြောင့်၎င်း။အာသဝမည်ကုန်၏ဟူလိုသော်။

ဩဃအားဖြင့်လေးပါးဟူသောကား။ ကာမောဃ၊ဘဝေါ

ဃာ၊ ဒိဋ္ဌောဃာ၊ အဝိဇ္ဇောဃာဟူ၍ ကိစ္စအားဖြင့် လေးပါးတည်း။
တရားကိုယ်အားဖြင့်သော်ကား။ လောဘ၊ ဒိဋ္ဌိ မောဟသုံးပါး
တည်း။ထိုသုံးပါးတို့တွင်။လောဘစေတသိက်သည်။ ကာမော
ဃာ၊ဘဝေါဃမည်၏၊ ဒိဋ္ဌိစေတသိက်သည်။ ဒိဋ္ဌောဃ မည်၏။
မောဟစေတသိက်သည်။ အဝိဇ္ဇောဃမည်၏။ထိုလောဘ၊ဒိဋ္ဌိ၊
မောဟတို့သည်။ သတ္တဝါတို့ကို နှိပ်စက်၍ သတ်သကဲ့သို့ရင်း။
ဝဋ်ဆင်းရဲ၌ နစ်မွန်းစေသကဲ့သို့ရင်း။ ပြုတတ် ဖြစ်တတ်သော
ကြောင့်။ဩဃမည်ကုန်၏ဟူလိုသော်။

ယောဂအားဖြင့်လေးပါးဟူသော်ကား။ ကာမယောဂ၊ ဘဝ
ယောဂ၊ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂဟူ၍ကိစ္စအားဖြင့်လေးပါး
တည်း။ တရားကိုယ်အားဖြင့်ကား။လောဘ၊ဒိဋ္ဌိ၊ မောဟသုံးပါး
တည်း။ ထိုသုံးပါးတို့တွင်။ လောဘ စေတသိက်သည်။ ကာမ
ယောဂ၊ ဘဝယောဂမည်၏။ ဒိဋ္ဌိစေတသိက်သည်။ဒိဋ္ဌိယောဂ
မည်၏။ မောဟစေတသိက်သည်။အဝိဇ္ဇာယောဂမည်၏။ ။
ဤလောဘ၊ဒိဋ္ဌိ မောဟတရားသုံးပါးတို့သည်။ ဝဋ်ဆင်းရဲ၌ရင်း။
ဘဝဟုဆိုအပ်သောယန္တရားး၌ရင်း။သတ္တဝါတို့ကိုကံ၏အကျိုးနှင့်
လျော်စွာယှဉ်စေတတ်သောကြောင့်ရင်း။ တနည်းလည်း။ ဘဝ
တပါး အစရှိသည်ကို တဦးသောဘဝ အစရှိသည်တို့နှင့် ဝဋ်
ဆင်းရဲ၌သတ္တဝါတို့ကိုယှဉ်စေတတ်သောကြောင့်ရင်း။ ယောဂ
မည်ကုန်၏ဟူလိုသော်။

ဂန္ထအားဖြင့်လေးပါးဟူသော်ကား။အဘိဇ္ဈာကာယဂန္ထ။ဗျာပါ
ဒကာယဂန္ထ။ သီလဗ္ဗတပရာမာသ ကာယဂန္ထ။ ဣဒံ သစ္စာဘိနိ
ဝေသကာယဂန္ထဟူ၍ကိစ္စအါးဖြင့်လေးပါးတည်း။ တရားကိုယ်
အားဖြင့်ကား။လောဘ၊ ဒေါသ၊ ဒိဋ္ဌိ သုံးပါးတို့တည်း။ ထိုသုံးပါး
တို့တွင်လောဘစေတသိက်သည်။အဘိဇ္ဈာကာယဂန္ထမည်၏။ ဒေါ
သစေတသိက်သည်။ဗျာပါဒကာယဂန္ထမည်၏။ဒိဋ္ဌိစေတသိက်
သည်။ သီလဗ္ဗတပရာမာသ ကာယဂန္ထမည်၏။ ဣဒံသစ္စာဘိနိ
ဝေသကာယဂန္ထလည်းမည်၏။ဤလောဘ ဒေါသ၊ဒိဋ္ဌိတို့သည်

နာမ်တရားအပေါင်းဖြင့်ရုပ်တရားအပေါင်းကိုရင်း။ ပစ္စုပ္ပန်ဖြစ်သောကာယဖြင့်အနာဂတ်ဖြစ်သောကာယကိုရင်း ရစ်ပတ်ထုံးဖွဲ့တတ်သောကြောင့်ဂန္ထမည်ကုန်၏ဟူလိုသော်။

ဥပါဒါန်အါးဖြင့်လေးပါးဟူသော်ကား။ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊သီလဗ္ဗတုပါဒါန်။အတ္တဝါဒုပါဒါန် ဟူ၍ ကိစ္စအားဖြင့် လေးပါးတည်း။တရားကိုယ်အားဖြင့်ကား။ လောဘ၊ဒိဋ္ဌိ၊နှစ်ပါးသာတည်း။ ထိုနှစ်ပါး တို့တွင် လောဘ စေတသိက် သည်။ ကာမုပါဒါန်မည်၏။ဒိဋ္ဌိစေတသိက်သည်။ဒိဋ္ဌုပါဒါန်။ သီလဗ္ဗတုပါဒါန်။အတ္တဝါဒုပါဒါန်မည်၏။ ဤလောဘဒိဋ္ဌိနှစ်ပါးတို့ကား။ မြွေသည်ဘားကို မြဲစွာ ဘမ်းယူသကဲ့သို့။ အာရုံကိုမြဲစွာဘမ်းယူတတ်သောကြောင့်။ဥပါဒါန်မည်၏ဟူလိုသော်။

နီဝရဏ အားဖြင့် ခြောက်ပါး ဟူသော်ကား။ ကာမစ္ဆန္ဒနီဝရဏ။ဗျာပါဒနီဝရဏ။ ထိနမိဒ္ဓနီဝရဏ။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ။ဝိစိကိစ္ဆာနီဝရဏ။အဝိဇ္ဇာနီဝရဏဟူ၍ကိစ္စအားဖြင့်ခြောက်ပါးတည်း။တရားကိုယ်အားဖြင့်ကား။ လောဘ၊ ဒေါသ။ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ဝိစိကိစ္ဆာ၊ မောဟအားဖြင့်ရှစ်ပါးတည်း။ ထိုရှစ်ပါးတို့တွင်လောဘစေတသိက်သည်ကား။ ကာမစ္ဆန္ဒနီဝရဏမည်၏။ဒေါသစေတသိက်သည်။ ဗျာပါဒနီဝရဏမည်၏။ ထိနစေတသိက်သည်၊ မိဒ္ဓစေတသိက်သည်။ ထိနမိဒ္ဓနီဝရဏမည်၏။ဥဒ္ဓစ္စစေတသိက်၊ ကုက္ကုစ္စစေတသိက်သည်။ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏမည်၏။ ဝိစိကိစ္ဆာစေတသိက်သည်။ ဝိစိကိစ္ဆာနီဝရဏမည်၏။မောဟစေတသိက်သည်။အဝိဇ္ဇာနီဝရဏမည်၏။ဤရှစ်ပါးသော စေတသိက်တို့ကား။ ဈာန်အစရှိသော အားဖြင့် ဖြစ်သောကုသိုလ်စိတ်ကိုမြစ်တတ်သောကြောင့်ရင်း။ ပညာစက္ခုကိုဖုံးလွှမ်း ပိတ်ပင်တတ်သောကြောင်ရင်း။ နီဝရဏမည်ကုန်၏ဟူလိုသည်။

အနုသယအားဖြင့် ခုနစ်ပါးဟူသော်ကား။ ကာမရာဂါနုသယ၊ဘဝရာဂါနုသယ။ပဋိဃာနုသယ။မာနာနုသယ၊ဒိဋ္ဌာနုသယ။

ဝိစိကိစ္ဆာနုသယ။ အဝိဇ္ဇာနုသယဟူ၍ ကိစ္စအားဖြင့် ခုနစ်ပါးတည်း။တရားကိုယ်အားဖြင့်ကား။ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ၍ခြောက်ပါးသောတရားသည်လျှင်။ အနုသယခုနစ်ပါးဟု မှတ်ရမည်။ ထိုခုနစ်ပါးသောအနုသယတို့တွင်။ လောဘစေတသိက်သည်။ ကာမရာဂါနုသယ၊ ဘဝရာဂါနုသယမည်၏။ ဒေါသစေတသိက်သည်။ ပဋိဃာနုသယမည်၏။ မာနစေတသိက်သည်။ မာနာနုသယမည်၏။ ဒိဋ္ဌိစေတသိက်သည်။ ဒိဋ္ဌာနုသယမည်၏။ ဝိစိကိစ္ဆာစေတသိက်သည်။ ဝိစိကိစ္ဆာနုသယမည်၏။ မောဟစေတသိက်သည်။ အဝိဇ္ဇာနုသယမည်၏။ ၍ခြောက်ပါးသောစေတသိက်တို့သည်။ မင်္ဂဖြင့်မပယ်အပ်သေးသည်ဖြစ်၍အဘန်တလဲလဲသတ္တဝါတို့သဏ္ဍာန်၌ဖြစ်တတ်သောကြောင့်။အနုသယခုနစ်ပါးမည်၏ဟုလိုသော်။

သံယောဇဉ်အားဖြင့်ဆယ်ပါးဟူသော်ကား။ ကာမရာဂသံယောဇဉ်။ ဘဝရာဂ သံယောဇဉ်။ ပဋိဃသံယောဇဉ်။ မာနသံယောဇဉ်။ဒိဋ္ဌိသံယောဇဉ်။ သီလဗ္ဗတပရာမာသ သံယောဇဉ်။ဝိစိကိစ္ဆာသံယောဇဉ်။ဣဿာသံယောဇဉ်။မစ္ဆရိယသံယောဇဉ်။ အဝိဇ္ဇါသံယောဇဉ်ဟူ၍ ကိစ္စအားဖြင့် ဆယ်ပါးတည်း။တရားကိုယ်အားဖြင့်ကား။လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ၊ ဣဿာ မစ္ဆရိယ၊ မောဟ ၍ကိုးပါးကို သံယောဇဉ်ဆယ်ပါးပြားသည်မှတ်ရမည်။ လောဘစေတသိက်သည်ကား။ ကာမရာဂသံယောဇဉ်။ ဘပရာဂ သံယောဇဉ်မည်၏။ ဒေါသစေတသိက်သည်။ ပဋိဃသံယောဇဉ်မည်၏။ မာနစေတသိက်သည်။ မာနသံယောဇဉ် မည်၏။ ဒိဋ္ဌိစေတသိက် သည်။ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်မည်၏။ ဝိစိကိစ္ဆာစေတသိက်သည်။ဝိစိကိစ္ဆာသံယောဇဉ်မည်၏။ ဣဿာစေတသိက်သည်။ဣဿာသံယောဇဉ်မည်၏။ မစ္ဆရိယစေတသိက်သည်။ မစ္ဆရိယသံယောဇဉ်မည်၏။ မောဟစေတသိက်သည်။အဝိဇ္ဇာသံယောဇဉ်မည်၏။ ။သုတ္တန်နည်းအားဖြင့်ကား။ ရူပရာဂသံ

ယောဇဉ်။ အရူပရာဂသံယောဇဉ်။ ပဋိဃသံယောဇဉ်။ မာနသံယောဇဉ်။ဒိဋ္ဌိသံယောဇဉ်။ သီလဗ္ဗတပရာမာသသံယောဇဉ်။ဝိစိကိစ္ဆာသံယောဇဉ်။ဥဒ္ဓစ္စသံယောဇဉ်။ အဝိဇ္ဇာသံယောဇဉ်။ဟူ၍ကိုးပါးတည်း။ထိုကိုးပါးတို့တွင်။ ဥဒ္ဓစ္စစေတသိက်သည်။ဥဒ္ဓစ္စသံယောဇဉ်မည်၏။ဤကားသံယောဇဉ်တရားတို့တည်း။ ထိုတရားတို့ကား။ သတ္တဝါ တို့ကို ဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ် သောကြောင့်။သံယောဇဉ်မည်၏ဟူလိုသော်။

ကိလေသာအားဖြင့်ဆယ်ပါး ဟူသော်ကား။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပဟူ၍ကိစ္စအားဖြင့် ဆယ်ပါးတည်း။ တရားကိုယ်အားဖြင့်လည်း။ ၎င်းဆယ်ပါးပင်တည်း။ ။ဤဆယ်ပါးသောစေတသိက်တို့ကား။ သတ္တဝါတို့ကို နှိပ်စက်ဖျက်ဆီးတတ် သောကြောင့်။ကိလေသာမည်၏ဟူလိုသော်။

အကုသလသင်္ဂဟနည်းကိုးပါးပြီး၏။

---

ဟိတ်အားဖြင့်ခြောက်ပါး ဟူသော်ကား။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟဟူ၍ကိစ္စအားဖြင့်ခြောက်ပါးရှိသည်တွင်။လောဘ၊ဒေါသ၊ မောဟ ဤသုံးပါးတို့သည်။အကုသိုလ် အကြောင်း မူလဖြစ် သောကြောင့်။ အကုသိုလ်ဟိတ်မည်ကုန်၏။အလောဘ၊ အဒေါသ၊ အမောဟ ဤသုံးပါးတို့ကား။ကုသိုလ်အကြောင်းမူလဖြစ်သောကြောင့်၊ ကုသိုလ်ဟိတ်မည်ကုန်၏။

ဈာနင်အားဖြင့်ခုနစ်ပါးဟူသော်ကား။ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍သတ္တိအထူးအားဖြင့် ခုနစ်ပါးတည်း။ တရားကိုယ်အားဖြင့်ကား။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာအားဖြင့်ငါးပါးရှိ၏။ ထိုဈာနင်တို့ကို ဧဒပစ္စ္ဗိညာဏ် တဆယ်တို့၌မရအပ်

ကုန်။ထိုခုနစ်ပါးတို့တွင်။ဒေါမနဿ ဝေဒနာသည်။ အကုသိုလ်
ဈာနင်မည်၏။ ကြွင်းသည့် ခြောက်ပါးတို့ကား။ ကုသိုလ်အကု
သိုလ်အဗျာကတဈာနင်တို့မည်ကုန်၏။

မဂ္ဂင်အားဖြင့် တဆဲ့နှစ်ပါးဟူသော်ကား။ သမ္မာဒိဋ္ဌိ၊သမ္မာ
သင်္ကပ္ပ၊ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊ သမ္မာဝါယာ
မ၊ သမ္မာ သတိ၊ သမ္မာ သမာဓိ၊ မိစ္ဆာ ဒိဋ္ဌိ။ မိစ္ဆာ သင်္ကပ္ပ၊
မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိဟူ၍သတ္တွအထူးအားဖြင့်၊ တဆဲ့
နှစ်ပါးတည်း။ တရားကိုယ် အားဖြင့်ကား။ ပညာ၊ ဝိတက်။ဒိဋ္ဌိ။
သမ္မာဝါစာ၊သမ္မါကမ္မန္တ၊သမ္မါအါဇီဝ၊ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ။
ဟူ၍ ကိုးပါးရှိ၏။ ထိုကိုးပါးသော တရားတို့ကို။ အသီးအသီး
မဂ္ဂင်ဖွဲ့သော်ကား၊ တိဟိတ်စိတ်လေးဆဲ့နှစ်ခု၌ရှိသောပညာစေ
တသိက်သည်။ သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။ ကာမာဝစရသောဘဏ
စိတ်နှစ်ဆဲ့လေးခု။ ပဌမဈာန်ဧကာဒသ၌ရှိသော ဝိတက်စေတ
သိက်သည်။ သမ္မာသင်္ကပ္ပ မဂ္ဂင်မည်၏။ မဟာကုသိုလ် ရှစ်ခု။
လောကုတ္တရာစိတ်ရှစ်ခုတို့၌ ရှိသောဝိရတီစေတသိက်သုံးခုတို့
တွင်။ သမ္မာဝါစာသည်။ သမ္မာဝါစာမဂ္ဂင်မည်၏။ သမ္မာကမ္မန္တ
သည်။သမ္မာကမ္မန္တမဂ္ဂင်မည်၏။ သမ္မာအာဇီဝသည်။ သမ္မာအာ
ဇီဝမဂ္ဂင်မည်၏။ သောဘဏစိတ်တခုယုတ် ခြောက်ဆယ်၌ရှိ
သောဝီရိယ စေတသိက်သည်။ သမ္မာဝါယာမမဂ္ဂင်မည်၏။ထို
အတူရှိသောသတိစေတသိက်သည်။ သမ္မာသတိ မဂ္ဂင်မည်၏။
၎င်း၌ရှိသော ဧကဂ္ဂတာစေတသိက်သည်။ သမ္မာသမာဓိမဂ္ဂင်
မည်၏။ဒိဋ္ဌိဂတသမ္ပယုတ်လေးခု၌ ရှိသောဒိဋ္ဌိစေတသိက်သည်။
မိစ္ဆာဒိဋ္ဌိ မဂ္ဂင်မည်၏။ အကုသိုလ်စိတ်ဒွါဒသ၌ ရှိသောဝိတက်
စေတသိက်သည်။မိစ္ဆာဒိဋ္ဌိမဂ္ဂင်မည်၏။ ထိုအတူဖြစ်သောဝီရိ
ယစေတသိက်သည်။ မိစ္ဆာဝါယာမမဂ္ဂင်မည်၏။ ဝိစိကိစ္ဆာမှ
တပါး၊ အကုသိုလ် စိတ်တဆဲ့တခု၌ ရှိသောဧကဂ္ဂတာ စေတ
သိက်သည်။ မိစ္ဆာသမာဓိ မဂ္ဂင်မည်၏။ ။ထိုမဂ္ဂင်တို့ကိုအ
ဟိတ်စိတ်တဆဲ့နှစ်ခု၌ မရအပ်ကုန်။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌

လည်း။ဧကဂ္ဂတာစေတသိက်သည်။ မဂ္ဂင်အဖြစ်။ ဈာန်အဖြစ်။ ဗိုလ်အဖြစ်သို့မရောက်ဟုမှတ်ရာ၏။ ။သုဂတိဘာဝ။ဒုဂတိဘာဝ တို့ကိုဋ္ဌင်း။ ။နိဗ္ဗာန်ကိုဋ္ဌင်း။ရှေ့ရှုရောဲစေတတ်သော ကြောင့်။ မဂ္ဂင်ဆိုသည်။ သုဂတိ ဒုဂတိနိဗ္ဗာန်တို့၏ အကြောင်းဖြစ်ကုန်သောအစိတ်အစိတ်သော ပရမတ္ထတရားတို့သည်။ မဂ္ဂင်မည်ကုန်၏ဟုလိုသည်။

ဈာန်အားဖြင့်နှစ်ဆဲ့နှစ်ပါးဟူသော်ကား။ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ။ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝိရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေဟူ၍ သတ္တဝအရေအားဖြင့်နှစ်ဆဲ့နှစ်ပါးတည်း။ တရားကိုယ်အားဖြင့်ကား။စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ရူပဇီဝိတဟူ၍ ရုပ်တရားကိုယ်ရှစ်ပါး။နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝိရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာအားဖြင့်နာမ်တရားကိုယ်ရှစ်ပါး။ဤရုပ်နာမ်နှစ်ရပ်ကိုပေါင်းသော်။ဈာန်တရားကိုယ်ကား။ တဆဲ့ခြောက်ပါးရှိ၏။ ထိုတဆဲ့ခြောက်ပါးတို့ကို အသီးအသီးခွဲ သော်ကား။ စက္ခုပသာဒသည်။ စက္ခုန္ဒြေမည်၏။ သောတ ပသာဒသည်။ သောတိန္ဒြေမည်၏။ ဃာနပသာဒသည်။ ဃာနိန္ဒြေမည်၏။ဇိဝှါပသာဒသည်။ဇိဝိန္ဒြေမည်၏။ ကာယပသာဒသည်။ ကာယိန္ဒြေမည်၏။ဣတ္ထိဘာဝရုပ်သည်။ ဣတ္ထိန္ဒြေမည်၏။ပုမ္ဘာဝရုပ်သည်။ ပုရိသိန္ဒြေမည်၏။ရုပ်ဇီဝိတ၊ နာမ်ဇီဝိတနှစ်ပါးသည်၊ ဇီဝိတိန္ဒြေ မည်၏။စိတ်တခုယုတ်ကိုးဆယ်သည်။ မနိန္ဒြေမည်၏။ဝေဒနိန္ဒြေငါးခုတို့တွင်။ သုခဝေဒနာသည်၊ သုခိန္ဒြေမည်၏။ ဒုက္ခဝေဒနာသည်။ ဒုက္ခိန္ဒြေမည်၏။ သောမနဿဝေဒနာခြောက်ဆဲ့နှစ်ပါးသည်။သောမနဿိန္ဒြေမည်၏။ဒေါမနဿဝေဒနာသည်။ ဒေါမနဿိန္ဒြေမည်၏။ဥပေက္ခာဝေဒနာငါးဆဲ့ငါးပါးသည်။ ဥပေက္ခိန္ဒြေ

မည်၏။သောဘဏစိတ်၌ရှိသောကေဂ္ဂတာသည်။ သမာဓိန္ဒြေမည်၏။ မဟာကုသိုလ်၊ မဟာ ဝိပါက်၊ မဟာကြိယာ ဥာဏသမ္ပယုတ်တဆဲ့နှစ်ခု။ မဟဂ္ဂုတ်စိတ် နှစ်ဆဲ့ခုနစ်ခု အားဖြင့်သုံးဆဲ့ကိုးခု၌ရှိသောပညာသည်။ ပညိန္ဒြေမည်၏။ သောတာပတ္တိမဂ်စိတ်၌ရှိသောပညာသည်။ အနညာတညဿာမိတိန္ဒြေမည်၏။ အလယ်မဂ်ဖိုလ်ခြောက်ပါး၌ရှိသောပညာသည်။ အညိန္ဒြေမည်၏။ အရဟတ္တဖိုလ်စိတ်၌ ရှိသောပညာသည်။ အညာတာဝိန္ဒြေမည်၏။ ။မိမိနှင့်တကွဖြစ်ကုန်သော။သဟဇါတ်တရားတို့ကို။ မိမိသို့လိုက်စေကုန်သော တရားတို့သည်။ အစိုးရခြင်းဟူသောအနက်ကြောင့်။ဣန္ဒြေမည်ကုန်၏ဟူလိုသော်။

ဗိုလ်အားဖြင့်ကိုးပါးဟူသော်ကား။ သဒ္ဓါဗိုလ်။ ဝိရိယဗိုလ်။ သတိဗိုလ်။သမာဓိဗိုလ်။ပညာဗိုလ်။ဟိရိဗိုလ်။ ဩတ္တပ္ပဗိုလ်။အဟိရိကဗိုလ်။ အနောတ္တပ္ပဗိုလ်ဟူ၍သတ္တိအထူးအားဖြင့်ရင်း။တရားကိုယ်အားဖြင့်ရင်း။ကိုးပါးစီရှိ၏။ထိုကိုးပါးတို့တွင်။သောဘဏစိတ်တခုယုတ်ခြောက်ဆယ်၌ ရှိသောသဒ္ဓါစေတသိက်သည်။ သဒ္ဓါဗိုလ်မည်၏။ဝိရိယစေတသိက်သည်ဝိရိယဗိုလ်မည်၏။ရင်းသောဘဏစိတ်၌ ရှိသောသတိ စေတသိက်သည်။ သတိဗိုလ်မည်၏။ကေဂ္ဂတာစေတသိက်သည်။သမာဓိဗိုလ်မည်၏။ပညာစေတသိက်သည်။ ပညာဗိုလ်မည်၏။ ဟိရိ စေတသိက်သည်။ ဟိရိဗိုလ်မည်၏။ ဩတ္တပ္ပစေ တသိက်သည်။ ဩတ္တပ္ပဗိုလ်မည်၏။ အဟိရိကစေတသိက်သည်။အဟိရိကဗိုလ်မည်၏။အနောတ္တပ္ပစေတသိက်သည်။ အနောတ္တပ္ပဗိုလ်မည်၏။ ထိုဗိုလ်တို့ကိုဝိရိယဖြစ်သောစိတ်တို့၌မရအပ်ကုန်။ ။ဆန့်ကျင်ဘက်ဖြစ်ကုန်သောတရားတို့သည်။လှုပ်ရှားခြင်းငှါမတတ်နိုင်သည်၏ အဖြစ်ကြောင့်ရင်း။ မိမိနှင့်ယှဉ်သောတရားတို့၌။ မြဲမြံခိုင်ခန့်စွာဖြစ်သည်၏အဖြစ်ကြောင့်ရင်း။ သဒ္ဓါအစရှိသောစေတသိက်ကိုးပါးတို့သည်။ ဗိုလ်မည်ကုန်၏ဟူလိုသော်။

အဓိပတိအားဖြင့် လေးပါးဟူသော်ကား။ ဆန္ဒာဓိပတိ၊ ဝိရိ

ယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝိမံသာဓိပတိဟူ၍သတ္တဲ့ အရေးအား ဖြင့်၎င်း။ တရားကိုယ်အားဖြင့်၎င်းလေးပါးရှိ၏။ ထိုလေးပါးတို့ တွင်။ မောဟမူဒွေ။ ဟသိတုပ္ပါဒ် ကြဉ်သော ဒွိဟိတ် တိဟိတ် ဇောငါးဆဲ့နှစ်ချဉ် ဖြစ်သောဆန္ဒစေတသိက်ငါးဆဲ့ နှစ်ခုသည်။ ဆန္ဒါဓိပတိမည်၏။ ထိုဝိရိယဇောငါးဆဲ့နှစ်ခုသည်။ ဝိရိယာဓိ ပတိမည်၏။ စိတ္တာဓိပတိဇော ငါးဆဲ့နှစ်ခုသည်။ စိတ္တာဓိပတိ မည်၏။ မဟာကုသိုလ်မဟာ ကြိယာ ဉာဏ သမ္ပယုတ်ရှစ်ခု။ အပ္ပနာဇောနှစ်ဆဲ့ခြောက်ချဉ် ရှိသောပညာ စေတသိက်သည်။ ဝိမံသာဓိပတိမည်၏။ထိုအဓိပတိလေးပါးတို့သည်။ ငါတို့အား အဘယ်မည်သော အမှုမပြည့်စုံ အံ့နည်းဟု။ ရှေး၌ ဖြစ်သော စိတ္တုပ္ပါဒ်မှ ပကတူပနိဿယ ပစ္စည်းကိုရ၍ ဖြစ်ကုန်သောမနော စိတ္တုပ္ပါဒ်တို့၌။အကြီးအကဲဖြစ်ကုန်သောဆန္ဒ အစရှိကုန်သော တရားတို့သည်။ မိမိနှင့်ယှဉ်စေတတ်ကုန်သောတရားတို့ကိုပြီး စေတတ်ကုန်၏။ ထိုသမ္ပယုတ် တရားတို့သည်လည်း။ ထိုဆန္ဒစ သည်တို့၏ အစွမ်းကြောင့်ဖြစ်ကုန်၏။ ထိုကြောင့်။ ဆန္ဒစသော လေးပါးတို့သည်။မိမိနှင့်ယှဉ်ကုန်သောတရားတို့၏အရှင်၏အဖြစ် ဖြင့်ဖြစ်တတ်သောကြောင့်။အဓိပတိမည်ကုန်၏ဟူလိုသော်။

အာဟာရအားဖြင့်လေးပါးဟူသော်ကား။ ကဗဠီကာရအာ ဟာရ။ဖဿအာဟာရ။မနောသဉ္စေတနာအာဟာရ။ ဝိညာဏ အာဟာရဟူ၍လေးပါးတည်း။ ထိုလေးပါးတို့တွင်။ အာဟာရ ကြောင့်ဖြစ်သော အဋ္ဌကလာပ် ရုပ်ရှစ်ခုကိုဆောင်တတ်သော ဩဇာသည်။ကဗဠီကာရအာဟာရမည်၏။သုခဝေဒနာ၊ဒုက္ခဝေ ဒနာ အဒုက္ခမသုခဝေဒနာသုံးပါးကိုဆောင်တတ်သောဖဿစေ တသိက် တခုယုတ်ကိုးဆယ်သည်။ ဖဿ အာဟာရမည်၏။ ကာမဘဝ၊ရူပဘဝ၊အရူပဘဝ၊သုံးပါးတို့၌။ပဋိသန္ဓေကို ထိုက် သည်အားလျော်စွာ။ဆောင်တတ်သော လောကီကုသိုလ်အကု သိုလ် စေတနာတခုယုတ် သုံးဆယ်သည်။ မနောသဉ္စေတနာ အာဟာရမည်၏။ မိမိနှင့်တကွ ဖြစ်ကုန်သော ရုပ်နာမ် တို့ကို

ဆောင်တတ်သော ပဋိသန္ဓေ စိတ်တခုယုတ် နှစ်ဆယ် သည်။ ဝိညာဏအာဟာရမည်၏။ ထိုအာဟာရလေးပါးတို့သည်။ ထြ ဇာလျှင်ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ရုပ်နာမ်အစုရှိသည် တို့ကို ဆောင်တတ်သောကြောင့်။ အာဟာရမည် သည်ဟုလို သည်။

မိဿကသင်္ဂဟနည်းချုပ်ပါးပြီး၏။

---

သတိပဋ္ဌာန်အားဖြင့် လေးပါး ဟူသော် ကား။ ကာယာ နု ပဿနာသတိပဋ္ဌာန်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ စိတ္တာနု ပဿနာသတိပဋ္ဌာန်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူ၍သတ္တိအ ထူးအားဖြင့် လေးပါးရှိ၏။ တရားကိုယ် အားဖြင့် ကား၊ လော ကုတ္တရာစိတ်ရှစ်ခုနှိရှိသောသတိစေတသိက်တပါးသာတည်း။ ထိုသတိစေတသိက်သည်။အသုဘအခြင်းအရာကိုရှုခြင်းအစရှိ သည်တို့၏အစွမ်းအားဖြင့်။ ကာယအစရှိသောအာရုံ၌ဖြစ်တတ် သောကြောင့်။သတိပဋ္ဌာန်မည်၏ဟုလိုသည်။

သမ္မပဋ္ဌာန်အားဖြင့်လေးပါးဟူသော်ကား၊ ဖြစ်ကုန်ပြီးသော် အကုသိုလ်တရားတို့ကိုပယ်ခြင်းငှာလုံ့လပြုသောဝိရိယ။ မဖြစ် သေးသောအကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှာ လုံ့လပြု သောဝိရိယ။ မဖြစ်သေးသော ကုသိုလ် တရား တို့ကို ဖြစ်စိမ့် သောငှါလုံ့လပြုသောဝိရိယ။ဖြစ်ပြီးသောကုသိုလ်တရားတို့ကို ပွားများစေခြင်းငှာ လုံ့လပြုသောဝိရိယဟူ၍ သတ္တိအထူးအား ဖြင့်လေးပါးရှိ၏။တရားကိုယ်အားဖြင့်ကား။ လောကုတ္တရာစိတ် ရှစ်ခုနှိရှိသောဝိရိယစေတသိက်တပါးသာတည်း။ ထိုဝိရိယနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်။ ကမ္မဋ္ဌာန်းကို ကောင်းစွာအဘန်တ လဲလဲအားထုတ်တတ်လုံ့လပြုတတ်သောကြောင့်။ သမ္မပဋ္ဌာန် မည်၏ဟုလိုသည်။

ဣဒ္ဓိပါဒ်အားဖြင့် လေးပါး ဟူသော်ကား။ ဆန္ဒိဒ္ဓိပါဒ်။ ဝိရိ

ယိဒ္ဓိပ္ပါဒ်။စိတ္တိဒ္ဓိပ္ပါဒ်။ဝိမံသိဒ္ဓိပ္ပါဒ်ဟူ၍ သတ္တိအထူးအားဖြင့်လည်း ကောင်း။ တရားကိုယ်အားဖြင့်လည်းကောင်း။ လေးပါးစိရှိ၏။ ထိုလေးပါးတို့တွင်။ လောကုတ္တရာ စိတ်ရှစ်ချဉ်ရှိသော ဆန္ဒစေတသိက်သည်။ ဆန္ဒိဒ္ဓိပ္ပါဒ်မည်၏။ ထိုအတူ ဝိရိယသည်။ ဝိရိယိဒ္ဓိပ္ပါဒ်မည်၏။ လောကုတ္တရာစိတ်ရှစ်ခုသည်။ စိတ္တိဒ္ဓိပ္ပါဒ်မည်၏။ ထိုလောကုတ္တရာပညာဖြင့် တရားသောအာရုံကို ဘန်ဆင်းခြင်းအစရှိသော အမှုတို့သည် ဖြစ်တတ် သောကြောင့်။ ပညာသည်ဣဒ္ဓိမည်၏။ ထိုဣဒ္ဓိဉာဏ်၏တည်ရာဖြစ်ကုန်သော ဆန္ဒစေတသိက် အစရှိသည် တို့လည်း။ ဆန္ဒိဒ္ဓိပ္ပါဒ် မည်၏ ဟူလိုသည်။

ဣန္ဒြေအားဖြင့်ငါးပါးဟူသော်ကား။ သဒ္ဓိန္ဒြေ။ဝိရိယိန္ဒြေ။သတိန္ဒြေ။ သမာဓိန္ဒြေ။ ပညိန္ဒြေဟူ၍ သတ္တိအားဖြင့်၎င်း။ တရားကိုယ်အားဖြင့်၎င်း။ ငါးပါးစိရှိကုန်၏။ ထိုငါးပါးတို့တွင်။ လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော သဒ္ဓါစေတသိက်သည်။ သဒ္ဓိန္ဒြေမည်၏။ထိုအတူရှိသော ဝိရိယသည်။ ဝိရိယိန္ဒြေမည်၏။ သတိသည် သတိန္ဒြေမည်၏။ ဧကဂ္ဂတာသည် သမာဓိန္ဒြေ မည်၏။ ပညာသည်ပညိန္ဒြေမည်၏။

ဗိုလ်အားဖြင့်ငါးပါးဟူသော်ကား။ သဒ္ဓါဗိုလ်။ဝိရိယဗိုလ်။သတိဗိုလ်။သမာဓိဗိုလ်။ပညာဗိုလ်။ဟူ၍သတ္တိအားဖြင့်၎င်း။ တရားကိုယ်အားဖြင့်၎င်း။ငါးပါးစိဖြစ်ကုန်၏။ထိုငါးပါးတို့တွင်။ လောကုတ္တရာစိတ်ရှစ်ချဉ်ရှိသော သဒ္ဓါစေတသိက်သည်။ သဒ္ဓါဗိုလ်မည်၏။ ထိုအတူရှိသောဝိရိယသည်။ ဝိရိယဗိုလ်မည်၏။ သတိသည်သတိဗိုလ်မည်၏။ ဧကဂ္ဂတာသည် သမာဓိဗိုလ်မည်၏။ ပညာသည်ပညာဗိုလ်မည်၏။

ဗောဇ္ဈင်အားဖြင့်ခုနစ်ပါးဟူသော်ကား။ သတိသမ္ဗောဇ္ဈင်။ ဓမ္မဝိစယ သံဗောဇ္ဈင်။ ဝိရိယ သံဗောဇ္ဈင်။ ပီတိ သမ္ဗောဇ္ဈင်။ ပဿဒ္ဓိသံဗောဇ္ဈင်။ သမာဓိသံဗောဇ္ဈင်။ ဥပေက္ခာသံဗောဇ္ဈင် ဟူ၍သတ္တိအားဖြင့် ခုနစ်ပါးတည်း။ တရားကိုယ်အားဖြင့်ကား။

ပဿဒ္ဓိသံဗောဇ္ဈင်္ဂ။ ကာယပဿဒ္ဓိ။ စိတ္တပဿဒ္ဓိအားဖြင့်နှစ်ပါးဖြစ်၏။ထိုဗောဇ္ဈင်ခုနစ်ပါးတို့တွင်။ လောကုတ္တရာစိတ်ရှစ်ခု၌ရှိသောသတိစေတသိက်သည်။ သတိသံဗောဇ္ဈင်မည်၏။ ထိုအတူရှိသောပညာစေတသိက်သည်။ ဓမ္မဝိစယသံဗောဇ္ဈင်မည်၏။ ဝီရိယသည်ဝီရိယ သံဗောဇ္ဈင်မည်၏။ ပီတိသည် ပီတိသံဗောဇ္ဈင်မည်၏။ ကာယ ပဿဒ္ဓိ စိတ္တ ပဿဒ္ဓိ နှစ်ပါး သည်။ ပဿဒ္ဓိသံဗောဇ္ဈင်မည်၏။ဧကဂ္ဂတာသည်သမာဓိသံဗောဇ္ဈင်မည်၏။ တတြမဇ္ဈတ္တတာသည်။ ဥပေက္ခာသံဗောဇ္ဈင်မည်၏။ သတိ အစရှိကုန်သော တရားအပေါင်းတို့၏ အစိတ်ဖြစ်သောကြောင့်။ဗောဇ္ဈင်မည်၏ဟုလိုသော်။

မဂ္ဂင်အားဖြင့်ရှစ်ပါးဟူသော်ကား။သမ္မာဒိဋ္ဌိ။သမ္မာသင်္ကပ္ပ။ သမ္မာဝါစာ။သမ္မာကမ္မန္တ။သမ္မာအာဇီဝ။ သမ္မာ ဝါယာမ။ သမ္မာသတိ။သမ္မာသမာဓိဟူ၍ သတ္တိအားဖြင့် ရှစ်ပါးတည်း။ တရားကိုယ်အားဖြင့်လည်းရှစ်ပါးရှိ၏။ထိုရှစ်ပါးတို့တွင်။ လောကုတ္တရာစိတ်ရှစ်ခု၌ ရှိသော ပညာစေတသိက်သည်။ သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။ထိုအတူရှိသော ဝိတက်သည်။ သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။သမ္မာဝါစာသည်။သမ္မာဝါစာမဂ္ဂင်မည်၏။ သမ္မာကမ္မန္တသည်။ သမ္မာ ကမ္မန္တမဂ္ဂင်မည်၏။ သမ္မာအာဇီဝသည်။ သမ္မာအာဇီဝမဂ္ဂင်မည်၏။ ဝီရိယသည်။ သမ္မာဝါယာမ မဂ္ဂင်မည်၏။ သတိသည်။သမ္မာသတိမဂ္ဂင်မည်၏။ဧကဂ္ဂတာသည်။ သမ္မာသမာဓိမဂ္ဂင်မည်၏။ မဂ္ဂင်မည်ကြောင်းကို အောက်၌ ဆိုခဲ့ပြီးသည့် အတိုင်းမှတ်ရာ၏။

ဗောဓိပက္ခိယနည်းပြီး၏။

---

ခန္ဓာအားဖြင့်ငါးပါးဟူသော်ကား။ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ငါးပါးတည်း ထိုငါးပါးတို့တွင်။ရုပ်နှစ်ဆဲ့ရှစ်ခုသည်။ ရူပက္ခန္ဓာမည်၏။ စိတ်

တခုယုတ်ကိုးဆယ်၌ရှိသော ဝေဒနာစေတသိက်သည်။ ဝေဒနာက္ခန္ဓာမည်၏။ ထိုအတူရှိသော သညာ စေတသိက် သည်။ သညာက္ခန္ဓာမည်၏။ ဝေဒနာသညာမှကြွင်းသော စေတသိက်ငါးဆယ်သည်။သင်္ခါရက္ခန္ဓာမည်၏။စိတ်တခုယုတ်ကိုးဆယ်သည်။ဝိညာဏက္ခန္ဓာမည်၏။ ။ထိုငါးပါးတို့တွင်။ ရုပ်သည်ခံစားခြင်း၏ မှီရာဖြစ်သောကြောင့်။ တည်ရာခွက်နှင့်တူ၏။ဝေဒနာသည်ခံစားအပ်သောသဘောကြောင့်။စားအပ်သောဘောဇဉ်နှင့်တူ၏။သညာသည်ခံစားခြင်းသာယာခြင်းကို ရသောအကြောင်းရှိသည်ဖြစ်၍ စားဘွယ် အဖျော် ဘောဇဉ်နှင့် တူ၏။ သင်္ခါရသည် ပြုပြင်တတ်သော သဘောရှိသောကြောင့်။ စဖိုသည်နှင့်တူ၏။ဝိညာဏ်သည်သုံးဆောင်တတ်သောသဘောရှိသောကြောင့်။ ထိုဘောဇဉ်ကို စားသုံး တတ်သော သူနှင့် တူ၏။ ။တနည်းလည်း။ ရုပ်သည်ရေမြှုပ်ဆိုင်နှင့်တူ၏။ ဝေဒနာသည်ရေမြှုပ်နှင့်တူ၏။ သညာသည်တံလျှပ်နှင့်တူ၏။ သင်္ခါရသည်ငှက်ပျောဘုံးနှင့်တူ၏။ဝိညာဏ်သည်မျက်လှည့်သည်နှင့်တူ၏။ ထိုခန္ဓာငါးပါးတို့သည်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားဖြင့်ပြားသည်ကို။ တပေါင်းတည်းစုပေါင်း၍ဟောတော်မူခြင်းကြောင့်။ခန္ဓာမည်ကုန်၏ဟုလိုသော်။

ဥပါဒါနက္ခန္ဓာအားဖြင့်ငါးပါးဟူသော်ကား။ရူပုပါဒါနက္ခန္ဓာ။ ဝေဒနုပါဒါ နက္ခန္ဓာ။ သညုပါဒါနက္ခန္ဓာ။ သင်္ခါရုပါဒါ နက္ခန္ဓာ။ ဝိညာဏုပါဒါနက္ခန္ဓာဟူ၍ငါးပါးရှိ၏။ထိုငါးပါးတို့တွင်။ ရုပ်နှစ်ဆဲ့ရှစ်ခုသည်။ ရူပုပါဒါနက္ခန္ဓာမည်၏။လောကီစိတ်ရှစ်ဆဲ့တခု၌ရှိသောဝေဒနာစေတသိက်သည်။ ဝေဒနုပါဒါနက္ခန္ဓာမည်၏။ထိုအတူရှိသောသညာစေတသိက်သည်။ သညုပါဒါနက္ခန္ဓာမည်၏။ဝေဒနာသညာမှကြွင်းသောစေတသိက်ငါးဆယ်သည်။သင်္ခါရုပါဒါနက္ခန္ဓာမည်၏။ လောကီစိတ်ရှစ်ဆဲ့တခုသည်။ဝိညာဏုပါဒါနက္ခန္ဓာမည်၏။ထိုငါးပါးတို့သည်။ဥပါဒါန်တရားလေးပါးတို့၏အာရုံဖြစ်ကုန်သောကြောင့်။ ဥပါဒါနက္ခန္ဓာမည်ကုန်၏ဟုလို

သော်။ ။ထိုခန္ဓာငါးပါးစိန္နှစ်ရပ်တို့၏အထူးကား။ ရူပက္ခန္ဓာကားတူကြကုန်၏။ လောကီစိတ် ရှစ်ဆဲ့တခု။ ထိုစိတ်နှင့်ယှဉ်သော စေတသိက်တို့မူကား။ ခန္ဓာလည်း မည်ကုန်၏။ ဥပါဒါနက္ခန္ဓာလည်းမည်ကုန်၏။ လောကုတ္တရာနာမက္ခန္ဓာလေးပါးကား။ ခန္ဓာသာမည်၏။ ဥပါဒါနက္ခန္ဓာမမည်။ ဤကားအထူးတည်း။ ။ နိဗ္ဗာန်ဟူသောအသင်္ခတဓာတ်သည်ကား။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တိက၊ ဗာဟိရ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ။ သန္တိကအားဖြင့် တဆဲ့တပါး အပြား၏ မရှိသောကြောင့်။ ခန္ဓာဟူသောအရေအတွက်မှလွတ်၏ဟူလိုသော်။

အာယတနအားဖြင့်တဆဲ့နှစ်ပါးဟူသော်ကား။ စက္ခာယတန သောတာယတန။ ဃာနာယတန။ ဇိဝှါယတန။ ကာယာယတန။ မနာယတန။ ရူပါယတန။ သဒ္ဒါယတန။ ဂန္ဓာယတန။ ရသာယတန။ ဖောဋ္ဌဗ္ဗာယတန။ ဓမ္မာယတနအားဖြင့်တဆဲ့နှစ်ပါးတည်း။ ထိုတဆဲ့နှစ်ပါးတို့တွင်။ ကမ္မဇရုပ်၌အကျုံးဝင်သောစက္ခုပသာဒသည်။ စက္ခာယတနမည်၏။ ထိုအတူအကျုံးဝင်သောသောတပသာဒသည်။ သောတာ ယတန မည်၏။ ဃာနပသာဒသည်။ ဃာနာယတနမည်၏။ ဇိဝှါပသာဒသည် ဇိဝှါယတန မည်၏။ ကာယပသာဒသည် ကာယာယတနမည်၏။ စိတ်တခုရုပ်ကိုးဆယ်သည်။ မနာယတနမည်၏။ စတုသမုဋ္ဌာနိကရုပ်၌အကျုံးဝင်သောရူပါရုံသည်။ ရူပါယတနမည်၏။ စိတ္တဇဥတုဇအားဖြင့် ဒွိသမုဋ္ဌာနိကရုပ်၌အကျုံးဝင်သောသဒ္ဒါရုံသည်။ သဒ္ဒါယတနမည်၏။ စတုသမုဋ္ဌာနိကရုပ်၌အကျုံးဝင်သော ဂန္ဓာရုံသည်။ ဂန္ဓာယတနမည်၏။ ထိုအတူရသာရုံသည်။ ရသာယတနမည်၏။ ဖောဋ္ဌဗ္ဗာရုံသည်။ ဖောဋ္ဌဗ္ဗာယတနမည်၏။ သုခုမရုပ်သောဠသ။ စေတသိက် ဒွေပညာသ။ နိဗ္ဗာန်အားဖြင့် ခြောက်ဆဲ့ကိုးခုသောဓမ္မာရုံသည်။ ဓမ္မာယတနမည်၏။ ထိုနှစ်ဆဲ့တပါးသောတရားတို့၌။ ထိုသို့သောဒွါရအာရုံ၌ဖြစ်တတ်ကုန်သောစိတ်စေတသိက်တို့သည်။ ထိုသို့သောအာရုံကိုခံစားခြင်း အစရှိသောမိမိ

တို့၏ကိစ္စဖြင့်လုံ့လပြုတတ်သောကြောင့်။ အာယတနမည်ကုန်၏ဟူလိုသော်။

ဓာတ်အားဖြင့်တဆဲ့ရှစ်ရပ်ဟူသော်ကား။ စက္ခုဓာတ်။ သောတဓာတ်။ ဃာနဓာတ်။ ဇိဝှါဓာတ်။ ကာယဓာတ်။ ရူပဓာတ်။ သဒ္ဒဓာတ်။ ဂန္ဓဓာတ်။ ရသဓာတ်။ ဖောဋ္ဌဗ္ဗဓာတ်။ စက္ခုဝိညာဏဓာတ်။ သောတ ဝိညာဏဓာတ်။ ဃာနဝိညာဏဓာတ်။ ဇိဝှါဝိညာဏဓာတ်။ ကာယ ဝိညာဏဓာတ်။ မနောဓာတ်။ မနော ဝိညာဏဓာတ်။ ဓမ္မဓာတ်အားဖြင့်တဆဲ့ရှစ်ပါးတည်း။ ထိုတဆဲ့ရှစ်ပါးတို့တွင်။ စက္ခွာယတနသည်။ စက္ခုဓာတ်မည်၏။ သောတာယတနသည်။ သောတဓာတ်မည်၏။ ဃာနာယတနသည်။ ဃာနဓာတ်မည်၏။ ဇိဝှါယတနသည်။ ဇိဝှါဓာတ်သည်၏။ ကာယာယတနသည်။ ကာယဓာတ်မည်၏။ ရူပါယတနသည်။ ရူပဓာတ်မည်၏။ သဒ္ဒါယတနသည်။ သဒ္ဒဓာတ်မည်၏။ ဂန္ဓာယတနသည်။ ဂန္ဓဓာတ်မည်၏။ ရသာယတနသည်။ ရသဓာတ်မည်၏။ ဖောဋ္ဌဗ္ဗာယတနသည်။ ဖောဋ္ဌဗ္ဗဓာတ်မည်၏။ မနာယတန၌အကျုံးဝင်သော စက္ခုဝိညာဏ် ဒွေသည်။ စက္ခုဝိညာဏ ဓာတ်မည်၏။ သောတ ဝိညာဏ်ဒွေသည်။ သောတဝိညာဏ ဓာတ်မည်၏။ ဃာန ဝိညာဏ ဒွေသည်။ ဃာနဝိညာဏ ဓာတ်မည်၏။ ဇိဝှါ ဝိညာဏ်ဒွေသည်။ ဇိဝှါဝိညာဏဓာတ်မည်၏။ ကာယဝိညာဏ် ဒွေသည်။ ကာယ ဝိညာဏ ဓာတ် မည်၏။ ပဉ္စ ဒွါရ ဝဇ္ဇန်း သမ္ပဋိစ္ဆန်း ဒွေသည်။ မနောဓာတ်မည်၏။ ထိုမှကြွင်းသောစိတ် အပေါင်းသည်။ မနော ဝိညာဏ ဓာတ်မည်၏။ ဓမ္မာ ယတန သည်။ ဓမ္မဓာတ်မည်၏။ ထိုတဆဲ့ရှစ်ပါးသောတရားတို့သည်။ သံသရာဝဋ်ဆင်းရဲကိုဖြစ်စေတတ်သောကြောင့်ရင်း။ သံသရာ ဝဋ်ဆင်း ရဲကို ပြီး စေကာမူဖြစ်၍ သတ္တဝါတို့သည် ဆောင်အပ် သောကြောင့်ရင်း။ သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲကိုပြီး စေအပ်သောကြောင့်ရင်း။ ဓာတ်မည်ကုန်၏ဟူလိုသော်။

သစ္စာအားဖြင့် လေးပါးဟူသော်ကား။ ဒုက္ခသစ္စာ။ သမုဒယ

သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူ၍လေးပါးတည်း။ ထိုလေးပါးတို့တွင်။ ဣန္ဒြိယဗဒ္ဓရုပ်နှစ်ဆဲ့ရှစ်ခု။ လောကီစိတ် ရှစ်ဆဲ့တခု။ လောဘမှတပါး စေတသိက်ငါးဆဲ့တခုသည်။ ဒုက္ခသစ္စာမည်၏။ ထိုဒုက္ခသစ္စာ၏အကြောင်းဖြစ်သော တဏှာဟူသောလောဘစေတသိက်သည်။ သမုဒယသစ္စာမည်၏။ ဒုက္ခသမုဒယနှစ်ပါးတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ နိရောဓသစ္စာမည်၏။ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ်စိတ်လေးခု၌ရှိသော လောကုတ္တရာ မဂ္ဂင်ရှစ်ပါးသည်။ မဂ္ဂသစ္စာ မည်၏။ ထိုသစ္စာလေးပါးတို့သည်။ ဘုရားအစရှိသောအရိယာခိဏာသဝပုဂ္ဂိုလ်တို့သစ္စာဟူသော သဘောကြောင့်၎င်း။ ထိုအရိယာအရှင်မြတ်တို့သာသိအပ်သော သစ္စာလေးပါး ဖြစ်သောကြောင့်၎င်း။ အရိယာအရှင်မြတ် သဗ္ဗညုဘုရားတို့သာ ဟောတော်မူအပ်သော ဥစ္စာ ဖြစ်သောကြောင့်၎င်း။ အရိယာ သစ္စာမည်ကုန်၏ ဟူလိုသည်။

ငါးပါးသောသဗ္ဗသင်္ဂဟနည်းပြီး၏။

---

ပဋိစ္စသမုပ္ပါဒ်အင်္ဂါအားဖြင့်တဆဲ့နှစ်ပါးဟူသော်ကား။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏဟူ၍တဆဲ့နှစ်ပါးတည်း။ ။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ။ ဥပါယာသငါးပါးတို့ကို။ ဇာတိ၏မချွ အကျိုးရင်းမဟုတ် အကျိုးဆက်မျှသာ ဖြစ်သောကြောင့်။ ဇရာမရဏ၌သွင်း၍ယူအပ်၏။ အသီးအခြားမယူအပ်။ ။ ထိုတဆဲ့ နှစ်ပါး တို့တွင်။ သစ္စာ လေးပါးတို့၌၎င်း။ ရှေ့အစွန်းနောက်အစွန်းတို့၌၎င်း။ မသိမမြင်နိုင်သော အကုသိုလ်စိတ် တဆဲ့နှစ်ခု၌ရှိသောမောဟစေတသိက်သည်။ အဝိဇ္ဇာမည်၏။ ။ သင်္ခါရကား။ ပုညာဘိသင်္ခါရ။ အပုညာဘိသင်္ခါရ။ အာနေဉ္ဇာဘိသင်္ခါရဟူ၍သုံးပါးရှိသည်တွင်။ ကာမာဝစရကုသိုလ်ရှစ်ခု

ရူပါဝစရ ကုသိုလ် ငါးခု အားဖြင့်။ ကုသိုလ် စေတနာ တဆဲ့သုံးခုသည်။ပုညာဘိသင်္ခါရမည်၏။ အကုသိုလ်စေတနာတဆဲ့နှစ်ခုသည်။အပုညာဘိသင်္ခါရမည်၏။အရူပကုသိုလ် စေတနာလေးခုသည်။အာနေဉ္ဇာဘိသင်္ခါရမည်၏။ ။ဝိညာဏ်ကား။ပဋိသန္ဓေဝိညာဏ်။ ပဝတ္တိ ဝိညာဏ် ဟုနှစ်ပါးရှိသည် တွင်။ ပဋိသန္ဓေစိတ်တဆဲ့ကိုးခုသည်။ ပဋိသန္ဓေဝိညာဏ်မည်၏။ လောကီဝိပါက်စိတ် သုံးဆဲ့နှစ်ခုသည်။ ပဝတ္တိဝိညာဏ်မည်၏။ တနည်းလည်း။ စိတ်တခုယုတ် ကိုးဆယ်သည်။ ပဝတ္တိ ဝိညာဏ်မည်၏။ဤပဋိသန္ဓေပဝတ္တိဝိညာဏ်နှစ်ပါးသည်လျှင်။ ဝိညာဏ်မည်၏။ ။နာမ်ရုပ်ကား။ ပဋိသန္ဓေစိတ်တဆဲ့ကိုးခုနှင့်ရှိသောအညသမာန်းစေတသိက်တဆဲ့သုံးခု။ သောဘဏ သာဓာရဏစေတသိက်တဆဲ့ကိုးခု။ အပ္ပမညာနှစ်ခု။ ပညိန္ဒြေအားဖြင့်စေတသိက်သုံးဆဲ့ငါးခု။ကမ္မဇရုပ်နှစ်ဆယ်သည်။နာမ်ရုပ်မည်၏။ တနည်းလည်း။ပဝတ္တိဝိညာဏ်နှင့်ရှိသောစေတသိက်ငါးဆဲ့နှစ်ခု။အပွင်းသဏ္ဍာန်နှင့် ဖြစ်သော ရုပ်နှစ်ဆဲ့ရှစ်ခု သည်။ နာမ်ရုပ် မည်၏။ ။သဠာယတနကား။ စက္ခာယတန သောတာ ယတနဃာနာယတန၊ ဇိဝှါယတန ကာယာယတန၊ မနာယတန ဟူ၍အဇ္ဈတ္တိကာယတနခြောက်ပါးရှိသည်တွင်။စက္ခုပသာဒသည်။စက္ခာယတနမည်၏။ သောတပသာဒသည်။ သောတာယတနမည်၏။ဃာနပသာဒသည်။ဃာနာယတနမည်၏။ ဇိဝှါပသာဒသည်။ဇိဝှါယတနမည်၏။ကာယပသာဒသည်။ကာယာယတနမည်၏။စိတ်တခုယုတ်ကိုးဆယ်သည်။ မနာယတနမည်၏။ ဤခြောက်ပါးသော အဇ္ဈတ္တိကာယတနသည်လျှင်။ သဠာယတနမည်၏။ ။ဖဿကား။ စက္ခုသမ္ဖဿ၊ သောတ သမ္ဖဿ၊ဃာနသမ္ဖဿ။ဇိဝှါသမ္ဖဿ။ ကာယသမ္ဖဿ။ မနောသမ္ဖဿဟူ၍ခြောက်ပါးရှိသည်တွင်။ စက္ခုဝိညာဏ် ဒွေ၌ရှိသောဖဿစေတသိက်သည်။စက္ခုသမ္ဖဿမည်၏။ သောတဝိညာဏ်ဒွေ၌ရှိသော ဖဿစေတသိက်သည်။ သောတသမ္ဖဿ မည်၏။

ဃာန ဝိညာဏ် ဒွေ၌ ရှိသောဖဿ စေတသိက်သည်။ ဃာန သမ္ဖဿမည်၏။ ဇိဝှါဝိညာဏ်ဒွေ၌ ရှိသော ဖဿစေတသိက် သည်။ဇိဝှါသမ္ဖဿမည်၏။ ကာယဝိညာဏ်ဒွေ၌ရှိသောဖဿ စေတသိက်သည်၊ကာယသမ္ဖဿမည်၏။ ဒွေပဉ္စဝိညာဏ်မှတ ပါး။ခုနစ်ဆဲ့တခုသော လောကီ စိတ်၌ရှိသောဖဿစေတသိက် သည်။ မနောသမ္ဖဿမည်၏။ ဤဖဿခြောက်ပါးသည်လျှင်။ ဖဿမည်၏။ ။ဝေဒနာကား။စက္ခုသမ္ဖဿဇာဝေဒနာ၊ သော တသမ္ဖဿဇာဝေဒနာ၊ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿ ဇာဝေဒနာ၊ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒ နာဟူ၍ ခြောက်ပါးရှိ သည်တွင်။ စက္ခုဝိညာဏ်ဒွေ၌ရှိသော၊ ဝေဒနာသည်။ စက္ခု သမ္ဖဿ ဇာ ဝေဒနာ မည်၏။ သော တ ဝိညာဏ်ဒွေ၌ရှိသောဝေဒနာသည်။ သောတသမ္ဖဿဇာဝေဒနာ မည်၏။ဃာနဝိညာဏ်ဒွေ၌ရှိသောဝေဒနာသည်။ဃာနသမ္ဖဿ ဇာဝေဒနာ မည်၏။ ဇိဝှါဝိညာဏ်ဒွေ၌ ရှိသော ဝေဒနာ သည်။ ဇိဝှါသမ္ဖဿဇာ ဝေဒနာမည်၏။ ကာယဝိညာဏ်ဒွေ၌ ရှိသော ဝေဒနာသည်။ကာယသမ္ဖဿဇါဝေဒနာမည်၏။စိတ်တခုယုတ် ကိုးဆယ်၌သောဝေဒနာသည်။ မနောသမ္ဖဿဇာဝေဒနာမည် ၏။ ဤဝေဒနာခြောက်ပါးသည်လျှင်ဝေဒနာမည်၏။သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာတို့သည်လည်း။ ဝေဒနာမည်ကုန် ၏။ ။တဏှာကား။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟုသုံးပါးရှိသည်တွင်။ ကာမဘဝကိုတပ်တတ်သော လောဘ သည်။ ကာမတဏှာမည်၏။ ရူပဘဝကိုတပ်တတ်သောလော ဘသည်။ ဘဝတဏှာမည်၏။ အရူပဘဝကို တပ်တတ် သော လောဘသည်။ဝိဘဝတဏှာမည်၏။ ထိုတဏှာသုံးပါးကိုအာရုံ ခြောက်ပါးဖြင့်မြှောက်သော်။တဆဲ့ရှစ်ပါးဖြစ်၏။ ထိုတဆဲ့ရှစ် ပါးကို။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးဖြင့်မြှောက် သော်။ ငါးဆဲ့လေးပါးဖြစ်၏။ ထိုငါးဆဲ့လေးပါးကို။ အဇ္ဈတ္တဗ ဟိဒ္ဓသန္တာန်နှစ်ပါးဖြင့်မြှောက်သော်။ တဏှာကား။ တရာရှစ်

ပါး႐ှိ၏။ ၎င်းတရာ႐ှစ်ပါး၏ တရားကိုယ်ကား။ လောဘတပါး
သာတည်း။ ထိုတဏှာတရာ႐ှစ်ပါး သည်လျှင်။ တဏှာ မည်
၏။ ။ဥပါဒါန်ကား။ တရားကိုယ်အားဖြင့်လောဘ၊ ဒိဋ္ဌိနှစ်ပါး
သာတည်း။ကိစ္စအားဖြင့်ကား။ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗ
တုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟူ၍ လေးပါး႐ှိသည်တွင်။ လောဘ
စေတသိက်သည်ကား။ ကာမုပါဒါန်မည်၏။ ဒိဋ္ဌိ စေတသိက်
သည်။ ဒိဋ္ဌုပါဒါန်သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မည်၏။ ဤ
ဥပါဒါန်လေးပါးသည်လျှင်။ ဥပါဒါန်မည်၏။ ။တဏှာ အရ
လည်း။ လောဘစေတသိက်။ ဥပါဒါန်အရလည်း။ လောဘနှင့်
ဒိဋ္ဌိ။ထိုနှစ်ရပ်တို့၏အထူးကား။ အားနည်းသော လောဘစေတ
သိက်သည်။တဏှာမည်၏။အား႐ှိသောလောဘဒိဋ္ဌိသည်။ဥပါ
ဒါန်မည်၏။တနည်းလည်း။အမိုက်တိုက်၌ခိုးသူတို့သည်လက်ကို
ဆန့်သကဲ့သို့။ မရောက်သေးသော အာ႐ုံကို တောင့်တ ခြင်း
သည်။တဏှာမည်၏။လက်သို့ရောက်သောဥစ္စာကိုမြဲစွာယူသ
ကဲ့သို့ရောက်ပြီးသောအာ႐ုံကိုအမြဲယူခြင်းသည်။ ဥပါဒါန်မည်
၏။တနည်းလည်း။ တဏှာသည် အလိုနည်းသော သဘော၏။
ဆန့်ကျင်ဘက်ဖြစ်၏။ ဥပါဒါန်သည်။ ရောင့်ရဲသောသဘော၏
ဆန့်ကျင်ဘက်ဖြစ်၏။တနည်းလည်း။တဏှာသည်ဆင်းရဲခြင်း၏
မူလကို႐ှာမှီးတတ်သောသဘော႐ှိ၏။ ဥပါဒါန်သည်ထိုမူလကို
စောင့်ရှောက်တတ်သော သဘော႐ှိ၏ဟု မှတ်ရာသည်။ ။
ဘဝကား။ ကမ္မဘဝ၊ ဥပပတ္တိဘဝဟုနှစ်ပါး႐ှိသည်တွင်။ လော
ကီကုသိုလ်စေတနာတဆဲ့ခုနစ်ခု။အကုသိုလ်စေတနာတဆဲ့တ
ခုသည်။ ကမ္မဘဝမည်၏။ ပဋိသန္ဓေစိတ် တဆဲ့ကိုးခု။ စေတ
သိက်သုံးဆဲ့ငါးခု။ကမ္မဇရုပ်နှစ်ဆယ်သည်။ဥပပတ္တိဘဝမည်၏။
ထိုဥပပတ္တိဘဝသည်။ သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာ
သညီဘဝ။ ပဉ္စဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ဧကဝေါ
ကာရဘဝ၊ကာမဘဝ၊ရူပဘဝ၊ အရူပဘဝဟူ၍ကိုးပါး႐ှိသည်
တွင်။ကာမဝိပါက်နှစ်ဆဲ့သုံးခု။ ရူပဝိပါက်ငါးခု။ နေဝသညာနာ

သညာယတနဝိပါက်မှတပါး အရူပဝိပါက်သုံးခု။ စေတသိက်သုံးဆဲ့ငါးခု။ ကမ္မဇရုပ်နှစ်ဆယ်သည်။ သညီဘဝမည်၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဇီဝိတဟူသောပါဠိတော်နည်း။ ဇီဝိတဆက္က၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဇီဝိတဟူသောအဋ္ဌကထာနည်း။ ဇီဝိတနဝကလာပ်ရုပ်ဟုဆိုအပ်သောအသညသတ်ပဋိသန္ဓေသည်။ အသညီဘဝမည်၏။ နေဝသညာနာသညာယတနဝိပါက်စိတ်တခု။ စေတသိက်တိံသသည် နေဝသညီနာသညီ ဘဝမည်၏။ ကာမဝိပါက်နှစ်ဆဲ့သုံးခု။ ရူပဝိပါက်ငါးခု။ စေတသိက်သုံးဆဲ့ငါးခု။ ကမ္မဇရုပ်နှစ်ဆယ်သည် ပဉ္စဝေါကာရ ဘဝမည်၏။ အရူပဝိပါက်လေးခု။ စေတသိက်တိံသသည်။ စတုဝေါကာရဘဝမည်၏။ အသညီဘဝသည် ဧကဝေါကာရဘဝမည်၏။ ကာမဝိပါက်တေဝီသ။ စေတသိက်တိံသ။ ကမ္မဇရုပ်ဝီသသည်။ ကာမဘဝမည်၏။ ရူပဝိပါက်ငါးခု။ စက္ခုဝိညာဏ်ဒွေ။ သောတဝိညာဏ်ဒွေ။ သမ္ပဋိစ္ဆန်းဒွေ။ သန္တီရဏသုံးခု။ စေတသိက်ပဉ္စတိံသ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ အာကာသဓာတ်၊ ဇီဝိတဆက္က၊ စက္ခု၊ သောတ၊ ဟဒယဝတ္ထု၊ ဥပစယ၊ သန္တတိအားဖြင့် ကမ္မဇရုပ်တဆဲ့နှစ်ခုသည်။ ရူပဘဝမည်၏။ တနည်းလည်း။ ဂန္ဓ၊ ရသ၊ ဩဇာတို့ကိုထည့်၍ကမ္မဇရုပ်တဆဲ့ငါးခုသည်။ ရူပဘဝမည်၏။ အရူပဝိပါက်လေးခု။ စေတသိက်တိံသသည်အရူပဘဝမည်၏။ ဤတဆဲ့တပါးသောဘဝသည်လျှင်။ ဘဝမည်၏။

ရှေးဦးစွာဖြစ်၍ အတ္တဘောကိုရသော ခန္ဓာငါးပါး၏ သဘောသည်။ ဇာတိမည်၏။ ထိုဇာတိသည် ရုပ်ဇာတိ နာမ်ဇာတိဟူ၍ နှစ်ပါးရှိသည်တွင်။ ရုပ်၏ဇာတိကို ရူပက္ခန္ဓာဖြင့် ရေတွက် အပ်၏။ နာမ်၏ဇာတိကို သင်္ခါရက္ခန္ဓာ ဖြင့် ရေတွက်အပ်၏။ ထိုအတ္တဘော၏ ရင့်သောသဘောသည်။ ဇရာမည်၏။ ထိုဇရာသည်။ ရုပ်၏ဇရာ၊ နာမ်၏ဇရာဟူ၍ နှစ်ပါးရှိသည်တွင်၊ ရုပ်၏ဇရာကိုရူပက္ခန္ဓါဖြင့်။ နာမ်၏ဇရာကိုသင်္ခါရက္ခန္ဓာဖြင့်ရေ

တွက်အပ်၏။ ။ထိုအတ္တဘော၏ဆုံးခြင်းပျက်ခြင်းသည်။ မရဏမည်၏။ ထိုမရဏသည်။ ရုပ်၏မရဏ၊ နာမ်၏မရဏဟူ၍နှစ်ပါးရှိသည်တွင်။ ရုပ်၏မရဏကိုရူပက္ခန္ဓာဖြင့်။ နာမ်၏မရဏကိုသင်္ခါရက္ခန္ဓာဖြင့် ရေတွက်အပ်၏။ ။ဆွေမျိုးတို့၏ ပျက်စီးခြင်းကြောင့်။ ပူပန်ခြင်းသည်။ သောကမည်၏။ တရားကိုယ်အားဖြင့်ကား၊ ပဋိဃာတ်ဇောဖြစ်သောဒေါမနဿဝေဒနာတည်း။ ။ဆွေမျိုးတို့၏ ပျက်စီးခြင်းကြောင့်။ ငိုကြွေးခြင်းသည်။ ပရိဒေဝမည်၏။ တရားကိုယ်အားဖြင့်ကား။ ပဋိဃာတ်ဇောသည် ပြုအပ်သောဝိပ္ပလ္လာသ စိတ္တဇသဒ္ဒါတည်း။ ။ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသောကာယိကဒုက္ခသည်။ ဒုက္ခမည်၏။ ပဋိဃာတ်ဇော၌ရှိသောစေတသိကဒုက္ခသည်။ ဒေါမနဿမည်၏။ ။တရားကိုယ်အားဖြင့်ဝေဒနာတရားသာတည်း။ ။ဆွေမျိုးတို့၏ပျက်စီးခြင်းဖြင့်ပင်ပန်းခြင်းသည်ဥပါယာသမည်၏။ တရားကိုယ်အားဖြင့်ဒေါသစေတသိက်သာတည်း။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါတဆဲ့နှစ်ပါးပြီး၏။

---

ယခုအခါ၌။ ဤစာပြီးလစ်။ သက္ကရာဇ်ဂေါဇာ။ သာသနာနှစ်။ စာဖြစ်စေကြောင်း။ တောင်းပန်သူတို့၏အမည်နာမ။ ဌာနနေရာစသည်တို့ကိုနိဂုံးချုပ်၍ဆိုပေအံ့။

ဘဂဝတော။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော။ သမ္မာသမ္ဗုဒ္ဓသား။ သုံးလူ့ထွတ်ခေါင်။ ငါးမာရ်အောင်၏။ သာသနေ။ သာသနာတော်သည်။ တိသတ တေပဉ္စာသာဓိကေ။ သုံးရာငါးဆဲ့သုံးနှစ်အလွန်ရှိသော။ ဒွိသဟဿေ။ နှစ်ထောင်သည်ရင်း။ ဂေါဇာသက္ကရာဇ်ပေန။ ဂေါဇာသက္ကရာဇ်သည်ကား။ ဓကေ မုနိရူပရူပကာလေ။ တထောင်တရာခုနှစ်ဆဲ့တခုသည်ရင်း။ သရဝဏ္ဏမာသေ။ ဝါခေါင်လသည်။ သမ္ပတ္တေ။ ရောက်လတ်သော်။ စကုနဂရာသ။ စကုမြို့၏။ အဂ္ဂိနေယေ။ အရှေ့ တောင်ထောင့်

ဂ္ဂ။ဂမနာဂမနသမ္ပန္နေ။ အလားအလာနှင့်ပြည့်စုံသော။ ဗဟုနော
သုပဏ္ဏာစေတိယ ဗေါဓိဓဇထမ္ဘေဟိစ။ များစွာသော ရွှေစေတီ
ဗေါဓိတံခွန်တိုင်တံခွန်ရွက်တို့ဖြင့်၎င်း။ကနကပဋာကမဉ္ဇူသ။သေ
ဟိစ။ရွှေဖြင့်ပြီးသော်ပိဋကတ်တိုက်တို့ဖြင့်၎င်း။ ဘိက္ခုသံဃာနံ။
ရဟန်းသံဃါတို့၏။ကမ္မဋ္ဌာယ။ဥပုသ်ပဝါရဏာအစရှိသော်သံ
ဃကံအလို့ငှာ။ သမတာယ။သမုတ်အပ်သော။ သိမာယစ။သိမ်
ဖြင့်လည်းကောင်း။သောဘိတေ။ ပွင့်လင်းကြည်ဘွယ်သပ္ပါယ်
လျော်ပတ်ထသော။ တာလနာလိကေရာဒိပုပ္ဖုပဂဖလုပဂရုက္ခ
သဉ္ဆန္နေ။ ထန်းအုန်းအစရှိသောအပွင့်ကိုဆောင်သောသစ်ပင်။
အသီးကိုဆောင်သောသစ်ပင်တို့ဖြင့်ဖုံးလွှမ်းထသော။နိလုပ္ပလ
ရတ္တုပ္ပလသေတုပ္ပလာဒိပဒ္မုပ္ပလသံကိဏ္ဏေ။ ကြာညို၊ ကြာဖြူ၊
ကြာနီအစရှိသော ကြာမျိုးငါးပါးတို့ဖြင့် ပြွမ်းထသော။ မဓုရ
သောဒကေ။ မြွန်ရှက်လေးအင်ကြည်လင်မြေ သန့်ပြန့် လှသော
ရေလည်းရှိထသော။ ပေါက္ခရဏီ တဠာကအာဝါ တေဟိစ။
လေးထောင့်ကန်တဘက်ဆည်ကန်ရေတွင်းနှင့်လည်း။သမ္ပန္နေ။
ပြည့်စုံထသော။ ဗဟုဝိဟာရသာလမဏ္ဍပေဟိ။ များစွာသော
ကျောင်းစရပ်မဏ္ဍပ်တို့ဖြင့်။ ပဋိမဏ္ဍိတေ။ တန်းဆာ ဆင်ထ
သော။သဇ္ဇနာနံ။ သူတော်ကောင်းသူမြတ်လောင်းတို့၏။ မနော
ရမ္မေ။ နှလုံးမွေ့လျော်ပျော်ရာဖြစ်သော။ ပဋိဝေကာသုခေ။ ကမ္မ
ဋ္ဌာန်းဘာဝနာမေတ္တာပွါးခြင်းငှာ လျောက်ပတ်ထသော။ သမ
တလဘုမ္မိဘာဂေ။ ညီညွတ်ကြည်လင်သန့်ရှင်းစင်သော မြေအ
ဘို့ရှိသော။ပဒေသဋ္ဌာမေ။ မြတ်သောအရပ်၌။ ပုညကာမေဟိ။
ကောင်းမှု သုစရိုက်ကိုသာ အလိုရှိကျုန်သော။ စကုနဂရလေခ
ကံ။ စကုမြို့စာရေး တော်မင်း ဖြစ်သော။ မောင်အင်းစံတိစ။
မောင်အင်းစံဟူ၍လည်းကောင်း။ ပန်းတိန်းနဂရေ။ ပန်းတိန်းမြို့
၌။ဘုမ္မရာဇာနံ။ ဘုမ္မရာဇ်မြေတို့၏။ ဇေဋ္ဌကော။ အမှူးအကဲဖြစ်
သော။ဗိုလ်မင်းမောင်ပေါက်တိစ။ ဗိုလ်မင်းမောင်ပေါက် ဟူ၍
လည်းကောင်း။ဣဟိဣမေဟိဒွိဟိဥပါသကေဟိ။ဤနှစ်ယောက်

သောဒါယကာတို့သည်။ မဂ္ဂဖလနိဗ္ဗာန သုခတ္ထာယ။ မဂ်ဖိုလ်
နိဗ္ဗာန်ချမ်းသာအလို့ငှာ။ ဠိတေကာရိတော။ တည်ထားဆောက်
လုပ်ထသော။စတုဘူမ္မိကေ။ဘုံလေးထပ်ရှိသော။ အောင်မြေဘုံ
သာတိနာမိကေ။ အောင်မြေဘုံသာအမည်ရှိသော။ ဒေဝဝိမာန
သဒိသေ။ခြောက်ထပ်ဘုံပျံနတ်ဗိမာန်နှင့်တူသော။ မဟာဝိဟာ
ရေ။ကြီးမားအံ့ဘွယ်တင့်တယ်ပျောက်ပတ် လွန်ကောင်းမြတ်
သောကျောင်းကြီး၌။ဝသန္တေဝသန္တာသ။နေထသော။ဝိနယာစာ
ရသမ္ပန္နသ။ဝိနည်းအကျင့်နှင့်ပြည့်စုံထသော။ ပရိယတ္တိဗဟုသု
တသ။ပရိယတ္တိဗဟုသုတနှင့်လည်းပြည့်စုံထသေါ။သါသနဓေါ
တိကာသ။ဘုရားသခင်သါသနါတော်မြတ်ကိုလည်းထွန်းတောံ
ပစေတတ်ထသော။ တေဇောသာရနာမသ။ တေဇောသာရ
အမည်ရှိသေါ။ နိဿယာစရိယမဟာထေရသ၊နိသျည်းဆရာ
မဟာထေရ်မြတ်အား။ သုတေသကေန။ အကြားအမြင်ဂုဏ်အင်
ကျေးဇူးထူးမြတ်သည်ကိုရှာလေ့ရှိသော။ စစ်ကိုင်းနဂရဇာတိ
ကေန။ စစ်ကိုင်းမြို့လျှင်ဘွားရာဇာတိရှိသော။ တကာမောင်ကြာ
တိနာမိကေန။တကာမောင်ကြာအမည်ရှိသော။ ဥပါသကေန။
ဒါယကာသည်။ သက္ကစ္စံ။ရိုသေစွာ။ ယာစိတောယာစိတတ္တာ။
တောင်းပန်လျှောံထားအပ်သောကြောင့်။ နာနာဂန္ထေဟိ။ အထူး
ထူးသော ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့မှ။ ဥဒ္ဓရိတွာ။ထုတ်
ဘောဂ်ပြသ၍။ အယံပရမတ္ထမေဒနီ။ ဤပရမတ္ထမေဒနီအမည်ရှိ
သောကျမ်းကို။မယာ။ငါနိသျည်းဆရာသည်။လိက္ခိတော။စီရင်
ရေးသားအပ်၏။သောဂန္ထော။ ထိုပရမတ္ထမေဒနီအမည်ရှိသော
ကျမ်းသည်။အနာယာသေန။မနှောင့်မရှက်။သုခံ။ချမ်းသာစွာ။နိဋ္ဌ
တံ။အပြီးသို့။ပတ္တော။ရောဲပြီ။ ။မယာ။ငါနိသျည်းဆရာသည်။
သုတေသိနာန်။အကြားအမြင် ဂုဏ်အင်ကျေးဇူး ထူးမြတ်သည်
ကိုရှာလေ့ရှိကုန်သော။ကုလပုတ္တာနံ။ အမျိုးကောင်းသားသူ်းတို့
၏။အတ္တတ္ထံ။ အကျိုးစီးပွါးများစေခြင်းအလို့ငှါ။လိက္ခိတံ။သီးသန့်
ပိုင်းခြား ရေးသားအပ်သော။ ဣဒံပရမတ္ထမေဒနီ။ ဤပရမတ္ထ

တရားလေးပါးတို့၏။ အဆိသဘွယ် မကျဉ်းမကျယ်သောကျမ်း
ကို။ အန္တပုထုဇ္ဇနတော။ ဟောတော်မူအပ်သောအန္တပုထုဇ္ဇန်အ
ဖြစ်မှ။ မောစေတွာ။ လွတ်စေ၍။ ကလျာဏပုထုဇ္ဇနတ္တံ။ ဘုရားချီး
မွမ်းတော်မူအပ်သောကလျာဏပုထုဇ္ဇန်အဖြစ်သို့။ ပတ္တကာမေ
ဟိ။ ရောက်လိုကုန်သော။ ကုလပုတ္တေဟိ။ အမျိုးကောင်းသားသမီး
တို့သည်။ သက္ကစ္စံ။ ရိုရိုသေသေ။ ပုနပ္ပုနံ။ အပြန်ပြန် အထပ်ထပ်
သြသေါကေတွာ။ ကြည့်ရှုစင်းစားမှတ်သားဆင်ခြင်၍။ သိက္ခန္တု။
ဓာရေန္တု။ သင်ကြားဆောင်ရွက် သေချာမှတ်သား စေကုန်
သတည်း။ ။အဟမ္ဗု။ ငါသည်လည်း။ ဉာဏသဿပုညသာ။ ဤပရ
မတ္ထမေဒနီအမည်ရှိသောကျမ်းကိုစီရင်ပြုရသောကောင်းမှု၏။
ဗလေန။ အစွမ်းကြောင့်။ ဘဝေဘဝေ။ ဘဝတိုင်းဘဝတိုင်း။ တိက္ခ
ပညော။ ထက်သောပညာ။ ဇဝနပညော။ လျင်သောပညာ။ သဏှ
သုခုမပညော။ သိမ်မွေ့နူးညံ့သောပညာ။ သူရပညော။ ရဲရင့်သော
ပညာ။ ဟာသပညော။ ရွှင်သောပညာ။ ပရပ္ပဝါဒမဒ္ဒနပညော။ သူ
တပါးတို့၏။ မှားသောဝါဒကိုနှိပ်နှင်းဖျက်ဆီးနိုင်သောပညာ။ မ
ဟာပညော။ ကြီးမြတ်သောပညာ။ ဣတိဧဝမာဒိဟိ။ ဤသို့အစရှိ
ကုန်သောပညာတို့နှင့်။ သမ္ပန္နော။ ပြည့်စုံသော။ အင်္ဂပစ္စင်္ဂသမ္ပန္နော။
အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော။ ပုရိသုတ္တမော။ ယောကျ်ားမြတ်
သည်။ ဟုတွာ။ ဖြစ်၍။ သာသနံ။ သာသနာတော်ကို။ ဇောတ
ယန္တော။ ထွန်းပစေလျက်။ မဂ္ဂဖလနိဗ္ဗာနသုခံ။ မဂ်ဖိုလ်နိဗ္ဗာန်ချမ်း
သာသို့။ ပပ္ပေါမိ။ ရောက်ရလို၏။

ရာမညရဋ္ဌသ ဓဇာဘူတေ အရိက္ခယနာမကေ နဂရေ ဝ
သန္တေန ဇေဋ္ဌတုဝေါတိဝိသုတေနမယာ။ ဝစနက္ကမတောပဒက္ခရ
တောအဓိပ္ပါယတောစေဝ။ ပဏ္ဍိတာနံ အပ္ပပဂုဏတ္တာခလိတ
မာကုလမိဒံ။ သဗ္ဗဍ္ဍာနေသု ပုဗ္ဗာ ပရမော လောကေတွာ ဥပ
ပရိက္ခိတွာ သောဓေတွာ သာသနေ ပဏ္ဍိတုံ ဌပိတံ ဥဒ္ဒိတံ
ဟောတိ။

ဤတွင်ရွေကား။ ချောမွေ့လုံးစုံ။ ရှေ့နောက်ခြုံလျက်။ အကျန်

အစင်။စက္ကူပြင်နိုက်။ယခင်သက္ကရာဇ်။ တစ်နှစ်လေသုံး။ ဂဏန်းကျုံး၍။တန်ဆောင်မုန်းလ။သရဒစက်။ ရက်ဒွါဒသီ။ တိတိဆန်းကူး။ဗုဒ္ဓဟူးဟု။သာမြူးပျော်မွေ့။ထိုသဉ်္စနေ့ဝယ်။မကွေ့မပိုက်။သိုက်မြိုက်လေအောင်။ဤစာစောင်ကို။ထုတ်ဆောင်သိမ်းမိုက်။ပုံတင်ရိုက်သည်။ ။သောင်တိုက်ရှင်လူ့အကျိုးတည်း။

မင်္ဂလာကြက်သရေ။မော်ကွန်ဝေစိမ့်။ အောင်မြေဌာန။ သမိုက်ကြသား။နဂရသါစည်။မွန်တို့ပြည်ဟု။လေးမည်ပင်လယ်။ရံဝန်းဆွယ်လျက်။အံ့ဘွယ်တုလွတ်။လူနတ်ညွှတ်သဉ်။ တမွတ်စေသတိ။ လေးပါးမီးနှင့်။ ခိုင်ပြီးစွာလှ။ ဤပူရကား။ မိဘချက်ကြွေ။မဟုတ်လေလည်း။ပုဗ္ဗေကတ။ရှေးကကျိုးစက်။မျိုးပနက်ကြောင့်။ သက်အာယုခေတ်။ သုံးဆဲ့နှစ်တွင်။ တဖြစ်လှဲပြောင်း။မရောက်တောင်းတည့်။အပေါင်းခေါ်ကြ။ဝေါဟာရဖြင့်။ ဇေဗ္ဗတုဝေါ်။လူသူတော်ကား။ မျှော်ခေါ်နောက်ရှေ့။တမြွေမြွေလျှင်။တနေ့တထူး။သံဝေနူး၍။ကျေးဇူးရှာရှာ။ရှေးကျမ်းစာကို။သံသရာကျိုး။ရှိစနိုးဟု။သဉ်ပိုးမယုတ်။ကြိုးအါးထုတ်လျက်။ပုဒ်အက္ခရာ။သဒ္ဒါအနက်။မပျက်မယွင်း။အသစ်လင်း၍။သတင်းမမှောင်။သူတော်ဘောင်ဝယ်။ တန်ဆောင်တရှိ။ အမြဲညှိသား။သိမ္မြိုးမြိုး။ဤအကျိုးကို။ဘေးဘိုးမိဘ။ စသည်တသွန်။ တမလွန်သွား။ဆရာများနှင့်။ ထက်ဖျား ဘဝဂ်။ အောက်နရက်တိ။ ပတ်ရှက်သောင်းသောင်း။သူအပေါင်းအား။တတောင်းတတာ၊မမေ့ရဘဲ။နေ့ညစေ့ရေ။အမျှဝေသည်။ ။အောင်မြေနိဗ္ဗာန်အဘို့တည်း။